

MDY

# ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့
# မြန်မာပြည်ရှေ့ခရီး

ကျော်ကြီး (MDY)

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေ (၀၀၄၅)
အမှတ်(၄၃/အေ)မြေညီထပ်၊ ၄ လမ်း၊
၁ ရပ်ကွက်၊ လမ်းမတော်၊ ရန်ကုန်၊

ပုံနှိပ်သူ - ဦးစန်းညီ၊ (SKCC Press)(၀၀၄၁၃)၊
၆၇၊ ၀၆၄ လမ်း၊ တာမွေ၊
၂၀၀၅၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး - ၂၀၀၀ ကျပ်

## မာတိကာ


– စာရေးဆရာ သရဝဏ်(ပြည်)၏ အမှာစာ　　က

– ဦးကိုလေး (အင်းဝဂုဏ်ရည်) အမှာစာ　　စ

– စာရေးသူ၏ အမှာစာ　　ဈ

၁။ ဒီမိုး ဒီလေ ဒီလူတွေနဲ့ မြန်မာပြည်ရှေ့ခရီး　　၁

၂။ ကြက်ဆူထက် ဒုက္ခပေးမယ့် ယူကလစ်　　၆

၃။ မြန်မာ့ယဉ်ကျေးမှုမြို့တော်ကျဆုံးခြင်း　　၁၄

၄။ ပညာကင်းစင်ကျောင်း　　၂၃

၅။ ဂျုံးဂျုံးကျနေတဲ့ မမ　　၃၁

၆။ မန္တလေးမဟာမြတ်မုနိဘုရား ဘယ်သူပိုင်တာလဲ　　၃၉

၇။ ရှက်တတ်ကြပါစေ　　၄၅

၈။ တောင်ပြိုးပွဲလည်းနွဲကြ၊ အနော်ရထာမင်းကြီးလည်း အားနာကြ　　၅၂

၉။ မင်းတုန်းမင်းတည်ခဲ့တဲ့မြို့ မင်းတုံးမင်းတို့ဖျက်ကြပြီလား　　၅၇

၁၀။ အိမ်မရှိသောလူနှင့် လူမရှိသောအိမ်များ　　၆၅

၁၁။ ကယ်သူမဲ့နေတဲ့ လက်ပံတောင်း　　၇၁

၁၂။ လူနပ်ချမ်းသာ ပြည်မြန်မာ　　၇၈

၁၃။ နဂါးခံတွင်းထဲက မြန်မာ့ယဉ်ကျေးမှုမြို့ ၈၃
၁၄။ အရင်ကကျား အခုတော့ . . . ၈၈
၁၅။ ပြည်သူ့အပေါ်ဝန်ပိနေသည့် မြန်ကြားရေး ၉၃
၁၆။ အပျိုရည် အဖျက်ခံလိုက်ရတဲ့ တောင်သမန် ၉၈
၁၇။ ဒီလောက်နဲ့တင် ကျေနပ်လှပါပြီ သမ္မတကြီးခင်ဗျား ၁၀၅
၁၈။ အသက်မဲ့သွားသော မန္တလေးတန်ဆောင်တိုင်ည ၁၁၂
၁၉။ မြို့ကြီးနေမှ နိုင်ငံသားမဟုတ် ၁၁၈
၂၀။ မန်းမဆန်၊ နန်းမဆန်တော့တဲ့ မန်းသင်္ကြန် ၁၂၅
၂၁။ ခွင့်သာခိုက်မှာလိုက်ကြပါစို့ ၁၃၀
၂၂။ တပ်ပိုင်မြေမဟုတ်ပါ ၁၃၆
၂၃။ ဗဟိုဘဏ်မကယ်နိုင်တော့တဲ့ ဒေါ်လာဈေးတက်မှုဂယက်
ပြည်သူတွေအသက်ထွက်တော့မည် ၁၄၂
၂၄။ မန်းပုရိပ်ကို အကျည်းတန်စေသောမှုခင်းများ ၁၄၈
၂၅။ လူသားဆန်တဲ့စိတ်ဓာတ်တွေ မပျက်စီးစေဖို့... ၁၅၄
၂၆။ သင့်မဲတစ်ပြားကြောင့် တိုင်းပြည်ဒုက္ခမရောက်ပါစေနဲ့... ၁၆၁

□

# စာရေးဆရာ သရဝက်(မြည်)၏ အမှာစာ

**ဝမ်းမြောက်စွာရေးသောစာတစ်စောင်**

ကိုကျော်ကြီးဟု ကျွန်တော်တို့ကခေါ်သောစာရေးဆရာ ကျော်ကြီး (MDY)ကို ကျွန်တော် ဖေ့ဘုတ်ပေါ်၌ စတင်သိကျွမ်းသည်။ တစ်နေ့သောအခါတွင် ကျွန်တော်သည် ဖေ့ဘုတ်စာမျက်နှာများပေါ်တွင် ဘာရယ်မဟုတ် ဟိုကြည့်သည်ကြည့် လျှောက်ကြည့်နေဆဲဝယ် ကိုကျော်ကြီးတင်ထားသော Post ကလေးတစ်ခုကိုတွေ့သည်။ ဖတ်ကြည့်တော့ အတော်အဆင်ပြေနေသဖြင့် ထိုဆောင်းပါးလေးမှာဖတ်လို့ကောင်းသည်။ ဖေ့ဘုတ်မှာတင်ပြီးဆုံးမသွားသင့်၊ ဂျာနယ်တစ်စောင်စောင်ကိုပို့သင့်သည်ဟု ကျွန်တော်ကမှတ်ချက်(comment) ဝင်ရေးလိုက်သည်။ ထိုအခါ ကိုကျော်ကြီးက chat box မှာတစ်ခါပြန်ရေးလာသည်မှာ ဂျာနယ်များနှင့်သူမနီးစပ်ပါ။ သင့်တော်သော ဂျာနယ်ကိုပို့ပေးပါဟုဆိုလာပြန်သည်။ ထိုအချိန်အထိ ကိုကျော်ကြီးဆိုသူမှာ ဖြူသလား၊ မည်းသလား လူငယ်လား၊ လူကြီးလား ဘယ်လိုပုဂ္ဂိုလ်မျိုးလည်းဆိုတာ ကျွန်တော်မသိချေ။ ကျွန်တော့်တွင် စိတ်ခံစားချက်တစ်ခုရှိသည်။ ထို စိတ်ထားမှာ သူတစ်ပါးကိုကူညီချင်စိတ်ဖြစ်သည်။ ကောင်းမွန်သောစာတစ်ပုဒ်ကိုတွေ့လျှင် အခြားစာဖတ်ပရိသတ်

တွေကို ထိုစာအားဖတ်ရှုစေလိုသော၊ အစားကောင်းအသောက်ကောင်း စားရလျှင် မိတ်ဆွေအပေါင်းအသင်းများကို မျှဝေကျွေးမွေးလိုသော အလှ တရားကို မျှဝေခံစားစေလိုသော အရုပ်ကောင်းတစ်ခုတွေ့လျှင် လုပ်ဖော် ကိုင်ဖက်များကို ဆက်သွယ်ပေးလိုသောစေတနာဖြစ်သည်။ ထိုစေတနာ ကြောင့်ပင် ကျွန်တော်သည် ကိုကျော်ကြီး၏ ဆောင်းပါးကို ဇေ့စ်ဘုတ်မှ copy ကူးယူကာ အီးမေးလ်ဖြင့် စောင့်ကြည့် (News Watch) ဂျာနယ်သို့ ပို့လိုက်ပါသည်။ စာမူတစ်ပုဒ်ကောင်းသဖြင့် ပို့လိုက်ကြောင်း နှစ်သက်ပါ၊ က အသုံးပြုနိုင်ကြောင်း စောင့်ကြည့်အယ်ဒီတာများသို့ စာတိုတစ်ပိုဒ်ရေး သား မိတ်ဆက်လိုက်ပြီး ကိုကျော်ကြီး၏ဖုန်းနံပါတ်ကိုပါ တစ်ခါတည်း ထည့်ပေးလိုက်ပါသည်။

နောက်တစ်ပတ်ဂျာနယ်ထွက်သောအခါ ကျော်ကြီး (MDY) ၏ ဆောင်းပါးစောင့်ကြည့်ဂျာနယ်တွင်ပါလာပါသည်။ ထိုအတွက် ကျွန်တော် ဝမ်းသာပီတိဖြစ်ရပါ၏။

ကျော်နိုင်ဝင်းခေါ် ကိုကျော်ကြီးကိုလည်း စာမူပါလာကြောင်း လှမ်း အကြောင်းကြားလိုက်သည် ။ သူလည်းအားတက်လာကာ နောက်ထပ် ဆောင်းပါးများရေးကာ ထပ်ပို့တော့ စောင့်ကြည့်ဂျာနယ်တွင် မကြာခဏ သူ့လက်ရာများပါလာပါသည်။

နောက်တော့ စောင့်ကြည့်ဂျာနယ်မှာသာမက Tomorrow ဂျာနယ် တွင်လည်း သူသည် ဆောင်းပါးများအဆက်မပြတ်ရေးသားလာတာ တွေ့ရ သည်။"

အချို့ဆောင်းပါးများသည် သက်ဆိုင်ရာဌာနများက အရေးတယူ စောင့်ဖတ်ကာ အပြုသဘောတုံ့ပြန်မှုများပင်ရှိသည်ဟု သိရပေသည် (ဥပမာ မြန်မာ့မီးရထားနှင့်ပတ်သက်သောဆောင်းပါးများ)၊ သူ့ဆောင်းပါး များသည် နိုင်ငံရေးသက်သက်ချည်းလည်းမဟုတ်။ မန္တလေးကို တရုတ် များစီးပွားရေးအရ လွှမ်းမိုးသိမ်းပိုက်သွားသည်ကို နာနာကျည်းကျည်း ရေးသားထားသော လက်ရာများကိုလည်းဖတ်ရသည်။ လူမှုရေးဆောင်းပါး များကိုလည်းဖတ်ရသည်။ နိုင်ငံရေးဆောင်းပါးသက်သက်ရေးသည်ကို တော့သိပ်မတွေ့။ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင်

ဝေဖန်ထောက်ပြသော ဆောင်းပါးများ အရေးများတာကို သတိထားမိသည်။

ပထမဆုံး စာမူပါလာပြီးသည့်နောက် ကိုကျော်ကြီးက ကျေးဇူးတင်သည့်အနေဖြင့် ကျွန်တော့်အား မန္တလေးချုပ်ဖိနပ်တစ်ရန်၊ တီရှပ်တစ်ထည်နှင့် ထိုးမုန့်များ အမှတ်တရပို့ပေးလိုက်သည်။ ထိုကိစ္စများဖြစ်ပြီး ရက်ပေါင်း ၄–၅၀ လောက်ကြာမှ သူ့ကို ကျွန်တော် ရန်ကုန်မှာ လူချင်းတွေ့ဖူးသည်။ စကားပြောကြည့်တော့ နိုင်ငံရေးအသိအမြင် ကြွယ်ဝသော လူငယ်တစ်ယောက်၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဆိုတာသိရသည်။ ဤသို့ဖြင့် တစ်နေ့တွင် သူက ကျွန်တော့်ကို ဖုန်းဆက်အကြောင်းကြားသည်။

သူရေးခဲ့သောဆောင်းပါးများ အပုဒ် ၃၀ ခန့်ကိုလုံးချင်း စာအုပ်တစ်အုပ်အဖြစ် အမှတ်တရထုတ်ဝေချင်သည်ဆိုသဖြင့် ကျွန်တော်က ကုန်ကျစရိတ်အကြမ်းဖျင်းကို ခန့်မှန်းပြောကြားလိုက်ပြီး လိုအပ်ပါက စာအုပ်ထုတ်ဝေသူများနှင့် ဆက်သွယ်ပေးမည်ဟု ပြောလိုက်ပါသည်။

ယနေ့ခေတ်စာအုပ်ထုတ်ဝေရေးလောကဝယ် ကလောင်သစ်တစ်ယောက်အနေနှင့်ထုတ်ဝေသူရှာရတာ အတော်မလွယ်သောခေတ်ဖြစ်သည်။ အချို့နာမည်ရ စာရေးဆရာအချို့ပင် စောင်ရေများကျသဖြင့် ထုတ်ဝေမှုရပ်နားထားရသောကာလဖြစ်သည် ။စာအုပ်လောကပြိုလဲနေသော ခေတ်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး စာအုပ်အငှားဆိုင်များပြိုလဲကာမရှိသလောက်ဖြစ်သွားခြင်း၊ ရုပ်သံ၊ ရုပ်ရှင်၊ ဗီဒီယို၊ အင်တာနက်၊ ဖေ့ဘုတ်နှင့် အခြားဖျော်ဖြေရေးကဏ္ဍတို့များပြားလာခြင်း၊ E.book ခေါ် အလွယ်တကူအခမဲ့ Share လုပ်ကြသောစာအုပ်များ အွန်လိုင်းတွင်ပျံ့နှံ့လာခြင်းတို့သည် PRINT မီဒီယာ စာအုပ်လောကအတွက် ကြီးမားသောထိုးနက်ချက်တစ်ရပ်ဖြစ်သည်။ ထိုထိုးနက်ချက်ကြောင့် ကမ္ဘာပေါ်တွင် စာအုပ်ထုတ်ဝေရေးရေးကွက်ကြီး တစ်ရှိန်ထိုးကျဆင်းလျက်ရှိသည်။ Readers Digest လို Far Eastern Economic Review လို မဂ္ဂဇင်းတွေရပ်နားသွားကြရသည်။ နာမည်ကျော် Times နှင့် News Week မဂ္ဂဇင်းပင် ဖြုတ်လုမတတ်ဖြစ်နေပေပြီ။ မြန်မာနိုင်ငံတွင်လည်း ဒီဇင်ဘာ (၁)ရက်နေ့မှစကာ ဘဏ္ဍာရေးအခြေအနေကြောင့် Messenger သတင်းစာရပ်နားတော့မည်သတင်းကို

စိတ်မကောင်းစွာကြားရသည်။

သူ့အရင်က ပုဂ္ဂလိကသတင်းစာ၊ လစဉ်ထုတ်မဂ္ဂဇင်းများလည်း ဟောတစ်ခောင် ဟောတစ်ခေါင် ကြယ်ကြွေသလို တဖြုတ်ဖြုတ်နှင့် ကြွေနေကြသည်။ လူဦးရေ သန်းငါးဆယ်ရှိသောတိုင်းပြည်ဝယ် စာအုပ်အသစ်တစ်အုပ်ထွက်လျှင် ထောင်ရေတစ်ထောင်ကုန်အောင် မနည်းရောင်းနေရခြင်းမှာ ဝမ်းနည်းစရာကောင်းသည်။

သို့သော် အခြေအနေသည် ဤသို့အမြဲနေမည်မဟုတ်ဟု ယူဆပါသည်။ နိုင်ငံတစ်နိုင်ငံတွင် စာအုပ်များရောင်းကောင်းခြင်း မကောင်းခြင်း၊ စာဖတ်အားနည်းခြင်းများခြင်းတို့သည် တိုင်းပြည်ရှိ လူတစ်ဦးချင်းစီ၏ ဝင်ငွေ အနည်းအများနှင့်ဆိုင်ပါသည် ။တိုင်းသူပြည်သားတို့၏ ပညာရေး အခြေအနေနှင့်သက်ဆိုင်သည်။ တစ်ဦးချင်း ဝင်ငွေမြင့်မားသော နိုင်ငံများဖြစ်သော အမေရိကန်နှင့်ဥရောပနိုင်ငံများတွင် အွန်လိုင်းမီဒီယာနှင့် အခြားဖျော်ဖြေရေးအားကောင်းသည့်ကြားမှ စာအုပ်များမှာ သိန်းနှင့်ချီ၍ ရိုက်နှိပ်ရောင်းချနေရသည်သာဖြစ်သည်။ တက်ဘလက်ပေါ်မှ၊ ဖုန်းချန်းပေါ်မှ စာလုံးများထက် စာရွက်ပေါ်မှ ပုံနှိပ်စာလုံးများကို မိမိလက်ဖြင့် ကိုင်တွယ် လှန်လှောဖတ်ရှုသောအရသာကို ပိုမိုနှစ်သက်သူများလည်း အနမတဂ္ဂပင်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတစ်ဦးချင်းစီ ဝင်ငွေမြင့်မားလာသောကာလတွင် မှေးမှိန်ခဲ့ရသော စာအုပ်ထုတ်လောကသည် ပြန်လည်တစ်ခေတ်ဆန်းလာနိုင်မည်ဟု မျှော်လင့်မိပါသည်။

စာအုပ်တစ်အုပ်သည် ပြတင်းပေါက်တစ်ချပ်၏နှင့် တူသည်ဆိုကြ၏။ စာပေမှရသော ဗဟုသုတအလင်းရောင်က မသိမှု၊ မိုက်မဲတွေဝေမှုဆိုသော အမှောင်တိုက်ကို ဖြိုခွင်းပေးနိုင်သည့် ဥပမာဖြစ်သည်။ စာအုပ်တစ်အုပ်သည် ပြတင်းပေါက်တစ်ချပ်ဟုဆိုခဲ့လျှင် စာရေးဆရာသည် ပြတင်းပေါက်ပေါင်းများစွာကို စေတနာအပြည့်ဖြင့် မှောင်ထဲဝယ်လိုက်ဖောက်ပေးနေသော လူတန်းစားဖြစ်သည်။ စာရေး၍ သူဌေးဖြစ်ဖို့ ခက်ခဲလှသော ကာလကြီးထဲဝယ် စာရေးခြင်းနယ်ပယ်သို့ လူသစ်တစ်ယောက်သတ္တိရှိရှိတိုးဝင်လာသဖြင့် အားရကျေနပ်မိပေသည်။ စာရေးဆရာဘဝ၏ခက်ခဲကြမ်းတမ်းမှုများကြောင့် မကြာခင် ဤဘဝဤလောကမှပြန်လည်ထွက်ခွာ

ထွက်ပြေးရသူတစ်ယောက်သာ မဖြစ်ပါစေနဲ့ဟု မုဒိတာအပြည့်ဖြင့် ဆုတောင်းလိုက်ပေသည် ။

ချစ်ခင်စွာဖြင့်
သရဝဏ်(ပြည်)
(၂၀၁၅၊ ဒီဇင်ဘာ ၁ ရက်)

❑

## ဦးကိုလေး (အင်းဝဂုဏ်ရည်) အမှာစာ

**ရေခဲတောင်လော ဘူးတောင်းလော**

နုတာစ်လော ကျွန်တော် Professional ဆိုတဲ့ အင်္ဂလိပ်စာလုံးတစ်လုံးကို အာရုံညွှတ်နေမိတယ်။ ငယ်ငယ်က ဒါကို ကြေးစားလို့သင်ခဲ့ရပါတယ်။ ကြေးစားထက်ပိုပြီး အဓိပ္ပာယ်ထွက်ပါတယ်လို့ ပြောပါရစေ။ Professional Footballer လို့ပြောလိုက်ရင် ဒေးဗစ်ဘက်ခမ်း၊ ရိုနယ်ဒိုတို့ကို ပြေးမြင်မိကြမယ်ထင်ပါတယ်။

ဒီတော့ Professional ဖြစ်အောင်

၁။ ပါရမီ

၂။ အသွေးထဲ အသားထဲ ပါဝင်နေတဲ့နှစ်ခြိုက်မှု

၃။ ဝီရိယ

ဒီသုံးချက်ကတော့ အနည်းဆုံးလိုအပ်ပါလိမ့်မယ်။

၁။ ပါရမီကတော့ ရှင်းမပြတတ်ပါ။ ဘာကြောင့်လဲလို့ပြောရရင် စိတ္တဇနာမ်ဖြစ်လို့ပါပဲ။ ချို ၊ ခါး၊ ကဖျာ၊ နိဗ္ဗာန်တို့ဆိုတာ စိတ္တဇနာမ်တွေဖြစ်လို့ ပြောပြလို့မရပါဘူး။ ကိုယ်တိုင် ရင်ဘတ်ကြီးနဲ့ နားလည်ရမယ့် ပစ္စည်းတွေပါ။ ခန့်ခန့်ပြောရရင် မျက်မှောက်ပြုရမယ့်တရား၊ ဆိုက်ရောက်ရမယ့်တရားမို့ပါ။

၂။ တစ္ဆဲဆဲတလမ်းလမ်းနဲ့ ဘောလုံးမကန်ရမနေနိုင်၊ ကဗျာမရေးရ မနေနိုင်၊ စာမရေးရ မနေနိုင်တဲ့ သွေးထဲသားထဲ ပါဝင်နေတဲ့ နှစ်ခြိုက်မှု ရှိရပါမယ်။

၃။ ဝီရိယကတော့ အထူးပြောဖွယ်မရှိပါ။ အမေဆူဆူ၊ အမေဆူဆူ ဘယ်သူဆူဆူ တစိုက်မတ်မတ်လုပ်နေတာကို ပြောတာပါ။

ဒီလို Professional တွေဟာ ရာနှုန်းအင်မတန်နည်းပေမယ့် ဆိုင်ရာ ဆိုင်ရာပညာရပ်တွေကို သူတို့သယ်လာခဲ့ရုံမက တစ်ဆင့်တက်ဖို့ ဖန်းတီးခဲ့ တယ်။ Professional ထဲမှာ စာပေပညာရှင်ကြီးတွေလည်း ပါခဲ့ပေတယ်။ အဟောင်း အဟောင်းတို့အစား အသစ်အသစ်တွေဖြစ်ထွန်းလာရလိမ့်မယ်။ ကြည့်ပါ။

အဘိုးမှိုင်း
ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်
လူထုဒေါ်အမာ၊ ဦးလေးဒဂုန်တာရာ
တင်မိုး၊ ကြည်အောင်
တက္ကသိုလ်မင်းဆော်၊ မြသန်းတင့်၊ ကျော်အောင်၊
မင်းကျော်၊ နတ်နွယ်၊ အောင်သင်း

ယခုခင်ဗျားဖတ်နေတဲ့စာ၊ ရေးတဲ့သူက အသစ်မှ တကယ့်အသစ်။ သူ့ကြည့်ရတာ Professional ဖြစ်ဖို့အလားအလာ၊ တစ်ခုတော့ရှိသပေါ့။ ရပ်နိုင်ပေ့ ရပ်နိုင်ပေ့ဆိုပြီး အမိအဖတွေရဲ့ အားပေးသံကြားက ကလေး ရပ်ပြတယ်၊ လဲတယ်၊ ပြန်ရပ်တယ်။ လာ လာ သား ဒီလာသား၊ ကလေး လေး ခြေတစ်လှမ်းလှမ်းတယ်၊ လဲတယ်၊ နောက်ဆုံးပြေးနိုင်သွားတာပါပဲ။ မလွတ်လပ်ခဲ့တဲ့ မြန်မာပြည်ကြီးမှာနေခဲ့ရတော့ မလွတ်လပ်ပေဘူးပေါ့။

ဥပမာ

ဒေါ်အမာကို 'ခြေတစ်လှမ်း ကျမ်းတစ်စောင်' လို့ ဦးဝင်းတင်က ကချွတ်ခဲ့တယ်။ ကျွန်တော်ပြုံးတယ်။

ဟုတ်ပ၊ ခြေတစ်လှမ်း လှမ်းခွင့်ရလို့ ကျမ်းတစ်စောင်ပဲရေးနိုင်ခဲ့တာကိုး။

လီယွန်အူးရစ်တို့ အိပ်နိုးရပ်ရေးတော့ ကိုယ်ပိုင်လေယာဉ်ပျံကြီးနဲ့၊ အတိုင်ပင်ခံအဖွဲ့နဲ့။ အတွင်းရေးမှူးနဲ့၊ စာကြည့်တိုက်ကြီးနဲ့။

သည်လိုသာ ကျွန်တော်တို့အမေ ခြေတစ်သန်း လှမ်းခွင့်ရရင် ကျမ်း တစ်သန်းမရပေဘူးလား။ ထားတော့။

ကျွန်တော့် စာရေးဆရာ မောင်ကျော်ကြီးကတော့ ကံကောင်းပြီ။ စာပေကင်ပေတိုင်လည်းမရှိတော့ဘူး။ ဖိနှိပ်မှုအမျိုးမျိုးလည်း မရှိတော့ဘူး။ စာဆက်ရေးလို့ ကောင်းပြီ။

Ice berg ဆိုတဲ့ရေခဲတောင်ကြီးများလား။ မြင်ရတဲ့ဟာက သေးသေး လေး မြုပ်နေတာက အဆပေါင်းတစ်ထောင်။

ဒါမှမဟုတ် ဘူးတောင်းလား။

ပေါ်နေတာအကုန်ကိုး။

နောက်ဆုံးပြောချင်တာက ရှမ၀ဦးကျော်ရဲ့ စကားပါပဲ။

သရက်သီးမှည့်သည် အရသာရှိပါ၏။

သရက်ကင်းသည်လည်း နှုတ်ကိုမြိန်စေပါ၏။

ကိုလေး (အင်း၀ဂုဏ်ရည်)
၃.၁၂.၁၅

❑

## စာရေးသူ၏အမှာစာ

ပထမဆုံးစာဖတ်သူမိတ်ဆွေများကို ဝန်ခံချင်တာက ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်မဟုတ်ပါဘူး။ ဒီနေ့ထိလည်း စာရေးဆရာဖြစ်ပြီလို့ခံယူမထားပါဘူး။ ဒီလိုစာတွေရေးဖြစ်မယ်လို့လည်း လုံးဝစိတ်ကူးမရှိခဲ့တာအမှန်ပါ။ ခုလိုစာအုပ်ထုတ်ဖို့ဆိုတာကတော့ အိပ်မက်တောင်မမက်ခဲ့ဖူးပါဘူး။

ခုလိုစာတွေရေးဖြစ် စာအုပ်ထုတ်ဖြစ်သွားတဲ့ အကြောင်းပြောရမယ်ဆိုရင်တော့ မတော်တဆ တိုက်ဆိုင်မှုလို့ပဲပြောရမှာပါပဲ။ ကျွန်တော့်စိတ်က မတရားတာ၊ မမှန်မကန်လုပ်တာကိုမကြိုက်ဘူး။ မိမိရှေ့မှာ မတရားတာ အမြင်မတော်တာတွေရင် ပြောဆိုချင်တဲ့ ညဉ်လေးရှိပါတယ်။ ၂၈.၁၂.၂၀၁၄ ရက်ညမှာ ကျွန်တော် "ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့ မြန်မာပြည်ရှေ့ခရီး" ဆိုပြီး စိတ်ထဲမှာ အမြင်မတော်တာလေးကို ဖေ့ဘုတ်မှာ Post တစ်ခု တင်ခဲ့ပါတယ်။

ထိုပို့စ်လေးကို စာရေးဆရာ သရဝဏ်(ပြည်)မှ ဖတ်မိပြီး ရေးထားတာလေးကောင်းတယ်၊ ဂျာနယ်တစ်ခုခုမှာပို့ပါလားဆိုပြီး မှတ်ချက်ပြုခဲ့ပါတယ်။ ကျွန်တော်ကလည်း အဆင်ပြေရင် ဂျာနယ်တစ်ခုခုပို့ပေးလားဆို

ပြီး တောင်းဆိုလိုက်တာကနေ ကိုသရဝဏ်မှ News Watch(စောင့်ကြည့်သတင်းဂျာနယ်)ဂျာနယ်တိုက်ကိုအဆင်ပြေရင်သုံးနိုင်ပါတယ်ဆိုပြီး ပို့ပေးလိုက်တာကနေ ဂျာနယ်မှာစတင်ပါရှိခဲ့တာပါ။

ဂျာနယ်မှာ ဆောင်းပါး ပါရှိပြီးနောက်ပိုင်း ကျွန်တော့်မိတ်ဆွေသူငယ်ချင်းများမှ ထပ်ရေးပါဗျဆိုပြီး အရှုံးဘုံမြှောက်လုပ်လိုက်တာကနေ နောက်ထပ်ဆောင်းပါးများ ဂျာနယ်တိုက်တွေကို ပို့ခဲ့တာကနေ ဒီနေ့ထိဆက်ပြီးရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော်ဒီနေ့ထိ စာရေးတဲ့နေရာမှာ နာမည်ကြီးဖို့ ပိုက်ဆံရဖို့ ပုဂ္ဂိုလ်ရေးမကျေနပ်လို့ဆိုပြီး လုံးဝမရေးခဲ့ပါဘူး။ ဘယ်ပါတီဝင်မှမဟုတ်သလို ဘယ်အဖွဲ့အစည်းရဲ့လက်အောက်ခံမှလည်း မဟုတ်ပါဘူး။ မတရားတာတွေ၊ မမှန်မကန်တာတွေ၊ အမြင်မတော်တာတွေကို တွေ့မြင်ပါကတိုင်းပြည်နဲ့ ပြည်သူ့မျက်နှာကလွဲလို့ ဘယ်သူမျက်နှာမှမကြည့်ဘဲ မိမိတတ်သလောက်ပြောဆိုရေးသားပါတယ်။ အရေးကောင်းလို့လည်း တရားတစ်ခါအစွဲခံခဲ့ရပြီးပါပြီ။

စာဖတ်သူမိတ်ဆွေများကို မေတ္တာရပ်ခံချင်တာက ကျွန်တော်ရေးတဲ့စာတွေကို စာရေးဆရာတစ်ယောက် ရေးထားတယ်ဆိုတဲ့အမြင်နဲ့မဖတ်ပဲ ပြည်သူတစ်ယောက်ရဲ့ခံစားချက်တွေကို ရင်ဖွင့်ပြောကြားနေတယ်ဆိုတဲ့ အမြင်နဲ့ ဖတ်ပေးကြပါ။

ခုလိုစာတွေရေးဖြစ်အောင်အစပြုပေးခဲ့၊ အမှာစာရေးပေးတဲ့ ကိုညီ (သရဝဏ်-ပြည်)နဲ့ ကျွန်တော်ရေးတဲ့စာတွေဆို အမြဲဖတ် အားပေးခဲ့တဲ့ ဘဘဦးကိုလေး(အင်းဝဂုဏ်ရည်)၊ ယခုစာအုပ်လေးကို အဆင်ပြေချောမောစွာနဲ့ထုတ်နိုင်အောင် ကူညီပေးတဲ့ ကိုစန်းဦး (စိတ်ကူးချိုချို)နဲ့ကျွန်တော်ရေးတဲ့စာများကို အမြဲတမ်းဖတ်ရှုဝေဖန်သုံးသပ်ပေးတဲ့ ကိုမာန်သူရှိန် (Eleven ဂျာနယ်)၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းအပေါင်းကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

နောက်ဆုံးအနေနဲ့ ဂျာနယ်မှာ ကျွန်တော့်ဆောင်းပါးပါလာတိုင်း 'ငါ့သားရယ် အမေတို့သေမှသာဆက်ရေးပါ။ ငါတို့အသက်ရှင်လျက်မင်းထောင်ကျတာမမြင်ပါရစေနဲ့'လို့ အမြဲဖုန်းဆက် လှမ်းတားမြစ်တဲ့

ကျေးဇူးရှင်မိဘနှစ်ပါးကို ဒီစာအုပ်လေးနဲ့အတူ ကန်တော့ပန်းဆင်လိုက်ပါတယ်။

အားလုံးကိုကျေးဇူးအထူးတင်ပါတယ် . . .

ကျော်ကြီး(MDY)
၇-၁၂-၂၀၁၅

❑



# ဒီမိုး ဒီလေ ဒီလူတွေနဲ့ မြန်မာပြည်ရှေ့ခရီး

ကျော်ကြီး(MDY)

စာတတ်ပေတတ် ပုဂ္ဂိုလ်တွေ၊ တိုင်းပြည်အတွက် ပြည်ပထွက်ပြီး အနစ်နာခံသူကြီးတွေ ပြောကြဆိုကြတဲ့ Political Dialogue ဆိုပြီး ဆွေးနွေးခန်းလေး ရုပ်မြင်သံကြားကလာလို့ကြည့်လိုက်ပါတယ်။ အားပါးပါး၊ ပြောလိုက်တဲ့ စကားလုံးကြီးတွေဗျာ ပါးစပ်နဲ့တောင်မဆံ့ဘူးဗျာ။

ကမ္ဘာ့သမိုင်းကြီးတွေနဲ့ချီပြီး အာဖရိကမှာဘယ်လို၊ ဥရောပမှာဘယ်လိုနဲ့ပြောလိုက်တဲ့စကားလုံးကြီးတွေဗျာ။ အများပြည်သူနားထောင်အောင်လွှင့်တဲ့အစီအစဉ်ကလည်း စကားဆယ်ခွန်းမှာ ရှစ်ခွန်းလောက်က အင်္ဂလိပ်လို ညှပ်ပြောသွားတယ်။ အနာဂတ်ကို ဖြူးခြားတဲ့၊ လမ်းကြောင်းကို ပေးတဲ့ ပြောင်းလဲခြင်းကိုချိန်းတဲ့...။ ဒီစကားတွေက မြန်မာဝေါဟာရမရှိလို့

လားမသိဘူးဗျာ၊ စိတ်ညစ်ပါတယ် . . .

မြန်မာလူမျိုးပြောတာကို မြန်မာလူမျိုး ကျွန်တော်နားမလည်တာ ဒီတစ်ခါပဲကြုံဖူးတယ်။

ထားပါတော့ဗျာ၊ သူတို့ပြောတဲ့ခေါင်းစဉ်က မြန်မာပြည်တိုးတက်ငြိမ်းချမ်းအောင် ဘယ်လိုလုပ်ကြမလဲဆိုပြီး ဆွေးနွေးတာပါ...။ သူတို့ပြောတာနားထောင်မှပဲ မြန်မာပြည်ငြိမ်းချမ်းရေးရဖို့ ခေတ်မီတိုးတက်ဖို့က တော်တော်ရှုပ်သွားတယ်ဗျာ။ ပြောလိုက်တဲ့နိုင်ငံရေးစနစ်တွေ၊ နိုင်ငံရေးနည်းပညာတွေဟာ တော်တော်ကိုမြင့်တဲ့စကားတွေဗျာ။ တကယ်ပြောတာပါ။ အအေးမိနှာစေးပြီးခေါင်းကိုက်နေတာကို အကျယ်ချဲ့ပြီးတစ်ကိုယ်လုံး ဓာတ်မှန်ရိုက်ပြီး အဖြေရှာနေသလိုပဲ။ အေးပေါ့ဗျာ သူတို့အတွက်ကတော့ ပြဿနာကြီးမှ တွက်ခြေပိုကိုက်မှာကိုးဗျ။

ပြောပေါက်တွေကဗျာ မြန်မာနိုင်ငံ ငါတို့မကယ်သေဖွယ်ရာ ဆိုသလိုမျိုး။ မြန်မာပြည်မှာ သူတို့ရှိနေလို့ကံကောင်းတယ်မှတ် ဆိုသလိုမျိုးနဲ့ဗျာ။ ပြည်သူတွေကပဲ ဒီမိုကရေစီနဲ့မတန်သေးသလိုလို ဒီမိုကရေစီနဲ့အသားကြအောင် လုပ်ယူရဦးမယ်ဆိုပြီးကပြောသေးတယ်ဗျာ။ တကယ့်ကို ဒီမိုကရေစီဂုရုကြီးတွေအတိုင်းဗျာ၊ နားထောင်နေရင်းနဲ့တောင် ရှိုးချင်စိတ်တောင်ပေါက်လာတယ်။

သူတို့တွေကြောင့် မြန်မာနိုင်ငံမှာ ငွေပဒေသာပင်ကြီးပေါ်ပေါက်လာပြီး ချက်ချင်းပဲချမ်းသာသွားတော့မလို၊ မနက်ဖြန်ပဲ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရတော့မလိုနဲ့ ပြောသွားလိုက်ကြတာ အားရစရာကြီးဗျာ...။ လက်ရှိအစိုးရနဲ့ လက်တွဲပြီး ဘယ်လိုကောင်းအောင်လုပ်နေပါတယ်ဆိုပြီး အစိုးရကောင်းကြောင်းတွေကလည်း ပြောသွားလိုက်တာ။

ကလေးတွေ သွားပြောလိုက်တော့ချို့။ စောဖေတို့ကနေခုကျေနေပြီလို့တောင်ပြန်ပြောလိုက်ချင်တယ်။ တစ်တိုင်းပြည်လုံး ဆင်းရဲဒုက္ခရောက်နေရတဲ့အချိန် အာဏာရှင်လက်ထက်မှာ အစိုးရကိုဆန့်ကျင်ပြီး တိုင်းတစ်ပါးကို ကြော့ကြော့လေးထွက်သွားပြီးနိုင်ငံရေးလုပ်စားကြတာယ်။ နိုင်ငံခြားအထောက်ပံ့တွေယူ ကျောင်းတွေတက်၊ အစိုးရလုပ်တာမှန်သမျှမကောင်းထိုင်ပြောပြီး နိုင်ငံခြားကထောက်ပံ့ပေးကမ်းသမျှ လက်ဖြန့်

တောင်းယူပြီးစိမ်ကျခဲ့ကြတယ်။(လုပ်စားနေသူများကိုသာဆိုလိုသည်)

ပြည်တွင်းမှာ ရှိတဲ့ပြည်သူတွေကိုပဲ သူတို့ကအဓေးကနေ ဟိုလိုလုပ်ပါ့လား၊ ဒီလိုလုပ်ပါ့လားနဲ့ ဆရာလုပ်ပြီး ပြည်သူတွေကပဲ တာဝန်မကျေသလို၊ ကြောက်နေသလို၊ ဒီမိုကရေစီနဲ့မတန်သလိုပြောနေကြတာများ။ ကြောက်လို့ထွက်ပြေးတာကဘယ်သူတွေလဲလို့မေးလိုက်ချင်တယ်ဗျာ ... ဟော ခေတ်လည်းပြောင်းမလို့ကြံရော ငါမကယ်သေဖွယ်ရာဆိုပြီး ပြည်တော်ပြန်ပြီး ကယ်တင်ရှင်ကြီးတွေ ဝင်လုပ်ပြန်ရောဗျာ။ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုပြီး ကြွေးကြော်ဝင်ရောက်လာပြီး လက်ရှိအစိုးရ ခေါင်းဆောင်တွေနဲ့တွေ့ကြတယ်။

တစ်ချိန်လုံး ဒီလူတွေကိုမကောင်းကြောင်း ပြောလာခဲ့တဲ့သူတွေကရာထူး၊ အာဏာပါဝါစည်းစိမ်နဲ့လည်းတွေ့ရော ဒီလူတွေကိုပဲကောင်းကြောင်း ပြောပြန်ရော။ သိက္ခာကို ဂိုက္ခာနဲ့လဲပစ်လိုက်ကြတာပေါ့ဗျာ။ အော်တတ်လည်းတတ်နိုင်ကြပါပေတယ်ဗျာ။ တိုင်းပြည်ငြိမ်းချမ်းရေးရအောင်လုပ်မယ်ဆိုတဲ့လူတွေက အစိုးရကပေးတဲ့ သိန်းပေါင်းထောင်သောင်းချီပြီးယူ၊ လုပ်ငန်းရှယ်ယာတွေယူ၊ တိုက်တွေ ကားတွေယူ၊ လစာကိုဒေါ်လာတွေနဲ့ယူအဖွဲ့ဝင်တစ်ယောက်ဆို မြန်မာနိုင်ငံတောင်လာစရာမလိုဘဲ ဟိုကနေအကြံပေးခတစ်လ ဒေါ်လာတစ်သောင်းယူတယ်တဲ့။ ကဲ ကောင်းရောဗျာ...

ကျွန်တော်တို့နိုင်ငံမှာ အစိုးရသစ်သက်တမ်း ၃ နှစ်ပြည့်တဲ့အချိန်ထိတိုင်းပြည်တိုးတက်မှုမရှိတာ၊ ပြည်တွင်းငြိမ်းချမ်းရေး ခုထိမရရှိသေးတာဘာကြောင့်လဲဆိုတာ သာမာန်ပြည်သူတစ်ယောက်အမြင်နဲ့ပြောရရင် ရိုးရိုးလေးစဉ်းစားကြည့်ရင် တိုင်းပြည်ရဲ့အဓိကအရေးကြီးတဲ့ သမ္မတအကြံပေးအဖွဲ့ဝင်တွေနဲ့ ဒီငြိမ်းချမ်းရေးအကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းတွေထဲမှာပါကဲ့ လူတွေကိုကြည့်ကြည့်ပါ။ သူတို့တွေထဲမှာ ပြည်သူတွေက ယုံကြည်လေးစားရတဲ့လူ ဘယ်နှစ်ဦးပါသလဲဗျာ။ ဥပမာဗျာ ဆရာကြီးဒဂုန်တာရာ၊ ဆရာကြီး လူထုစိန်ဝင်း၊ သတင်းစာဆရာကြီး ဦးဝင်းတင်တို့လို၊ ဒေါ်အောင်ဆန်းစုကြည်၊ ဆရာကြီးဦးကိုလေး (အင်းဝဂုဏ်ရည်)စသဖြင့် လူထုကချစ်ခင်လေးစားပြီး ယုံကြည်အားကိုးတဲ့ရလူ ဘယ်နှစ်ယောက်ပါလဲဗျာ။

အခုပါဝင်နေတဲ့လူတွေရဲ့ အတိတ်သမိုင်းကိုကြည့်ကြည့်ရင် တိုင်းပြည်နဲ့လူမျိုးအတွက် မည်မည်ရရ ပြောရလောက်အောင် လုပ်ဆောင်ခဲ့တာ၊ ရွမ်းဆောင်ခဲ့တာ သိပ်မတွေ့ရပါဘူးဗျာ။ ဒီလိုလူတွေက တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်ကြမှာလဲ။ ကျွန်တော်တို့မြန်မာစကားမှာ လူတော်၊ လူကောင်းဆိုတဲ့ စကားရှိပါတယ်။

ကျွန်တော်တို့တိုင်းပြည်ကို ခေါင်းဆောင်နေကြတဲ့လူတွေဟာ လူတော်ချင်တော်ပါလိမ့်မယ်။ လူတွေတော်နေရုံနဲ့မပြီးပါဘူး။ လူကောင်းတွေဖြစ်ဖို့ပါလိုပါလိမ့်မယ်…၊ ဒါမှတိုင်းပြည်ကောင်းပါလိမ့်မယ်။

အောက်ပါအကြောင်းအရာလေး ဖတ်ကြည့်လိုက်ရင် အဖြေရှင်းမယ်ထင်ပါတယ်။

နိဝင်ဘာ ၂၂ ရက်ထုတ် မြန်မာသံတော်ဆင့်ဂျာနယ် အတွဲ ၂၊ အမှတ် ၃၇ တွင်ဖော်ပြခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရအဖွဲ့ (NCGUB) ၏နိုင်ငံခြားရေးဝန်ကြီး ဦးပီတာလင်းပင်နှင့် တွေ့ဆုံခြင်းအင်တာဗျူး၌ ဦးပီတာလင်းပင်က 'ကျွန်တော်လာတော့ သမ္မတကြီး အကြံပေးရဲ့ဟိုတယ်မှာနေတယ်။ နေ့ခင်းလက်ဆီမှာ…၊ ဦးလှမောင်ရွှေက သုံးလေးရက်နေတော့ လာတွေ့တယ်…။ အောင်မင်းတို့နဲ့တွေ့ဖို့ သင့်တယ်ဆိုတော့ ကျွန်တော်ကလက်ခံတယ်…။ ဦးလှမောင်ရွှေ၊ ဦးခင်မောင်သန်း၊ သူတို့ Egress က နောက်တစ်ယောက် ဆန်နီညွန့်သိန်း…ပထမဆုံး ဦးအောင်မင်းရောက်လာတယ်။ သမ္မတကြီးက ခင်ဗျားကို တရားဝင်တွေ့ခွင့်ပေးလိုက်တာပါ…၊ ခဏနေတော့ ဦးစိုးသိန်းလာတယ်။ ကျွန်တော့်ကို လက်ဆောင်တွေပေးတယ်…၊ ကျွန်တော့်ကို သူတို့ပါလာတဲ့ကားသုံးစီးက တစ်စီးယူသွားလို့ပြောတယ်။ လိုချင်ရင် ပြန်ရင်မောင်းသွားရုံပဲ။ ပိုက်ဆံမပါရင် သုံးဖို့ပေးမယ်။ သိန်းတစ်ထောင်။ နေဖို့အတွက် အင်းလျားကန် ပေါင်ဘောမှာ နေရာတစ်နေရာ လက်ညှိုးထိုး၊ နေစရာလုပ်ပေးမယ်ပြောတယ်' ဟု အစရှိသဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အင်တာဗျူး၌ပင် ဦးပီတာလင်းပင်က MPC အဖွဲ့ဝင် ဦးလှမောင်ရွှေအား 'ပွဲစား' ဟု သုံးနှုန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်းတို့နှင့်တွေ့ဆုံရန်အတွက် ဦးလှမောင်ရွှေကပင်

ဆက်သွယ်ပေးခဲ့သည်ဟုဆိုသည်။

တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင်ငြိမ်းချမ်းရေးရအောင်လုပ်ကြမယ်ဆိုတဲ့ သမ္မတအကြံပေးဆိုတဲ့လူများနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မယ့်လူတွေရဲ့လုပ်ဆောင်ချက်တွေတဲ့ဗျာ။ ကဲ အဖြေကရှင်းရှင်းလေးပါပဲဗျာ…။ ဒီပုတ်ထဲကတော့ ဒီပဲ ပဲထွက်မှာပါ၊ ချောကလက်တော့ ထွက်မယ်မထင်ပါဘူးဗျာ…

ဒီလိုလူတွေဘဝတွေ ဘဝတစ်လျှောက်လုံးမှာ လူအထင်ကြီးစေမယ့် စကားကြီးစကားကျယ်တွေပြောနေပေမဲ့ တကယ်တမ်းကျတော့ နိုင်ငံအတွက် မည်မည်ရရလုပ်ဆောင်ခဲ့တာလည်း ပြစရာတစ်ခုမှမရှိပါဘူးဗျာ။ နိုင်နိုင်မာမာ ကိုင်စွဲထားတဲ့မူတစ်ခု၊ ယုံကြည်မှုတစ်ခုလည်း မရှိခဲ့ပါဘူး။ ရေစုန်မှာ အလိုက်သင့်လေးစီးမျောပြီး တက်သမျှအစိုးရကို တည့်အောင်ပေါင်း၊ ပေါင်းလို့မရရင်ဆန့်ကျင်ပြီး အခွင့်ရေးယူဖို့လောက်သာ လုပ်စားခဲ့ကြတာပါ။ ဒါကြောင့်ကျွန်တော်က စကားတွေအကြီးကြီးတွေပြောတဲ့ တိုင်းပြည်အတွက် လူမျိုးအတွက်ဆိုတဲ့ လူတွေကို ယုံကိုမယုံတော့တာဗျာ…

တိုင်းပြည်နဲ့ ပြည်သူတွေကို မငဲ့ကွက်ကြဘဲ မိမိကိုယ်ကျိုးအတွက်ပဲ လုပ်စားနေကြရင်…၊ ပြည်သူတွေအပေါ် စေတနာမပါ အသိဉာဏ်မပါတဲ့လူတွေပဲ နိုင်ငံကို ဦးဆောင်လုပ်ကိုင်နေကြရင်ဖြင့်…ရွှေပြည်တော်ရယ် မျှော်နေလည်းဝေး၊ ရှုဝံ့ကြယ်စင် မြင်နေလည်းဝေးနေဦးမှာပါပဲ…

၃.၁.၁၄ နေ့ထုတ် News Watch (ဖောင့်ကြည့်သတင်းဂျာနယ်)

❑



# ကြက်ဆူထက် ဒုက္ခပေးမယ့် ယူကလစ်

ကျော်ကြီး(MDY)

ပြီးခဲ့တဲ့ လပိုင်းက ပြင်ဦးလွင်က ပွဲကောက်ရေတံခွန်ကိုအလည် ရောက်ဖြစ်ခဲ့ပါတယ်။ ပွဲကောက်ကိုရောက်တဲ့အခေါက်တိုင်း ရေတံခွန်တွေဟာ တစ်ခေါက်ထက်တစ်ခေါက် ရေကျတာနည်းနည်းလာတာကို သတိထားမိပါတယ်။ ရေကျတာနည်းလာတော့ ရေတွေကလည်းနောက်လာပြီး အရင်လိုလှပမှုနည်းလာပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်ကျော်လောက်ကနဲ့တော့ လုံးဝမတူတော့တာအသေချာပါ။ လည်ပတ်ပြီးတော့ ပွဲကောက်ရေတံခွန်ကနေဖြတ်သွားရတဲ့မိတ်ဆွေတစ်ဦးရဲ့ ရွာကိုသွားလည်ဖြစ်ခဲ့ပါတယ်။

ရွာရောက်တော့ မိတ်ဆွေနဲ့စကားပြောကြရင်း ကျွန်တော်က ပွဲကောက်ရေတံခွန်က တစ်နှစ်ထက်တစ်နှစ်ရေကျတာ နည်းလာတဲ့အကြောင်းပြောတော့ မိတ်ဆွေက၊ ဟုတ်တယ် အစ်ကိုရေ၊ နွေအခါဆိုညပိုင်း အထက်ကနေ ရေပိတ်ထားရပြီး နေ့ခင်းညည်လာတဲ့အချိန်မှ ရေလွှတ်ရတာ လို့တောင်သိရတယ်ဗျ။ ဒီပုံအတိုင်းဆို နောက်ဆယ်နှစ်လောက်ဆို ဒီပွဲ ကောက် ရေတံခွန်က ပျောက်ကွယ်တောင်သွားနိုင်တယ်တဲ့။ ကျွန်တော်တို့ ပတ်ဝန်းကျင်က သဘာဝစိမ့်စမ်းတွေလည်း

တဖြည်းဖြည်းခန်းကုန်ပြီ အစ်ကိုရာ။ ဒါနဲ့ကျွန်တော်က ခုလိုဘာလို့ဖြစ်ရ ဘာလဲလို့မေးမြန်းကြည့်တော့။

အဓိကကတော့ ရာသီဥတုဖောက်ပြန်လာတာတွေကြောင့်ရော လူလုပ်တဲ့ ပရောဂတွေကြောင့်ရောပေါ့ဗျာ။ လူ့ပယောဂတွေက ဘာတွေတုန်းဗျဆိုတော့။ အစ်ကိုပွဲကောက်လာတော့လမ်းဘေးမှာ ယူကလစ်နိုက်ခင်းတွေတွေ့တယ်မလား။ အဲ့အပင်တွေကရေသောက်ဘီလူးတွေဗျ။ မိုးရေကိုအဓိက အားထားရတဲ့တောင်ပေါ်ဒေသတွေမှာ အဲ့ရေသောက်ဘီလူးတွေကြောင့် တောင်ပေါ်ဂေဟစနစ်တွေ ပျက်စီးနေပြီ အစ်ကိုရေ။ မိတ်ဆွေမှ ရေသောက် ဘီလူးပင်တွေလို့ပြောလိုက်တဲ့အချိန်မှာ မကြာမီက ဘဘဦးကိုလေး (အင်းဝဂုဏ်ရည်) ပြောတဲ့စကားကို ပြန်သတိရမိတယ်။ ဘကိုလေးနဲ့ မန္တလေးမှာတွေ့တုန်း စကားစပ်မိကြရင်းနဲ့ 'ဟေ့ကောင်ကျော်ကြီးရေ၊ ဂရိတ်ဝေါကုမ္ပဏီကစိုက်တဲ့ယူကလစ်ပင်တွေက ရေသောက်ဘီလူးတွေလို့ စိုက်ပျိုးရေးက ပညာရှင်ငါ့တူမက ပြောတယ်ကွ။ အဲ့အပင်တွေကြောင့် များမကြာမီ မိုးနည်းရေရှားတဲ့ တို့အလယ်အပိုင်းဒေသသဲကန္တာရဖြစ်သွားလိမ့်မယ်။ နားလည်တတ်ကျွမ်းတဲ့သူတို့တွေပြောတာလည်း အထက်လူကြီးတွေက နားမထောင်ဘူးတဲ့။ အဲ့အကြောင်းလေး အများသိအောင် မင်းစုံစမ်းရေးစမ်းပါဦး၊ အားလုံးဒုက္ခရောက်ကုန်ကြပါလိမ့်မယ်'ဟုပြောခဲ့ပါတယ်။

ဘကိုလေးက ပြောသာပြောသွားတာ ကိုယ်တွေက သစ်ပင်နဲ့ ပတ်သက်လို့ဘာမှသိတာမဟုတ်တော့ ဟုတ်...ကြိုးစားကြည့်ပါဦးမယ်လို့သာ ပြောခဲ့တာ တော်တော်နဲ့မရေးဖြစ်ခဲ့ပါဘူး။ ခုတော့ တကယ်လက်တွေ့ခံစားတွေမြင်နေရတဲ့ ပြည်သူတွေရဲ့စကားကို ကိုယ်တိုင်တွေမြင်ကြားသိရပြီ။ သူတို့ပြောတဲ့ ရေသောက်ဘီလူးတွေက ဘယ်လောက်တောင်ဆိုးလို့လဲဆိုပြီး စိတ်ဝင်စားသွားကာ အင်တာနက်မှာ ယူကလစ်နဲ့ပတ်သက်ပြီးရေးထားတာတွေကို ရှာဖတ်မိပါတယ်။ ယူကလစ်အကြောင်း အသိပညာရှင်တွေရဲ့လေ့လာရေးသားထားတာတွေဖတ်မိမှ ထင်ထားတာထက် ပိုကြောက်စရာကောင်းနေတာတွေ့ရပါတယ်။

ကျွန်တော်တို့သာမာန်ပြည်သူတွေ လုံးဝမသိသေးတဲ့ဆိုးကျိုးတွေ

အများကြီးတွေ့ရှိရပါတယ်။

ယူကလစ်ပင်များဟာ သဘောဆေး၊ စက္ကူ ၊ သစ်ပါးလွှာထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းထုတ်ကုန်တွေအတွက် အသုံးဝင်ပါတယ်။ ဒါဟာ ယူကလစ်ရဲ့အကျိုးပြုအသုံးဝင်ပုံပဲဖြစ်ပါတယ်။

ယူကလစ်အပင်ရဲ့ ဆိုးကျိုးပေးမှုများကတော့ ယူကလစ်ပင်ဟာ ရေသောက်ဘီလူးလို့ခေါ်ဆိုသည့်အတိုင်း မြေအောက်ရေကို စက္ကန့်ပိုင်းအတွင်းစုပ်ယူနိုင်ပါတယ်။ သူ့ရဲ့အမြစ်ဟာ ရှပ်ထွေးပြီးမြေအောက် စပေ ခန့်အထိထိုးဝင်ပြီးစုပ်ယူတဲ့အတွက် ရေတွင်းရေကန်များ၊ စိမ့်စမ်းများခန်းခြောက်စေနိုင်ပါတယ်။ မြေအောက်ရေမျက်နှာပြင်ကို နိမ့်ကျစေပါတယ်။ အခြားသစ်ပင်များ မစုပ်ယူနိုင်အောင် မြေအောက်ရေကိုလုယူပြီး စုပ်ယူတဲ့အတွက် သူ့အောက်မှ အခြားပင်များ ရေရှည်ဖြစ်ထွန်း အသက်ရှင်ဖို့မလွယ်ပါဘူး။ ရေတင်မကမြေဆီမြေသြဇာများ ဓာတ်သတ္တုများပါ အလွန်အမင်းစုတ်ယူပါတယ်။ ဒါ့အပြင် ယူကလစ်ပင်ဟာ အက်ဆစ်ဓာတ်များ ထုတ်လွှင့်ပြီး ယူကလစ်အရွက်ဟာ ဆွေးမြေ့ဖို့ခဲယဉ်းပြီး အပူကိုထုတ်လွှင့်ပေးပါတယ်။ ဒါကြောင့်ယူကလစ်ပင်အောက်နဲ့ ပတ်ဝန်းကျင်မှာ အခြားသစ်ပင်များရှင်သန်မှုမရှိနိုင်ဘူးလို့သိရပါတယ်။

ယူကလစ်ပင်ဟာ အေးမြတဲ့အရိပ်အာဝါသမရရှိတဲ့အပြင် အပူထုတ်လွှင့်မှုများခြင်း၊ မီးလောင်လွယ်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်အတွက် အလွန်အန္တရာယ်များပါတယ်။ အပူပိုင်းဒေသ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ တောင်ပေါ်ဒေသများအတွက်အလွန်အန္တရာယ်များပြီး ကောင်းကျိုးမပေးတဲ့ အပင်ဖြစ်ပါတယ်။ ရေအလွန်အမင်းစုပ်ခြင်း၊ မြေသြဇာမြေဆီမြေနှစ် အလွန်စုပ်ယူသုံးစွဲမှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသမှာ ဖြစ်ထွန်းတဲ့မိုးနည်းဒဏ်ခံနိုင်တဲ့ သနပ်ခါးပင်၊ ထန်းပင်များ တောင်ပေါ်ဒေသမှာဖြစ်ထွန်းတဲ့ လက်ဖက်၊ ပိုးစာပင်များ၊ ပိုးမွေးမြူရေးလုပ်ငန်းများ ဒုက္ခရောက်ပျက်စီးစေနိုင်မှာဖြစ်ပါတယ်။

ကုန်ဆုံးသွားသော သစ်တောတွေနေရာမှာ ယူကလစ်ကိုအစားထိုးစိုက်ပျိုးလာသည်နှင့်အမျှ မြေအောက်နေ ပိုးမွှားအင်းဆက်များ၊ တောတွင်းနေထိုင်သော သားငှက် တိရစ္ဆာန်များ နေထိုင်မှီခိုအစာရှာဖွေစားသောက်

ရာမှာ ပြဿနာဖြစ်နိုင်ပြီး တောတွင်းသားရဲတိရစ္ဆာန်များပါ မျိုးတုံးပျောက်ကွယ်နိုင်ပါတယ်။

ယူကလစ်ပင်ကို မိုးနည်းရေရှားဒေသများ၊ မိုးရေကို အဓိကထားရတဲ့တောင်ပေါ်ဒေသများတွင် ယူကလစ်ပင် ထူထောင်စိုက်ပျိုးမှုလုံးဝမလုပ်သင့်ကြောင်း ကမ္ဘာ့ရက္ခဗေဒပညာရပ်ဆိုင်ရာ စာအုပ်များတွင်ရေးထားဖော်ပြထားပါတယ်။ ရေရှည်ခံစိုက်ပျိုးရေးစနစ်ကို ပျက်စီးစေခြင်း၊ ပတ်ဝန်းကျင် သဘာဝကိုပျက်စီးစေ ခြင်းကြောင့် negativeသီးနှံအဖြစ် လုံးဝမစိုက်သင့်ကြောင်း သိပ္ပံပညာရှင်များ ကောက်ချက်ချခဲ့ပါသည်။

ဒါတွေဟာ ပညာရှင်တွေရဲ့ တွေ့ရှိလေ့လာချက်တွေပဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပညာရှင်မဟုတ်ပါဘူး။ ဒါပေမဲ့ ပြည်သူတစ်ယောက်အနေနဲ့ ရိုးရိုးလေးစဉ်းစားမိတာက ဒီလို ပြည်တွင်းပြည်ပ ပညာရှင်များကတောင် မစိုက်သင့်တဲ့အပင်လို့တားဆီးထားတာကို ကျွန်တော်တို့နိုင်ငံမှာ တစ်စခန်းထပြီးဘာလို့ အသည်းအသန်စိုက်ပျိုးဖို့လုပ်နေကြတာလဲ။ ဒီလိုရေသောက်ဘီလူးပင်များကို မိုးရေကိုအဓိကအားထားရတဲ့ တောင်ပေါ်ဒေသတွေ၊ မိုးနည်းရေရှားအပူပိုင်းဒေသဖြစ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ဘာဖြစ်လို့စိုက်ဖို့လုပ်ကြတာလဲ။

နှစ်စဉ်မိုးရေချိန်များစွာရတဲ့ မြန်မာပြည်အောက်ပိုင်းဒေသများဧရာဝတီ၊ ရခိုင်၊ တနင်္သာရီတို့နှင့် ရေလွှမ်းမိုး၍ နှစ်စဉ် ရေဘေးဒုက္ခရောက်လေ့ရှိသည့်ဒေသတွေမှာ ရေစုပ်အားကောင်းသော ယူကလစ်ပင်ကိုစိုက်ပျိုးခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမှာပါလို့ ပညာရှင်တွေကပြောထားပါတယ်။ ဒီလိုဒေသတွေမှာ ဘာလို့သွားမစိုက်တာလဲ။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ သစ်တောထွက်သံယံဇာတ အလွန်ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်းသစ်၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ မဟော်ဂနီ၊ တမလန်း၊ သစ်မွှေးပင် စတဲ့အပင်များဟာ ဒေသတွင်းပေါက် မြန်မာ့အရင်းမြစ် အပင်များဖြစ်ပါတယ်။ ကျွန်းသစ်၊ တမလန်း၊ သစ်မွှေးပင်များဟာ ကမ္ဘာပေါ်မှာ နာမည်ကြီးဈေးကွက်ဝင်သစ်များဖြစ်ပါတယ်။ ဒီလိုသစ်တောများကိုမစိုက်ပျိုးဘဲဘာကြောင့် ယူကလစ်ပင်များကို အစားထိုးစိုက်ပျိုးဖို့

လုပ်နေကြလဲ။ ခုတော့ပြောင်းပြန်၊ ကျွန်းကိုစုတ် ယူကလစ်ကိုစိုက်လုပ်နေကြပါတော့တယ်။

ယခုအစိုးရလက်ထက် လွှတ်တော်မှာလည်း ဂန့်ဂေါလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေမှယူကလစ်ပင်စိုက်ပျိုးရေးနဲ့ပတ်သတ်ပြီး ကောင်းကျိုးဆိုးကျိုးများကိုမေးမြန်းခဲ့တယ်လို့သိရပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ဝန်ကြီးက ယူကလစ်ရဲ့ကောင်းကျိုးများကိုသာ ရှင်းလင်းသွားခဲ့တဲ့အတွက် အရာမရောက်ခဲ့ပါဘူး။

ဦးနေဝင်းလက်ထက်တုန်းကတော့ ယူကလစ်ပင်များကိုစီမံကိန်းနဲ့ စိုက်ပျိုးဖို့လုပ်ခဲ့ပြီး ရေစုပ်လွန်းအားကြီးခြင်း၊ မြေဆီမြေလွှာများပျက်စီးခြင်းတို့ကြောင့် ရပ်နားခဲ့တယ်လို့သိရှိရပါတယ်။ ခုမှတစ်ခေန်းထပြီး ယူကလစ်ပင်က ဘယ်ကနေပြန်လည်ရောက်ရှိလာတာလဲဆိုပြီး လေ့လာကြည့်လိုက်တော့ ၂၀၀၉ ခုနှစ်လောက်မှာ တရုတ်လူမျိုး ဂရိတ်ဓေါဦးတင်မောင် (ခ) လီဆန်ရှင်းရဲ့ ဂရိတ်ဝေါကုမ္ပဏီက စတင်ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံကနေ ယူကလစ်ပင်များကို တစ်ရှူးမျိုးပွားခြင်း (Tissue Culture) နည်းပညာ တင်သွင်းလာခဲ့တာပဲဖြစ်ပါတယ်။ ပေါက်ဖော်တို့ဆိုတာနဲ့ သဘောပေါက်လိုက်ပါတော့ ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးရှိမယ့်ဟာဆိုရင်တော့ ဒီနည်းပညာကို သွင်းလာမှာမဟုတ်ပါဘူးဆိုတာ မြန်မာပြည်သူတိုင်း နားလည်ကြမှာပါ။ ခုလည်းကြည့်လေ၊ တစ်ရှူးမျိုးပွားခြင်းနည်းပညာနဲ့ ယူကလစ်စိုက်မယ့်အစား သူ့ထက်အဖိုးတန်အကျိုးရှိတဲ့ ကျွန်းသစ်တို့ တမလန်းတို့သစ်မွှေးတို့စိုက်ပျိုးကြပါလား။ အဖြေကရှင်းရှင်းလေးပါ။

တရုတ်ဆိုတာ မြန်မာနိုင်ငံအတွက်အကျိုးရှိမယ့် သိပ္ပံနည်းပညာ၊ စက်မှုနည်းပညာနဲ့ပတ်သက်ပြီးဘယ်တုန်းကမှ ရင်နှီးမြှုပ်နှံမှုမလုပ်ခဲ့ပါဘူး။ သဘာဝသယံဇာတထုတ်ယူတာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာပဲ ရင်နှီးမြှုပ်နှံကြပါတယ်။ ခုလည်းကြည့်လေ သူတို့နိုင်ငံမှာစိုက်ရင် သဘာဝသယံဇာတတွေ ပျက်စီးမှာစိုးလို့ ဘာမှနားမလည်သေးတဲ့မြန်မာနိုင်ငံမှာ လာပြီးစိုက်ပျိုးဖို့ အာဏာရှင်တွေနဲ့ပူးပေါင်းကြံစည်တာပဲဖြစ်ပါတယ်။ ရေအားလျှပ်စစ်လာထုတ်ယူသလို အငှားကိုယ်ဝန်ဆောင်နိုင်းတာပဲဖြစ်ပါ

တယ်။

ဂရိတ်ဝေါဦးတင်မောင်(ခ) လီဆန်ရှင်းဟာ ကသာနဲ့ထီးချိုင့်အကြားမှာ သစ်တောတွေရသလောက် အကုန်ခုတ်ခဲ့ပါတယ်။ မန်းလေး မူဆယ်လမ်းတစ်လျှောက်ရှိသမျှ သစ်တောတွေအကုန်ခုတ်ခဲ့ပါတယ်။ အဲ့ဒီနေရာတွေကို ယူကလစ်ပင်များအစားထိုး စိုက်ပျိုးဖို့လုပ်နေတာပါ။ ဒါ့အပြင် သူလိုချင်တဲ့မြေနေရာတွေကိုလည်း ယူကလစ်စိုက်ပျိုးရေးအတွက်ဆိုပြီး အကြောင်းပြ အာဏာပိုင်တွေနဲ့ပေါင်းပြီးရယူခဲ့ပါတယ်။ အသိသာ အထင်ရှားဆုံးကတော့ မန္တလေးမြို့လယ်မှာရှိတဲ့ ၇၃ လမ်းနဲ့ သိပ္ပံလမ်းထောင့်ရှိ ခေတ်တန်ကြေး သိန်းပေါင်း သိန်းနဲ့ချီတန်ကြေးရှိတဲ့မြေနေရာကို ယူကလစ်စိုက်ဖို့ဖန်းပြပြီး သိမ်းယူထားတာပဲဖြစ်ပါတယ်။

ဒီလုပ်ရပ်ဟာ အင်မတန် သိသာထင်ရှား ရုပ်ဆိုးလှပါတယ်။ အခြားတန်ဖိုးမရှိတဲ့မြေနေရာတွေမှာစိုက်ပျိုးလို့ရတဲ့အပင်ကို ခုလိုမြို့လယ်ကောင်က တန်းဖိုးကြီးမြေနေရာမှာ အခုလိုဖန်းပြ ဖျာခင်းရယူထားတာ မြို့သူမြို့သားတွေအတွက် အံ့ဩစရာဖြစ်နေပါတယ်။ ဒီမြေနေရာကို ပြည်သူတွေအတွက် အကျိုးရှိမယ့် စီမံကိန်းတစ်ခုခုလုပ်လို့မရဘူးလား။ ဘယ်လိုချထားပေးထားတာနဲ့ပတ်သက်ပြီးလည်း ယနေ့ထိ ပြည်သူတွေ မသိရှိရပါဘူး။ ဒီမြေနေရာကိုချထားပေးမှုနဲ့ပတ်သက်ပြီး နောက်ကွယ်မှာ အဂတိလိုက်စားမှုရှိမရှိ ရိုးသားမှုရှိမရှိ စုံစမ်းစစ်ဆေးသင့်တယ်လို့ယူဆပါတယ်။

ဦးတင်မောင်ဟာ ဒီလိုအာဏာပိုင်များနဲ့ ပူပေါင်းပြီးသိမ်းယူထားတဲ့မြေနေရာ အထက်မြန်မာပြည်မှာ ဧကသောင်းနဲ့ချီရှိတယ်လို့သိရပါတယ်။ သူ့ရဲ့စက်ရုံတွေ၊ တစ်ရှူးမျိုးပွားခြင်း သုတေသနလုပ်တဲ့နေရာတွေမှာလည်း တရားမဝင်တရုတ်လူမျိုးတွေ ရာနဲ့ချီခန့်ထားတယ်လို့သိရပါတယ်။ မကြာသေးခင်ကပဲ သူပိုင်ဆေးရုံတစ်ခုဖြစ်တဲ့ တော်ဝင်နှင်းဆီဆေးရုံမှာ ဆောင် တရားမဝင်တရုတ်ဆရာဝန်တွေ ခန့်ထားပြီး ဆေးကုသတာသိရှိလို့ အမှုဖွင့် တရားစွဲဆိုခံခဲ့ရပါတယ်။ ဒီနေရာမှာလည်း တရားမဝင်လာရောက်ကုသတဲ့ တရုတ်လူမျိုးဆရာဝန်တွေကတော့ မန္တလေးလေဆိပ်ကနေ လွယ်လွယ်ကူကူပဲ ထွက်ပြေးလွတ်မြောက်သွားတာ အံ့ဩဖွယ်တွေရှိရပါ

တယ်။ ဒီနေ့ထိလည်းပိုင်ရှင် ဦးတင်မောင်ကို အပြစ်ပေးအရေးယူနိုင်ချင်း မရှိသေးပါဘူး။ မြန်မာနိုင်ငံရဲ့တရားဥပဒေစိုးမိုးမှုက မေးခွန်းထုတ်စရာဖြစ် နေပါတယ်။ ပြောရရင်တော့ မန္တလေးမြို့အပါအဝင် အထက်မြန်မာပြည်မှာ တော့ တရုတ်လူမျိုးလီဆန်ရှင်းဟာ အာဏာပိုင်လူကြီးမင်းများနဲ့ပေါင်းပြီး ထင်ရာ စိုင်းလုပ်ချင်တာ လုပ်နေတာကြပါပြီ။

ပေါက်ဖော်ကြီးရဲ့ယူကလစ်စိုက်ပျိုးရေးက တစ်ချက်ခုတ် နှစ်ချက် ပြတ်မဟုတ်ဘူး၊ သုံးချက်တောင်ပြတ်သွားပါတယ်။ အဖိုးတန်သစ်တော တွေလည်း ကြိုက်သလောက်ခုတ်လို့ရတယ်၊ မြေနေရာတွေလည်းရတယ်၊ သူတို့နိုင်ငံမှာ မစိုက်ချင်တဲ့ ယူကလစ်လည်း စိုက်ပျိုးထုတ်ယူလို့ရသွား တယ်။ ခုဆိုရင် ဂရိတ်ဝေါကုမ္ပဏီနဲ့ သူရဲ့ကုမ္ပဏီခွဲ ဟွန်ဒါမြန်မာကုမ္ပဏီတို့ ကနေ အထက်မြန်မာပြည်တစ်ခုလုံး ယူကလစ်ပင်များစိုက်ပျိုးဖို့လုပ်နေပါ တယ်။ နှစ်စဉ် ကေထောင်ချီ သောင်းချီပြီးစိုက်ပျိုးနေတာဟာ ကျွန်တော်တို့ နိုင်ငံအတွက် အင်မတန်စိုးရိမ်စရာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြေပေါ်မြေ အောက် သဘာဝသယံဇာတတွေဟာ တရုတ်နိုင်ငံကထုတ်ယူလို့ကုန် သလောက်နီးပါးရှိနေပါပြီ။ မြန်မာနိုင်ငံရဲ့ထိပ်တန်းစီးပွားရေးလုပ်ငန်းကြီး တွေကို လုပ်ပိုင်ခွင့်တွေကလည်း ဒီတရုတ်လူမျိုးတွေပဲ ချုပ်ကိုင်လုပ်ကိုင် ခွင့်ရနေတာပါ။ ခုလည်းယူကလစ်ပင်တွေကို စိုက်ပျိုးပြီး မြန်မာနိုင်ငံကို ဖျက်ဆီးဖို့လုပ်နေကြပါပြီ။ ကျွန်တော်တို့မြင်အောင်ကြည့်ဖို့လိုအပ်ပါတယ်။ တစ်ဦးတစ်ယောက်၊ အဖွဲ့စည်းတစ်ခုကောင်းစားရေးအတွက် တိုင်းပြည် ဒုက္ခရောက်မယ့်ကိစ္စကို ဘယ်နည်းနဲ့မှ လက်ခံလို့မရပါဘူး။

သစ်တောတွေ အတားအဆီးမရှိ ခုတ်နေကြလို့ ရာသီဥတုဖောက်ပြန်၊ မိုးမရွာရတဲ့ကြားထဲရေသောက် ဘီလူးပင်တွေကို ထပ်စိုက်ကြအုံးမယ်ဆိုရင် တော့ လာမယ့်ရာစုနှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ဟာ သဲကန္တာရဖြစ်သွားပြီး အပူပိုင်းဒေသရဲ့အိုအေစစ်မြို့တော်ဖြစ်တဲ့ ပြင်ဦးလွင်အပါအဝင် တောင်ပေါ်ဒေသတွေရဲ့ ဓာဟာစနစ်တွေ ပျက်စီးသွား တော့မှာဖြစ်ပါတယ်။ ရေဝေရေလဲစနစ်တွေ၊ သဘာဝပတ်ဝန်းကျင်ဂေဟ စနစ်တွေပျက်စီးပြီး မြန်မာနိုင်ငံရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ် ကြီးပါ သေဆုံးသွားနိုင်တဲ့အထိ ဖြစ်နိုင်ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ ရေရှားပါးမှုကို တွေ့ကြုံနေကြရပါပြီ။ ဒီယူကလစ်ပင်တွေကို မထိန်းသိမ်းဘဲစိုက်ပျိုးကြတော့မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ စက်ာပူလို ရေဝယ်သောက်ရတဲ့ တိုင်းပြည်ဖြစ်သွားပါလိမ့်မည်။ အိန္ဒိယနိုင်ငံရဲ့ပြည်နယ်တစ်ခုမှာဆိုရင် လယ်သူသမားတွေဟာ ယူကလစ်အပင်ကြောင့် သူတို့လယ်မြေတွေပျက်စီးတဲ့အတွက် မခံနိုင်တဲ့အဆုံး ယူကလစ်တော်လှန်ရေးဆိုပြီး ယူကလစ်အပင်အားလုံး ခုတ်လှဲဖျက်စီးပစ်ခဲ့ပါတယ်။ ဒီအခြေအနေထိမရောက်ခင် တာဝန်ရှိသူများနဲ့ ပညာရှင်များတွေ့ဆုံဆွေးနွေး အဖြေရှာဖြေရှင်းသင့်ပါပြီ။

ကျွန်တော်တို့နိုင်ငံမှာ စစ်အာဏာရှင်လက်ထက်တုန်းကလည်း ပြည်သူတွေကို လိမ်လည်လှည့်ဖြားပြီး အကျိုးမရှိ၊ အသုံးမဝင်တဲ့ ကြက်ဆူပင်တွေကို တစ်နိုင်ငံလုံးစိုက်ပျိုးခိုင်းခဲ့ပါတယ်။ ဒီနေ့မှာ ဘာကောင်းကျိုးမှမပေးခဲ့တဲ့ ကြက်ဆူပင်နဲ့ပတ်သတ်ပြီး ဘယ်သူမှ တာဝန်ယူမယ့်သူမရှိခဲ့ပါဘူး။ ခုလည်း ကြက်ဆူပင်ထက်ဆိုးတဲ့ တိုင်းပြည်ကိုပျက်စီးစေမယ့် ယူကလစ်ကို ပြည်သူတွေကိုအယုံသွင်းလှည့်ဖြားပြီး စိုက်နိုင်းနေပြန်ပါပြီ။ ယူကလစ်ဟာ ကြက်ဆူပင်ထက်ဆိုးတာကိုတော့ သိထားဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံပျက်စီး ဒုက္ခရောက်သွားစေနိုင်တဲ့ ကိစ္စဖြစ်ပါတယ်။

အချိန်မှီမထိန်းသိမ်းရင် မွေ့ရာသီရောက်တိုင်း ရေရှားပါးမှုဒုက္ခကြုံတွေ့နေရတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကပြည်သူတွေကို အရင်ဆုံးအကြီးအကျယ်ဒုက္ခတွေ့စေပါတော့မယ်။ ဒါကြောင့် အစိုးရရော၊ ပြည်သူတစ်ရပ်လုံးကပါ အမျိုးသားရေးအသိနဲ့ အမြန်ဆုံးတားဆီးကာကွယ်ကြဖို့နှိုးဆော်အသိပေးလိုက်ရပါတယ်။

၃၁.၇.၁၅ နေ့ထွက် **News Watch** (စောင့်ကြည့်သတင်းဂျာနယ်)

(ကိုးကား- ဒေါက်တာကျော်သန်းထွန်း၊ ဆရာခန့်ဇော်ထက်၊ ဆရာမနေထက်ထက်အောင်တို့ရဲ့ ယူကလစ်ပင်ဆောင်းပါးများ)

❑




# မြန်မာ့ယဉ်ကျေးမှုမြို့တော် ကျဆုံးခြင်း

ကျော်ကြီး(MDY)

ကျွန်တော်တို့ အညာသူအညာသား အထူးသဖြင့် မန္တလေးသူ/ သားတွေကို အခြားဒေသက လူတွေက ဒေသစွဲ၊ ဓာတ်စွဲကြီးတယ်လို့ ပြောကြတယ်။ သူတို့ပြောမယ်ဆိုလည်း ပြောလောက်စရာပါ။ ကျွန်တော်တို့ မန္တလေးသားတွေက အခြားဒေသကလူတွေ မျက်စိဆံပင်မွေးစူးလောက်အောင်ကို ဒေသအပေါ် ချစ်စိတ်၊ စွဲလမ်းစိတ်ကြီးလွန်းပါတယ်။ ဘာဖြစ်လို့ ဒီလောက်ဒေသစွဲ၊ ဓာတ်စွဲကြီးရသလဲလို့မေးလာခဲ့ရင် စွဲစရာတွေ ချစ်စရာတွေလွမ်းစရာတွေရှိလို့ပေါ့လို့ပဲ ဖြေရမှာပဲ ---

မြန်မာပြည် နောက်ဆုံးဘုရင်မင်းဆက် အဆုံးသတ်ရာ နောက်ဆုံးမင်းနေပြည်တော်မြို့၊ ယဉ်ကျေးမှုအမွေအနှစ်ထွန်းကားရာမြို့၊ထေရဝါဒဗုဒ္ဓသာသနာ နေလို လလိုထွန်းကားရာမြို့၊ သဘင်အနုပညာတွေ ထွန်းကားရာမြို့၊ နိုင်ငံရေး၊ ပဥ္စမသင်္ဂါယနာတင် ပိဋကတ်သုံးပုံ ကျောက်စာရေးထိုးထားတဲ့ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးတည်ရှိရာမြို့၊ မဟာမုနိ၊ ရွှေကျီးမြင်၊ ကျောက်တော်ကြီး၊ ချမ်းသာကြီးစတဲ့ တန်ခိုးကြီးဘုရားတွေ

ကြီးလေးကြီးနဲ့ ခမ်းနားတဲ့မြို့ပါ။ ကျုံးပြာသာဒ် မြို့ရိုးကြီးတွေ၊ မန္တလေး တောင်၊ ဈေးချိုု၊ ဦးပိန်တံတား စသဖြင့်သမိုင်းဝင်နေရာတွင် ပြောလို့မကုန် နိုင်အောင် ချစ်စရာတွေ၊ လွမ်းစရာတွေ ပြည့်နှက်နေတဲ့ ကျွန်တော်တို့ မန္တလေးမြို့ကို ကျွန်တော်တို့ ဒေသစွဲကြီးကြတာ ချစ်ကြတာ မဆန်းဘူးလို့ ထင်ပါတယ်။ မန္တလေးမြို့ကို မန္တလေးသားတွေရဲ့ အသွေးတွေအသားတွေနဲ့ တည်ဆောက်ထားတယ်လို့ ပြောမယ်ဆိုရင်တောင် လွန်မယ်မထင်ပါဘူး။ ကျွန်တော်တို့ မန္တလေးမြို့ကို မန္တလေးသားတွေမှ ချစ်ကြတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံသားအားလုံးက ချစ်ကြတန်းဖိုးထားကြပါတယ်။ ကုန်ကုန်ပြော ရရင် မန္တလေးကို ရောက်ဖူးတဲ့ နိုင်ငံခြားသားတွေတောင် စွဲစွဲလမ်းလမ်း အမှတ်တရရှိကြတယ်။ ကျောင်းအတူတက်ဖူးတဲ့သူငယ်ချင်းတွေနဲ့ စကား ပြောဖြစ်တိုင်း မန္တလေးကို လွမ်းတဲ့အကြောင်း မြို့သူ၊ မြို့သားတွေက ခင်မို့ ကောင်းတယ်၊ ချစ်စရာကောင်းတယ် ဖော်ရွေတယ်လို့ အမြဲပြောကြတယ်။

မန္တလေးမြို့ဟာ ကမ္ဘာ့ဖော်ရွေမှုအရှိဆုံးမြို့များထဲက မြို့တစ်မြို့ အဖြစ် ကမ္ဘာကျော် ခရီးသွားမဂ္ဂဇင်း (Conde Nest Traveller) နဲ့ CNN သတင်းဌာနတို့ကတောင် သတ်မှတ်ဖော်ပြခဲ့ကြပါတယ်။ ဒီအချက်တွေ ကြောင့် မန္တလေးသားတွေဟာလည်း ကိုယ့်မြို့အပေါ်မှာ ဂုဏ်ယူခဲ့ဝင့်ကြွား ခဲ့ကြတယ်လို့ထင်ပါတယ်။

ယနေ့အချိန်အခါမှာတော့ မန္တလေးသူ/သားတွေဟာ ကိုယ့်မြို့ အပေါ်မှာ ဂုဏ်မယူနိုင်မဝင့်ကြွားနိုင်တော့ပါဘူး။ မန္တလေးမြို့ကို မန္တလေးသား တွေမပိုင်တော့ဘူးလို့ ခံစားသွားရပါပြီ။ သူစိမ်းတစ်ယောက်လို ဧည့်သည် တစ်ယောက်လိုခံစားသွားရပါပြီ။ အိမ်ရှင်ဖြစ်တဲ့ မန္တလေးသားတွေက မြို့ထဲမှာ မရှိတော့ဘဲ မြို့ရဲ့အစွန်အဖျားတွေကို ရောက်ကုန်ကြပါပြီ။ အိမ်ရှင်နေရာကို မြန်မာစကားမတတ်တဲ့ အရှေ့တိုင်းဆီက ပေါက်ဖော်တွေ ဝင်ရောက်နေရာယူသွားပါပြီ။ သေနတ်တစ်ချက်မဖောက် ကျည်တစ်တောင့် မကုန်လိုက်ရဘဲ ယွမ်ကျည်ဆံတွေနဲ့ သိမ်းပိုက်လိုက်တာ မန္တလေးမြို့ကြီး ကျဆုံးအသိမ်းပိုက်ခံလိုက်ရပါပြီ။

မြန်မာ့ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့ကြီးကို တရုတ်တွေ ဘာ ကြောင့် သိမ်းပိုက်နေရာယူသွားနိုင်ခဲ့တာလဲ။ ၁၉၈၉– ၉၀ ခုနှစ် နောက်ပိုင်း

စစ်အာဏာရှင်လက်ထက် ဗိုလ်ချုပ်ခင်ညွန့် တန်းခိုးထွားနေတဲ့အချိန်မှာ ငြိမ်းချမ်းရေးအဖွဲ့အစည်းအမည်ခံ 'ဝ' တရုတ်တွေဝင်ရောက်နေရာယူ ဝါးမျိုလိုက်ကြတာကနေစတာပါပဲ။

ထိုအချိန်မှာ မန္တလေးမြို့ဟာ ၁၉၈၁–၈၄ ခုနှစ်တို့မှာ အကြီးအကျယ်လောင်ခဲ့ရတဲ့ မီးကြောင့် ပြာပုံဘဝကနေ ရုန်းထနေတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒီအချိန်မှာ မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်၊ သစ်မှောင်ခိုလုပ်ငန်းတွေ စတဲ့မတရားသောနည်းလမ်းတွေနဲ့ ချမ်းသာလာတဲ့ တရုတ်တွေဟာ မြို့လယ်ကောင်က ကောင်းပေညွန့်ပေဆိုတဲ့နေရာတွေကို မတန်တဆဈေးတွေပေးပြီး အနိုင်ကျင့်သိမ်းပိုက်လိုက်တာပါပဲ။ မန္တလေးမြို့လယ်ကောင်မှာ မြန်မာတွေပိုင်တဲ့ နေရာဆိုလို့ နှန်းတွင်းကြီးပဲရှိပါတော့တယ်။ ဒါတောင် စစ်တပ်က သိမ်းထားပြီးမရောင်းလို့ပါ။ ရောင်းရင် တရုတ်တွေကဝယ်ဦးမှာပါ။

"အရင်က အရပ်၊ နဘယ် အိမ်အဝင်ဝတွေမှာရေးထိုးထားထားတဲ့ အိမ်ခြံဝန်းတွေနေရာမှာ နီနီရဲရဲ ဘူးသီကြော်ငါးပေါင်းတရုတ်စာလုံးတွေကပ်ထားတဲ့ တိုက်အမြင့်ကြီးတွေ အစားထိုးဝင်ရောက်သွားပြီ။ ဘုရားစင်ကတို့ဗုဒ္ဓမြတ်စွာဘုရားနေရာမှာ ကွမ်ရင်မယ်တော်တို့ ဦးတီပွားတို့နေရာယူသွားကြတာကတော့ စိတ်မကောင်း ဝမ်းနည်းစရာပဲ။ မြန်မာပြည်ရဲ့ယဉ်ကျေးမှုနောက်ဆုံးပင်မစခန်းကြီး အသိမ်းပိုက်ခံလိုက်ရတာကနေ ယဉ်ကျေးမှုခံတပ်ငယ်တွေဖြစ်တဲ့ အင်းဝ၊ တံတားဦး စတဲ့စခန်းတွေပါ သူတို့က သိမ်းပိုက်သွားလို့ အထက်မြန်မာပြည်ကတော့ တရုတ်လက် အောက်ခံဖြစ်သွားပါပြီ" ဟု ဆရာကြီး ဦးကိုလေး(အင်းဝဂုဏ်ရည်)က ပြောပါတယ်။

မန္တလေးမြို့ကျဆုံးသွားတာရဲ့အဓိကတရားခံကတော့ "စစ်တိုက်တက်ရင် တိုင်းပြည်အုပ်ချုပ်လို့ရတယ်ဆိုတဲ့ အမြင်နဲ့အုပ်ချုပ်ခဲ့တဲ့ စစ်အာဏာရှင်တွေရဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းခဲ့လို့ မြန်မာနိုင်ငံဟာ အလုံးစုံပျက်စီးသွားပြီး အဲဒီအထဲမှာမှ မြန်မာ့ယဉ်ကျေးမှုအရွေ့အနှစ် မြို့တော်ကြီးဖြစ်တဲ့ မန္တလေးမြို့ကြီးဟာ တိုင်းတစ်ပါးသားတွေရဲ့လက်ထဲရောက် သွားရတာပဲ" ဟု မန္တလေးမြို့ခံစာရေးဆရာဦးဘုန်း(တေတ့)ကပြောကြားခဲ့တယ်။

ဒီနေ့မန္တလေးမြို့မှာ အေးထိုင်နေတဲ့ မြန်မာစကားမတတ်တဲ့တရုတ်

တွေ ဘာကြောင့် တဖြည်းဖြည်းများလာခဲ့ရတာလဲ။ သူတို့ဆီမှာ မှတ်ပုံတင်ကတ် ဘာကြောင့်ကိုင်ဆောင်နေနိုင်ရတာလဲ။ အဖြေကရှင်းရှင်းလေးပါ။ ခေတ်အဆက်ဆက် အကျင့်ပျက်ခြစားခဲ့တဲ့ ဝန်ထမ်းတွေနဲ့ အုပ်ချုပ်မှုညံ့ဖျင်းခဲ့တဲ့ အစိုးရကြောင့်ဆိုတာ ပြေးကြည့်နေစရာမလိုပါဘူး။ ၁၉၉၀ ခုနှစ်အရှေ့ပိုင်းက မြို့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းလောက်သာရှိခဲ့တဲ့ တရုတ်တွေဟာ ယနေ့အချိန်ခါမှာ မြို့လူဦးရေရဲ့ ထက်ဝက်ကျော်ရှိနေပါပြီ။ ဒီလိုတရားမဝင်တဲ့နိုင်ငံခြားသားတွေကို ဘာလို့စိစစ်အရေးယူမဆောင်ရွက်ကြတာလဲ။ ရပ်ကွက်ဥက္ကဋ္ဌတွေဟာ ကိုယ့်နိုင်ငံသားစစ်စစ်ဖြစ်တဲ့ မြို့ခံမြန်မာလူမျိုးတွေရဲ့အိမ်ကိုခြင်ထောင်လှန်ပြီးတောင် ဧည့်စာရင်းဝင်စစ်ရဲ့ပေမယ့် တိုက်ကြီးကြီးခြံကြီးကြီးတွေနဲ့ မြို့လယ်ကောင်တက်ပြီးပေါ်ပေါ်ထင်ထင်နေနေကြတဲ့ နိုင်ငံခြားသားတရုတ်တွေကိုကြတော့ ဧည့်စာရင်းမပြောနဲ့ ခြံရှေ့ရပ်ပြီး အိမ်အရိပ်တောင်မနင်းဝံ့ကြပါဘူး။

တိုင်းတစ်ပါးသားတရုတ်တွေ ဝင်ရောက်လာတာဟာ ကိုယ့်နေရာလေးတင် ဖယ်ပေးလိုက်ရတာမဟုတ်ပါဘူး လူမှုရေး၊ စီးပွားရေးဘာသာရေး၊ ယဉ်ကျေးမှုအနုပညာ၊ ဘာသာစကားတွေပါ အဝါးမျိုခံလိုက်ရတာပါ။ အရင်ကတရုတ်တွေဟာ ဘာသာတရားကိုင်းရှိုင်းပြီး သံဃာတော်တွေကို မနက်တိုင်း ဆွမ်းလောင်းကြပါတယ်။ နောက်ရောက်လာတဲ့ တရုတ်တွေကတော့ ဒီလိုမျိုးပြုလုပ်မှုမရှိတော့တော့တဲ့အတွက် သံဃာတော်တွေဟာ သူတို့ဆွမ်းဒကာ၊ ဒကာမတွေရှိတဲ့ မြို့အစွန်ကို လာရောက်ဆွမ်းခံနေကြရရှာပါတယ်။

အရင်ကလို သံဃာတော်တွေ စီတန်းပြီးဆွမ်းခံကြွတာ၊ အဖိတ်၊ ဥပုသ်နေ့တိုင်းဆွမ်းကြီးခံလှည့်တဲ့ စုံထောက်အဖွဲ့တွေရဲ့ မြင်ကွင်းမျိုးကမြင်တွေရဖို့ ခဲယဉ်းသွားပါပြီ။ အရင်က ဘုရားပွဲတော်မပြတ်တဲ့ မန္တလေးမြို့ဟာ သူတို့တွေလွှမ်းမိုးပြီးတဲ့ နောက်မှာ ဘုရားပွဲတော်တွေ သိပ်မလုပ်ကြတော့တဲ့အတွက် အငြိမ့်အဖွဲ့တွေ ဇာတ်အဖွဲ့တွေဟာလည်း တဖြည်းဖြည်းနဲ့လျော့နည်းလာပါပြီ။ ယခင်က သဘင်ထက္ကသိုလ်လို့တင်စားခဲ့ရတဲ့မြို့ဟာ ယနေ့အချိန်အခါမှာတော့ အငြိမ့်အဖွဲ့ဆိုရင် ၀ ဖွဲ့ ၂ ဖွဲ့ပဲ ကျန်ပါတော့တယ်။

စီးပွားရေးဘက်မှာလည်းမန္တလေးမြို့ရဲ့ လုပ်ငန်းကြီးတွေရဲ့ ၉၀

ရာခိုင်နှုန်းဟာ တရုတ်တွေပိုင်ဆိုင်ကြပြီး မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေဟာ သူတို့ရဲ့လွှမ်းမိုးမှု၊ ခြယ်လှယ်မှုကို ခံနေကြရပါတယ်။ ကုန်ထုတ်လုပ်ငန်းတွေ ရုပ်ရှင်ပါမဟုတ်လုပ်ငန်းတွေ ဟိုတယ်လုပ်ငန်းတွေဟာ တရုတ်တွေအများစုပိုင်ဆိုင်လာပါတယ်။ တရုတ်ဘုံကျောင်းတွေ၊ တရုတ်စာသင်ကျောင်းတွေက တစ်မြို့လုံးနီးပါး လက်ညှိုးထိုးမလွဲဖြစ်နေပြီး စည်ပင်ကတောင် ကြော်ငြာဆိုင်းဘုတ်တွေကို တရုတ်လိုမရေးဖို့ဆိုပြီး အမိန့်ထုတ်ယူရတဲ့ အခြေအနေဖြစ်နေပါပြီ။ ခုဆိုရင် မန္တလေးမှာ အလုပ်လျှောက်ရင် တရုတ်စကားပြောတတ်မှဆိုတဲ့ သတ်မှတ်ချက်တွေရှိနေတာဆိုတော့ ဗမာကလေးအများစုဟာ အခုဆို တရုတ်ကျောင်း မတက်လို့မဖြစ်တဲ့ အနေအထားဖြစ်နေပြီ။ နောက်ဆိုရင် ကျွန်တော်တို့ ဗမာစကားတောင် ပျောက်သွားနိုင်ပါတယ်။ ဘာသာစကားပျောက်ရင်တော့ လူမျိုးပါပျောက်သွားပါလိမ့်မယ်။

အထက်မြန်မာပြည်ရဲ့ ရောင်းဝယ်ဖောက်ကားမှုအကြီးဆုံး ဌာနချုပ်လို့ပြောလို့ရတဲ့ ဈေးချို၊ ကောက်ပဲသီးနှံကုန်စည်ဒိုင်တွေ၊ ကျောက်ပိုင်းတွေမှာ တရုတ်လူမျိုးတွေရဲ့ဝင်ရောက်လွှမ်းမိုး ခြယ်လှယ်မှုကိုခံနေရပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်ရက်ဆိုရင် တရုတ်တွေအားလုံး တရုတ်ပြည်ပြန်ကြတော့ တစ်မြို့လုံးခြောက်ကပ်နေတော့တာပါပဲ။

ကျွန်တော်ခုလိုပြောနေရတာ တရုတ်အားလုံးကို ဆန့်ကျင်ရေး၊ မုန်းတီးရေးပြောနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ မန္တလေးမြို့သူမြို့သားတွေဟာ ရှေးယခင်ကတည်းက ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံနဲ့ ငြိမ်းချမ်းစွာ အေးတူပူအမျှယှဉ်တွဲနေထိုင်လာခဲ့ကြတာ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပါပြီ။ အစွန်းရောက်ပြီး ငါ့လူမျိုးမှ ငါ့ဘာသာမှဆိုတာ မရှိပါဘူး။
မန္တလေးမြို့မှာရှိတဲ့ ဗလီတွေ၊ ချက်(စ်)ကျောင်းတွေ၊ တရုတ်ဘုံကျောင်းတွေရဲ့အရေအတွက်ကို ကြည့်ရင် သိနိုင်ပါတယ်။ ရှေးယခင်ကတည်းက ဘာသာခြားရယ်၊ လူမျိုးခြားရယ်ဆိုပြီးမရှိကြဘဲ လက်ရည်တပြင်တည်း အေးတူပူအမျှနေလာခဲ့လို့ အားလုံးဟာ ဆွေးမျိုးအရင်းအချာတွေလိုတောင် ဖြစ်နေကြပါပြီ။ နောက်ပိုင်းမှ အခြေချနေထိုင်လာတဲ့ တရုတ်တွေနဲ့လုံးဝ မတူပါဘူး။

"တရုတ်မှာ နှစ်မျိုးရှိတယ်။ ရှေးယခင်ကတည်းက နေထိုင်လာတဲ့ Old Chinese ဆိုတဲ့ တရုတ်လူမျိုးအဟောင်းနဲ့ New Chinese ဆိုတဲ့ တရုတ်လူမျိုးအသစ်ဆိုပြီး ရှိတယ်။ Old Chinese က ငါတို့နိုင်ငံသားစိတ်ဓာတ်ရှိတယ်။ ငါတို့ယဉ်ကျေးမှုကိုနားလည်သလို လေးစားမှုလည်းရှိကြတယ်။ ဟိုးရှေးဘုရင်တွေ လက်ထက်ကတည်းကနေလာခဲ့တဲ့ တို့တိုင်းပြည်ကိုချစ်တဲ့ မြန်မာပြည်ဖွားတရုတ်တွေကိုတော့ လက်တွဲလို့ရတယ်၊ လေးစားလို့ရတယ်။ ဗိုလ်ချုပ်ခင်ညွန့် စီမံခန့်ခွဲမှုညံ့ဖျင်းခဲ့လို့ ဝင်ရောက်လာတာ Jh New Chinese ခေါ် နအဖ Chinese ကတော့ သူတို့စီးပွားရေးအတွက် ကုပ်သွေးစုတ်ဖို့ တို့တိုင်းပြည်ကို ဝင်ရောက်လာတာပဲ" ဟု ဆရာဦးဘုန်း(ဓာတု)ကပြောတယ်။

ရှေးယခင်ကတည်းက အတူနေထိုင်လာတဲ့ တရုတ်တွေဟာ မြန်မာ့ယဉ်ကျေးမှုနားလည်ပြီး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းတွေမှာလည်း အားတက်သရောပါဝင်ဆောင်ရွက်ကြပါတယ်။ မန္တလေးက သာသနိကအဆောက်အဦတွေမှာ တရုတ်နာမည်တွေနဲ့ လှူဒါန်းထားတာတွေကို ယနေ့အချိန်ထိ တွေ့မြင်နိုင်သေးပါတယ်။

နောက်ပေါက် တရုတ်တွေကတော့ မြန်မာစကားတစ်လုံးမှ မတတ်သလို ယဉ်ကျေးမှုလည်းမရှိ လူမှုရေးလုပ်ငန်း ဘာသာရေးလုပ်ငန်းကတော့ ဝေးရောပဲ။ တိုက်အမြင့်ကြီးတွေတည် အုတ်တံတိုင်း အမြင့်ကြီးတွေခတ်ပြီး ပတ်ဝန်းကျင်နဲ့မရောဘဲ သူတို့ဟာသူတို့ သီးခြားရပ်တည်နေထိုင်ကြတယ်။ အိမ်ရှင်ကို စော်ကားတဲ့အပြုအမူ အပြောအဆိုတွေ မတူသလိုမတန်သလို ဆက်ဆံခံနေရမှုတွေပါ ယခုဆိုရင် တွေ့မြင်နေရပါတယ်။

မန္တလေးမြို့ဟာ မြန်မာအင်အားအများဆုံးမြို့၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေထွန်းကားရာမြို့ဖြစ်ပြီး၊ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ ဗဟိုချက်မ ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ နောက်ဆုံးခံတပ်ကြီး မန္တလေးမြို့ကျဆုံးခြင်းဟာ မြန်မာနိုင်ငံကျဆုံးခြင်းပဲလို့ ပြောလို့ရပါတယ်။

"သီပေါမင်းပါတော်မူခြင်းကို မြန်မာနိုင်ငံကျွန်ဖြစ်ခြင်းလို့ ငါတို့အဓိပ္ပာယ်ဖွင့်ခဲ့ရင် မန္တလေးကျဆုံးခြင်းဟာ မြန်မာပြည်ကျဆုံးခြင်းပဲ၊

မန္တလေးကို ကယ်တင်ခြင်းဟာလည်း မြန်မာပြည်ကယ်တင်ခြင်းပဲ" ဟု ဆရာဦးဘုန်း(ဓာတု)ကပြောတယ်။

တရုတ်တွေဟာ မြန်မာနိုင်ငံရဲ့မြေပေါ်မြေအောက် သဘာဝသယံဇာတတွေကို မတရားနိုးယူတယ်။ တရားဝင်လာရောက် ရင်းနှီးမြှုပ်နှံတဲ့အခါမှာလည်း မြန်မာနိုင်ငံက အကျိုးခံစားခွင့်ဟာ မယားငယ်တစ်ယောက်ခံစားခွင့်ရသလောက်ပဲရှိပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံနဲ့ စီမံကိန်းစာချုပ်ချုပ်ဆိုတဲ့စာချုပ်တွေကြည့်ရင်သိနိုင်ပါတယ်။

အုပ်ချုပ်သူအစိုးရကလည်း "မြေမျိုလို့လူမျိုးမပျောက်၊ လူမျိုးမှလူမျိုးပျောက်မည်" ဆိုပြီး မစားရဝမန်းကြွေးကြော်ပြီး မန္တလေးကိုရောင်းစားလိုက်ကြတယ်။ အမျိုးဘာသာသာသနာစောင့်ထိန်းဖို့ဆိုပြီးကြွေးကြော်နေကြတဲ့ ကျွန်တော်တို့ပြည်သူတွေဟာလည်း ၂၀၁၂ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် ပဋိပက္ခအပြီး မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးလုံခြုံရေးကိစ္စကိုပဲ ရှေ့တန်းတင်နေကြတဲ့အချိန်မှာ အရှေ့ဘက်က တံတိုင်းကြီးပြိုကျပြီး ဝင်ရောက်လာတဲ့ ခေတ်သစ်ကိုလိုနီ တရုတ်တွေကိုကြမေ့လျော့နေကြပါတယ်။

"ကျွန်းသစ်တွေ၊ ရေနံတွေ၊ ကျောက်စိမ်းတွေပါသွားတာက ကိစ္စမရှိသေးဘူးကွ၊ ဒီထက်ဆိုးတာက အခုဆိုရင် မြန်မာနိုင်ငံရဲ့ဝမ်းဗိုက်လို့ ပြောလို့ရတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဖြတ် ဓာတ်ငွေ့ပိုက်လိုက်ကြီးဖောက်ပြီး မြန်မာနိုင်ငံကိုတောင်နဲ့ မြောက်ပိုင်းခြားလိုက်ပြီ။ ပြီးတော့ ဓာတ်ငွေ့ပိုက်လိုင်းနဲ့အပြိုင် ရန်ကုန်၊ မန္တလေးအမြန်လမ်းမကြီးထက်ကောင်းတဲ့ ကားလမ်းမကြီးနဲ့ ရထားလမ်းကို ရခိုင်ပြည်နယ်ကနေ တရုတ်ပြည်ထိ ဖောက်မယ်။ ခုဆိုရင်ဓာတ်ငွေ့ပိုက်လိုင်းစောင့်ရှောက်ရေးအတွက်ဆိုပြီး ပိုက်လိုင်းတစ်လျှောက် သူတို့လူမျိုးတွေပဲပါတဲ့ စခန်းတွေဆောက်နေပြီ။ အဲဒီအချိန်ကြရင်တော့ သူတို့ပြည်ဖြစ်သွားပြီပဲကွ"ဟု ဆရာကြီးဦးကိုလေး(အင်းဝဂုဏ်ရည်)က ပြောတယ်။

မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုသမိုင်းဝင်မြို့ကြီး တရုတ်ရဲ့လွှမ်းမိုးမှုကိုခံလိုက်ရတာမှန်ပေမယ့် ဒီထက်အခြေအနေမဆိုးသွားဖို့ မန္တလေးမြို့ကြီးကိုပြန်လည်ကယ်တင်ဖို့၊ မြန်မာနိုင်ငံကို တရုတ်ရဲ့ကိုလိုနီကျွန်ပြုခံထားရတဲ့

ဘဝမှလွတ်မြောက်အောင်ဆောင်ရွက်ဖို့ကိစ္စဟာ အစိုးရမှာ အဓိကတာဝန်ဆိုသလို တိုင်းသူပြည်သား မြို့သူမြို့သားတွေကလည်း ဝံသာနုရက္ခိတတရားနဲ့ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။အချိန်မနှောင်းသေးဘူးလို့မြင်မိပါတယ်။

"၁၉၆၂ ခုနှစ်မှာ ဦးနေဝင်းအာဏာသိမ်းတဲ့ အချိန်မှာ မြန်မာနိုင်ငံရဲ့ မြေယာတွေရဲ့ ၃၀ ရာခိုင်နှုန်းကို ချစ်တီးကုလားတွေ ပိုင်ဆိုင်ကြတယ်။ အဲဒီအချိန်မှာ ဦးနေဝင်းက ချစ်တီးကုလားတွေကို အကုန်လုံးမောင်းထုတ်ခဲ့လို့ ကုလားတွေ သင်္ဘောတွေနဲ့ အတုံးအရုံး အိန္ဒိယကိုထွက်ပြေးကြရတာပါပဲ။ တို့တည်ဆဲဥပဒေအရ အခုအစိုးရလက်ထက်ဖြစ်ဖြစ် နောက်တက်မယ့်အစိုးရလက်ထက်မှာဖြစ်ဖြစ် တရားမဝင်လာရောက်နေထိုင်ကြတဲ့ နိုင်ငံခြားသားတွေကို အကုန်လုံးမောင်းထုတ်လို့ရပါတယ်ကွ။ လုပ်ရဲဖို့ပဲလိုတာပါ။ ဘယ်နိုင်ငံဖြစ်ဖြစ် လုပ်ပိုင်ခွင့်ရှိပါတယ်။ အချိန်မီပါသေးတယ်"ဟု ဦးကိုလေး(အင်းဝဂုဏ်ရည်)ကပြောကြားခဲ့ပါတယ်။

ခေတ်စနစ်ရဲ့အခြေအနေတစ်ခုကြောင့် အခိုက်အတန့် မန္တလေးမြို့ကြီးကို ကျွန်တော်တို့ စွန့်လွှတ်ခဲ့ရပေမယ့် တစ်ချိန်မှာ မန္တလေးသားတွေပိုင်တဲ့မန္တလေးဖြစ်ရမယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော်တို့ မန္တလေးသားတွေ မညံ့ဘူးဆိုတာ ရာဇဝင်သမိုင်း သက်သေရှိပါတယ်။ နယ်ချဲ့ဖက်ဆစ်လက်အောက်ထိုးကျိုးစည်ပေါက် သူ့ကျွန်ဘဝကနေလည်း ရုန်းထွက်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ် ပြာပုံဘဝကနေလည်း ရုန်းထနိုင်ခဲ့ပါတယ်။ မန္တလေးမြို့ဆိုတာ ပြာပုံဘဝက အကြိမ်ကြိမ်နိုးထခဲ့တဲ့ ဖီးနစ်ငှက်မြို့ပါ။ မန္တလေးကို မန္တလေးတွေပဲ ပိုင်ရပါမယ်။

ဒီလို ကမ္ဘာကျော် သမိုင်းဝင် ရတနာပုံ မန္တလေးမြို့ကြီးကို ဒီနေ့အချိန်အခါမှ ကျွန်တော်တို့ မကာကွယ်နိုင်ခဲ့ရင် မထိန်းသိမ်းမစောင့်ရှောက်နိုင်ခဲ့လျှင် လာမယ့်ဆယ်စုနှစ်အနည်းငယ်အတွင်း ဆင်ယာဉ်၊ မြင်းယာဉ်၊ လှည်းယာဉ်တို့ကိုစီးပြီး ဝင်းကြီးတွေခင်းလို့ ရှင်းလောင်းလှည့်ပြီး မဟာမုနိဘုရားကြီးကို ကန်တော့ခွင့်မှရကြပါဦးမလား....

ပိတ်လုံချည်အကျီအဖြူတွေဝတ် ပိတ်စလွယ်တွေသိုင်းပြီး ဝတ်အသင်းသူ၊ အသင်းသားတွေရဲ့ စည်သံမြောသံတွေကို ဝါတွင်းအခါမှာ

ကြားရမြင်ရပါဦးမလား။

'မုန်းဆန်တယ်၊ နန်းဆန်တယ်'ဆိုတဲ့ ကျွန်တော်ကျွန်တော်နဲ့ ချစ်စဖွယ်ပြောတက်တဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ မန်းလေးသူတွေအစား စကတ်တို၊ ဘောင်းဘီတို ပေါင်တံအဖွေးသားနဲ့ ကောင်မလေးတွေ မြင်ရတော့မှာလား...

ထမင်းတစ်လုတ်ကို သူတို့ သဒ္ဒါမှ စားရတော့မှာလား...မန်းသူပီပီ ပြုံးတဲ့မျက်နှာ၊ ချိုတဲ့စကားနဲ့ ဈေးရောင်းတတ်တဲ့ ဈေးရှိုသူတွေအစား သူတို့နဲ့ မတူသလိုမတန်သလို ဆက်ဆံခံရဦးမှာလား...

စာသင်စာချနေတဲ့ ဘုန်းကြီးကျောင်းတိုက်တွေနေရာမှာ အကော့အမျှ အမိုးတွေနဲ့ တရုတ်ဘုံကျောင်းကြီးတွေ မြင်တွေ့ရတော့မှာလား...

မြို့မငြိမ်းရဲ့ ငွေငန်းကြီးနဲ့ မြို့မအသင်းကြီးရဲ့လှည့်လည်ဖျော်ဖြေမှု အစား တရုတ်နဂါးအကတွေ မြင်တွေ့ရတော့မှာလား...

တူးပို့တူးပို့ သကြန်သီချင်းတွေအစား တရုတ်သီချင်းတွေကြားရ တော့မှာလား...

အရှင်နှစ်ပါးပါတော်မူခဲ့တဲ့ ဓါဝန်ဆိပ်ကိုကော လွမ်းလို့မှသွား ကြည့်ခွင့်ရပါဦးမလား...

သမိုင်းဝင် မန္တလေးမြို့ကြီးကို ဖတ်စာအုပ်ထဲမှာပဲတွေ့မြင်ရပြီး၊ မန္တလေးသူ၊ မန္တလေးသားတွေဆိုတာ ပြတိုက်ထဲမှာ သွားကြည့်ရတော့မယ့် အဖြစ်မျိုးအဖြစ်ခံတော့မှာလား...

"တို့မြန်မာတွေ ဖက်ဆစ်ဂျပန်တွေရဲ့ လက်အောက်ခံ သူ့ကျွန်ဘဝက နေ ရုန်းထွက်ဖို့အတွက် 'ဖဆပလ' ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ် မြောက်ရေးဆိုပြီးဖွဲ့စည်းပြီး ငါတို့တွေကို ကျွန်လာပြုနေတဲ့ တိုင်းတစ်ပါး သားတွေကို တွန်းလှန်ခဲ့သလို အခုချိန်ခါမှာလည်း ငါတို့နိုင်ငံကို မတရား လာလုပ် ကုပ်သွေးစုတ်နေတဲ့ တရားမဝင် နိုင်ငံခြားသားတရုတ်တွေကို 'တဆပလ' ဆိုပြီး တရုတ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးဆိုပြီး လုပ်ဖို့အချိန်သင့်ပြီလို့ ပြောချင်တယ်ကွာ"ဟု ဆရာကြီးဦးကိုလေး (အင်းဝဂုဏ်ရည်)က စာတိမာန်အပြည့်နဲ့ပြောကြားခဲ့ပါတယ်။

၂၅. ၂. ၁၄ ထုတ် tomorrow ဂျာနယ်

❑




# ပညာကင်းစင်ကျောင်း

ကျော်ကြီး(MDY)

နှစ်ပေါင်းများစွာ အချိန်တန်ရင်အောင်မှာပဲဆိုတဲ့အသိနဲ့ပေါ့ပေါ့ လျော့လျော့နေခဲ့တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံပညာရေးစနစ်ဟာ ၂၀၁၄၊ ၂၀၁၅ ပညာသင်နှစ်မှာ အိပ်မောကျနေတဲ့ သူကိုရိုက်နှိုးလိုက်သလိုလန့်နိုး ကုန်ကြပါတယ်။ နှစ်ပေါင်း ၂၀ ကျော် သူငယ်တန်းကနေ ၉ တန်းထိ မအောင်မရှိ ကျင့်သုံးခဲ့တဲ့စနစ်ကို ပြီးခဲ့တဲ့စာသင်နှစ်မှာ စတုတ္ထတန်းနဲ့ အဋ္ဌမတန်းအား အစိုးရစစ်အဖြစ်ပြောင်းလဲကျင့်သုံးလိုက်ရာ တစ်နိုင်ငံလုံး သောက်သောက်လဲကျရှုံးခဲ့တာတွေရပါတယ်။ အဋ္ဌမတန်းမှာ တစ်နိုင်ငံလုံး ရဲ့အောင်ချက်ဟာ ၅၄ ရာနိုင်နှုန်းပဲရှိခဲ့ပါတယ်။ ရာနိုင်နှုန်းတစ်ဝက်နီးပါ ကျရှုံးခဲ့ပါတယ်။ နယ်ကျောင်းတွေက ပိုကျရှုံးမှုများပါတယ်လို့သိရပါ တယ်။ ကျွန်တော်တို့အိမ်နားက နာမည်ကြီးကျောင်းတစ်ခုတောင် အဋ္ဌမတန်းကို ကျောင်းသား ၃၂၀ ဝင်ဖြေတာမှာ ၈၀ ပဲအောင်ခဲ့ပါတယ်။

အခြားကျောင်းအများစုလည်း အခုလိုဆိုးဆိုးဝါးဝါးကျရှုံးမှုများခဲ့တာတွေ ရပါတယ်။

ဘာလို့အခုလို ကျရှုံးမှုများခဲ့ရတာလဲ။ အဖြေကတော့ရှင်းပါတယ် ကလေးတွေဟာ ပညာအရည်အချင်း တကယ်မပြည့်ဝခဲ့ကြလို့ အကျအရှုံး များခဲ့ကြရတာပါပဲ။ ရာနိုင်နှုန်းတစ်ဝက်လောက် ကျရှုံးခဲ့တာဆိုတော့ ကျောင်းတွေရဲ့ပညာသင်ကြားပေးမှုဟာ ကလေးတွေ တကယ်မတတ် မြောက်ခဲ့ဘူးဆိုတာ ရိုးရိုးလေးစဉ်းစားလို့ရမယ်ထင်ပါတယ်။

ဒီအချိန်မှာ ဆရာအကယ်ဒမီဦးငြိမ်းမင်းရဲ့ စာပေဟောပြောပွဲတစ်ခု မှာပြောသွားတာလေးကို သွားသတိရမိတယ်။ "ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ကလေးတွေအများစု ပညာမသင်ရဘူးဖြစ်နေပါတယ်။ တစ်နိုင်ငံလုံး ကျောင်းတွေ ဒီလောက်အများကြီးရှိတာပဲ ပညာမသင်ရဘူးဆိုတာဖြစ်နိုင်ပါ့ မလားလို့မေးစရာရှိပါတယ်။ ဟုတ်ကဲ့ပါ အဲ့ဒီကျောင်းတွေမှာ အမှတ်ကင်း စင်ကျောင်း၊ ဆေးလိပ်ကင်းစင်ကျောင်း၊ ခြင်ကျားကင်းစင်ကျောင်းတွေ ဆိုင်းဘုတ်တွေချိတ်ထားကြပါတယ်။ နောက်ကင်းစင်တာတစ်ခုကတော့ ပညာပါပဲ။ ပညာကင်းစင်ကျောင်းတွေမှာ လူငယ်တွေဟာ စစ်မှန်ကောင်း မွန်တဲ့ပညာရေးကို သင်ကြားခွင့်မရကြရှာပါဘူး"။ ဒီနေ့ အစိုးရစစ်ဖြစ်တဲ့ အဋ္ဌမတန်းအောင်စာရင်းရလဒ်က ဆရာဦးငြိမ်းမင်းပြောသလို ဖြစ်နေပြီ လားလို့ တွေးစရာဖြစ်လာခဲ့ပါတယ်။

ယနေ့ကျောင်းသားတွေဟာ သူငယ်တန်းကနေ ပါရဂူအထိ ကျူရှင် ယူနေရသည့်တစ်ချက်တည်းကြည့်တာနဲ့ အစိုးရကျောင်းတွေဟာ လုံ လောက်တဲ့ သင်ကြားမှုမရှိတာတွေ့ရမှာပါ။ နိုင်ငံခြားကလာဖွင့်တဲ့ ပုဂ္ဂလိက ကျောင်းတွေမှာတက်တဲ့ကလေးတွေ ဘာကြောင့်ကျူရှင်မယူကြရတာလဲဆို တဲ့ အချက်ကိုစဉ်းစားကြည့်မယ်ဆိုရင် အဖြေပေါ်မှာဖြစ်ပါတယ်။ အရင် တစ်ချိန်ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ သူ့ကျွန်ဘဝ ကိုလိုနီခေတ်မှာတောင် အာရှမှာ ထိပ်တန်းကဦးဆောင်နိုင်ခဲ့ပါတယ်။ စာတတ်မြောက်မှုနှုန်းမှာဆိုရင် အာရှသာမက ဥရောပနိုင်ငံတစ်ချို့ထက် တောင်သာခဲ့တယ်လို့သိရပါတယ်။ အိမ်နီးချင်းနိုင်ငံအချို့က ကျောင်းသား တွေဟာ ကျွန်တော်တို့နိုင်ငံမှာလာပြီး ပညာသင်ကြားရ၊ မြန်မာနိုင်ငံမှ

ဆရာတွေကို သူတို့တက္ကသိုလ်တွေဆီခေါ်ပြီး ဆရာခန့်ထားပြီး သင်ကြားခဲ့ရတယ်လို့သိရပါတယ်။

ယနေ့လက်ရှိအချိန်အခါမှာတော့ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ကမ္ဘာ့အဆင့်မပြောနဲ့ အရှေ့တောင်အာရှနိုင်ငံများထဲမှာတောင် အောက်ဆုံးအဆင့်ထိနိမ့်ကျခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်က တိုင်းပြည်အာဏာသိမ်းပြီးနောက်ပိုင်း ယိမ်းယိုင်ခဲ့တဲ့ ပညာရေးစနစ်ဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ လုံးဝလဲပြိုခဲ့ရပါတော့တယ်။ နှစ်ပေါင်း ၅၀ ကျော် အမိန့်အာဏာနဲ့ ဖိနှိပ်အုပ်ချုပ်ခဲ့ပြီး မိမိအာဏာတည်မြဲရေးအတွက်ပဲ ရှေ့တန်းတင်ခဲ့ကြလို့ မြန်မာ့ပညာရေးအဆင့်အတန်းဟာ ယခင်ကမ္ဘာ့ထိပ်သီးကနေ ကမ္ဘာ့ဘိတ်ချိုးဖြစ်သွားခဲ့ရပါတော့တယ်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်သွားကာ တိုင်းပြည်ရဲ့သယံဇာတအားလုံး ကုန်လုနီးပါးဖြစ်ခဲ့ရပြီး တိုင်းပြည်ဟာ ကျဆုံးလဲပြိုတဲ့အဆင့်ဖြစ်ခဲ့ပါတယ်။ အားလုံးဆုံးရှုံးသွားတာထက်ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုကတော့ လူငယ်တွေပညာမတတ်တာနဲ့။ လူငယ်တွေစာမဖတ်ကြတော့တာပါပဲ။

လက်ရှိမြန်မာနိုင်ငံရဲ့ခြေအနေကိုသုံးသပ်ရရင် ကျွန်တော်တို့ရှေ့က မျိုးဆက်တွေဖြစ်တဲ့ X Generation မျိုးဆက်များဟာ အာဏာရှင်ဦးနေဝင်းရဲ့ မိမိအာဏာတည်မြဲရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် မိုက်မဲစွာဖိနှိပ်ဖျက်ဆီးခဲ့တဲ့ ပညာရေးစနစ်အောက်မှာ ကြီးပြင်းခဲ့ရပါတယ်။

ကျွန်တော်တို့မျိုးဆက်ဖြစ်တဲ့ Y မျိုးဆက်ရောက်တော့ ဦးနေဝင်းလက်ထက်က ယိမ်းယိုင်လာတဲ့ ပညာရေးဟာ ၁၉၈၈ မှာ စစ်တပ်ကထပ်မံအာဏာသိမ်းပြီးနောက်ပိုင်း လုံးဝလဲပြိုသွားခဲ့ရပါတယ်။

ပညာကင်းစင်ကျောင်းတွေမှာတက်ပြီး ဒါကျက် ဒါဖြေနဲ့ အချိန်တန်အတန်းတွေအောင်ပြီး ဘွဲ့ရပညာမတတ်တွေဖြစ်ခဲ့ရပါတယ်။ တက္ကသိုလ်တွေက ဘွဲ့လက်မှတ်ထုတ်ပေးတဲ့စက်ရုံတွေဖြစ်ခဲ့ပြီး 'ရွာစဉ်ယိုယို တက္ကသိုလ်၊ မြင်မြင်သမျှပါမောက္ခ၊ တွေ့သမျှလူပါရဂူ' ဆိုပြီး စာဆိုရတဲ့အထိဖြစ်ကုန်ပါတော့တယ်။ ထိုဘွဲ့ရများက ဆရာပြန်ဖြစ်၊ မတတ်သူက မသိသူကို ပြန်သင်ပေးရင်း ပညာရေးအဆင့်တန်းက နိမ့်သထက်နိမ့်ကျလာပါတော့တယ်။

ကျွန်တော်တို့ရဲ့နောက်မျိုးဆက်ဖြစ်တဲ့ Z မျိုးဆက်တွေကလည်း ထိုနည်းလည်းကောင်းပါပဲ။ ကောင်းမွန်တဲ့ပညာရေးကို ယနေ့တိုင်သင်ကြားခွင့်မရကြသေးပါဘူး။ အုပ်ချုပ်သူအာဏာပိုင်တွေဟာ ကျောင်းသားတွေမြို့ထဲမှာ ဆန္ဒမပြရေး၊ မစုမိစေရေးအတွက် ကျောင်းတွေအားလုံးမြို့အပြင်ကိုထုတ်လိုက်တဲ့အတွက် ကျောင်းသွားကျောင်းပြန် ကားတိုးစီးပြီး အချိန်ကုန်လူပန်း ပညာမတတ်ဖြစ်ကုန်ကြပါတယ်။ ကလေးတွေဟာ မိဘပြည်သူတွေရဲ့မမြင်ကွယ်ရာမှာ အထိန်းအကွပ်မဲ့ဖြစ်ကုန်ကြပါတော့တယ်။ ကျောင်းတွေက မြို့စွန်မြို့ဖျား တောကြိုအုံကြားမှာသွားပြီး ပညာသင်ကြားရပြီး ပညာမရကြတော့ 'ပညာရေး...ဝေးသည်... မရှိ' ဖြစ်သွားရပါတယ်။

ယနေ့တိုင်းပြည်မှာ ပြည်သူတွေဟာ ဆင်းရဲမှု၊ မဲ့တေမှု၊ မတရားမှုတွေကို ခါးစီးခံနေရပြီး လူငယ်အများစုဟာလည်း အလုပ်အကိုင်အခွင့်အလမ်းကမရှိ။ အနာဂတ်မဲ့၊ မျော်လင့်ချက်ပျောက်ဆုံးကာ အရက်ရဲ့ကျေးကျွန်၊ မူးယစ်ဆေးဝါးရဲ့သားကောင် ဘဝဖြစ်နေကြရပါတယ်။ တိုင်းပြည်နဲ့ပြည်သူတွေရဲ့ အနာဂတ်ကိုမကြည့်ဘဲထင်ရာစိုင်းခဲ့ကြလို့ ကျွန်တော်တို့နိုင်ငံ ရဲ့မျိုးဆက်က ခါးပြတ်သွားခဲ့ရပါပြီ။ မြန်မာနိုင်ငံမှာ အသက် ၁၅ နှစ်ကနေ ၂၄ နှစ်ကြားလူငယ် ၂၆ သန်းရှိပါတယ်။ ထိုလူငယ် ၂၆ သန်းမှာလူငယ်သုံးဦးမှာ တစ်ဦးဟာ စိတ်ကျရောဂါခံစားနေရတယ်လို့သိရပါတယ်။ ဒါဟာ အနာဂတ်မြန်မာနိုင်ငံအတွက် အင်မတန်စိုးရိမ်စရာပဲဖြစ်ပါတယ်။ အရှိတရားကိုမြင်အောင်ကြည့်ဖို့လိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ကျောင်းတွေဟာ စာမေးပွဲအောင်ဖို့၊ အဆင့်ကောင်းဖို့အတွက် စာတစ်ခုပဲ သင်ပေးနေတဲ့ကျောင်းတွေဖြစ်နေပါတယ်။ စဉ်းစားခြင်း၊ တွေးခေါ်ခြင်း၊ တီထွင်ခြင်းတွေကိုသင်မပေးနိုင်ကြပါဘူး။ ကျောင်းနေပျော်၍စာကော်ရမည်ဆိုပေမဲ့ လူငယ်တွေဟာကျောင်းတက်ရတာမပျော်ရွှင်ကြပါဘူး။ နိုင်ငံခြားက ကျောင်းသားလေးတွေ မြန်မာပြည်က ကျောင်းတွေလာရောက်လည်ပတ်တော့ သူတို့ကမေးကြပါတယ်။ မြန်မာပြည်ကစာသင်ကျောင်းအများစုက ဘတ်စကက်ဘော၊ တင်းနစ်ကွင်းတို့ ရေကူးကန်တို့ ဘာလို့မရှိတာလဲလို့မေးတာကြားဖူးပါတယ်။ ကျောင်းသားတွေကို ကျောင်းနေပျော်အောင်လုပ်ပေးရပါမယ်။ ဖျင်းရိငြီးငွေ့စရာနေ

ရာ ဖြစ်ခဲ့ရပါဘူး။ ယနေ့လူငယ်တွေဟာ ကျောင်းဆိုတာစာတစ်ခုတည်း သင်ပေးတဲ့နေရာလို့ကို မှတ်ထင်နေကြပါတယ်။

ကျွန်တော်တို့တွေဟာ၊ ပညာကို ပြည့်ဝကောင်းမွန်စွာမသင်ခဲ့ရဘူး ဆိုတာ ကျွန်တော် ကွန်ပြူတာ တက္ကသိုလ်မှာတက်ခဲ့ရတဲ့ အကြောင်းလေး ပြောပြချင်ပါတယ်။

အမှန်တိုင်းပြောပါရစေ။ ဘာလို့လဲဆိုတော့ သမိုင်းကိုပြောပြတဲ့ နေရာမှာ ဘယ်သူ့မျက်နှာမှ ထောက်နေလို့မရပါဘူး။ ထောက်နေရင် အနာဂတ်ကိုသစ္စာဖောက်ရာ ရောက်ပါတယ်လို့ ဆရာဦးအောင်သင်းပြောပြဖူး ပါတယ်။ ကျွန်တော်သစ္စာမဖောက်နိုင်ပါဘူး။ တာဝန်ကျေချင်ပါတယ်။ ကွန်ပြူတာမှာ software နဲ့ Hardware ဆိုပြီးမေဂျာနှစ်ခုရှိပါတယ် ကျွန်တော်က Hardware ပိုင်းယူပါတယ် ။ ကွန်ပြူတာနည်းပညာသင်တဲ့ ပညာရပ်ပါ။ စာသင်နှစ်ကုန်လို့ဘွဲ့သာရသွားပါတယ်။ ကွန်ပြူတာ စက်ပုံးကိုတောင် ဖွင့်မပြခဲ့ဖူးပါဘူး။ ဘာလက်တွေ့မှ မလုပ်ခဲ့ရပါဘူး။ ကျွန်တော် နဲ့ နှစ်အတူတူတက်ခဲ့တဲ့ကျောင်းသားအားလုံး သိပါတယ်။

လက်ရှိလည်းထိုနည်းလည်းကောင်းပါပဲ။ ဒီလိုစက်ပုံးတောင်ဖွင့် မကြည့်ဖူးတဲ့Mother Board ဆိုတာဘယ်လိုဟာမှန်းမသိ၊ Memory stick ဆိုတာဘာမှန်းမသိ သူတွေက ဘွဲ့တွေရ မာစတာတန်းတွေဆက် တက်၊ ဒေါက်တာတွေဖြစ်ပြီး ဆရာပြန်လုပ်နေကြတာ အများကြီးပါ။ ဒီလို ဘွဲ့ရပညာမတတ်တွေပဲ မွေးထုတ်နေတာဘယ်လောက်တောင်များနေပြီလဲ။ တစ်နှစ်ကို ဘွဲ့ရကျောင်းသား ဘယ်နှစ်ယောက်မွေးထုတ်လိုက်တယ်ဆိုတဲ့ အရေအတွက်ပဲရှိပြီး အရည်အချင်း အမှန်တကယ်မရှိကြပါဘူး။

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က 'ဘွဲ့ရပြီးသားသူတွေ ဟာ သူတို့တက္ကသိုလ်မှာကုန်ဆုံးခဲ့တဲ့ အချိန်တွေအတွက် ရလိုက်တဲ့တစ်ခု တည်းသော အကျိုးအမြတ်က ဘွဲ့ယူတဲ့အခမ်းအနားမှာ ရိုက်တဲ့အမှတ်တရ ဓာတ်ပုံပဲ'လို့တောင်ပြောခဲ့ဖူးပါတယ်။

ဝမ်းနည်းစရာအကောင်းဆုံးကတော့ ယနေ့လူငယ်တွေဟာ အစိုးရ ကျောင်းတွေကသင်ပေးတဲ့ပညာရေးကို အထင်မကြီးသည့်စိတ်၊ တက္ကသိုလ် ကို အထင်သေးသည့်စိတ်၊ ကိုယ်ရရှိတဲ့ဘွဲ့အပေါ် တန်ဖိုးမထားတတ်တဲ့စိတ်

တွေရှိနေတာဟာ နိုင်ငံအနာဂတ်အတွက် ကောင်းသည့်အရိပ်လက္ခဏာ မဟုတ်ပေ။

နိုင်ငံတစ်ခုအတွက် အရေးအကြီးဆုံးက အဲ့ဒီနိုင်ငံရဲ့ လူအများစုဖြစ်တဲ့ လူငယ်မျိုးဆက်သစ်တွေရဲ့ ပညာရေးပါ။ တစ်ချိန်မှာ တိုင်းပြည်ကို ပခုံးပြောင်းတာဝန်ယူရမယ့် လူငယ်တွေကိုပညာအရည်အချင်းပြည့်ဝတဲ့ လူတော်ကောင်းတွေအဖြစ် ပြုစုပျိုးထောင်ပေးရပါမယ်။

ပညာမတတ်တဲ့လူငယ်တွေကြီးလာရင် ပညာမတတ်တဲ့လူကြီးတွေ ဖြစ်လာမှာပါပဲ။ လူငယ်တွေကောင်းမှ လူကြီးကောင်းမှာပါ။ လူကြီးတွေ ကောင်းမှ တိုင်းပြည်လည်းကောင်းပါလိမ့်မယ်။

ဟောပြောပွဲတစ်ခုမှာ ဆရာကြီးဦးအောင်သင်းဟောပြောသွား တာလေးပြောပြချင်ပါတယ်။ ဆရာကြီးက 'နိုင်ငံတစ်ခုရဲ့အနာဂတ်ကို သိချင်ရင် အဲ့ဒီနိုင်ငံရဲ့ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုမှာ ပညာရေးနဲ့ ကျန်းမာရေး ကဏ္ဍအတွက် ဘယ်လောက်သုံးစွဲတယ်ဆိုတာကြည့်လိုက်ပါ။ အဲ့ဒီနှစ်ခု အတွက် ဘဏ္ဍာငွေသုံးစွဲမှုဟာ အခြားကဏ္ဍများထက်အင်မတန်နည်းနေပြီ ဆိုရင် အဲ့ဒီနိုင်ငံဟာ ခွေးဖြစ်မယ့်တိုင်းပြည်ပဲ' လို့ပြောကြားတာ နားထောင် ဖူးပါတယ်။ ဆရာကြီးပြောတာ ကျွန်တော်လုံးဝထောက်ခံပါတယ်။ အဝေးကြီးမကြည့်ပါနဲ့၊ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ထိပ်ရောက်နေတဲ့ စင်ကာပူနဲ့ထိုင်းနိုင်ငံကိုပဲကြည့်ကြည့်ပါ။ သူတို့ရဲ့ ပညာရေးနဲ့ ကျန်းမာရေး ကဏ္ဍအတွက် အသုံးစရိတ်ဟာ စစ်အသုံးစရိတ်ထက်တောင်များပါတယ်။ ၂၀၁၃ခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ ပညာရေးအသုံးစရိတ်ဟာ တိုင်းပြည်ဘတ်ဂျက် ရဲ့ ၂၀ ဒသမ ၆ ရာခိုင်နှုန်းအထိအသုံးပြုခဲ့ပြီး စစ်အသုံးစရိတ်ဟာ ၇ ဒသမ ၅ ရာခိုင်နှုန်းပဲရှိခဲ့ပါတယ်။ ဒီလိုနိုင်ငံတွေ ထိပ်တန်းရောက်တာ အဆန်းဖြစ်စရာလိုမယ်မထင်ပါ။ ကမ္ဘာမှာဖွံ့ဖြိုးပြီးနိုင်ငံများဟာ ပညာရေး ကို ကောင်းစွာရင်းနှီးမြှုပ်နှံခဲ့ကြလို့ပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေး အသုံးစရိတ်ကတော့ ၂၀၁၁ ခုနှစ်မှာ တိုင်းပြည် ဂျီဒီပီရဲ့ ၀ ဒသမ ၈ ရာခိုင်နှုန်းပဲရှိပြီး ကျန်းမာရေးအသုံးစရိတ်က ၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး စစ်အသုံးစရိတ်ကတော့ ၂ ဒသမ ၈ ရာခိုင် နှုန်းရှိခဲ့ပါတယ်။ ပညာရေး၊ကျန်းမာရေးအသုံးစရိတ်ဟာ စစ်အသုံးစရိတ်

ရဲ့အစွန်းထွက်တောင်မရှိခဲ့ပါဘူး။ ဒါဟာ ကျွန်တော်တို့တိုင်းပြည် ဆင်းရဲတွင်းက မရုန်းထွက်နိုင်တာ၊ နိုင်ငံတကာစံနှုန်းတွေမှာ နောက်ဆုံးဖြစ်နေတာတွေရဲ့ အဓိကအကြောင်းအရင်းတစ်ရပ်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ဟာ အရေးပေါ်ပြင်ဆင်ရမိန်တန်နေပါပြီ။ အလွတ်ကျက် ပညာရေးစနစ်ကို ပြောင်းလဲပစ်ရပါတော့မယ်၊ အစမ်းသပ်ခံ ပညာရေးစနစ်မဖြစ်သင့်တော့ပါ။ မြန်မာနိုင်ငံရဲ့လူငယ်တစ်ယောက်ဟာ ကျောင်းသားဘဝမှာ ပညာရေးစနစ်ပြောင်းလဲမှု အနည်းဆုံး ၂ကြိမ်လောက်တော့တွေ့ကြုံခဲ့ရတာပါပဲ။ စုထိလည်းစမ်းသပ်ဆဲကာလပဲရှိပါသေးတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ကိုမြှောင်း ထဲရောက်အောင်လုပ်နေသော ပညာရေးစနစ်တစ်ခုဖြစ်တဲ့ အဓေးသင်ပညာရေးစနစ်ကိုလည်း ပြန်လည်သုံးသပ်သင့်ပါပြီ။ တစ်နှစ်စာ သင်ကြားရမယ့်စာကို ၁၀ ရက်အနီးကပ်သင်တန်းလေးတက်ပြီး ဖြေဆိုရတဲ့ ပညာရေးစနစ်ဟာ တိုင်းပြည်နဲ့လူငယ်တွေရဲ့အနာဂတ်ကို ရိုက်ချိုးနေသလိုဖြစ်နေတယ်လို့ပြောမယ်ဆိုရင်ငြင်းနိုင်မယ်မထင်ပါဘူး။ နိုင်ငံရဲ့လက်ရှိအနေအထားအရ လုံးဝမရှိသင့်သေးတဲ့စနစ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဓေးသင်ကျောင်းသား ၃ သိန်းခန့်ရှိပြီး တက္ကသိုလ်ကျောင်းသားစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတယ်လို့သိရပါတယ်။ တိုင်းပြည်အတွက်အရမ်းကို နစ်နာဆုံးရှုံးလှပါတယ်။


ဒါကြောင့် ယနေ့လူငယ်တွေဟာ လက်ရှိပညာရေးစနစ်ကို မနှစ်မြို့တဲ့အတွက် ပြောင်းလဲဖို့တောင်းဆိုနေကြတာပါ။ အစမ်းသပ်ခံ ဘဝတွေကရုန်းထွက်ချင်နေကြတာပါ။ပညာကင်းစင်ကျောင်းတွေမှာ မသင်ကြားလိုကြတော့ပါဘူး။ ဒါကြောင့်လည်းအစိုးရက တစ်ဖက်သတ်ရေး ဆွဲခဲ့တဲ့အမျိုးသားပညာရေးဥပဒေကိုကန့်ကွက်နေကြတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အတိတ်ကိုပြင်လို့မရတော့ပါဘူး။ ဒါပေမဲ့ အနာဂတ်ကိုတော့ ကောင်းအောင်လုပ်ပိုင်ခွင့်ရှိပါသေးတယ်။ တိုင်းပြည်ကိုတကယ်ချစ်ရင်၊ ပြည်သူတွေအပေါ်မှာ စေတနာတကယ်ထားတယ်ဆိုရင် တိုင်းပြည်ရဲ့အရေးကြီးဆုံးဖြစ်တဲ့ ပညာရေးစနစ်ကိုကောင်းမွန်အောင်ပြု

လုပ်ပါ။ ပညာမြင့်မှလူမျိုးတင့်မှာပါ။ လူငယ်တွေရဲ့ပညာရေးအတွက် ဘက်ပေါင်းစုံကနေမြှင့်တင်ပေးကြပါ။ တိုင်းပြည်ရဲ့ အနာဂတ်ဟာ စာသင်ခန်းထဲက လူငယ်ကျောင်းသားတွေရဲ့ လက်ထဲမှာရှိပါတယ်။ ကျနော်တို့နိုင်ငံရဲ့အနာဂတ်ကံကြမ္မာကို ဖန်တီးမည့်ကလေးတွေကို လူတော်လူကောင်းတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ဖို့၊ ပညာရေးမှာကောင်းစွာ ရင်းနှီးမြှုပ်နှံပေးဖို့လိုပါတယ်။ ခေါင်းဆောင်လူကြီးမင်းများက ပညာရေးဆိုတာ ပြန်ရနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာ မသိသေးသမျှရွှေပြည်တော်ကတော့ မျှော်လေလေတိုင်းဝေးနေဦးမှာပါပဲ...

၂၉.၅.၁၅ ထုတ် **News Watch** ဂျာနယ်

❑



# ဂျုံးဂျုံးကျနေတဲ့မမ

ကျော်ကြီး(MDY)

မမ လို့ပြောလိုက်တာနဲ့ ဘာကိုရည်ညွှန်းပြောဆိုတယ်ဆိုတာ အားလုံးသိပြီးသားဖြစ်မှာပါ။ ကျွန်တော်တို့အားလုံး မမဆိုတဲ့ မြန်မာ့မီးရထားကိုမစီးဖူးတဲ့သူ မရှိသလောက်ရှားပါလိမ့်မယ်။ တစ်ချိန်ကတော့ မမဟာ လူတိုင်းရဲ့ပါးစပ်ဖျားမှာရေပန်းစားပြီး ဖိုတိုင်းကြိုက်တဲ့ နှင်းဆီမိုင် ဖြစ်ခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံရဲ့သယ်ယူပို့ဆောင်ရေးမှာနှစ်ပေါင်း တစ်ရာကျော်တိုင် သရဖူဆောင်းနိုင်ခဲ့သူပါ။

ဒီနေ့အချိန်အခါမှာတော့ မမဟာ နန်းကျဘုရင်မတစ်ဦးဖြစ်သွားခဲ့ပါပြီ။ တစ်ချို့အတွက် မရှိသုံး သုံးနေရတာကလွဲလို့ အများစုကတော့ မမကို ကျောခိုင်းသွားခဲ့ကြတာ စိတ်မကောင်းစရာပါပဲ။ ကျွန်တော့်တို့နိုင်ငံမှာ မီးရထားကို ၁၈၇၇ ခုနှစ်မှာစတင်တည်ထောင်ခဲ့အသုံးပြုခဲ့ပါတယ်။ ခုဆိုနှစ်ပေါင်း ၁၃၈ နှစ်တိုင်ခဲ့ပါပြီ။ အရှေ့တောင်အာရှမှာအစောဆုံး

အာရှမှာဆိုရင် အိန္ဒိယပြီးရင် ကျွန်တော်တို့နိုင်ငံပါပဲ။ ဒီလို ထိပ်တန်းက ဦးဆောင်နိုင်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ ဒီနေ့အချိန်အခါမှာတော့ နောက်ဆုံးဘိတ်ရောက်ရှိသွားခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကို တောင်မယှဉ်နိုင်တော့ပါဘူး။

ဒီလိုနိုင်ငံတကာနိုင်ငံများထက် နောက်ကျရုံတင်မဟုတ်၊ မိမိနိုင်ငံအတွင်းမှာတင်ကို မီးရထားဝန်ကြီးဌာနဟာ အခြားဌာနများထက်အနွမ်းပါးဆုံး၊ ခေတ်အနောက်ကျဆုံး ဖြစ်သွားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ဝန်ကြီးဌာနအားလုံးနီးပါးဟာ အစိုးရသစ်လက်ထက်မှာ အနည်းနဲ့အများဆိုသလို တိုးတက်ပြောင်းလဲခဲ့သော်လည်း မီးရထားဝန်ကြီးဌာနကတော့ တိုးတက်မလာဘဲ ပိုပြီးဆုတ်ယုတ်သွားတာတွေ့ရမှာပဲဖြစ်ပါတယ်။ ဒါတွေဟာဘာကြောင့်ဖြစ်ခဲ့ရတာလဲ၊ အရင်းစစ်တော့ အမြစ်မြေထဲကဆိုသလို ခေတ်ခေတ်အဆက်ဆက် မီးရထားဝန်ကြီးဌာနကို တာဝန်ယူခဲ့တဲ့ဝန်ကြီးများမိုးကျရွှေကိုယ်ဝယ်ရောက်လာတဲ့ လူကြီးမင်းများရဲ့ အမြော်အမြင်မရှိထင်ရာစိုင်းခဲ့တဲ့စီမံခန့်ခွဲမှုအလွဲများကြောင့် ဖြစ်ရတယ်ဆိုတာ ငြင်းလို့မရတဲ့အချက်ပဲဖြစ်ပါတယ်။

မြန်မာ့မီးရထားဟာ ယနေ့တိုးတက်ပြောင်းလဲလာတဲ့ ကမ္ဘာကြီးမှာပြောင်းလဲမှုကို အချိန်မီမလုပ်ဆောင်ခဲ့ကြဘဲ ကိုလိုနီခေတ်ကအတိုင်း ရှေ့ကြီး ထိုးနည်းအတိုင်းလုပ်ဆောင်ခဲ့ကြတော့ နောက်ကောက်ကျကျန်ခဲ့တာမဆန်းပါဘူး။ ဒီနေ့ ကျွန်တော်တို့နိုင်ငံကမီးရထားတွေကို ပြည်သူတွေဘာလို့ မစီးကြတော့တာလဲဆိုတာ ကိုယ်တွေ့ကြုံတွေ့မှုလေးကို လူကြီးမင်းများသိရှိရအောင် ပြောပြချင်ပါတယ်။

ပြီးခဲ့တဲ့လပိုင်းက ဘန်ကောက်ကိုအလည်သွားရန်အတွက် ရန်ကုန်ကိုသွားဖို့ အကြောင်းဖန်လာပါတယ်။ ဒီအချိန်မှာ တပည့်ကျော်အာနီးကအာစရိရထားနဲ့သွားပါလား၊ အခုအချိန်တွေမှန်သွားပြီဗျလို့ အကြံပြုလာပါတယ်။ ကိုယ်ကလည်း အမြန်လမ်းကသွားရမှာကြောက်နေတာကတစ်ကြောင်း၊ မကို ၁၀ နှစ်နီးပါးမစီးတာကြာတော့ ဘာတွေများတိုးတက်ပြောင်းလဲသွားပြီလဲဆိုပြီး သိချင်စိတ်ကြောင့် စမ်းနဲ့သွားဖို့ဆုံးဖြတ်လိုက်ပြီးအထူးတန်းကနေ လက်မှတ်ဖြတ်လိုက်ပါတယ်။ လက်မှတ်ကလည်း အရင်

လိုတန်းစီစရာမလို၊ လွယ်လွယ်ကူကူဖြတ်ရတော့ ငါရွေးလိုက်တာမှန်သားပဲ
ဟု ကြိတ်ပျော်နေမိပါတော့တယ်။

သွားမယ့်နေရောက်တော့ မိမိစီးမယ့် ရထားတွဲပေါ်တက်လိုက်တဲ့
အချိန်ရောက်မှာတော့ ပျော်ရွှင်မှုကစပျောက်သွားပါတယ်။
တွဲပေါ်တက်လိုက်တော့ မီးလုံးလေးတွေက ကွက်တိကွက်ကြား မှိန်မှိန်
လေးလင်းနေပြီး ကိုလိုနီခေတ်က ပန်ကာအဟောင်းလေးတွေကလည်း
ကျပ်နိုးတောင်တက်နေပါသေးတယ်။ ထိုင်မယ့်ခုံကြည့်လိုက်တော့ ဘယ်နှစ်
လလောက်မလဲဘဲထားတဲ့ ထိုင်ခုံလည်းတော့မသိဘူး။ ကြေးကွက်
အထပ်ထပ်နဲ့ပါ။ ထိုင်ခုံများက နောက်လည်းလှန်မရ ရှေ့လည်းတိုးမရ
လေ့တ်များကအကုန်ပျက်နေပြီး အောက်ခံ ရေမြှုပ်များကလည်း မရှိ
တော့ဘဲ။ ကိုယ့်ခုံတင်လားဆိုတော့ အားလုံးနီးပါးက ဒီအတိုင်းပါပဲ။

အဲ ရထားစထွက်တဲ့အချိန်မှာတော့ သားမှားပြီ မှားပြီအမေရဲ့လို့
အော်ငိုလိုက်ချင်ပြီး တပည့်ကျော်အာနီးကိုကျိတ်ဆဲနေမိပါတော့တယ်။
တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ သွားနေတဲ့မမက စကောထဲဆီးဖြူသီးထည့်လှိမ့်တဲ့
အဆင့်မဟုတ်ပါ။ အဲ့လောက်ဆိုရင်တော့ အညာသားဖြစ်တဲ့ကိုယ်တွေက
ခံနိုင်ပါတယ်။ ခုဟာက အံစာတုံးကိုဗူးထဲထည့်ခေါက်နေသလို ဘေးဘယ်
ညာ အထက်အောက်ကိုင်ဆောင့်နေပါတော့တယ်။

တစ်တွဲလုံးအပေါ်က ပစ္စည်းတွေပြုတ်ကျအောင်မလေးလေးဆိုတဲ့
ညည်းသံတွေနဲ့အတူ တဒုန်းဒုန်းတဒိုင်းဒိုင်းနဲ့ လောက်ကိုင်စစ်ပွဲများရောက်
နေတဲ့အတိုင်း ကမ္ဘာကိုပျက်နေကြတော့တာပဲ။ ဘေးကခရီးသွားအဖော်
အစ်မကြီးတစ်ယောက်ကတော့ ငါမောင်ရယ် အစ်မက ဗိုလ်ခွဲထားတာ မကြာ
သေးဘူး၊ ဒုက္ခပါပဲဆိုပြီး ရန်ကုန်ရောက်တဲ့အထိ မတ်တတ်ရပ်တိုင်လေးဖက်
လိုက်ရရှာပါတော့တယ်။ ကိုယ်ဝန်သည်သာဆိုရင်တော့ တန်းပျက်ကျ
လောက်ပါတယ်။ အပေါ့သွားဖို့ အိမ်သာသွားတော့ အပေါက်ကပိတ်ဖို့
ကလန့်မရှိ။ ရေကလည်းမရှိဘူး။ အိမ်သာဗိုလ်ထိုင်က ထိုင်တဲ့အပေါ်က
အဝိုင်းပြားကမရှိတော့ထိုင်လို့မရဘူး။ ဒီကြားထဲရထားက ခုန်ပေါက်နေ-
တော့ခြေထောက်ကို ဘေးနံရံနှစ်ဖက်ကိုသေချာကန်ထောက်ပြီး၊
လက်တစ်ဖက်က အပေါက်ကိုဆွဲ မတ်တတ်ရပ် သကြိန်ကျခဲ့ရပါတော့

တယ်။ မနက်မိုးလင်းလို့ရန်ကုန်ရောက်မှပဲ သက်ပြင်းချနိုင်ပါတော့တယ်။

ဒါအတိုချုပ်ပြောပြလိုက်တာပါ။ အသေးစိတ်ပြောပြရရင် ကုန်နိုင်ဖွယ်မရှိပါ။

ဒီလောက်စုတ်ပျက်နေတဲ့အခြေနေကို မီးရထားကတာဝန်ရှိသူတွေ နိုင်ငံတော်အုပ်ချုပ်တဲ့လူကြီးမင်းတွေ မသိကြဘူးဆိုတာတော့မဖြစ်နိုင်ဘူးလို့ယူဆပါတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ယနေ့မီးရထားဝန်ကြီးဌာနဟာ အရှုံးခံပြေးဆွဲနေတယ်လို့သိရပါတယ်။ ဘာလို့ရှုံးတာလဲ၊ စီးမယ့်သူမရှိလို့ပါ။ ဘာလို့မစီးကြတာလဲ၊ မကောင်းလို့မစီးတာရှင်းရှင်းလေးပါပဲ။ ယနေ့ကမ္ဘာ စက်မှုထိပ်သီးနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ပြင်သစ်စသော ထိပ်တန်းနိုင်ငံများဟာ မီးရထားကို တွင်ကျယ်စွာအသုံးချနေကြပါတယ်။ မီးရထားပို့ဆောင်လုပ်ငန်းဟာ တိုင်းပြည်တစ်ခုရဲ့ လမ်းပန်းဆက်သွယ်ရေးမှာ အင်မတန်အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်ပါတယ်။ ရေမှာသင်္ဘော၊ ကုန်းမှာမီးရထားဆိုတဲ့အတိုင်း ခရီးသည်နဲ့ ကုန်စည်သယ်ဆောင်နိုင်မှုမှာ အခြားယာဉ်များ မယှဉ်နိုင်သေးပါဘူး။

ဒါကိုသိရဲ့နဲ့ ဘာလို့ကျွန်တော်တို့နိုင်ငံမှာ မီးရထားစနစ်ကိုကောင်းမွန်စွာအသုံးမချနိုင်ကြတာလဲ။ ပြုပြင်ပြောင်းလဲမှုဘာလို့ မလုပ်ကြတာလဲ။ ဒါနဲ့ ကျွန်တော်ရဲ့ မီးရထားကအသိမိတ်ဆွေများကို အကျိုးအကြောင်းမေးမြန်းကြည့်တော့ မြန်မာ့မီးရထားကိုပြုပြင်ပြောင်းလဲဖို့က အဖြေရှိပါတယ်။ ဘာလုပ်ကြရမလဲဆိုတာ အောက်ခြေကပညာရှင်တွေကသိကြပါတယ်။ မှန်ကန်တဲ့ပြုပြင်ပြောင်းလဲမှုလုပ်ဖို့က အုပ်ချုပ်သူ လူကြီးမင်းတွေအပေါ်မှာပဲမူတည်နေပါတယ်တဲ့။ ဒီကနေ့ မီးရထားဝန်ကြီးဌာနကို ဂျုံးဂျုံးကျပျက်စီးသွားတာက ခေတ်အဆက်ဆက်ဌာနကိုတာဝန်ယူခဲ့တဲ့ တပ်ကနေယူနီဖောင်းပြောင်းလာတဲ့ မိုးကျရွှေကိုယ် လူကြီးမင်းများရဲ့စီမံခန့်ခွဲမှုအလွဲတွေကြောင့်ပဲ ဖြစ်ပါတယ်။ မီးရထားကိုခေတ်မီအောင်ပြောင်းလဲချင်တယ်ဆိုရင် အကုန်လုံး တစ်ကနေစပြီးပြောင်းလဲပစ်ရပါမယ်။ အရင်ဆုံးလုပ်ဆောင်သင့်တာကတော့ မီးရထားဝန်ကြီးဌာနကို တာဝန်ယူတဲ့ လူကြီးမင်းများဟာ အသိဉာဏ်အမြော်မြင်ရှိတဲ့သူများဖြစ်ဖို့ လိုပါတယ်။

ဘာကြောင့်လဲဆိုတော့ မြန်မာ့မီးရထားကို ခေတ်အဆက်ဆက်

တာဝန်ယူခဲ့တဲ့လူကြီးမင်းများရဲ့ စီမံခန့်ခွဲမှု အမှားများကို အနည်းအကျဉ်း ပြောပြချင်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ သုံးပြုနေတဲ့ မီးရထားသံလမ်း လေးမျိုးမျိုးရှိပါတယ်တဲ့။ အဲဒါတွေကတော့ Broad Gauge (၁၆၇၆ စင်တီမီတာအကျယ်)၊ Standard Gauge ( ၁၄၃၅ စင်တီမီတာအကျယ်)၊ Narrow Gauge ( ၁၀၆၇ စင်တီမီတာအကျယ်)နဲ့ Meter Gauge (၁၀၀၀ စင်တီမီတာ)အကျယ်တို့ပဲဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာ အသုံးပြုနေတဲ့ သံလမ်းအမျိုးအစားကတော့ ကိုလိုနီခေတ်က အသုံးပြုခဲ့တဲ့ Meter Gauge အမျိုးအစားပဲဖြစ်ပါတယ်။ ဒီစနစ်ကို ကမ္ဘာပေါ်မှာ အသုံးပြုတာ သိပ်မရှိတော့သလောက်ဘဲဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာတင်သွင်းလာတဲ့ မီးရထားတွဲများ၊ စက်ခေါင်းများဟာ Narrow Gauge အမျိုးအစားများအများစုဖြစ်တဲ့အတွက် သံလမ်းပေါ်တန်းပြေးဆွဲလို့မရပါ ဘူး။ မြန်မာနိုင်ငံရောက်တာနဲ့ မြစ်ငယ်စက်ရုံပို့ပြီး ကျွန်တော်တို့သံလမ်းနဲ့ အံကိုက်ဖြစ်အောင် ပိုနေတဲ့ဝင်ရိုးများကို ၆၇ စင်တီမီတာဖြတ်ပစ်ပြီးမှ ပြေးဆွဲလို့ရတာဖြစ်ပါတယ်။ ဒီလို ဖိနပ်ကိုကြီးအောင် မလုပ်ဘဲ ဖနောင့်ကို ဖြတ်ပစ်နေခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။

ဖနောင့်တင်တိရတာလားဆိုတော့ မဟုတ်သေးပါ။ မြန်မာနိုင်ငံက တချို့မီးရထားတံတားတွေ၊ ဥကြိန်များ၊ မီးရထားဂုံးကျော်တံတားတွေဟာ အမြင့် ၁၂ ပေနဲ့ ၃ လက်မအမြင့်ပဲရှိတဲ့အတွက် ၁၂ ပေ ၃ လက်မကျော်ရှိသော မီးရထားတွဲတွေပါလာပါက ခေါင်းမိုးတွေပါပြန်တိရခြင်း၊ ပါလာသော အဲယားကွန်းများဟာ မီးရထားလမ်းပလက်ဖောင်းများနဲ့ မလွတ်လို့ ဖြတ်ပစ်ခြင်းစတဲ့ ခေါင်းတွေနားရှုပ်တွေပါတိပစ်ရတဲ့အထိ လုပ်ဆောင်နေကြတာ အံ့အားသင့်စရာဖြစ်နေပါတော့တယ်။

နောက်တစ်ခုကတော့ အားလုံးသိတဲ့ ကလေး – ပခုက္ကူ မီးရထား ပြေးဆွဲဖို့အတွက် ပုံတောင်ပုံညာတောင်ကို ဥမင်လိုဏ်ခေါင်းဖောက်ခဲ့တဲ့ ကိစ္စပါပဲ။ နိုင်ငံဘဏ္ဍာငွေ အမြောက်အများ အကုန်ကျခံပြီးဆောင်ရွက်ခဲ့ပေမဲ့ အောင်မြင်မှုမရှိခဲ့ဘဲ သဲထဲရေသွန်ဖြစ်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ နောက်တစ်ခုက ရွှေညောင်တောင်ကြီးမီးရထား ဖောက်ခဲ့ပေမဲ့ ပြေးဆွဲဖို့ အဆင်မပြေတဲ့အတွက် မပြေးဆွဲကြတော့ပါဘူး။ ဒီလိုအမှားတွေ

က အများကြီးရှိပါတယ်။ ဒီလိုအမှားများနဲ့ပတ်သက်ပြီးလည်း ဒီနေ့ထိ တာဝန်ယူခဲ့တဲ့ သူဘယ်သူမှမရှိခဲ့ပါဘူး။ အသိဉာဏ်မရှိတဲ့ လူကြီးမင်းများ ရဲ့စီမံခန့်ခွဲမှု အမှားတွေကြောင့် နိုင်ငံဘဏ္ဍာငွေတွေ လေလွင့်ဆုံးရှုံးခဲ့ရတာ ဘယ်လောက်တောင်များခဲ့ပြီလဲ။

မြန်မာနိုင်ငံတင်သွင်းလာတဲ့ မီးရထားတွဲများဟာလည်း တရုတ်တို့၊ အိန္ဒိယတို့က ဟောင်းနွမ်း၍အသုံးမပြုချင်တော့လို့အလကားပေးလိုက် သော၊ ရောင်းချလိုက်သောတွဲတွေပဲများပါတယ်။ မီးရထားတွဲတွေ၊ စက် ခေါင်းတွေဟာ နိုင်ငံပေါင်းစုံကရောက်ရှိလာတဲ့ အမျိုးအစားအစုံဖြစ်တဲ့ အတွက် အသုံးပြုရတာနေရာမှာ အခက်အခဲရှိပါတယ်။ သူများနိုင်ငံက အိုဟောင်းလို့စွန့်ပစ်လိုက်တဲ့ဟာတွေကို ကျွန်တော်တို့က ပြန်လည်မွမ်းမံ ဆေးသုတ်ကာ ပြေးဆွဲနေကြတာများပါတယ်။ ဒါတွေကို လူကြီးမင်းများက ဖဲကြိုးများဖြတ်ပြီးတောင် ဖွင့်ပွဲတွေလုပ်လိုက်သေး။ ရှက်ဖို့မကောင်းလိုက် ဘူးလားဗျာ။

အိမ်နီးချင်းနိုင်ငံတွေမှာတောင် ကောင်းကင်ရထား၊ မြေအောက် ရထား၊ ကျည်ဆန်ရထားတွေပြေးဆွဲနေတဲ့အချိန်မှာ ကျွန်တော်တို့ကတော့ မြေပြင်ပေါ်ကရထားတောင် ကောင်းမွန်စွာအသုံးမချနိုင်သေးတာ အင်မတန် ရှက်ဖို့ကောင်းသလို တိုင်းပြည်အတွက်လည်း များစွာနစ်နာရပါ တယ်။ ရန်ကုန်မြို့ ပတ်မီးရထား ခရီးစဉ်တစ်ခုတည်းတင် တစ်နေ့ကို ငွေကျပ် ၂၅ သိန်းကျော်ရှုံးပြီး တစ်နှစ်လျှင်ငွေကျပ် သိန်းပေါင်း ၉၀၀၀ကျော် အရှုံးခံပြေးဆွဲ နေရပါတယ်။အမြတ်မရတဲ့အပြင် ခုလိုအရှုံးခံပြေးဆွဲနေတဲ့ အတွက် မိအေး နှစ်ခါနာ ဖြစ်နေရပါတယ်။

ယနေ့ရန်ကုန် – မန္တလေး အမြန်ကားလမ်းမကြီးမှာ မကြာခဏ ယာဉ်မတော်တဆမှုတွေဖြစ်ပြီး ပြည်သူတွေအသက်ပေါင်းများစွာဆုံးရှုံး နေရတဲ့အချိန်မှာ မြန်မာ့မီးရထားကို လူတိုင်းတမ်းတနေကြပါတယ်။ အရင် က ရန်ကုန်မန္တလေးခရီးသည်ရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ မီးရထား အသုံးပြုသူတွေပါ။ နေပြည်တော်တည်ပြီးသည့်နောက်ပိုင်း အာဏာရှင် လူကြီးများက နေပြည်တော်ကို ရထားများ နေ့ခင်းဖြတ်ရေးအတွက် ရထားထွက်ချိန်တွေကို အမှုပြင်ဆင်လိုက်တာကနေစပြီး မမ ဘဝစပျက်

တော့တာပါပဲ။ ဒီနေ့အချိန်မှာပြည်သူတွေဟာ မီးရထားကို အားကိုးလို့မရ တော့လို့သာ ကားနဲ့အမြန်လမ်းကိုအသုံးပြု သွားလာနေကြတာပါ။ ရထားအားမကိုးရလို့ကားစီးပြန်တော့လည်း အမြန်လမ်းတက်ပြီဆိုတာနဲ့ ကိုယ့်အသက်ဝကွက်အပ်ပြီးသွားနေရတာလေ။ ရထားကခေတ်မမီလာလို့ အမြန်လမ်းက စံချိန်မီကြီးလားဆိုတော့လည်းနေ့စဉ်ကြားရတဲ့သတင်း တွေသာကြည့်ပါတော့။ စံချိန်မမီ၊ အရည်အသွေးမပြည့်တဲ့စီမံကိန်းများ လုပ်ဆောင်မှုများကြောင့် ပြည်သူတွေရဲ့ သက်တွေပေးဆပ်နေရတာ ဘယ် လောက်တောင်များနေပြီလဲ။ အရင်ကလိုမီးရထားကိုပြန်လည်အားကိုးလို့ ရမယ်ဆိုရင် ယခုလို အမြန်လမ်းရဲ့အန္တရာယ်အဖြစ်အပျက်တွေဟာ ၇၅ ရာနိုင်နှုန်းလောက်လျော့ကျသွားမှာ သေချာပါတယ်။

အစိုးရအနေနဲ့ အမြန်လမ်းကို ၄ လမ်းသွားကနေ ၈ လမ်းသွား ချဲ့မယ့်အစား အရင်လုပ်သင့်တာက ရန်ကုန်မန်းလေးကို နိုင်ငံတကာစံချိန်မီ မြန်နှုန်းမြင့် မီးရထားလမ်းဖောက် ပြေးဆွဲသင့်ပါတယ်။ အင်ဒိုနီးရှား လိုနိုင်ငံမျိုးတောင် ခုဆိုရင် ကျည်ဆန်ရထားစတင်အသုံးပြုဖို့ပြင်ဆင်နေ ပါပြီ။ ရန်ကုန်မန်းလေးကို ကျည်ဆန်ရထားလို ရထားများပြေးဆွဲနိုင်ခဲ့ မယ်ဆိုရင် နေ့ချင်းပြန်တောင် ကျောင်းတက်၊ ရုံးတက်အသုံးပြုနိုင်မှာဖြစ် ပါတယ်။

ယနေ့အချိန်အခါမှာ နိုင်ငံရဲ့လူဦးရေတိုးများလာသလို နိုင်ငံတစ် ကာခရီးသွားများဟာလည်း နှစ်စဉ်တိုးတက်လာပါတယ်။ ကမ္ဘာလှည့် ခရီးသွားများဆီကနေ မီးရထား ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားငွေ ကောင်းစွာရှာနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ခုအတွက် အလွန်အရေးပါ သော မီးရထားစနစ်ကို အမြန်ဆုံးပြုပြင်ပြောင်းလဲသင့်နေပါပြီ။ ယာဉ်ကြော ပိတ်ဆို့မှုကိုဆိုးဝါးစွာခံစားနေရတဲ့ ရန်ကုန်မြို့တွင် မီးရထားလမ်းကွန်ရက် များ ဖြန့်ကြက်ပြီး ဖြေရှင်းလို့ရပါတယ်။ မှန်ကန်စွာအသုံးချတတ်ကြဖို့ပဲ လိုတာပါ။

မြန်မာမီးရထားကို ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာလည်း ဆေးမြီးတိုနဲ့ကုနေလို့မရပါဘူး။ နိုင်ငံအတွက် ရေရှည်ကြည့်ပြုပြင်သင့်ပါ တယ်။ နားလည်တတ်ကျွမ်းတဲ့ ပြည်တွင်းပြည်ပပညာရှင်များဆီက

အကြံဉာဏ်များရယူပြီး ရေရှည်အကျိုးကြည့်ပြီး ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံက မီးရထားပညာရှင်က မြန်မာနိုင်ငံရဲ့ မီးရထားစနစ်ကို ပြင်ဆင်ဖို့အတွက်အကောင်းဆုံးကတော့ ပုဂ္ဂလိကကိုလွှဲပြောင်းပေးတာ အကောင်းဆုံးလို့ အကြံပြုဖူးပါတယ်။ ခုဆို မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်နိုင်ငံတကာက စိတ်ဝင်စားနေပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ မိမိတို့ကိုယ်တိုင်ကောင်းအောင်ပြုပြင်မလား၊ ပုဂ္ဂလိကလက်ကိုလွှဲပြောင်းပေးမလားဆိုတာ အမြန်ဆုံးဆုံးဖြတ်လုပ်ဆောင်သင့်နေပါပြီ။ ကိုယ်မလုပ်တတ်ရင်လည်း လုပ်တတ်တဲ့သူတွေကို လွှဲပေးလိုက်ပါတော့။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လွန်စွာအရေးပါသော ဂျုံးဂျုံးကျနေတဲ့ 'မမ' ကို တစ်ဖန်ပြန်လည် အမျိုးရည်သွေးနိုင်စေရေးအတွက် သံချောင်းခေါက် အသိပေးလိုက်ရပါတယ်ခင်ဗျာ။

၄-၉-၁၅ ထုတ် **News Watch** ဂျာနယ်

❑



# မန္တလေးမဟာမြတ်မုနိဘုရား ဘယ်သူပိုင်တာလဲ

**ကျော်ကြီး(MDY)**

ကျွန်တော်ဇာတိမြေ မန္တလေးကိုအလည်ပြန်တဲ့ အချိန်တိုင်း ရွှေမန်းမြို့က အထင်ကရ မဟာမြတ်မုနိဘုရားကြီးကို သွားရောက်ဖူးမြော်လေ့ရှိပါတယ်။ ဘုရားကြီးရောက်တိုင်း ကျွန်တော်က ယောကျ်ားလေးတွေပဲဝင်လို့ရတဲ့ရှေ့နားက ဘုရားအတွင်းဝင်တဲ့လမ်းအတွင်းကနေ မဟာမြတ်မုနိဘုရားကြီးကို တစိမ့်စိမ့်အာရုံခံပြီး ဖူးမြော်ရတာကို အရမ်းကြည်နူး ပီတိဖြစ်မိတယ်ဗျ။ ဒီတစ်ခေါက်လည်း နှစ်ကူးအလည်ပြန်ရင်း ဘုရားကြီးကို သွားဖူးဖြစ်ခဲ့ပါတယ်။ ဘုရားကြီးရောက်တော့ ခါတိုင်းလို ဘယ်ဘက်ဆောင်အပေါက်ကနေ ဘုရားရှေ့တော်နားထိသွားပြီး ဖူးမြော်ခဲ့ပါတယ်။ ကျွန်တော့်နားမှာလည်း သံဃာတော်တွေ၊ ဘုရားဖူးကုသိုလ်ယူသူတွေလည်း အတော်များများရှိပါတယ်။ ကျွန်တော်လည်း စိတ်ထဲမှာကြည်လင်

အောင်လုပ်၊ ဘုရားကြီးမျက်နှာတော်ကိုကြည့်ပြီး…

ဩကာသ . . ဩကာသ . . ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ

–

–

–

ဤသို့ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါး ငါး . .

– – – ရှိုး ရှိုး ရှိုး ဧရာသံနဲ့အတူ

ကဲ ကဲ ၊ ဦးလေးတို့ရော အရှင်ဘုရားတို့ရောအားလုံး လူကြီးဘုရားဖူးလာမှာမို့လို့ အားလုံးဒီနေရာက ဖယ်ပေးကြပါ… ဆိုတဲ့ အသံကဘုရားကို ရုံပြုဖူးမြော်နေသူတွေကြားထဲ ရုတ်တရက် စူးစူးဝါးဝါးပေါ်လာတယ်။

ကျွန်တော့်ကိုလည်း လက်တို့ပြီး ဖယ်ပေးဖို့ပြောနေတော့ ဘုရားကန်တော့ရင်းတန်းလန်း ရပ်ပစ်လိုက်ရတယ်။ နောက်ဘေးကိုကြည့်လိုက်တော့ ယူနီဖောင်းနဲ့ ဘုရားကြီး ပုလိပ်တွေဖြစ်နေတယ်။ စိတ်ထဲမှာ ဒေါသထောင်းခနဲဖြစ်သွားတယ်…။ ဒါပေမဲ့ ချက်ချင်း ငါရောက်နေတဲ့နေရာက ဘုရားပရိဝုဏ်အတွင်းမှာပါလားဆိုတဲ့ အသိဝင်ပြီး ဒေါသစိတ်ကို မျိုသိပ်ပြီး အကုသိုလ်စိတ်မဝင်အောင် ထိန်းချုပ်ပြီး အသာလေးပဲ ထပေးလိုက်ပါတယ်။

ကျွန်တော်ထရပ်လိုက်တဲ့အချိန်မှပဲ ဘေးနားက တရားထိုင်နေတဲ့ ဦးလေးတစ်ယောက်က ဘုရားကြီးပုလိပ်တွေကို "မင်းတို့ကွာ မလွန်လွန်းဘူးလား၊ ဒီမှာ ဘုရားရှိခိုး တရားထိုင်နေကြတာ လူကြီးတွေရော ရဟန်းသံဃာတွေရောပါတယ်။ မင်းတို့ ဗုဒ္ဓဘာသာတွေမဟုတ်ကြဘူးလား။ မင်းတို့လူကြီးမိသားစုတွေဘုရားရှိခိုးဖို့အတွက်လည်း ဟိုမှာနေရာသတ်သတ်ယူထားတာရှိတယ်လေကွာ။ ငါတို့က အဲ့ဒီနေရာမှာ ဝင်ထိုင်နေတာလည်းမဟုတ်ဘူး။ ဘုရားရှိခိုးရင်းတန်းလန်း၊ တရားထိုင်နေတာတန်းလန်းကိုတောင် မင်းတို့အတင်းလိုက်ပြီးဖယ်ခိုင်းတာတော့ လွန်လွန်းတယ်ကွာ။ လူကြီးလာရင် ကျန်တဲ့ဘုရားဖူးရဟန်းပြည်သူတွေ ရှိခိုးခွင့်မရှိတော့ဘူးလား"လို့ ချက်ကျလက်ကျ ပြန်ပြောတာတွေ့လိုက်ရတယ်။

ဒါပေမဲ့ ဘုရားပုလိပ်ပြန်ဖြေလိုက်ပုံက "အဲဒါတွေလာပြောမနေနဲ့၊

ဒါအထက်မိန့်အရလုပ်ရတာ"တဲ့။

ကဲ… ကြားလို့မှ ကောင်းကြသေးရဲ့လား။ ဗုဒ္ဓဘာသာတိုင်းပြည်မှာ ဘုရားရှိခိုး၊ တရားထိုင်လုပ်နေတဲ့ ဘုရားဖူးတွေအပြင် သံဃာတော်တွေကိုပါ အထက်ကမိန့်လို့ လူကြီးလာမှာမို့လို့ဆိုပြီး အတင်းမောင်းထုတ်တာဗျာ။

ဘုရားပုလိပ်ကို ပြန်ပြောနေလို့မထူးတော့ဘူးဆိုတာသိလိုက်တာနဲ့ ကျွန်တော်အပါအဝင် ပြန်ပြောသော ထိုလူကြီးရော ရဟန်းသံဃာတွေဟာ မဟာမုနိဘုရားရှေ့က ထွက်ခွာလာခဲ့ပါတယ်။

မထွက်ခင်လေးမှာတော့ ဘုရားပုလိပ်ကို ပြန်ပြောတဲ့ ဘုရားဖူးသူ လက်ညှိုးထိုးပြခဲ့တဲ့ "မင်းတို့လူကြီးမိသားစုတွေ ဘုရားရှိခိုးဖို့အတွက်လည်း ဟိုမှာနေရာသတ်သတ် ယူထားတာရှိတယ်လေကွာ" ဆိုတဲ့နေရာကို ကျွန်တော်ကြည့်လိုက်မိတယ်။

စတီးလက်ရန်းတွေနဲ့ လေးထောင့်ကွက်ကြီးလုပ်ပြီး ခြံခတ်ထားတဲ့ ဗီအိုင်ပီသူတို့အခေါ် လူကြီးမိသားစုတွေ ဘုရားဖူးဖို့ ယူထားတဲ့သီးသန့်နေရာလေးတွေ့တယ်။ ဘယ်သူမှမဝင်ရဘူး။

ဘုရားဖူးနေတုန်းတန်းလန်း ရဟန်းသံဃာတွေရော ဘုရားဖူးသူတွေကိုပါမောင်းထုတ်တာ၊ လူကြီးလာမှာမို့လို့ဆိုတဲ့အကြောင်း ပြောပြီး မောင်းထုတ်တာ၊ အထက်အမိန့်အရလုပ်တာဆိုတဲ့အချက်တွေကိုကြည့်လိုက်တာနဲ့ ကျွန်တော်တို့ဆီက အုပ်ချုပ်သူလူကြီးမင်းများသည် အခွင့်အရေးကို သူများထက်ပိုလိုချင်တဲ့ စိတ်ဓာတ် ခုထိမကုန်သေးဘူး၊ ဆက်ပြီး ဒီစိတ်ကို မွေးထားကြတုန်းဆိုတာပေါ်လွင်သလို ရှေ့ဆက်လည်း ဒီလိုပဲ နေရာတကာအခွင့်ထူးခံလုပ်နေဦးမယ်ဆိုတာလည်း သေချာနေတယ်လို့ ခုဖြစ်ရပ်က သက်သေခံနေတယ်လို့ပဲ ကျွန်တော်မြင်မိတယ်။ ကျွန်တော်တို့ နိုင်ငံပြောင်းကို မပြောင်းသေးဘူးဆိုတာကိုလည်း ပိုသေချာသွားစေတယ်။

ဒီထက်ဆိုးတာက ရဟန်းရှင်လူပြည်သူအပေါင်း ဘုရားဝတ်ပြုတဲ့ နေရာကိုပါဝန်းနဲ့ခြံနဲ့ခတ်ပြီး အခွင့်ထူးခံထားတာကို ကြည့်ရင်လည်း သံဃာမြေလောက်မပြောနဲ့ ဘုရားမြေတောင်တက်သိမ်းတဲ့ခေတ် မကုန်သေးဘူး၊ ရှိနေဦးမယ်လို့ မဟာမြတ်မုနိဘုရားကြီးပေါ်က ဗီအိုင်ပီ ခြံဝန်းကြီးက သက်သေထူနေပါတယ်ဗျာ။

ဒါကိုကြည့်လိုက်တာနဲ့ အထက်ကလူကြီးတွေက ဘုရားဖူးလာရင် ကြိုတင်သတင်းပို့ထားပြီး လူတွေရှင်းခိုင်းထားတာ သေချာနေတာပေါ့လို့ တွေးယူရမှာပဲဗျ။ ဒီလိုအဖြစ်မျိုးကို မန်းလေးက မိတ်ဆွေတွေကြုံဖူး သလားမေးကြည့်တော့ တော်တော်များများ ကြုံဖူးကြတာတွေ့ရတယ်ဗျ။ မဟာမုနိဘုရားကြီးက ကျွန်တော်တို့ငယ်ငယ်ကနဲ့ လုံးဝမတူတော့ဘူးဗျ။ စီပွားရေးလုပ်ငန်းရှင်တွေကလည်း အာဏာရှိတွေနဲ့ပေါင်းပြီး ဘုရားကြီး အတွင်းက လုပ်ငန်းလုပ်ကိုင်ခွင့်တွေ ရယူထားတယ်။ ဘုရားပုလိပ်တွေက လည်း နည်းမျိုးစုံနဲ့ပိုက်ဆံရှာတယ်။ ဘုရားပုလိပ်တွေကတော့ နောက်ဆုံး အဆင့်ဗျာ ဘုရားမျက်နှာသစ်တော်ရေတောင် ရောင်းစားပြီးပိုက်ဆံရှာကြ တယ်ဗျာ။ ဘုရားကြီးကို လူကြီးလာမယ်ဆိုတာနဲ့ ဘုရားကောင်းကောင်းဖူး ခွင့်မရကြတော့ဘဲ လူကြီးမလာခင် တစ်နာရီနှစ်နာရီလောက်ကတည်းက မောင်းထုတ်ခံရနဲ့ကြရပါတယ်။ မဟာမုနိဘုရားကြီးပေါ်မှာ အရင်တုန်း ကလို ငြိမ်းချမ်းအေးမြမှုကို မတွေ့ရတော့ဘဲ အာဏာရှင်တွေနဲ့အပေါင်း အပါတွေရဲ့ လောဘ၊ မောဟ၊ ဒေါသတွေနဲ့ လွှမ်းခြုံနေတယ်လို့ ဘုရားဖူး လာရောက်သူတွေ တွေ့ကြုံခံစားနေကြရပါတယ်။

ဒီဖြစ်ရပ်ကို ကြုံ ပြီးတဲ့နောက် စဉ်းစားမိတာက သမီးလေးရွာကို ဘူဒိုဇာနဲ့ထိုး၊ တောင်သူတွေဆီကလယ်တွေကို ဝန်ကြီးဝန်ကလေး၊ ခရိုနီ တစ်သိုက်သိမ်း၊ ပန်းခြံ၊ ကစားကွင်း တစ်ခုမှမချန်ဘူး မြေဆိုရင် ဘာနဲ့မြေ မြေ မြေဖြစ်ဖို့ပဲလိုတယ်။ အကုန်ပတ်သိမ်း၊ ကျူးကျော်တွေကို အင်အားသုံး ပြီး နှိမ်နင်းနေတဲ့ အစိုးရလုပ်ရပ်အတွက် မအံ့ဩတော့ဘူး။ ဘုရားမြေ တောင် သိမ်းတာကိုး။ အံ့ဩစရာဘာမှမရှိဘူး။ အဲဒီလိုအလုပ်ခံနေရတဲ့ ပြည်သူတွေလည်း ဒီနမူနာကိုပဲကြည့်ပါ။ ဘုရားမြေတောင် လူကြီးတွေက သိမ်းသဗျလို့သာ အော်ပြောလိုက်ချင်တာ။

ဒီလိုမျိုး အဖြစ်မျိုးကို မြန်မာနိုင်ငံမှာရှိတဲ့ အခြားဒေသက တန်ခိုးကြီး ဘုရားတွေမှာ ကြုံဖူးကြမှာပါ။ အာဏာရှင်တွေဟာ အခြားနေရာများမှာ တင် အခွင့်ထူးခံနေရာယူတာမဟုတ်ဘူး အများပိုင်ဘုရားမြေပေါ်မှာတောင် အခွင့်ထူးခံနေရာယူချင်နေကြတာ ဒီနေ့ခေတ် ဒီမိုကရေစီနိုင်ငံတော်ကြီးမှာ တော့ ကြားလို့မှမကောင်း၊ မြင်လို့မကောင်းဖြစ်နေပါပြီ။

တစ်ခါက ကျွန်တော်ဘုရားဖူးနေတဲ့အချိန်မှာ ရေတော်ဆရာတော်ကြွလာတာနဲ့ကြုံဖူးပါတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ဖယ်ပေးဖို့မပြောပါဘူး။ ရေတော်ဆရာတော်ဘုရားကြွလာပါတယ်လို့ ရှေ့ကပြောလိုက်တာနဲ့ဘုရားဖူးသူတွေဟာသူ့အလိုလို လမ်းရှင်းပေးလိုက်ကြတာပါပဲ။ ဒီလိုဘုရားကြီးက အဓိပတိဆရာတော်တစ်ပါးဖြစ်တဲ့ရေတော် ဆရာတော်ကြွလာတာတောင် ဘယ်သူ့ကိုမှ မဖယ်နိုင်ဘူး။

အခုတော့ဗျာ၊ လူကြီးလာမှာမို့လို့တဲ့ လူရော ရဟန်းရောအကုန်လုံးကိုမောင်းထုတ်တယ်ဗျာ။ အာဏာရှင်နဲ့ အပေါင်းပါခရိုနီလက်တစ်ဆုပ်စာလူတန်းစားတွေဟာ ခေတ်အဆက်ဆက်မြန်မာပြည်မှာ အခွင့်ထူးခံလူတန်းစားတစ်ရပ်အဖြစ်နဲ့ ပြည်သူတွေရဲ့ခေါင်းပေါ်မှာ ရပ်တည်နေရာယူလာခဲ့ကြတာပါ။ ဒီနေ့ဒီမိုကရေစီ အရပ်သားအစိုးရလက်ထက်မှာလည်း အရင်ကအမူအကျင့်အဟောင်းတွေဟာ မပြောင်းလဲတဲ့ ဒီနေ့ထိ နေရာတိုင်းမှာ တွေ့မြင်နေရဆဲဖြစ်ပါတယ်။ လူတွေမှမပြောင်းသေးတော့ အမူအကျင့်ဟောင်းတွေက မပြောင်းလဲသေးတာဘဲလို့ ပြောရမှာပဲဗျ။

ရွှေတိဂုံဘုရားဟာ ရန်ကုန်ရဲ့ အထင်ကရတန်ခိုးကြီးဘုရားတစ်ဆူဖြစ်ပြီး ရန်ကုန်သားတွေအတွက် ဂုဏ်ယူဝင့်ကြွားစရာဖြစ်သလို မဟာမြတ်မုနိဘုရားကြီးဟာလည်း မန္တလေးမြို့ရဲ့ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ပြီး မန္တလေးသားတွေရဲ့ အတွတ်အမြတ်တန်ဖိုးထားရာ ဘုရားတစ်ဆူဖြစ်ပါတယ်။ မန္တလေးသားတွေဆိုတာက ကိုယ့်မြို့ ကိုယ့်ဘုရားကိုတန်ဖိုးထား မြတ်နိုးကြတယ်ဗျ။ ဗုဒ္ဓဂါယာဘုရာဖူးထက် မဟာမြတ်မုနိဘုရားကြီးကိုပဲ တစိမ့်စိမ့်ကြည့်ပြီး ဖူးမြော်နေချင်ကြတာပါ။

အခုတော့ ကျွန်တော်တို့ မန္တလေးသားတွေဟာ ကိုယ့်မြို့ကိုလည်းတိုင်းတစ်ပါးသား တရုတ်တွေသိမ်းပိုက်လိုက်လို့ မြို့နှင်ထွက်နေပေးရတဲ့ဘဝဖြစ်နေပြီး မြို့သူမြို့သားတွေ အနားယူအပန်းဖြေရာ အားကစားကွင်းတွေ၊ ဥယျာဉ်တွေ၊ လူထုကွင်းပြင်ကြီးတွေဟာလည်း အာဏာပိုင်နဲ့ ခရိုနီလူတန်းစားတွေ သိမ်းပိုက်လိုက်လို့ ကုန်သွားပါပြီ။ အခုတော့ ကိုယ့်မြို့ကကိုယ့်ဘုရားတောင် အေးအေးချမ်းချမ်း လွတ်လပ်စွာ ဖူးမြော်ခွင့်မရရှာတော့ဘဲ အာဏာရှင်တွေရဲ့ သိမ်းပိုက်လွှမ်းမိုးချယ်လှယ်ခြင်းခံနေရပါတယ်။

ကိုယ့်မြို့က ဘုရားကိုယ့်ဘုရားကို ကျွန်တော်တို့ ရွှေမန်းသားတွေ လွတ်လွတ်လပ်လပ် အေးချမ်းစွာဖူးမျော်ခွင့်ရပါစေလို့ ဆုတောင်းရင်း...

၆.၅.၁၄ ၊ Tomorrow ဂျာနယ်

❑



# ရှက်တတ်ကြပါစေ

ကျော်ကြီး(MDY)

ပြီးခဲ့တဲ့ရက်ကပဲ ရန်ကုန်မှာနေတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ကား ညပိုင်း တိုက်ခန်းရှေ့လမ်းပေါ်မှာ ရပ်ထားရာမှ ကားရဲ့ရှေ့ကာဘာဖြုတ်အခိုးခံခဲ့ရပါတယ်။ ရန်ကုန်မှာ ကိုယ်ပိုင်ခြံဝန်းနဲ့ မနေနိုင်တဲ့သူတွေအတွက်တော့ ဒီလိုအဖြစ်အပျက်တွေက အဆန်းမဟုတ်တော့ပါဘူး။ ကားတင်သွင်းတဲ့သူတွေတောင် လုံခြုံရေးအပြည့်ရှိတဲ့ ဆိပ်ကမ်းရောက်တာနဲ့ အနည်းနဲ့အများဆိုသလို ဖြုတ်အခိုးခံရကြတာပါပဲ။ ကိုယ်တိုင်မတွေ့ကြုံဖူးတောင် ဒီအဖြစ်မျိုးတွေက နေ့စဉ်ဆိုသလို ကြားဖူးကြမှာပါ။ အခုမိတ်ဆွေဖြုတ်အခိုးခံရတဲ့ကားပစ္စည်းကလည်း အသစ်ဝယ်လို့မရပါဘူးတဲ့။ အဲ့ဒါနဲ့ ဘယ်လိုလုပ်ရမလဲဆိုပြီးအသိမိတ်ဆွေတွေစုံစမ်းကြည့်တော့ ဘာမှမပူနဲ့ နေ့လယ်ပိုင်းလောက်ကြရင် တာမွေအခွန်လွတ်ဈေးသွားရှာလိုက်၊ ခင်ဗျားပစ္စည်းပြန်ရလိမ့်မယ်ဆိုပြီးအကြံပေးကြပါတယ်။ မိတ်ဆွေများရဲ့ လမ်းညွှန်မှုအတိုင်း နောက်နေ့ နေ့လယ်ပိုင်းလောက် တာမွေအခွန်လွတ်ဈေးသွားရှာတာ မိမိပျောက်သွားတဲ့ပစ္စည်းအစစ်အမှန်ကိုရခဲ့ပါတယ်တဲ့ခင်ဗျာ။

ဒီလိုအဖြစ်မျိုးကို ရန်ကုန်၊ မန်းလေးမှာနေတဲ့ ကားပိုင်ရှင်၊ ဆိုင်ကယ်

ပိုင်ရှင်တွေ အများစုကြုံဖူးကြမှာပါ။ ပျောက်တိုင်း ကားပစ္စည်းအဟောင်းတန်းမှာ ပြန်ရှာဝယ်တတ်ကြရပါတယ်။ ထူးဆန်းတာကကိုယ့်ပစ္စည်းကိုယ်ပြန်ပြီးငွေပေးပြန်ဝယ်နေရတာပါပဲ။ ဒီလိုကားပစ္စည်းတွေကို မကြာခဏဘာလို့အခိုးခံနေရတာလဲ။ အဖြေကတော့ ရဲတပ်ဖွဲ့ရဲ့အားနည်းချက်ကြောင့်ဖြစ်သလို အဓိကအကြောင်းအရာကတော့ခိုးရာပါပစ္စည်းလက်ခံပြီးပြန်လည်ရောင်းချပေးတဲ့ဈေးကွက်ရှိနေလို့ပဲဖြစ်ပါတယ်။ ရန်ကုန်၊ တာမွေအခွန်လွတ်ဈေးတို့၊ မန်းလေးက ကြက်တန်းတို့ဟာ ခိုးရာပါပစ္စည်းလက်ခံတဲ့ ဈေးကွက်အလား ဖြစ်နေပါတယ်။ ဒါအားလုံးသိနေတဲ့ကိစ္စဖြစ်ပေမဲ့ သက်ဆိုင်ရာက အရေးယူတားဆီးမှုမရှိဘဲ ဒီနေ့ထိတိုင် တည်ရှိနေပါတယ်။ ဒီဆိုင်တွေကသာ ခိုးရာပါပစ္စည်းတွေကို လက်မခံဘူးဆိုရင် ကားပစ္စည်းဖြုတ်ခိုးတဲ့သူခိုးတွေလည်းပျောက်သွားမှာဖြစ်သလို အခုလိုယာဉ်ပိုင်ရှင်တွေကားပစ္စည်းဖြုတ်အခိုးခံရတဲ့ ဒုက္ခတွေကြုံရမှာမဟုတ်တော့ပါဘူး။ အခုတော့ ဒီဆိုင်ပိုင်ရှင်တွေဟာ သူခိုးတွေခိုးဖို့ အားပေးအားမြှောက်ပြုနေကြလိုဖြစ်မနေဘူးလားလို့ စဉ်းစားမိပါတယ်။

အဲဒီအကြောင်းကို စဉ်းစားရင် ကျွန်တော်တို့မြန်မာလူမှုအဖွဲ့အစည်းရဲ့လွဲမှားနေတဲ့ကိစ္စလေးတွေကို ဆက်စပ်တွေးမိပါတော့တယ်။ ကျွန်တော်တို့ဗုဒ္ဓဘာသာမှာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲမြံစွာစောင့်ထိန်းရမယ်လို့ ဘုရားဟောခဲ့ပါတယ်။ ထိုငါးပါးသီလထဲမှာ သူများပစ္စည်းဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ ဆိုတဲ့အချက်ပါပါတယ်။

သူတစ်ပါးပစ္စည်းခိုးယူခြင်းကို ရှုံ့ရှာစက်ဆုပ်ကြပါတယ်။ ဒါပေမဲ့ကျွန်တော်တို့မြန်မာလူမျိုးအများစုက မျက်နှာလိုက်ကြတယ်ဗျ။ ကျွန်တော်တို့က သူတစ်ပါးပစ္စည်းခိုးမှ သူခိုးလို့အများစုက သတ်မှတ်ကြတယ်ဗျ။ ပန်ကာအောက်က အဲယားကွန်းခန်းထဲကနေပြီး အကျင့်ပျက်လာဘ်စားနေသူတွေ၊ တိုင်းပြည်ဘဏ္ဍာခိုးနေတဲ့သူတွေ၊ အစိုးရနဲ့ပေါင်းပြီးလုပ်ငန်းလုပ်ခိုးနေတဲ့ သူဌေးသူခိုးတွေကိုကြတော့ သူခိုးလို့ မသတ်မှတ်ကြတာတွေရ တယ်ဗျ။ မသတ်မှတ်တဲ့အပြင် ကျွန်တော်တို့တွေဟာ ခိုးယူတဲ့သူဌေးကိုအားပေးအားမြှောက်ပြုခြင်း၊ အထင်ကြီးနေခြင်း ကိုယ်တိုင်ကျူးလွန်ဖို့အားထုတ်မိနေနေတဲ့ စိတ်တွေဖြစ်ပေါ်နေတာ ကျွန်တော်တို့တွေ သတိမထား

မိကြဘူးဖြစ်နေပါတယ်။

ကျွန်တော်ငယ်ငယ်က ကျွန်တော့်သူငယ်ချင်းရဲ့အဖေကို အထင်ကြီးပြီး သူ့လိုဖြစ်ချင်ခဲ့ဖူးပါတယ်။ ကျွန်တော်သူငယ်ချင်းရဲ့ အဖေက ဓာတ်ဆီဆိုင်တစ်ခုမှာ အရာရှိတစ်ဦးပါ။ သိတဲ့အတိုင်းပဲ၊ အဲ့အချိန်က အနိမ့်ဆုံးဝန်ထမ်းဖြစ်တဲ့ပန့်ကိုင်တောင် တိုက်နှစ်လုံးသုံးလုံးနဲ့ မယားငယ် ၂ ယောက်လောက်အနည်းဆုံးထားတဲ့အချိန်ဆိုတော့ သူငယ်ချင်းမိသားစုက တော်တော်လေးချမ်းသာကြပါတယ်။

ငွေကိုရေလိုသုံးနိုင်တယ်လို့တောင်ပြောနိုင်တဲ့အဆင့်ပါ။ သူတို့အိမ်ကိုသွားတိုင်း သူတို့မိသားစုကို အားကျနေမိတယ်။ ငါတို့အဖေလည်း သူတို့အဖေလိုဖြစ်ရင်ကောင်းမှာပဲလို့ ကျိတ်စိတ်ကူးမိတာအမှန်ပါ။ သူငယ်ချင်းအဖေက သူခိုးကြီးလို့မမြင်မိဘဲ အထင်ကြီးနေမိပါတယ်။

ကျွန်တော်တို့ရတော့ နိုင်ငံခြားသွားဖို့ စီစဉ်နေတဲ့အချိန်မှာ ကျွန်တော့်သူငယ်ချင်းတွေထဲက သူငယ်ချင်းတစ်ယောက်က အကောက်အခွန်ဦးစီးဌာန ထဲဝင်သွားပါတယ်။ အဲ့ဒီဌာနမှာ အလုပ်ရရေးအတွက် သူငယ်ချင်းဟာ အဲ့ဒီခေတ်က ငွေသိန်း ၃၀ ကန်တော့ခဲ့ရပါတယ်။ ဒါတောင် သူ့တို့အမျိုးတော်စပ်တဲ့အထက်လူကြီးရှိလို့ပါ။ ပိုက်ဆံတတ်နိုင်တိုင်း လူတိုင်းဝင်လို့မရပါဘူး။ တစ်ယောက်ကတော့ ရေနံရုံးမှာဝင်သွားပါတယ်။ သူလည်း တော်တော်လေးကန်တော့ရပါတယ်။ ကျွန်တော့်တောင် နိုင်ငံခြားသွားမယ့်အစား ဓာတ်ဆီဆိုင်မှာ ပန့်ကိုင်လုပ်မလားတဲ့၊ ၂၅ သိန်းလောက်တော့ ကန်တော့ရမယ်တဲ့။ ဒါပေမဲ့မပူနဲ့ ၆ လ ၁ နှစ်ဆိုမင်းအရင်းကျေပြီတဲ့။

ထားပါတော့ဗျာ၊ အခုလိုအဖြစ်မျိုးတွေ စာဖတ်သူတွေအများကြီးကြုံဖူးကြားဖူးမှာပါ။ ခုချိန်ထိလည်း ဒီလိုဌာနတွေမှာအလုပ်ရဖို့ နည်းမျိုးစုံနဲ့ကြိုးစားနေကြဆဲပါ။ လူအများစုဟာ ကျွန်တော့်သူငယ်ချင်းတွေလိုပဲ ကညာန၊ စည်ပင်၊ အကောက်အခွန်၊ ရေနံ၊ သစ်တော၊ လဝက စသောဌာနတွေမှာ ငွေကြေးအများကြီးအကုန်ကျခံပြီး ဘာကြောင့် အလုပ်လုပ်ချင်နေကြတာလဲ။ သေချာတာကတော့ သူတို့တွေဟာ အဲ့အလုပ်တွေကိုခိုက်ခင်စားလွန်းလို့၊ လုပ်ချင်လွန်းလို့တော့ မဟုတ်တာသေချာပါတယ်။

ဒါဆို ဘာကြောင့်လဲ။ ရှင်းရှင်းလေးပါ၊ အေးပေါက်ငွေများများရလို့၊ များများနိုးရလို့ဆိုတာအသေအချာပါပဲ။ လူဆယ်ယောက်မှာ ၉ ယောက် လောက်က ဒီလိုဌာနမျိုးတွေမှာ အလုပ်လုပ်ချင်ကြလိမ့်မယ်ဆိုရင်မှားမယ် မထင်ပါဘူး။ ယခု စာဖတ်သူမိတ်ဆွေကိုယ်တိုင် ယခုအချိန်မှာအလုပ်ဝင်ရ မယ်ဆိုရင် ကျောင်းဆရာအလုပ်လုပ်မလား၊ အကောက်အခွန်တို့၊ လဝက တို့မှာ အလုပ်လုပ်ချင်လားပြန်လည်ဆန်းစစ်ကြည့်ပေါ့။

ကျွန်တော်တို့ဟာ ထိုကဲ့သို့ လာဘ်လာဘအေးပေါက်များများရတဲ့ ဌာနများမှဝန်ထမ်းများကို အထင်ကြီးအားကျနေကြ၊ ကိုယ်တိုင်လည်း သူတို့လိုဖြစ်ချင်နေကြပါတယ်။ ကိုယ့်မိတ်ဆွေတွေရဲ့ မိဘများက အဲ့လို ဌာနမျိုး ကလူကြီးဆိုရင်ဟာ မင်းတို့မိဘက နိုက်တယ်နော်ဆိုပြီးအားကျနေ တတ်ကြပါတယ်။ ဘယ်သူမှ မင်းတို့မိဘတွေက အကျင့်မကောင်းတဲ့သူ တွေ၊ ပြည်သူ့ဘဏ္ဍာတွေကို နိုးနေတဲ့ သူနိုးတွေလို့မပြောကြပါဘူး။ ပြောဖို့ နေနေသာသာ သူတို့နဲ့ ခင်မင်ခွင့်ရဖို့တောင်နည်းမျိုးစုံနဲ့ ကြိုးစားနေကြ တော့တာပါပဲ။ ယိုသူကလည်းမရှက်တော့သလို မြင်သူကလည်း ရှက်စရာ လို့ မယူဆတော့ပါဘူး။

ဒီလိုနဲ့ကျွန်တော်တို့လူမှုပတ်ဝန်းကျင်မှာ အရှက်အကြောက် မရှိကြတော့ဘဲ မဟုတ်တာလုပ်နေရတာကို ဂုဏ်ယူစရာအဖြစ်မြင်နေကြပါ တော့တယ်။ မိဘက မဟုတ်တာလုပ်နေလည်း မိဘကိုယ်တိုင်ကလည်း ရှက်ရကောင်းမှန်းမသိသလို သားသမီးကလည်းရှက်ရကောင်းမှန်းမသိတဲ့ အပြင် ဂုဏ်တောင်ယူနေကြပါသေးတယ်။ ထို့အတူ သားသမီးက အကျင့် ပျက်နေတာ၊ နိုးနေတာတွေကိုလည်း မိဘတွေကလည်း ဝမ်းသာအားရဂုဏ် ယူနေကြတာတွေမြင်နေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ အကျင့်ပျက် ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုဆိုတဲ့ကိစ္စဟာ နှစ်ပေါင်းများစွာ မပျောက်ကွယ်ဘဲ အမြစ်တွယ်ရှင်သန်နေတာပဲဖြစ်ပါတယ်။ အာရှပစိဖိတ် ဒေသတွင်းနိုင်ငံတွေထဲမှာ အကျင့်ပျက်ခြစားမှုထိပ်ဆုံးသုံးနိုင်ငံထဲမှာ ကျွန်တော်တို့နိုင်ငံပါဝင်ပါတယ်။ စဉ်းစားကြည့်ပေါ့။ အကျင့်မကောင်းတဲ့ သူ အပေါ်များဆုံး၊ သူနိုးအများဆုံးတိုင်းပြည်လို့ပြောလိုက်တာနဲ့ အတူတူ ပါပဲ။

ရှက်တက်မယ်ဆိုရင် အင်မတန်ရှက်စရာကောင်းတဲ့ ကိစ္စတွေပါပဲ။

ဒါပေမဲ့ ရှက်ကြလားဆိုတော့ မရှက်ကြတဲ့အပြင် အကျင့်ပျက်ခြစားခွင့်ရတဲ့ဌာနမှာ အလုပ်လုပ်နေရတာကိုပဲဂုဏ်ယူနေကြတာပါပဲ။ ဟုတ်မဟုတ်စဉ်းစားကြည့်ပေါ့။ ဒီနေ့ ပြည်ထဲရေးဝန်ကြီးဌာနကိုပဲကြည့်ပါ။ ရဲ့ တန်းတပ်ရင်းတို့ လေ့ကျင့်ရေးကျောင်းတို့မှာထက် အရပ်ဘက်အုပ်ချုပ်ရေးမှာနေချင်ကြတဲ့သူပိုများပါလိမ့်မယ်။ ပညာရေးတို့၊ ကျန်းမာရေးဌာနက ဝန်ထမ်းတွေဟာလည်း နယ်စပ်ဒေသ၊ ကျေးလက်ဒေသတွေထက် ရန်ကုန် မန်းလေးလိုမြို့ကြီးတွေမှာပဲ တာဝန်ထမ်းဆောင်ချင်ကြတာပိုများပါတယ်။ ဒါကဥပမာပြောပြတာပါ၊ ဝန်ကြီးဌာနတိုင်းမှာ အဲ့လိုပါပဲ။ နေရာကောင်းတဲ့ နေရာပဲအလုပ်လုပ်ချင်ကြတာပါ။ နေရာကောင်းဆိုတာကတော့ လာဘ်လာဘ ဘေးပေါက်များများရတဲ့နေရာကို ပြောတာပါ။

ကျွန်တော်တို့နိုင်ငံမှာ အစိုးရဝန်ထမ်းအများစုဟာ ဝန်ထမ်းဖြစ်ပြီဆိုတာနဲ့ နေရာကောင်းရရှိရေးအတွက် နည်းမျိုးစုံနဲ့ကြိုးစားကြတယ်ဆိုတာ ငြင်းလို့မရတဲ့အချက်ပါ။

ထိပ်ဆုံးကနေ အောက်ခြေအဆင့်အထိအများစုဟာ အကျင့်ပျက်ခြစားနေကြပါတယ်။ ထို့ကြောင့် တိုင်းပြည်ဘဏ္ဍာငွေတွေဟာ ဆီးသီးဗန်းမှောက်သလိုပဲ ဟိုလူတစ်ဆုပ် ဒီလူတစ်ဆုပ်နဲ့ဝိုင်းယူလိုက်ကြတော့အပေါ်ကတစ်သိန်းချပေးလိုက်ရင် အဆင့်ဆင့်စားလိုက်ကြတာ အောက်ဆုံးရောက်တော့ တစ်ထောင်လောက်ပဲကျန်ပါတော့တယ်။ အကျင့်ပျက်ခြစားမှုရှိမရှိဆိုတာ ဒီနေ့မြန်မာနိုင်ငံရဲ့ ထိပ်ပိုင်းခေါင်းဆောင်များရဲ့ သူတို့ပိုင်ဆိုင်မှုစည်းစိမ်များကို ကိုစစ်ဆေးကြည့်လိုက်ပါ။ သူတို့ရရှိတဲ့ လစာနဲ့သူတို့ပိုင်ဆိုင်မှုတွေ ချိန်ထိုးကြည့်တာနဲ့ အရှင်းကြီးတွေမြင်ရမှာပါ။

မြန်မာနိုင်ငံရဲ့ဝန်ကြီးတွေအားလုံး ယနေ့ထိတစ်ကျပ်တစ်ပြားမှလာဘ်မစားဖူးဘဲ တိုင်းပြည်နဲ့ပြည်သူအတွက်စေတနာသတ်သတ်နဲ့ တာဝန်ထမ်းဆောင်နေပါတယ်ဆိုတဲ့ ဝန်ကြီးရှိရင် ကျွန်တော့်ဆီခေါ်ခဲ့ပါ။ ဂျာနယ်မှာမျက်နှာဖုံးတင်ပြီး တိုင်းသိပြည်သိ ဂုဏ်ပြုပေးချင်ပါတယ်။ တကယ်ပြောတာပါ။ ရှိရင်ဆက်သွယ်လိုက်ပါ။

ထို့အတူ မြန်မာနိုင်ငံရဲ့ထိပ်တန်းခရိုနီသူဌေးတွေကိုလည်း သူတို့

ပိုင်ဆိုင်မှုတွေကို စစ်ဆေးကြည့်လိုက်ပါ။ မိမိအသိပညာ၊ အတတ်ပညာနဲ့ နည်းမှန်လမ်းမှန်ကြိုးစားပြီး ချမ်းသာလာတဲ့သူ ဘယ်နှစ်ယောက်ရှိလဲဆိုတာ။ ပြည်သူတွေက စားစရာမရှိဖြစ်နေကြတဲ့အချိန်မှာ သူတို့တွေက တိုင်းပြည်ရဲ့ပိုင်ဆိုင်မှုတွေကို မတရားရယူထားပြီး ထားစရာမရှိအောင်ချမ်းသာနေကြတာ ရှက်ရကောင်းမှန်းမသိကြပါဘူး။ သူတို့မို့လို့ မျက်နှာမပူဗျာ။ သူတို့အားလုံးသာ အရှက်တရားအကြောက်တရားရှိကြမယ်ဆိုရင် ဒီနေ့တိုင်းပြည်အခြေအနေ ဒီလောက်ထိ ဆင်းရဲစရာမရှိဘူးလို့ ပြောရဲပါတယ်။

ဒီနေ့တိုင်းပြည်ဆင်းရဲတွင်းက မရုန်းထွက်နိုင်သေးတာဟာ အာဏာရှင်နဲ့ အပေါင်းအပါခရိုနီလူတစ်စုရဲ့ အကျင့်ပျက်လာဘ်စားမှု၊ တိုင်းပြည်ပိုင်ဆိုင်မှုတွေကို မတရားရယူထားမှုတွေကလည်း အဓိကအချက်အနေနဲ့ ပါဝင်ပါတယ်။ ဘာကြောင့် ဒီအကျင့်ဆိုးကြီးက နှစ်ပေါင်းများစွာအမြစ်တွယ်နေရသလဲဆိုတော့ ကိုယ်တိုင်လုပ်နေတဲ့သူတွေကလည်း ရှက်ရကြောက်ရကောင်းမှန်းမသိသလို ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း လက်ခံ အားပေးနေမှုကြောင့်ပဲဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေဘာလို့ဖြစ်ပေါ်ရသလဲဆိုတော့ တိုင်းပြည်ရဲ့အခြေအနေကြောင့်ပဲဖြစ်ပါတယ်။

တိုင်းပြည်တည်ငြိမ်မှုမရှိတဲ့နိုင်ငံတစ်ခုမှာ မဟုတ်တာ မမှန်တတ်တာလုပ်တဲ့သူတွေက ရှေ့တန်းရောက်နေတတ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်လူမှန်တွေက နောက်တန်းရောက်နေတတ်ကြတာ ဓမ္မတာပါပဲ။ ဒီလို အခြေအနေဟာ အချိန်ကြာမြင့်လာတော့ လူငယ်တွေဟာ အတုမိုးမှားလာပါတော့တယ်။ မဟုတ်တာကို အဟုတ်ထင်နေကြတယ်။ အမှားကို အမှန်လို့ထင်လာကြတယ်။ ရှက်စရာကို ရှက်ရကောင်းမှန်မသိကြတော့ဘူး။ ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့လူငယ်အများစုက ပညာကိုကြိုးစားသင်ဖို့စိတ်မပါကြတော့ဘူး။ နည်းမှန်လမ်းမှန်နဲ့ ကြီးပွားတိုးတက်အောင် ကြိုးစားဖို့ထက် ခွင်တို့၊ လမ်းကြောင်းတို့ပဲရှာကြတော့တယ်။ မဟုတ်တာလုပ်နေတဲ့သူတွေကိုအားကျအထင်ကြီးလာပြီး ကိုယ်တိုင်လည်းလုပ်ဖို့ အားထုတ်လာကြပါတော့တယ်။

ဒီလိုနဲ့ပဲ မှန့်လုံးစက္ကူကပ်လုံးချာလိုက်ပြီး တိုင်းပြည်ကဖွပ်သထက်

ညစ်လာပါတော့တယ်။ အပြစ်လုပ်နေတဲ့သူတွေကလည်း ရှက်ရကောင်းမှန်းမသိတော့ တိုးတိုးပြီးမျက်နှာပြောင်တိုက် ဓိုက်နေကြတော့တယ်။ ဒီနေ့တိုင်းပြည်ရဲ့ခေါင်းဆောင်တွေ၊ ခရိုနီသူဌေးတွေရဲ့လုပ်ရပ်များ၊ ပြောစကားများဟာ ရှက်ရကြောက်ရကောင်းမှန်းကို မသိဖြစ်နေတာတွေ မြင်ရမှာပါ။ သူတို့အတွက် ရှက်နည်းသင်တန်းတောင်ပေးရမလိုဖြစ်နေပါတော့တယ်။

ကျွန်တော်တို့နိုင်ငံ ဆင်းရဲတွင်းက ရုန်းထွက်နိုင်ဖို့၊ ကမ္ဘာ့နိုင်ငံတွေအလယ်မှာ မျက်နှာပန်းလှဖို့၊ ကျွန်တော်တို့လူ့လောကပတ်ဝန်းကျင်ကောင်းမွန်ဖို့အတွက် မဟုတ်တာလုပ်တာကို ရှက်ရကြောက်ရမှန်းသိဖို့လိုအပ်သလို ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း မဟုတ်တာမမှန်တာလုပ်တာကို လက်ခံအားမပေးဘဲ ဝိုင်းကြဉ်ပေးကြရပါမယ်။ ရှက်တတ်ကြပါစေ...

၁၈.၉.၁၅ နေ့ထွက် **News Watch** ဂျာနယ်

❑




# တောင်ပြုံးပွဲလည်းနွဲကြ၊ အနော်ရထာမင်းကြီးလည်းအားနာကြ

ကျော်ကြီး(MDY)

မနေ့က နေ့လယ်ပိုင်းလောက်မှာ ဆိုင်မှာအမြဲတမ်း အထည်လုပ်နေကျ အသိတစ်ယောက် သူ့ရွှေထည်လေးပြန်လာရောင်းတယ်။ လူချင်းလည်းရင်းနှီးနေတော့ ကျွန်တော်က မဝင်းမေ ဘာအတွက်များ ငွေလိုနေလို့တုံးမေးတော့ 'တောင်ပြုံးပွဲသွားဖို့ ငွေလိုလို့ပါ ငါ့မောင်ရယ် ဒီနှစ်လုပ်ငန်းကိုင်ငန်းကလည်း သိပ်မကောင်းတော့ အဆင်မပြေပါဘူးလို့ ပြန်ဖြေပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း မဝင်းမေရယ် တောင်ပြုံးပွဲသွားဖို့အတွက်နဲ့များ ရွှေရောင်းနေရသေးတယ်။ အဆင်မပြေလည်းမသွားနဲ့ပေါ့ဗျာလို့ ပြောလိုက်တော့ 'အောင်းမလေး နှစ်စဉ်သွားပြီး ဆက်သနေတာတောင် ဒီလိုအဆင်မပြေဖြစ်နေတာ၊ မသွားရင်ဒီထက် ပိုဆိုးသွားမှာပေါ့။ မိဘတွေလက်ထက်ကတည်းက နှစ်စဉ်သွားနေကြဆိုတော့ မသွားလို့မဖြစ်

ဘူးတဲ့ ...။ ကျွန်တော့်မှာ ဘာပြန်ပြောရမှန်းမသိအောင် ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်...။ တောင်ပြေးပွဲနဲ့ပတ်သက်ပြီးတော့လည်း ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်ပါတယ်ဆိုတဲ့ ကိုယ့်နိုင်ငံရဲ့လက်ရှိ အခြေအနေနဲ့ချိန်ထိုးစဉ်းစားစရာအတွေးတွေ တသီချည်းပေါ်လာခဲ့ရတယ်။

တောင်ပြေးပွဲကို မဝင်းမေလို တစ်နိုင်ငံလုံးမှလာရောက်ဆင်နွှဲသူဟာ တစ်နှစ်တစ်နှစ် ငါးသိန်းအထက်မှာရှိတယ်လို့ သိရပါတယ်။ လူတစ်ယောက်ကို ပျမ်းမျှကုန်ကျစရိတ် ကျပ် နှစ်သောင်းကုန်ကျတယ်ဆိုရင် လူဦးရေ ငါးသိန်းဆိုရင် ကျပ်သန်းပေါင်း တစ်သောင်းလောက်က အနည်းဆုံးစရိတ်အဖြစ်သုံးလိုက်သလိုပါပဲလားလို့တွက်မိတော့ တောင်ပြေးပွဲတစ်ပွဲအတွက် သုံးလိုက်ကြတဲ့ငွေပမာဏအပေါ် တော်တော်လေး ကြက်သီးထသွားတယ်။ အေးလေ ကိုယ်ယုံကြည်ရာ ကိုယ့်ယုံကြည်မှုအတွက် လုပ်ကြတာပဲလို့ စိတ်ထဲတွေးဖြစ်လိုက်တယ်။

အဲဒီအတွေးနဲ့အတူ တစ်ဆက်တည်း ခေါင်းထဲဝင်လာတဲ့ သတင်းတစ်ခုကစောင့်ရှောက်သူမရှိတဲ့ အသက် ၇၈ နှစ် အရွယ်အငြိမ်းစားကျောင်းဆရာမကြီးနဲ့ အသက် ၈၀ အရွယ် အငြိမ်းစားဗိုလ်ကြီး မောင်နှမနှစ်ယောက်သတင်းလေးပါ။ အသက် ၇၈ နှစ်အဘွားအိုက လေဖြတ်ထားသလို မျက်စေ့လည်းမမြင်ရှာဘူး။ အစ်ကိုဖြစ်သူသေဆုံးသွားတော့ အဘွားအိုဟာ အစ်ကိုဖြစ်သူအလောင်းဘေးမှာပဲ ခွေခွေလေး အဟာရပြတ်လဲကျနေခဲ့တယ်။ အနံ့ထွက်လာလို့ ဘေးပတ်ဝန်းကျင်ကကြည့်တော့မှ အဲ့ဒီအဖြစ်ကိုသိကြရတာ။ ဆည်းဆာရိပ်ဘိုးဘွားရိပ်သာကလာပြီး အဘွားအိုကို ပြုစုစောင့်ရှောက်လိုက်တဲ့အတွက် အဘွားအိုဟာ အဟာရပြတ်သေအံ့ဆဲဆဲအခြေအနေကနေ လွတ်မြောက်ခဲ့ရတယ်တဲ့။ ဒီလိုပဲ မြောင်းမြမှာဆေးကုသစရိတ်မရှိလို့ ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတဲ့အဖြစ်ကလည်း ရှိခဲ့သေးတယ်လေ။ ဒီဖြစ်ရပ်တွေဟာ နိုင်ငံအနှံ့ဘယ်လောက်ဖြစ်နေကြသလဲ။ အဲ့ဒီလို အကူအညီမဲ့နေတဲ့ လူပေါင်းဘယ်လောက်များနေသလဲ။

ကျွန်တော်တို့နိုင်ငံဟာ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်တဲ့နိုင်ငံဖြစ်ပေမဲ့ ဘာသာတရား၊ နောက် ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်ပြီး လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် ပြုထားသောနိုင်ငံဖြစ်လို့ ကျွန်တော့်

အနေနဲ့လည်း ဘာမှပြောစရာ၊ ဝေဖန်စရာမရှိပါ။ ဒါပေမဲ့ မဝင်းမပြော သလို မရှိတဲ့ကြားက သွားကိုသွားမှရမယ်ဆိုတဲ့အသိယုံကြည်မှုလွန်ကဲတဲ့ အခြေအနေကိုတော့ သတိချပ်စဉ်းစားတာပိုကောင်းမယ်လို့ သုံးသပ်မိပါ တယ်။

ကျွန်တော်တို့အားလုံးကိုးကွယ်ယုံကြည်တဲ့ ဗုဒ္ဓဘုရားရှင် ကိုယ်တော် တိုင်က သေရည်အရက်သောက်တာမကောင်းဘူးဆိုပြီး ဟောကြားတားမြစ် ထားတယ်။ အခုက သေရည်သောက်နေတဲ့နတ်တွေကို ကိုယ်ကသွားကိုး ကွယ် ပူဇော်ပသနေတယ်။ ဒီတစ်ချက်နဲ့တင် တော်တော်လေး လုံလောက် နေပါပြီ။ ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်ယုံကြည်ပါတယ်ဆိုတဲ့ ကျွန်တော် တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ စဉ်းစားကြည့်ဖို့လိုမယ်ထင်ပါ တယ်။ ထို့ကဲ့သို့ အခြားနတ်များ၊ ဘိုးတော်ဝိဇ္ဇာတွေကို ကိုးကွယ်ခြင်းဟာ သရဏဂုံပျက်တယ်လို့လည်း ဆရာတော်ဘုရားများက ဟောကြားတားမြစ် ထားပါတယ်။

တောင်ပြုံးပွဲ သွားလို့ ကုန်ကျမယ့်ငွေတွေကို ဘာသာသာသနာ အတွက်၊ လူမှုရေးပရဟိတလုပ်ငန်းတွေ၊ အကူညီလိုအပ်နေတဲ့သူတွေ၊ ဘုရားကျောင်းကန်တွေကိုလှူဒါန်းရင် ဘုရားဟောနဲ့လည်းညီ ကိုယ့် အတွက်လည်း ဒါနဆိုတာပါသွားမှာပဲ။ မဖြစ်မနေတောင်ပြုံးသွားသလို မဖြစ်မနေ သီလဆောက်တည်ရင် သီလလည်းထပ်ရသွားမှာပဲ။ ဆိုလိုတာ က အသုံးတည့်စေချင်တာပါ။ အဟာရပြတ်လပ်တဲ့သူ၊ ဆေးမကုနိုင်တဲ့သူ တွေကို လှူလိုက်ရတဲ့ကုသိုလ်ဟာ ဘယ်လောက်များလိုက်မလဲဆိုပြီး တွေးကြည့်စေချင်ရုံလေးပါ။

မြန်မာနိုင်ငံမှာ ငတ်သေတဲ့မသာမရှိပါဘူးလို့ ပြောနေကြပေမဲ့ ဆေးကုသစရိတ်မတတ်နိုင်လို့၊ အိမ်လစရိတ်အစားအသောက်စရိတ်တွေ မတတ်နိုင်လို့ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့ မသာတွေကတော့ရှိနေပါပြီ။ ဆင်းရဲမွဲတေလို့ကျောင်းမတက်နိုင်ဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်ပြီး အလုပ်လုပ်နေရတဲ့ကလေးလုပ်သားတွေ၊ စစ်ဘေးကြောင့် အခုချိန့်ထိ အိမ်မပြန်နိုင်သေးဘဲ ဒုက္ခသည်စခန်းမှာ ဒုက္ခရောက်နေတဲ့ တိုင်းရင်းသား မောင်နှမတွေ၊ မိဘမဲ့ပရဟိတကျောင်းတွေ၊ နေဖို့ကျောတစ်ခင်းစာ အသက်

ရှင်ဖို့အတွက်ထမင်းတစ်လုပ်စားရဖို့ ပင်ပန်းဆင်းရဲကြီးစွာ လှုပ်ရှားရုန်းကန်နေရတဲ့ပြည်သူတွေအများကြီးပါ။

ယခုတောင်ပြုံးပွဲသွားကြတဲ့သူတွေ အိမ်ကဘုရားကို မနက်တိုင်း ရှိခိုးဖြစ်၊ ဆွမ်းတော်တင်ဖြစ်သလား ...။ အိမ်ရှေ့နေ့စဉ်ကြွတဲ့ သံဃာတော်တွေကိုနေ့တိုင်းဆွမ်းလောင်းဖြစ်လား တွေးကြည့်မိပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေဟာ တနင်္ဂနွေနေ့တိုင်း ချာ့ချ်ကျောင်းတက်ကြပါတယ်။ အစ္စလာမ်ဘာသာဝင်တွေဟာ သောကြာနေ့တိုင်း ဗလီတက်ကြပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက အစုဝါတွင်းသုံးလတောင် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကြသလားဆိုတာ နှိုင်းယှဉ်စဉ်းစားစေချင်ပါတယ်။ အမျိုးဘာသာထိန်းသိမ်းစောင့်ရှောက်ရေးဆိုပြီး ကြွေးကြော်ကာ မရောင်ရာဆီလူးတာလွဲဆဲပင်ကောင်းနေရင် အနာဂတ်ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအတွက်ရင်လေးစရာပဲဖြစ်ပါတယ်။

တောင်ပြုံးပွဲသွားတဲ့ကားတွေမှာ သာသနာ့အလံတပ်ထားတာတွေ၊ ဆရာတော်သံဃာတော်များက ကားခေါင်းခန်းမှာ မိန့်မိန့်ကြီးထိုင် ဒကာ၊ ဒကာမတွေကို တင်ပြီးတောင်ပြုံးနတ်ပွဲသွားနေကြတာတွေဟာ ထေရဝါဒအမြင်နဲ့ကြည့်ရင် အင်မတန်အကြည့်ရဆိုးတဲ့ မြင်ကွင်းတွေပဲ ဖြစ်ပါတယ်။

နတ်ကိုယုံကြည်ကိုးကွယ်တဲ့လူတွေကိုကြည့်ရင် အလိုကြီးသူ၊ အကြောက်ကြီးသူ၊စဉ်းစားဆင်ခြင်ဉာဏ်နည်းပါးသူတွေများပါတယ်။ အထက်ပါ လူတန်းစားများကိုအခြေခံထား၍ နတ်များ၊ နတ်ကတော်များကြီးထွားရှင်သန်နေကြတာပါ။ တောင်ပြုံးနတ်ပွဲမှာ ရွှေဖျင်းကြီး၊ ရွှေဖျင်းလေး နတ်ညီနောင်ရဲ့ အုတ်နှစ်ချပ်လပ်ဘုရားရဲ့ ဂေါပကအဖွဲ့မှာပါတဲ့ လူတစ်ယောက်က... သူ့မှာ သားသမီး ၆ ယောက်ရှိပါတယ်တဲ့၊ တစ်နှစ်တစ်နှစ် တောင်ပြုံး နတ်ပွဲကနေရတဲ့ ဝင်ငွေကမိသားစုအားလုံး ၈ ယောက်အလုပ်လုပ်စရာမလိုဘဲ ထိုင်စားလို့ရတယ်၊ လောက်တယ်လို့မိတ်ဆွေတစ်ယောက် ပြောပြဖူးပါတယ်။ တောင်ပြုံးနတ်ပွဲကိုအကြောင်းပြုပြီး ဘယ်သူတွေ အကျိုးအမြတ်ရှိသလဲဆိုတာ စဉ်းစားတွေးခေါ်ကြည့်စေချင်ပါတယ်။ တောင်ပြုံးပွဲမှာ အတို့ခံအထိခံအပြောခံကြ၊ ခါးပိုက်နှိုက်ခံကြ၊ မူးကြရူးကြ၊ ယာဉ်မတော်တဆမှုတွေဖြစ်လို့၊ ခိုက်ရန်ဖြစ်ပွားလို့ အသက်

သေဆုံးရတာတွေလည်း နှစ်စဉ်ဖြစ်ပွားပါတယ်။ NGO အဖွဲ့အစည်းတွေက ကွန်ဒုံးတွေကို ဆောင်ချီသောင်းချီဝေရတဲ့ ပွဲတော်ကြီးလည်းဖြစ်သဗျာ။

ဒီလိုပွဲတော်ကြီးကို အစိုးရမင်းများကလည်း အားပေးချီးမြှောက်တယ်။ မီဒီယာသမားများကလည်း တာဝန်ကျေပွန်စွာ တခမ်းတနားဖော်ပြပေးကြပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်မှာ တရားပွဲကျင်းပဖို့အတွက် အဆင့်ဆင့်ခွင့်ပြုချက်တင်ရပါတယ်။ တရားပွဲတွေကျင်းပခွင့်အပိတ်ခံရ၊ တရားဟောဆရာတော်များ တရားဟောကြားခွင့်အပိတ်ခံရပေမဲ့ နတ်ပွဲတွေကို နိုင်ငံနဲ့အဝန်း စည်စည်ကားကားကျင်းပဖို့ အစိုးရမင်းများက အားတက်သရောအားပေးချီးမြှောက်ဆောင်ရွက်တယ်။ ပြည်သူများကလည်း အားရဝမ်းသာပါဝင်ဆင်နွှဲကြပါတယ်။ အားလုံးလက်တွဲညီတဲ့ပွဲတော်ကြီးလို့တောင်ပြောလို့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ထေရဝါဒဗုဒ္ဓဘာသာကိုအုတ်မြစ်ချပေးခဲ့သူ၊ သာသနာတော်ကြီး သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပေးခဲ့သူ ကျေးဇူးရှင်အနော်ရထာမင်းကြီးရဲ့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးဟာ အခုအချိန်မှာ အရောင်မျိုးစုံအဆိုးခံနေရတာကို ဝမ်းနည်းဖွယ်တွေမြင်နေရပါတယ်...။ ဒီတောင်ပြုံးနတ်ပွဲနဲ့ပတ်သက်ပြီး ဒီနေ့ထိ သမိုင်းအမှန်ကို ဘယ်သူမှမပြောနိုင်ကြသေးပါဘူး။

ကျွန်တော်ကတော့ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် ထေရဝါဒလမ်းကြောင်းနဲ့ မကိုက်ညီတာလေးတွေကို စဉ်းစားတွေးခေါ်သုံးသပ်နိုင်စေဖို့ အမှန်းခံပြီး ရေးလိုက်ရပါတယ်။ တိုင်းသူ ပြည်သားအများစုက ဆင်းရဲတွင်းနက်နေချိန်၊ ဒုက္ခရောက်နေလို့အကူအညီမဲ့သူတွေများနေတဲ့အချိန် နတ်ပွဲတွေအတွက် နှစ်တိုင်း ကျပ်သန်းပေါင်းသောင်းနဲ့ချီ အကုန်ခံပြီး စည်စည်ကားကားကျင်းပနေတာတွေမြင်တိုင်း ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားအောင် သန့်ရှင်းစင်ကြယ်အောင် လုပ်ခဲ့တဲ့ အနော်ရထာမင်းကြီးကို အားနာနေမိတယ်ဗျာ...

၈ . ၈ .၁၄ နေ့ထုတ် News Watch ဂျာနယ်

❑




# မင်းတုန်းမင်းတည်ခဲ့တဲ့မြို့ မင်းတုံးမင်းတို့ဖျက်ကြပြီလား

ကျော်ကြီး(MDY)

•

'မင်းတုန်းမင်းတည်ခဲ့တဲ့မြို့...မင်းတုံးမင်းတို့ဖျက်ကြပြီလား'

ကျွန်တော်တို့ မန္တလေးမြို့ကို ပဌမသံဃာယနာတင်ခဲ့တဲ့ သာသနာပြု မင်းတစ်ပါးဖြစ်တဲ့ မင်းတုန်းမင်းဘုရင်ဟာ မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်မှာ သူနှင့် သူရဲ့တိုင်းသူပြည်သားတွေ နေထိုင်ဖို့အတွက် ရတနာပုံမြို့သစ်နှင့် မြနန်းစံကျော်ရွှေနန်းတော်ဆိုပြီး နန်းတော်ကြီးကို တည်ဆောက် စံမြန်းနေထိုင်ခဲ့ပါတယ်။ ထိုနန်းတော်ကြီးမှာပဲ မင်းတုန်းဘုရင်ဟာ နောက်ဆုံးနတ်ရွာစံတဲ့အထိ နေထိုင်စံမြန်းတော်မူသွားခဲ့ပါတယ်။

မန္တလေးမြို့ဆိုတာက မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင်မင်းဆက်အဆုံးသတ်ခဲ့တဲ့ မင်းနေပြည်တော်မြို့ဖြစ်ခဲ့တာနဲ့အညီ သမိုင်းဝင်ယဉ်ကျေးမှုအဆောက်အဦတွေ၊ လည်ပတ်စရာနေရာတွေ၊ အနားယူအပန်းဖြေစရာ

ဥယျာဉ်တွေ၊ ပွဲလမ်းသဘင်တွေကျင်းပတဲ့ လူထုကွင်းတွေ အလွန်ပေါများတဲ့ မြို့တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့ ယနေ့အချိန်အခါမှာတော့ သမိုင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အဦတွေ၊ မြို့နေလူထုအနားယူအပန်းဖြေစရာ ဥယျာဉ်တွေ၊ လူထုကွင်းကျယ်တွေဟာ သမိုင်းကိုမသိ၊ သမိုင်းကိုတန်ဖိုးမထား၊ မြို့နေလူထုအတွက်မကြည့်တဲ့ ခေတ်အဆက်ဆက် မြို့အုပ်ချုပ်သူအာဏာပိုင်များရဲ့ကိုယ်ကျိုးစီးပွားအတ္တမကင်းတဲ့ လုပ်ရပ်တွေကြောင့် ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်အတော်များများ ဖျက်ဆီးခံလိုက်ရသလို လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစတဲ့ အခြားကဏ္ဍများမှာလည်း ယိုယွင်းပျက်စီးနေပါပြီ။ မြန်မာ့ယဉ်ကျေးမှုမြို့တော်ကြီးဟာ အလုံးစုံပျက်စီးကိန်းဆိုက်နေပါပြီ။

ပြီးခဲ့တဲ့ရက်က မန္တလေးရောက်တုန်း ၆၂ လမ်းဘက်ဖြတ်တော့ ငယ်ငယ်ကကစားခဲ့တဲ့ မနော်ရမ္မ ဥယျာဉ်ကြီးကို သတိထားကြည့်မိတော့ ဥယျာဉ်ထဲမှာ မြေသယ်ကားတွေနဲ့ အလုပ်သမားတွေ အလုပ်လုပ်နေတာ တွေ့တာနဲ့ ဘာများလုပ်နေကြတာလဲဆိုပြီး ကားရပ်ပြီးဆင်းကြည့်မိပါတယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းက ရင်ဝဆောင့်အကန်ခံလိုက်ရသလို ခံစားလိုက်ရပါတယ်။ မနော်ရမ္မဥယျာဉ်ကြီးကို ကိုယ်ကျိုးစီးပွားအတွက် လုပ်ငန်းလုပ်မယ့်သူတွေက အမဲဖျက်သလိုအပိုင်းပိုင်းဖျက်ပြီး လုပ်နေကြတာ မြင်မကောင်းအောင်ပါဘဲ။ မနော်ရမ္မထဲမှာရှိတဲ့ တောင်မြောက်ရေမြောင်းအကျယ်ကြီးကို ဥယျာဉ်မြေနေရာကို ငှားရမ်းပြီး ကစားကွင်းဖွင့်လှစ်ထားတဲ့ ကုမ္ပဏီက ရေကန်ထဲအထိဆင်းပြီး အုပ်ရိုးတာဘောင်တွေလုပ်၊ မြေတွေဖို့ပြီး မြေနေရာထပ်ချဲ့ပြီး ဘောင်ကျော်လုပ်နေတာတွေမြင်ရပါတယ်။ မြောက်ဘက်အခြမ်းကြည့်လိုက်တော့ ရေမြောင်းကြီးကို အပေါ်ကနေပြီး ကွန်ကရစ်ပြင်ကျယ်ကြီးလောင်းထားတာကိုတွေ့ရသလို အဆောက်အအုံတွေဆောက်ဖို့လုပ်နေကြတာတွေမြင်ရပါတယ်။ မနော်ရမ္မဥယျာဉ်ဆိုတာ အရင်က ရေကန်အကျယ်ကြီးနဲ့ အုန်းပင်တွေ၊ ပန်းပင်တွေနဲ့ စိမ်းစိုသာယာလှပပါတယ်။ ကျုံးအသေးစားလေးနဲ့တောင်ဆင်တူပါတယ်။ ခုတော့ ရေကန်ကျယ်ကြီးဘဝကနေ သာမန်ရေဆိုးထုတ်မြောင်းကျဉ်းဘဝ ရောက်ရှိပါ

တော့မယ်။

ဉယျာဉ်တောင်ဘက်ထိပ်မှာဆိုရင် လမ်း ၈၀၊ ၂၆လမ်းထောင့်က ပြောင်းရွှေ့လိုက်တဲ့ ဗိုလ်ချုပ်ကြေးရုပ်တို့ရှိခဲ့ပါတယ်။ ခုတော့ အခမေး ဂိမ်းကစားကွင်းအဖြစ် ငှားလိုက်တော့ ဗိုလ်ချုပ်ကြေးရုပ်လည်း ထပ်မံ ပြောင်းရွှေ့ခံလိုက်ရပြန်ပါပြီ။

ဒီမနော်ရမ္မ ဉယျာဉ်ကြီးဆိုတာ မြို့တည် မင်းတုန်းဘုရင်လက် ထက်မှာ မြို့သူမြို့သားတွေ အနားယူအပန်းဖြေဖို့အတွက် ရည်ရွယ်တည် ဆောက်ခဲ့တဲ့ ဉယျာဉ်တော် ၂၀ ထဲက ဉယျာဉ်တစ်ခုဖြစ်ပါတယ်။

မန်းလေးမြို့ရဲ့တစ်ခုတည်းသောကျန်ရှိတဲ့ သမိုင်းဝင်ဉယျာဉ်တစ်ခု လည်းဖြစ်ပါတယ်။ အခုတော့ သမိုင်းကိုတန်ဖိုးမထား၊ နားမလည်တဲ့ မြို့တော်စည်ပင်ကလူကြီးမင်းများနဲ့ စီးပွားရေးလုပ်ငန်းရှင်တို့ပူးပေါင်းပြီး စီးပွားဖြစ်လုပ်နေကြတာတွေတော့ ရင်နာလို့မဆုံးပါဘူး။ ၁၉၈၈ စစ် အာဏာရှင်လက်ထက်နောက်ပိုင်း မြို့ကိုအုပ်ချုပ်တာဝန်ယူခဲ့သူ အဆက် ဆက်က မြို့နေလူထုရဲ့သဘောဆန္ဒကို အလေးမထားဘဲ ကိုယ်ကျိုးစီးပွား အတ္တကြီးစွာလုပ်ခဲ့ကြလို့ ယနေ့အချိန်အခါမှာ မန္တလေးမြို့ကြီးဟာ နန်းမဆန် မန်းလည်းမဆန်တော့ပါဘူး။ အရင်က ယဉ်ကျေးမှုမြို့တော်ကြီး၊ စိမ်းစိုသာယာတဲ့ ဉယျာဉ်မြို့တော်ကြီးလို့ တင်စားခဲ့တဲ့ မန္တလေးမြို့ကြီးဟာ အခုဆိုရင် ပူပြင်းခြောက်သွေ့တဲ့ ကွန်ကရစ်ဖုန်းဆိုးတောကြီးဖြစ်လို့နေပါပြီ။ ခေတ်အဆက်ဆက် အုပ်ချုပ်သူအာဏာပိုင်တွေဟာ မန္တလေးမြို့ကြီးကိုမိမိ ကိုယ်ကျိုးနဲ့ ကိုယ်နဲ့နီးစပ်တဲ့ လုပ်ငန်းရှင်တစ်သိုက်ကောင်းစားရေးအတွက် ကိုပဲကြည့်ပြီး ဘယ်လိုလုပ်ခဲ့သလဲဆိုတာ အများကြီးထဲကမှ အနည်း အကျဉ်းပြောပြချင်ပါတယ်။

အရင်တုန်းက မန္တလေး တောင်ခြေ ကျုံးမြောက်ဘက်မှာ ရဟန်း ရှင်လူ၊ မြို့ခံလူထုတွေ စုဝေး ပေါင်းစုံလေ့ရှိတဲ့ မန်းရာပြည့်ကွင်းကြီး ဆိုပြီး ရှိပါတယ်။ အဲဒီကွင်းထဲမှာ ပြည်ထောင်စုနေ့လို လူထု အစည်းအဝေးပွဲတွေ၊ လွတ်လပ်ရေးပွဲတွေ ချိမ့်ချိမ့်သဲသဲ ကျင်းပကြပါတယ်။ မန္တလေးမှာ ဘာပွဲလမ်းသဘင်လုပ်လုပ် အဲဒီ ကွင်းကြီးထဲမှာပဲ ကျင်းပခဲ့ပါတယ်။ မန္တလေးရဲ့ ပြည်သူ့ရင်ပြင်ကြီးလို့တောင် ပြောလို့ ရပါတယ်။ စစ်အနီးရ

လက်ထက် ၁၉၉၀ ခုနှစ်မှာတော့ အဲဒီ မန်းရာပြည့် ကွင်းကြီးကို အစိုးရက ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အဖြစ် ပြောင်းလဲခဲ့လို့ မန်းရာပြည့်ကွင်းကြီး ပျောက်ကွယ်ခဲ့ရပါတယ်။ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အဖြစ် ပြောင်းလဲခဲ့ပေမဲ့လည်း မြို့နေလူထုအတွက် အပန်းဖြေအနားယူနိုင်တဲ့နေရာ အစစ်အမှန်မဖြစ်ခဲ့ပါဘူး။

၁၉၅၄ခုနှစ်က စတင် တည်ထောင်ခဲ့တဲ့ မန္တလေးမြို့ရဲ့ နာမည်ကြီး အနားယူအပန်းဖြေစခန်း တစ်ခုဖြစ်တဲ့ မန်းသီတာ ဥယျာဉ်ဟာလည်း ၁၉၉၃ ခုနှစ်မှာ ကျုံးကြီး ပြန်လည် တူးဖော်ပြုပြင်တာကနေ ဖျက်သိမ်းပစ်ခဲ့လိုက်ပါတယ်။

နန်းတွင်းထဲမှာရှိတဲ့ မြိုင်ပေါဝန် ဥယျာဉ်၊ မြနန်းစံကျော် ရွှေနန်းတော်များဟာလည်း လုံခြုံရေးအကြောင်းပြပြီး နန်းတွင်းကို အများပြည်သူ ဝင်ထွက်ခွင့်တင်းကြပ်လိုက်လို့ နန်းတွင်းဟာ မြို့နေလူထုနဲ့ မသက်ဆိုင်တဲ့နေရာတစ်ခုဖြစ်ခဲ့ပါတယ်။ ခုထိလည်း နန်းတွင်းကို စစ်တပ်တွေ တပ်စွဲပြီး သိမ်းထားဆဲဖြစ်ပါတယ်။ မင်းတုန်းမင်းတည်ခဲ့တဲ့မြို့ဟာ ယနေ့အချိန်အခါမှာတော့ မြို့ကိုတိုင်းတစ်ပါးသား တရုတ်တွေကသိမ်း၊ နန်းတော်ကိုစစ်တပ်ကသိမ်းနဲ့ မင်းတုန်းဘုရင်များ မြင်ရင် ဘယ်လောက်များ ရင်ထုမနာဖြစ်လိုက်မလဲလို့ တောင်တွေးမိပါတယ်။

ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံတွေဖြစ်တဲ့ မန္တလေးဈေးချိုတော်နဲ့ မန္တလေးဘူတာကြီး အပါအဝင် သမိုင်းဝင်အဆောက်အအုံတွေကိုလည်း မြို့ပြခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုပြီးအကြောင်းပြ မူလရှေးဟောင်းလက်ရာတွေကို ဖျက်ဆီးပြောင်းလဲကြတယ်။

မန္တလေးမြို့ပြဖွံ့ဖြိုးလာတော့ ၃၅ လမ်းပေါ်က ဂေါယာသချိုင်းနဲ့ ခရစ်ယာန်သချိုင်း၊ သိပ္ပံလမ်းနဲ့ ရန်ကုန်–မန္တလေးလမ်းထောင့်မှာရှိတဲ့ ဆင်ဖြူကန်သချိုင်းတွေကို ဖျက်သိမ်းပြီး မြို့ပြင်ထုတ်ခဲ့ပါတယ်။

ပထမပိုင်းတော့ ဂေါယာသချိုင်းနေရာကို မန်းမန္တလာဥယျာဉ်အဖြစ် လုပ်ပေးခဲ့ပေမဲ့ နောက်ပိုင်းမှာ ထိုမြေနေရာကွက်လပ်ကို အကွက်ရိုက်လုံးချင်းအိမ်ရာတွေဆောက်ပြီးရောင်းစားခဲ့ကြတာ တစ်မြို့လုံးအသိ ဖြစ်ပါတယ်။

ဆင်ဖြူကန်သချိုင်းကွင်းကြီးကိုတော့ ပွဲလမ်းသဘင်တွေ ကျင်းပရာ

နေရာအဖြစ် ပြုလုပ်ခဲ့ပါတယ်။ အဲဒီကွင်းထဲမှာပဲ အထက် မြန်မာပြည် နွားလှည်းနဲ့နွားအလှပြိုင်ပွဲ၊ ပန်းဆယ်မျိုး ပြပွဲ ပြိုင်ပွဲတွေ၊ သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲတွေစတဲ့ ပွဲလမ်းသဘင် အခမ်းအနားတွေကို ခမ်းခမ်း နားနား ကျင်းပခဲ့ကြတာပါ။

မန်းရာပြည့်ကွင်းကြီးမရှိတော့တဲ့ နောက်ပိုင်း ဆင်ဖြူကန်ကွင်းဟာ မန္တလေးမြို့ရဲ့ လူထုကွင်းပြင်ကြီးဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကစပြီး ဆင်ဖြူကန် ကွင်းကြီးအား မန္တလေးစည်ပင်က စီးပွားရေးလုပ်ငန်းရှင်တွေကို အပိုင်းပိုင်းဖျက်ပြီးငှားရမ်းခဲ့လို့ စင်တင် တေးဂီတတွေဆိုင်တွေဖွင့်၊ စားသောက်ဆိုင်တွေဖွင့်၊ ဂေါက်သီး လေ့ကျင့် ရေးကွင်းတွေ၊ ကားမောင်းသင်ကွင်းတွေ အဖြစ်ပြောင်းလဲခဲ့ပါတယ်။

ယနေ့ထိ ငှားရမ်းထားဆဲလည်းဖြစ်ပါတယ်။ ဘယ်လိုငှားရမ်းထား တယ်။ ဘယ်ဈေးနှုန်းနဲ့ငှားရမ်းထားတယ်၊ ဘယ်နှစ်နှစ်ငှားထားတယ် ဆိုတာ မြို့ခံပြည်သူတွေမသိရှိရပါဘူး။

နာမည်ကြီးကမ္ဘာကျော် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်တဲ့ နွေမိုး ဆောင်းသုံးပန်လှတဲ့ တောင်သမန်အင်းနဲ့ ဦးပိန်တံတားဟာလည်း တစ်နှစ် ပတ်လုံး ရေအမြဲရှိတဲ့ ငါးမွေးကန်ကြီးပြုလုပ်လိုက်ကြသလို မျက်စီးသွားတဲ့ အခန်းတွေနေရာမှာလည်း ကွန်ကရစ်တိုင်တွေနဲ့အစားထိုးလိုက်လို့ အင်မ တန်ရုပ်ဆိုး အကျည်းတန်သွားခဲ့ပါတယ်။

အသစ်ဖော်ထုတ်ခဲ့တဲ့ မန္တလေးကန်တော်ကြီးဟာလည်း ကန်ထဲမှာ ငါးမွေးမြူရေးလုပ်ငန်းတွေလုပ်ကြ၊ စင်တင် တေးဂီတတွေ၊ ကာရာအိုကေ ဆိုင်တွေ၊ စားသောက်ဆိုင်တွေ ဖွင့်လှစ်ခဲ့တာကြောင့် လူအများစုဖြစ်တဲ့ အခြေခံလူတန်းစား မြို့နေလူထုအတွက် အပန်းဖြေ စရာနေရာ မဖြစ်ခဲ့ဘဲ လူကုံထံတွေအတွက် ပျော်ရွှင်အပန်းဖြေစရာ နေရာတစ်ခု ဖြစ်ခဲ့ပါတယ်။

မန္တလေးအာဏာပိုင်အဖွဲ့အစည်းတွေဟာ စီမံကိန်းများ၊ လုပ်ငန်းများ လုပ်ဆောင်တဲ့အခါမှာ မြို့နေလူထုသဘောထားကို အလေးထားမေးမြန်း ခြင်း၊ ပွင့်လင်းမြင်သာမှုရှိစွာချပြခြင်း လုံးဝမရှိသလောက်တွေ့ရပါတယ်။

ယခုအသစ်တည်ဆောက်ထားတဲ့ သိပ္ပံလမ်းတောင်ဘက်မှာရှိတဲ့ မင်္ဂလာ မန္တလေးမြို့တော် စီမံကိန်းဟာလည်း ပွင့်လင်းမြင်သာမှုလုံးဝမရှိခဲ့ပါဘူး။

မန်းလေးစည်ပင်သာယာက မြေနေရာရိုက်ပြီး နယူးစတားလိုက် ကုမ္ပဏီကငွေထုတ်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်တယ်လို့ သိရှိရပါတယ်။ ဘယ်လိုအကျိုးတူပူးပေါင်းဆောင်ရွက်တာလဲ၊ အကျိုးအမြတ်ဘယ်လိုခွဲယူတာလဲစတဲ့ စာချုပ်ပါအချက်အလက်များကို ယနေ့ထိ ပြည်သူကို ချပြတာလုံးဝမရှိပါဘူး။

လွှတ်တော်ရဲ့ တင်ပြဆုံးဖြတ်ချက်ယူခဲ့သလားဆိုတာလည်း မသိရှိရပါဘူး။ ဒီလောက်ကြီးမားတဲ့စီမံကိန်းကို ပွင့်လင်းမြင်သာစွာမလုပ်ခဲ့တာ အံ့သြစရာ ကောင်းလွန်းလှပါတယ်။ အဂတိတရားကင်းကင်းရှင်းရှင်းနဲ့ မှန်ကန်စွာဆောင်ရွက်ခဲ့တယ်ဆိုရင် ပြည်သူကို အသိပေးချမပြရဲစရာ လုံးဝမရှိဘူးလို့ပြောချင်ပါတယ်။

ထိုမင်္ဂလာမန္တလေးမြို့တော်စီမံကိန်းဟာလည်း အခြေခံမြို့သူမြို့သား တွေအတွက်တော့မဟုတ်ခဲ့ပါဘူး။ ဘာဖြစ်လို့တုံးဆိုတော့ တိုက်ခန်း တစ်ခန်းကို သိန်းထောင်ချီတန်တဲ့အတွက် လူလက်တန်းစားတွေနဲ့ အခြေခံ လူတန်းစားတွေအတွက် အနားတောင်မသီနိုင်ပါဘူး။ ဘယ်သူတွေအတွက် ဖြစ်ခဲ့လဲဆိုတော့ အားလုံးသိကြတဲ့အတိုင်း ပေါက်ဖော်ကြီးတို့အတွက်ပဲ ဖြစ်ခဲ့ရပါတယ်။ ဒီတစ်ချက်ကို ကြည့်ခြင်းအားဖြင့် မန္တလေးမြို့ကို တရုတ်တွေဘယ်လိုလွှမ်းမိုးသွားတယ်ဆိုတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဖြေကတော့ဒါပါပဲ။ ရှိသမျှနေရာလွတ်တွေကို အိမ်ရာ၊ တိုက်ခန်းတွေဆောက်ပြီးရောင်းချခဲ့လိုက်တော့ ဘယ်ကရလာတဲ့မှန်း မသိတဲ့ငွေတွေနဲ့ ချမ်းသာလာတဲ့ တရုတ်လက်တွေလက်ရောက်ရှိသွားခဲ့တာ ပါပဲ။ ဒါဟာ မန္တလေးမြို့ကို တရုတ်တွေလွှမ်းမိုးဝါးမျိုသွားတာတွေရဲ့ အဓိကအချက်တွေပါပဲ။

မင်္ဂလာမန္တလေးစီမံကိန်း ဘေးကပ်လျက်မှာရှိတဲ့ သိပ္ပံလမ်းထောင့်က မြေကွက်လပ်ကိုလည်း ဂရိတ်ဝေါကုမ္ပဏီက ယူကလစ်ပင်၊ ကြံပင်၊ ငှက်ပျောပင်စတဲ့ အပင်များစိုက်ပြီး ကြိုဖျာခင်းထားတာတွေ့ရပါတယ်။ ငှာရမ်းထားတာလား၊ရောင်းချလိုက်တာလား ဘာလားဆိုတာတော့လုံးဝ မသိရှိရပါဘူး။ နောက်ပြီး သိပ္ပံလမ်းနဲ့ ဗိုလ်ချုပ်ရွာကြားမှာရှိတဲ့ မြေကွက်လပ်နေရာမှာလည်း စီမံကိန်းကြီးကြီးမားမား ဆောင်ရွက်နေတာ တွေ့ရပါတယ်။

ဘာဆိုင်းဘုတ်မှတပ်ထားတာမတွေ့ရပါဘူး။ ကွန်ဗက်ရှင်းစင်တာ ဆောက်နေတာလို့တော့ အများပြောသံအရသိရှိရပါတယ်။ ဒီစီမံကိန်း ဆောင်ရွက်တဲ့နေရာမှာလည်း ဘယ်လိုတင်ဒါခေါ်ယူတယ်၊ ဘယ်ကုမ္ပဏီ ကလုပ်ပိုင်ခွင့်ရသွားတယ်။

ဘယ်လောက်အကုန်အကျခံလုပ်မယ်စတာတွေကို လုံးဝထုတ်ဖော်မပြော တာတွေ့ရပါတယ်။

အဲ့စီမံကိန်းမှာ အံ့ဩစရာတွေ့ရတာတစ်ခုကတော့ ဓာတ်ပုံမရိုက်ရဆို ပြီးတားမြစ်ထားတဲ့ ဆိုင်းဘုတ်ပါပဲ။ ဒါကိုကြည့်ခြင်းအားဖြင့် ဘယ် လောက်ပွင့်လင်းမြင်သာမှုရှိမရှိဆိုတာ တွေ့မြင်ရမှာဖြစ်ပါတယ်။

အထက်ပါဖြစ်စဉ်တွေကိုကြည့်ရင် ခေတ်အဆက်ဆက် မန်းလေးမြို့ အုပ်ချုပ်သူအာဏာပိုင်တွေဟာ ခရိုနီစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး မှန်သလားမှားသလား၊ မည်းသလားဖြူသလား၊ တရားသလား မတရား သလား မန္တလေးမြို့သူမြို့သားတွေ မသိရဘဲ မန်းလေးမြို့ကို လိုသလိုပုံ ဖျက်ခဲ့ကြတာ အထင်းသားတွေမြင်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တစ်ခုပြောချင်တာတစ်ခုက မန္တလေးမြို့ကို အုပ်ချုပ်တဲ့လူကြီးမင်းများ တရားနည်းလမ်းတကျ မှန်ကန်စွာလုပ်တာ ဟုတ်မဟုတ် မြို့ကလူထုက မသိရဘဲ လုပ်ချင်သလို လုပ်ခွင့်ရနေခြင်းဟာ ကျွန်တော်တို့ မီဒီယာသမားတွေရဲ့ဖော်ထုတ်ထောက်ပြနိုင်မှု၊ မန္တလေးမြို့ရဲ့ နိုင်ငံရေးသမားတွေ၊ ပြည်သူကိုကိုယ်စားပြုပါတယ်ဆိုတဲ့ လွှတ်တော်ကိုယ် စားလှယ်များ အဖွဲ့အစည်းအသီးသီးရဲ့ အားနည်းချက်၊ လိုအပ်ချက်များ ကြောင့်လို့ပြောချင်ပါတယ်။


ဘဝရှင်မင်းတရား မင်းတုန်းမင်းတည်ခဲ့တဲ့ မန္တလေးမြို့ကြီး ကမ္ဘာ တည်သရွေ့ထာဝရတည်တံ့နိုင်ဖို့၊ မြန်မာ့ယဉ်ကျေးမှုနောက်ဆုံးခံတပ်ကြီး မပြိုလဲသွားရေး၊ မင်းတုန်းမင်းတည်ခဲ့တဲ့နန်းမြို့ဟာ မင်းတုံးမင်းများ လက်အောက်ရောက်မှ ဖျက်ဆီးခံရတဲ့အခြေအနေကနေ ကာကွယ်နိုင်ရေး၊ တိုင်းတစ်ပါးသားတို့ရဲ့ လွှမ်းမိုးဝါးမျိုသွားခြင်းမှ ကာကွယ်ရေးအတွက် မင်းတုန်းမင်းရဲ့ ပြည်သူပြည်သားတွေဖြစ်တဲ့ မန္တလေးသားတွေမှာ သမိုင်း ပေးတာဝန်အနေနဲ့ လုံးဝတာဝန်ရှိနေပါတယ်။ မန္တလေးအနာဂတ်ကို

မန္တလေးသားတွေပဲထုဆစ်ကြမယ်လို့ ရင်ဝယ်ပိုက်ပြီး ယနေ့ကစလို့ အားလုံး ညီညွတ်စွာ ကြိုးစားကြဖို့လိုအပ်ပါပြီ...

၂.၁၂.၁၄ ရက်နေ့ထွက် Tomorrow ဂျာနယ်မှာ

❑

CRONY AND FREE MARKET CAPITALISM




# အိမ်မရှိသောလူနှင့် လူမရှိသောအိမ်များ

ကျော်ကြီး(MDY)

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာ့ဘဏ်ကနောက်ဆုံးထုတ်ပြန်သည့် စာရင်းအရ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများထဲမှာ အဆင့် ၁၂ ရှိတ်ပါတယ်။ အီသီယိုးပီးယားနိုင်ငံကတောင် ကျွန်တော်တို့နိုင်ငံထက် ပိုချမ်းသာနေပါတယ်။ ခေတ်အဆက်ဆက် အဆင့်မကျသွားအောင်ထိန်းထားနိုင်တဲ့ အစိုးရလူကြီးမင်းများကိုတောင် ကျေးဇူးတင်ရမယ်ထင်ပါတယ်။ ထားပါတော့ဗျာ။ ကျွန်တော်ပြောချင်တာက ဒီလို ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင်နိုင်ငံတစ်ခုက အိမ်ခြံမြေဈေးနှုန်းတွေ၊ တိုက်ခန်းဈေးတွေ၊ ငှားရမ်းခတွေကျတော့ ကမ္ဘာ့ထိပ်တန်းမြို့ကြီးတွေက ဈေးနှုန်းတွေထက် မြင့်နေတော့ အံ့သြစရာကောင်းမနေဘူးလားဗျာ။ ဒီလို အိမ်ခြံမြေဈေးနှုန်းများကြီးမြင့်နေမှုဟာ ဒီနေ့ ဒီမိုကရေစီ နိုင်ငံသစ်ဆီရှိတက်နေပါတယ်ဆိုတဲ့မြန်မာနိုင်ငံအတွက် အဓိကအခက်ခဲပြဿနာဖြစ်နေသလို ပြည်သူတွေအတွက်လည်း ဝန်ထုပ်ဝန်ပိုး တစ်ခုဖြစ်နေပါတယ်။

ယနေ့ပြောင်းလဲလာတဲ့ခေတ်စနစ်ကြီးမှာ ကျေးလက်နေပြည်သူတွေ

ဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် လယ်ယာလုပ်ငန်းခွင်တွေ မကောင်းလို့၊ လယ်မြေတွေအသိမ်းခံရလို့၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုတွေကြောင့်မြို့ပြသို့ပြောင်းရွှေ့နေထိုင်လာမှုသိသာစွာ မြင့်မားလာပါတယ်။ ဒီအချိန်မှာ မြို့ကြီးတွေ့မှာရှိတဲ့ အိမ်ခြံမြေဈေးတွေ၊ အိမ်ငှားရမ်းခတွေကြီးမြင့်မှုတွေဟာ ဆင်းရဲသားပြည်သူတွေအတွက် ရေနစ်ရာဝါးကူထိုးသလိုဖြစ်လို့နေပါတယ်။ ရန်ကုန်၊ မန္တလေးလိုမြို့ကြီးတွေမှာ ကျောတစ်ခင်းစာနေရာရဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့အနေအထားဖြစ်နေပါတယ်။ ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာသုသာန်အား ပုဂ္ဂလိကပိုင်ဟုဆိုကာ ခြံခတ်သည့်အတွက် နာရေးများ လမ်းဘေး၌ မီးသဂြိုဟ်နေရဆိုတဲ့သတင်းဖတ်မိတော့ အောက်ခြေပြည်သူတွေမျောမှာ နေဖို့မပြောနဲ့၊ သေဖို့တောင်မလွယ်ပါလားလို့တောင် တွေးမိပါတယ်။

ဒီနေ့ မြို့ပြမှာနေထိုင်နေတဲ့ပြည်သူတွေဟာ စားဝတ်နေရေးဆိုတဲ့အထဲမှာ နေရေးက အဓိကရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုဖြစ်နေပါတယ်။ တစ်လတစ်လရရှိတဲ့ လုပ်ခလစာတစ်ဝက်လောက်ဟာ အိမ်ငှားခ၊ အဆောင်ငှားခအတွက်အသုံးပြုနေကြရတော့ ကိုယ်ပိုင်အိမ် ဝယ်နိုင်ဖို့ဆိုတာကတော့ အိမ်မက်တောင် မက်ဖို့မလွယ်တဲ့အခြေအနေပါ။ ဒီလို အိမ်ခြံမြေဈေးနှုန်းတွေ၊အိမ်ငှားခတွေကြီးမြင့်မှုတွေကြောင့် ကျူးကျော်နေထိုင်မှုတွေ၊ အိမ်မဲ့၊ ယာမဲ့နေထိုင်မှုတွေဟာ ရန်ကုန်၊ မန္တလေးလိုမြို့ကြီးတွေမှာ တစ်ရှိန်ထိုးများပြားလို့နေပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဧရိယာအကျယ်အဝန်းဟာ စတုရန်းမိုင်ပေါင်း ၂၆၁,၂၂၇ ကျယ်ဝန်းပါတယ်။ နေထိုင်တဲ့လူဦးရေဟာ သန်း ၅၀ ကျော်ပဲရှိပါတယ်။ အခြားနိုင်ငံများနဲ့နှိုင်းယှဉ်ကြည့်မိတော့ တစ်စတုရန်း ၁ မိုင်ပတ်လည်နေထိုင်မှုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၈၇၀ ဦး၊ ထိုင်းက ၃၂၇ ဦး ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးဆိုတဲ့ တရုတ်က ၃၆၅ ဦး အိန္ဒိယက ၉၁၄ ဦး ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ၁၈၇ ဦးနဲ့ အနည်းဆုံးပါ။ ဒီလို အာရှမှာရော ကမ္ဘာမှာပါ မြေအပေါ်ဆုံး လူနေထူထပ်မှုအနည်းဆုံးတိုင်းပြည်က အိမ်ခြံမြေ ဈေးနှုန်းအမြင့်ဆုံး၊ အိုးမဲ့အိမ်မဲ့ မြေမဲ့အများဆုံးဖြစ်နေရတာ အံ့ဩလို့မဆုံးပါဘူး။

ဒီအကြောင်းစဉ်းစားနေရင်း ပြီးခဲ့တဲ့လက ဝန်ကြီးဟောင်းတစ်ဦးရဲ့ သမက်ဖြစ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့တွေ့တော့ ပြင်ဦးလွင်မှာရှိတဲ့ သူတို့ခြံသွားလည်မလို့ဆိုတဲ့အကြောင်း ပြောတာကနေ စကားစပ်မိလို့ မေးကြည့်မိတာကနေ သိလိုက်ရတာက သူတို့ပိုင်တဲ့ အိမ်တွေ၊ တိုက်ခန်းတွေ ၊ ခြံတွေဆိုတာ နိုင်ငံတစ်ဝန်း နည်းတာမှမဟုတ်ဘဲဗျ။ ရန်ကုန်တစ်မြို့တည်းမှာတင် အိမ် ၅ လုံးလောက်ရှိတယ်။ နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ကလောစတဲ့ တစ်နိုင်ငံလုံးက မြို့ကြီးတွေမှာ လက်ညှိုးထိုးမလွဲပါပဲ။ ဒါတောင် အိမ်တွေပဲရှိပါသေးတယ်။ မြေလွတ်ပိုင်ဆိုင်တာတွေများ ပေါင်းလိုက်ရင် မြို့အသေးတစ်မြို့စာလောက်တောင် ပိုင်လိမ့်မယ်ထင်တယ်။ ဒါတောင်ဝန်ကြီးသမက်ဆိုတဲ့သူပိုင်တာပဲရှိသေးတယ်။ ဝန်ကြီးဆိုရင်တော့ စဉ်းစားသာကြည့်တော့။ သူငယ်ချင်းရဲ့ အိမ်မြေပိုင်ဆိုင်မှုတွေ စဉ်းစားမိတော့ 'Homeless People and Peopleless Homes' ဆိုတဲ့ စကားလေးသွားသတိရမိတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေက 'အိမ်မရှိတဲ့လူနဲ့လူမရှိတဲ့အိမ်များ' ဆိုတဲ့စကားအတိုင်းဖြစ်နေတာ တွေ့မြင်နေရပါတယ်။

အိမ်ခြံမြေဈေးတွေ ခေါင်နိုက်အောင် ဈေးနှုန်းတွေမြင့်မားနေတာတွေရဲ့ အဓိကတရားခံ သုံးဦးကတော့ အဂတိတရားလိုက်စားတဲ့ အစိုးရဝန်ထမ်းများ၊ ခရိုနီလူတန်းစားများနဲ့ တိုင်းတစ်ပါးသားတရုတ်တွေပဲဖြစ်ပါတယ်။ သူတို့တွေရဲ့ အဂတိတရားလိုက်စားမှု၊ မတရားသောနည်းလမ်းများ၊ အာဏာအလွဲသုံးစားလုပ်မှု၊ မူးယစ်ဆေးဝါးတို့မှရရှိလာသော ငွေမည်းတွေကို ငွေဖြူအဖြစ်ပြောင်းလဲလိုမှု၊ ဝင်ရောက်ဈေးကစားအမြတ်ထုတ်မှုတွေရယ်ကြောင့် အခုလိုမျိုး အဆမတန်မြင့်တက်ကုန်ရတာပါ။ ဒီနေ့နိုင်ငံတစ်ဝန်းနေဖို့အတွက်မဟုတ်ဘဲ ကိုယ်ကျိုးအတွက်အတွက် အိမ်မြေအမြောက်အမြားဝယ်ထားသူတွေရဲ့ ငှားရမ်းခဈေးကစားမှု၊ အိမ်ခြံမြေဈေးဆွဲတင်ကစားမှုတွေကြောင့် အိမ်မပိုင်သူတွေ၊ အိမ်ငှားတွေ အသက်ထွက်မတတ် နေရေးအတွက်လုံးပန်းနေရတဲ့အကြောင်းက အဓိကသက်သေပါပဲ။ …မနေဘဲ အိမ်ပိုင်သူလူတစ်စုကလည်း ယခင်အစိုးရ ယခုအစိုးရဆွေစဉ်မျိုးဆက်နဲ့ခရိုနီအဆက်ဆက်ပါပဲ။

ကျွန်တော်တို့ နိုင်ငံမှာ အိမ်ခြံမြေကို သိန်းပေါင်း သောင်းချီသိန်းချီတဲ့ ငွေကြေးတွေကိုပေးဝယ်နိုင်တဲ့သူတွေဟာ သမားရိုးကျ သမာအာဇီဝနဲ့ အလုပ်လုပ်တဲ့ လူတစ်ယောက်က ဝယ်နိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အရာပါ။ မူးယစ်ဆေးဝါး၊ ဘိန်းဖြူ၊ ကျောက်မျက်၊ သစ် စသည့်တရားမဝင်ရောင်းချလို့ရတဲ့ငွေ၊ မတရားတဲ့နည်းနဲ့ရတဲ့ငွေ၊ အဂတိလိုက်စားပြီးရတဲ့ငွေတွေပဲဖြစ်မယ်ဆိုတာ လူတိုင်းနားလည်ပါတယ်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးရောင်းဝယ်ဖောက်ကားနေမှုများမှာ လုပ်ငန်းရှင်များ ရာခိုင်နှုန်း ၅၀ ပါဝင်ပတ်သက်မှုရှိနိုင်လို့ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေရပါတယ်လို့ တောင် ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောဆိုတာတွေ့ရပါတယ်။

ဒီလို တရားမဝင်ငွေများ၊ ဝင်ငွေလမ်းကြောင်းမပြနိုင်တဲ့ ငွေမည်းများဟာ ဘယ်ရောက်သွားသလဲ တစ်ချက်ပဲစဉ်းစားကြည့်ပါ။ ပြီးခဲ့တဲ့နှစ် WHO ရဲ့ခန့်မှန်းချက်က မြန်မာနိုင်ငံကနေပြီး ဘိန်းဖြူတန် ၇၀၀ ရှိတယ်တဲ့။ ဒီမူးယစ်ဆေးရောင်းရငွေတွေဟာ ဘယ်ရောက်သွားလဲ။ အရှင်းကြီးပါ။ ရွှေ၊ မော်တော်ကားလုပ်ငန်းတွေက ရင်းနှီးမြှုပ်နှံလို့မကောင်း၊ စက်မှုနည်းပညာဘက်ရင်းနှီးမြှုပ်နှံဖို့ကလည်းမစွမ်းကြတော့ 'စီးပွားရေးမလုပ်တတ် မြေဝယ်ထား' ဆိုသလို အားလုံးဟာ အိမ်ခြံမြေဘက်ကိုပဲ ရင်းနှီးမြှုပ်နှံကြပြီး ကိုယ့်နိုင်ငံသား ဆင်းရဲသားပြည်သူတွေဆီကပဲ ပြန်စီးပွားရေးရှာနေကြတာပါ။

နောက်အဆိုးဆုံးတစ်ချက်ကတော့ အိမ်နီးချင်းနိုင်ငံ တရုတ်နိုင်ငံသားတွေ အလုံးအရင်းနဲ့ဝင်ရောက်ဝယ်အခြေချမှု၊ ဈေးကစားမှုတွေကြောင့်ပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ လူဦးရေအဆမတန်များပြားလာမှု၊ ငွေကြေးခဝါချမှုတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုတွေပြုလုပ်လာမှုတွေကြောင့် တရုတ်နိုင်ငံကငွေမည်းတွေဟာ အိမ်နီးချင်းမြန်မာနိုင်ငံကို အလွယ်တကူဝင်ရောက်လာပါတယ်။ ဒါ့အပြင် နယ်စပ်တွေမှာ တရားမဝင်မှောင်ခိုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းတွေနဲ့ ကြီးပွားလာတဲ့ တရုတ်တွေဟာလည်း မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ပြီး အိမ်ခြံမြေတွေကို မတန်တဆဈေးနှုန်းတွေပေးပြီးဝယ်ယူမှုတွေကနေ ဈေးနှုန်းတွေ အဆမတန်ကြီးမြင့်ကုန်ရတာပဲဖြစ်ပါတယ်။ တရုတ်တွေရဲ့ မတန်တဆဈေးနှုန်းတွေ

ပေးဝယ်ပြီး သိမ်းပိုက်လိုက်လို့ မန္တလေးမြို့ကြီးတောင် တရုတ်မြို့ဖြစ်လို့ သွားပါပြီ။

ယခုဆိုရင် တရုတ်တွေဟာ မန္တလေးမြို့သာမက မြန်မာနိုင်ငံအနှံ့ ငွေထုပ်ပိုက်ပြီး မြေယာတွေ အထိန်းအကွပ်မရှိ ဝယ်ယူနေမှုတွေ တွေမြင်နေရပါတယ်။ စီမံကိန်းတခုခု လုပ်မယ်လို့အသံကြားလိုက်တာနဲ့ ပထမဆုံး ဝင်ရောက်ဝယ်ယူနေသူတွေဟာ တရုတ်နိုင်ငံသားတွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေဈေးကွက်ဟာ တရုတ်တွေရဲ့ ဈေးကစားရာ၊ အမြတ်ထုတ်ရာ ဈေးကွက်တစ်ခုဖြစ်နေပါတယ်။ တစ်နိုင်ငံလုံးအနေအထားအနေနဲ့ တရုတ်တွေ အိမ်ခြံမြေတွေဝယ်ယူမှုတွေဟာ နည်းတဲ့ရာခိုင်နှုန်းမဟုတ်တော့ပါ။ အခုနောက်ဆုံး ရန်ကုန်မြို့သစ်စီမံကိန်းတောင် တရုတ်နိုင်ငံသားတစ်ဦးလက်ထဲကို အသိဉာဏ်မဲ့စွာအပ်နှံဖို့စီစဉ်ခဲ့တာဆိုတော့ မှားမကြာမီ အချိန်မှာ မြန်မာနိုင်ငံတစ်ခုလုံး တရုတ်လက်အောက် ကျရောက်သွားတော့မှာပါ။

ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးရယူပေးခဲ့တာ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပေမဲ့ မြန်မာပြည်သူတွေခမျာမှာ သူတို့ပိုင်တဲ့ အိမ်ခြံမြေတွေ၊ လယ်ယာတွေကို အာဏာရှင်တွေ၊ ခရိုနီတွေရဲ့ မတရားအသိမ်းခံရမှု၊ တိုင်းတစ်ပါးသားတရုတ်တွေရဲ့ လွှမ်းမိုးချယ်လှယ်လာမှုတွေကြောင့် ကိုယ့်မြေကိုယ့်ရေမှာတောင် အိမ်မဲ့ယာမဲ့ ကျူးကျော်ဘဝနဲ့ နေထိုင်အသက်ရှင်နေကြရတာ တွေးမိတိုင်းရင်နာလို့မဆုံးပါဘူး။

ကြားဖူးတာတစ်ခုပါ၊ ဩစတြေးလျနိုင်ငံမှာဆိုရင် ပိုက်ဆံအရမ်းချမ်းသာတဲ့ လူတွေဟာ လူအမြဲမနေနိုင်ဘဲ အပန်းဖြေနေထိုင်ဖို့အတွက် နိုင်ငံအနှံ့မှာ အိမ်တွေခြံတွေကို အပို ဝယ်ယူထားကြပါတယ်တဲ့။ အဲဒီလို လူအမြဲမနေနိုင်ဘဲ ဝယ်ယူတည်ဆောက်ထားတဲ့ နေအိမ်ခြံတွေကို ၆ လတိတိ လူနေထိုင်တဲ့ အထောက်အထားမတွေ့ရပါက ဩစတြေးလျနိုင်ငံသားမည် သူမဆို မိမိအသက်ရှင်နေထိုင်ဖို့အတွက် အမှန်တကယ်လိုအပ်ပါက တံခါးဖွင့်ဝင်ရောက်နေထိုင်ခွင့် ဥပဒေကိုပြဋ္ဌာန်းထားပါတယ်တဲ့။ မြန်မာနိုင်ငံမှာလည်း ဒီလိုမျိုး ဥပဒေပြဋ္ဌာန်းပေးဖို့ ဒီနေရာကနေ လွှတ်တော်ကို တောင်းဆိုလိုပါတယ်။

မြန်မာနိုင်ငံဟာ မြန်မာနိုင်ငံသားအားလုံးပိုင်ဆိုင်တဲ့နိုင်ငံပါ။လူနည်း

တစ်ခုဖြစ်တဲ့ အာဏာရှင်၊ ခရိုနီတွေနဲ့ တရုတ်တွေပိုင်တဲ့မြေမဟုတ်ပါဘူး။ ယခုလိုမျိုး အိမ်ခြံမြေတွေကို အာဏာရှင်၊ခရိုနီနဲ့ တိုင်းတစ်ပါးသား တရုတ်တွေရဲ့အနိုင်ကျင့် လွှမ်းမိုးချယ်လှယ်မှုတွေကြောင့် ပြည်သူတွေ ဒုက္ခကြုံတွေ့နေရမှုတွေကို အစိုးရမှ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးဖို့လိုအပ်နေပါပြီ။ ကိုယ့်မြေကိုယ်ရေကို ကိုယ့်လူမျိုးနဲ့အပေါင်းပါ တရုတ်တွေရဲ့လက်ကနေပြန်တိုက်ယူရတဲ့ဘ၀ ရောက်အောင်တော့ မလုပ်ကြပါနဲ့လို့ တောင်းပန်ပါရစေလားဗျာ...

၉.၈.၂၀၁၄ ထွက် Tomorrow ဂျာနယ်

❑




# ကယ်သူမဲ့နေတဲ့ လက်ပံတောင်း

ကျော်ကြီး(MDY)

လက်ပံတောင်းတောင် သပိတ်စခန်းအကြမ်းဖက်ဖြိုခွင်းခံရတာ အခုဆိုရင် ၂ နှစ်ကျော်ခဲ့ပါပြီ။ ဒါပေမဲ့ ဒီနေ့ထိ လက်ပံတောင်းတောင် မှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခမီးတွေဟာ ငြိမ်းအေးသွားခြင်းမရှိသေးဘဲ ဖွဲမီးလို တငွေ့ငွေ့လိုက်လောင်နေပြီး ပြဿနာဟာ တဖြည်းဖြည်းနဲ့ ကြီးထွားလာနေ

ပါတယ်။ အခုဆိုရင် လျော်ကြေးမယူသော တောင်သူများက မိမိပိုင် လယ်မြေများအား ခြံစည်းရိုးခတ်တာကို မကျေနပ်လို့တားဆီးကြရာမှ ပဋိပက္ခဖြစ်ပွားပြီး ရဲကပ်ဖွဲ့မှ အကြမ်းဖက်နှိမ်နင်းခဲ့လို့ တောင်သူတစ်ယောက် သေနတ်မှန် သေဆုံးခဲ့ရပါတယ်။ တောင်သူအများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီလို လက်ပံတောင်း ဒေသခံလယ်သမားတွေဟာ သူတို့ရဲ့ရပိုင်ခွင့်တွေ၊ နစ်နာမှုတွေအတွက် အချိန်ကြာမြင့်စွာ အသက်ပေးပြီး တောင်းဆိုတိုက်ပွဲဝင်နေပေမဲ့ သူတို့ရဲ့အော်သံတွေ၊ ငိုကြွေးသံတွေဟာ လစ်လျူရှုခံနေရပါတယ်။ အစိုးရရော၊ လွှတ်တော်ရော၊ နိုင်ငံရေးအတိုက်အခံများကပါ မသိကျိုးကျွံပြုနေကြလို့ ဒေသခံပြည်သူတွေဟာ ကယ်သူမဲ့နေတဲ့ဘဝ၊ အနိုင်ကျင့်ခံနေရတဲ့ ဘဝတွေ ဖြစ်နေရရှာပါတယ်။

လက်ပံတောင်းပြဿနာများနဲ့ပတ်သတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်က အစီရင်ခံစာထုတ်ပြန်ပြီး ကြားဝင်ဆောင်ရွက်ပေးခဲ့တာတောင် ပြေလည်မှုမရရှိသွားဘဲ ဒီနေ့ထိ ပဋိပက္ခတွေ ဘာလို့ဆက်ဖြစ်နေရတာလဲ။ အစီရင်ခံစာကပဲ ကျေနပ်ပြေလည်အောင် မစွမ်းဆောင်နိုင်ခဲ့တာလား။ အားနည်းချက်တွေရှိခဲ့လား။ စုံစမ်းစစ်ဆေးရေးကော်မတီရဲ့ အစီရင်ခံစာအချက်တွေအပေါ် အကောင်အထည်ဖော်တဲ့ကော်မတီကပဲ လိုက်နာမှုအားနည်းခဲ့တာလား။ ဒေသခံပြည်သူတွေက ကြားဝင်ညှိနှိုင်းပေးတဲ့အပေါ်မှာ နာခံမှုမရှိခဲ့တာလားဆိုတာ စဉ်းစားစရာတွေပါ။

ပထမဆုံး စုံစမ်းစစ်ဆေးရေးကော်မတီရဲ့အစီရင်ခံစာ နဲ့ပတ်သတ်ပြီး ပြည်သူတစ်ယောက်အမြင်နဲ့ပြောရရင် လိုအပ်ချက်တွေ အများကြီးရှိခဲ့တယ်လို့မြင်ပါတယ်။ အစီရင်ခံစာဟာ ထွက်လာကတည်းက ဘက်လိုက်မှုရှိခဲ့တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ စုံစမ်းစစ်ဆေးရေးကော်မတီဆိုတာ စုံစမ်းစစ်ဆေးပြီး လေ့လာတွေ့ရှိချက်တွေရဲ့ ကောင်းကျိုးဆိုးကျိုး၊ ရရှိလာမယ့် အကျိုးအပြစ်တွေကို အမှန်အတိုင်းသက်ဆိုင်ရာအစိုးရအဖွဲ့အစည်းနဲ့ ပြည်သူကိုချပြရမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာပေါ်မှာမူတည်ပြီး လက်ရှိအစိုးရက ဆက်လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆုံးဖြတ်ရမှာပါ။ ကော်မတီကနေပြီးတော့လုပ်သင့်တယ်၊ မလုပ်သင့်ဘူး ပြော

ပိုင်ခွင့်မရှိပါဘူး။ ဒါကို စုံစမ်းစစ်ဆေးရေးကော်မတီက ဆက်လုပ်သင့်ပါတယ်လို့ မှတ်ချက်ဘာကြောင့်ပေးခဲ့တာလဲ။ ဒါဟာ အကြီးမားဆုံးလွဲချော်မှုဘာက်လိုက်မှုလို့ ကျွန်တော်မြင်ပါတယ်။ ဒီနေ့ထိ ရလဒ်ကောင်း မတွေ့ရသေးပါဘူး။ ရှင်းရှင်းပြောရရင် အခုပွဲမှာတော့ ဒေါ်အောင်ဆန်းစုကြည် လည်းနာမည်ကောင်းမရခဲ့သလို ပြည်သူတွေလည်းနစ်နာခဲ့ရပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မတီဟာ အစီရင်ခံစာကို ဘယ်သူ့မျက်နှာကြည့်ပြီးထုတ်ပြန်ခဲ့တာလဲ။ ငံသရာတာကတော့ ဒေသခံပြည်သူတွေအပေါ် လုံးဝမကြည့်ပေးခဲ့ဘူးလို့ပြောချင်ပါတယ်။ တိုင်းပြည်ကောင်းကျိုးအတွက်၊ အနာဂတ်အတွက်လုပ်ရတာပါလို့ပြောချင်ပြောပါလိမ့်မယ်။ ဒါပေမဲ့ တိုင်းပြည်ကောင်းကျိုးအတွက် ဒေသခံပြည်သူတွေက စတေးခံရမယ်ဆိုရင်တော့ ဒါဟာမတရားမှုပဲလို့ ပြည်သူတစ်ယောက်အနေနဲ့မြင်မိပါတယ်။ တကယ်လို့ စီမံကိန်းကို မဖြစ်မနေဆက်လုပ်သင့်တယ်ဆိုရင်တောင် ဒေသခံပြည်သူတွေ လက်ခံကျေနပ်လာအောင် လုပ်ဆောင်ပြီးမှ စီမံကိန်းကို ဆက်လက်လုပ်ဆောင်သင့်ပါတယ်။

ဒီစီမံကိန်းနဲ့ပတ်သတ်ပြီး တကယ်တမ်းဖြစ်သင့်တာက ဒေသခံပြည်သူတွေနဲ့တိုင်းပြည်မနစ်နာအောင် စာချုပ်ကိုပြင်ချုပ်ရမယ်၊ ပြီးရင် ဒါတွေ ဒါတွေလုပ်ဆောင်ပေးရမယ်စတဲ့အချက်တွေကို ပြည်သူတွေကိုနားလည်အောင် အရင်ရှင်းပြ။ ပြည်သူတွေအများစုကျေနပ်ပြီဆိုမှ ဒါတွေကို လုပ်ဆောင်ပေးနိုင်မလား၊ သက်ဆိုင်ရာ လုပ်ငန်းကုမ္ပဏီတွေကို မေးရမယ်။ ဟုတ်ပြီ၊ လုပ်နိုင်တယ်ဆိုရင် ဒီအချက်တွေအားလုံးကို ပြည်သူတွေအားလုံး ကျေနပ်အောင်အရင်လုပ်ပေး။ အားလုံးပြောထားတဲ့အတိုင်း လုပ်ပေးပြီးပြီ ဆိုရင်တော့ လုပ်ငန်းဆက်လုပ်ပေါ့။ အခုတော့ လက်ဝါးခြင်းရိုက်ထားတဲ့ အတိုင်း အစီရင်ခံစာထွက်လာလို့ အကုန်တောင်ဖတ်ပြီးပြီလားမသိဘူး ဟုတ်ကဲ့လုပ်ပေးပါမယ်ဆိုပြီး အလွယ်တကူပြောပြီး လုပ်ငန်းကိုဆက်လုပ်နေကြတာ ၂ နှစ်ကျော်လာခဲ့ပါပြီ။ ဒါပေမဲ့ စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက်ပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းမရှိခဲ့ပါဘူး။

စီမံကိန်းပြန်စတာ ၂ နှစ်ကျော်ကာလအတွင်း အစီရင်ခံစာထဲမှာပါတဲ့ အချက် ၄၆ ချက်ကို ဝမ်ပေါင်ကုမ္ပဏီနဲ့ မြန်မာ့စီးပွားရေးဦးပိုင်

လိမိတက်က အပြည့်အဝလိုက်နာဖြည့်ဆည်းဆောင်ရွက်ပေးခြင်းလုံးဝ မရှိခဲ့ပါဘူး။ အဆိုးဆုံးအချက်ကတော့ အစီရင်ခံစာမှာပါသော အဓိက အချက်ဖြစ်တဲ့ 'ကြေးနီစီမံကိန်းတွင် မြေသိမ်းဆည်းခံထားရသော ဒေသခံ လူထုအတွက် ပေးအပ်သောမြေလျော်ကြေးတို့သည် ကာလတန်ဖိုးထက် များစွာလျော့နည်းနေရာ ကာလတန်ဖိုးအတိုင်း ပြင်ဆင်၍ ထပ်မံတိုးပေးရန်' ဆိုတဲ့အချက်ကိုမလိုက်နာတာပါဘဲ။ စီမံကိန်းကနေ နှစ်သုံးဆယ်အတွင်း ရရှိမယ့်အကျိုးအမြတ်ဟာ ဒေါ်လာသန်း ၆၀၀၀ ကျော်ပေမဲ့ တောင်သူ တွေအတွက် မြေလျော်ကြေးငွေဟာ ဒေါ်လာ ၁၀ သန်းကျော်ပဲရှိတဲ့အတွက် အင်မတန်နည်းလွန်းအားကြီးပါတယ်။

တောင်သူတွေအတွက် သူတို့ဘဝတွေလို့ပြောလို့ရတဲ့ လယ်ယာမြေ တွေကိုတစ်သက်လုံးအပြီးပိုင်ပေးအပ်လိုက်ရတာပါ။ သူတို့ပေးတဲ့ လျော်ကြေးငွေ ၁၀ သိန်း၊ ၁၅ သိန်းဆိုတာ ဒီနေ့ခေတ်မှာ ဘာမှသုံးမရပါ ဘူး။ ရတဲ့ငွေကို ဘယ်နေရာမှာသွားသုံးရမှာလဲ၊ တောင်သူဆိုတာ လယ်ယာလုပ်ငန်းကလွဲလို့ ဘာစီးပွားရေးမှမလုပ်တတ်ပါဘူး။ သူတို့ လယ်တွေသိမ်း လိုက်တာဟာ သူတို့ဘဝကိုသတ်လိုက်တာနဲ့အတူတူ ပါဘဲ။ လယ်ယာမြေ အသိမ်းခံရတဲ့ မိသားစုဝင်ထဲက လူငယ်တွေကို အလုပ်အကိုင်ပေးမယ်ဆိုပြီး ခန့်ထားခဲ့ပေမယ့်ပေးတဲ့လခဟာ အခြား တရုတ်ဝန်ထမ်းတွေထက် အဆအင်မတန်နည်းပါးပြီး မိသားစုစားဝတ်နေ ရေးအတွက် အဆင်မပြေလို့ လစာတိုးတောင်းတော့ အလုပ်ဖြုတ်ပစ်တာခံရ ပြန်ပါတယ်။

နောက်ပြီး အစီရင်ခံစာထဲမှာပါတဲ့ EIAc SIA ဆိုတဲ့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုစီးပွားဆိုင်ရာထိခိုက်မှုတွေကို အရင်ဆုံး လေ့လာဆန်းစစ်ပြီး လူထုကိုချပြပြီး လူထုနားလည်သဘောပေါက်အောင် ကျေနပ်အောင်ဆောင်ရွက်ရမယ်လို့ပြောထားပေမဲ့ လုံးဝလိုက်နာဆောင် ရွက်ခြင်းမရှိဘဲ စီမံကိန်းကိုဆက်လက် လုပ်ဆောင်ခဲ့ပါတယ်။ ဒေသခံတွေ ရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကိုးကွယ်ယုံကြည်မှု တွေနဲ့ပတ်သက်ပြီး ဒေသခံပြည်သူတွေကို ကျေနပ်အောင် လုံးဝမဖြည့်ဆည်းပေးခဲ့ပါဘူး။ ဒေသခံပြည်သူတွေအတွက် အစိုးရရောဦးပိုင်ရော၊ ဝမ်ပေါင် ကုမ္ပဏီရော၊

ကော်မတီတွေရော တာဝန်ယူမှု တာဝန်ခံမှုလုံးဝမရှိခဲ့ပါဘူး။ ဒီအချက်တွေကြောင့်ဒေသခံတွေဟာ ဒီစီမံကိန်းကို လုံးဝလက်မခံခဲ့တာဖြစ်ပါတယ်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဟာ စလုပ်ကတည်းက ယနေ့ထိ လုံးဝပွင့်လင်းမြင်သာမှုမရှိခဲ့ပါဘူး။ စီမံကိန်းထဲကို လွှတ်တော် ကိုယ်စားလှယ်တွေတောင် ဝင်ရောက်ကြည့်ရှုခွင့်မပြုနိုင်ခြင်းဟာ ဘယ်လောက်ပွင့်လင်းမြင်သာမှုရှိမရှိဆိုတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလက်ပံတောင်းတောင်စီမံကိန်းဟာ ဒေသခံပြည်သူတွေအတွက်သာမက တိုင်းပြည်အတွက်လည်း အကျိုးပြုမှုလုံးဝမရှိသော စီမံကိန်းဖြစ်ပါတယ်။ ကြေးနီစီမံကိန်းရဲ့စွန့်ပစ်ဓာတ်သတ္တုများမှ အက်စစ်ယိုစိမ့်မှုများဟာ စီမံကိန်းဧရိယာ၏မြေပေါ်နှင့် မြေအောက်ရေတို့အား ပတ်ဝန်းကျင်ဆိုင်ရာ အလွန်အမင်းဆိုးရွားသော အန္တရာယ်တစ်ခု ဖြစ်စေနိုင်ပြီး စီမံကိန်းဧရိယာမှ ထွက်ရှိလာနိုင်ဖွယ်ရှိသော ရေသည်လည်း အန္တရာယ်ဖြစ်စေနိုင်တယ်လို့သိရှိရပါတယ်။ စီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများနှင့် ဆာလ်ဖျူရစ်အက်ဆစ်ကို ထိန်းချုပ်နိုင်မည့် အာမခံချက်အား အစိုးရ၊ ဦးပိုင်နှင့် မြန်မာဝမ်ပေါင်တို့က ပေးအပ်နိုင်မှုမရှိသေးကြောင်းနှင့်အဆိုပါ ဆာလ်ဖျူရစ်အက်ဆစ်များမှာ စီမံကိန်းနှင့် တစ်မိုင်ခန့်သာဝေးသည့် ချင်းတွင်းမြစ်ကိုစီးဝင်၍ ချင်းတွင်းမြစ်မှတစ်ဆင့် မြန်မာ့နိုင်ငံရဲ့အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်သို့စီးဝင်ပါက မြန်မာတစ်နိုင်ငံလုံး ဒုက္ခဖြစ်လာနိုင်ကြောင်း လက်ပံတောင်းတောင်အရေး လှုပ်ရှားသူ စာရေးဆရာကြီး ဦးအုံ့မောင်က သုံးသပ်ထားပါတယ်။

ဒီလို တိုင်းပြည်နဲ့ ဒေသခံပြည်သူတွေကို လုံးဝအကျိုးမပြုသောလက်ပံတောင်းတောင်စီမံကိန်းကို ဒေသခံတောင်သူလယ်သမားတွေက လုံးဝလက်မခံနိုင်ဘဲ အသက်ပေးတိုက်ပွဲဝင်ကန့်ကွက်နေပေမယ့် အစိုးရ၊ လွှတ်တော်၊ အတိုက်ခံများကပါ ကြည့်ရှုစောင့်ရှောက်မယ့်သူမရှိ၊ ကူညီပေးမယ့်သူမရှိဖြစ်နေတာဟာ ဒေသခံဆင်းရဲသား လယ်သမားတွေအပေါ် မငဲ့ညှာရာရောက်ပါတယ်။ ဒေသခံလယ်သမားတွေဟာ တရားဥပဒေရဲ့အကာကွယ်ပေးမှုမရှိသလို တိုင်းတစ်ပါးသားတရုတ်တွေရဲ့စော်ကား အနိုင်ကျင့်တာပါခံနေရပါတယ်။ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်တဲ့

ကိုယ့်နိုင်ငံမှာ တိုင်းတစ်ပါးသားတွေကို လက်နက်ကိုင်ဆောင်ခွင့်ပေးထား ပြီး ကိုယ်ပြည်သူတွေကို ဓော်ကားအနိုင်ကျင့်ခွင့်ပြုထားတာဟာ တရုတ် လက်အောက်ခံဘဝရောက်သွားပြီးလားလို့ မေးရမလိုဖြစ်နေပါတယ်။

ကျွန်တော်သတိထားမိသလောက်ကတော့ လက်ပံတောင်းအရေး ကိစ္စနဲ့ပတ်သတ်ပြီး အားလုံးက လက်ရှောင်နေကြတာတွေမြင်နေရပါ တယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုင်တွယ်ခဲ့တဲ့ကိစ္စဖြစ်လို့ ဝင်မပါရဲတာ လား၊ တပ်ကုမ္ပဏီကြီးတစ်ခုနဲ့ပတ်သက်နေလို့တွန့်ဆုတ်နေကြတာလား ဒါမှမဟုတ် ဟိုဝန်ကြီးပြောသလို တရုတ်က ကျေးဇူးရှိနေလို့လား မေးချင်ပါ တယ်။ ပြည်သူဘက်က ရပ်တည်ပေးမယ့်သူမရှိကြတော့ဘူးလား။ လက်ပံ တောင်းကိစ္စက နိုင်ငံတစ်ဝန်းလယ်ယာမြေဆုံးရှုံးနေတဲ့ လယ်သမားတွေကို ကိုယ်စားပြုတယ်လို့ပြောလို့ရပါတယ်။ အခုတော့ အကူအညီမပေး၊ မကာ ကွယ်ကြတဲ့အပြင် ရေပေါ်ဆီလူတန်းစားတွေနဲ့ အစိုးရက ဒေသခံပြည်သူ တွေကို နောက်ကွယ်ကကြိုးကိုင်တဲ့သူတွေနိုင်းတိုင်း၊ မြှောက်ပေးတိုင်း လုပ်တဲ့သူတွေလို့ တံဆိပ်အတပ်ခံလိုက်ရပါတယ်။

ဘယ်ဘက်ကကြည့်ကြည့် တိုင်းပြည်နဲ့ပြည်သူလူထုကို အကျိုးမပြု သော လက်ပံတောင်းစီမံကိန်းကို ပြည်သူ့အလိုကျ ဆက်မလုပ်သင့်တော့ဘဲ ရပ်ဆိုင်းသင့်ပြီလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်က ဖတ်စာထဲ မှာသင်ခဲ့ရတဲ့ ကြေးစင်တောင်၊ စံပယ်တောင်၊ လက်ပံတောင်းတောင်ဆိုတဲ့ တောင်တွေဟာ ပျောက်ကွယ်သွားတော့မှာပါ။ ဦးကိုလေး(အင်းဝဂုဏ်ရည်) ပြောသလို သစ်ပင်ကပြန်စိုက်လို့ရပါတယ် တောင်ကတော့ပြန်စိုက်လို့မရ ပါဘူး။

ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ပြည်သူ့ဆန္ဒဟာ အဓိကအရေးပါ၊ ပြည်သူ့ဆန္ဒမပါတဲ့ ပြည်သူသဘောမတူတဲ့ လုပ်ငန်းဆိုရင် ဘယ်လုပ်ငန်းမှ လုပ်ခွင့်မရှိပါဘူး။ ပြည်သူလူထု သဘောမတူတာ၊ မကျေနပ်တာကို ဇွတ် လုပ်မယ်ဆိုရင် ဒါဟာဒီမိုကရေစီနည်းလမ်း လုံးဝမကျပါဘူး။ ပီရူးနိုင်ငံမှာ ဆိုရင် သမ္မတကိုယ်တိုင်က 'ဒေသခံပြည်သူလက်မခံရင် အမျိုးသားအကျိုး စီးပွားအတွက်ဖြစ်စေကာမူ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မလုပ်ဆောင်ရ' ဆိုပြီး အမိန့်ထုတ်ထားပါတယ်။ ဒါဟာ ပြည်သူသာ အမိ ပြည်သူသာ အဖဆိုပြီး

ပြောလည်းပြော လက်တွေလည်းကျင့်သုံးတဲ့နိုင်ငံလို့ပဲ ပြောချင်ပါတယ်။ သမ္မတကြီးရဲ့နောက်ဆုံးကျန်ရှိတဲ့ သက်တမ်းလေးအတွင်းမှာ သမ္မတကြီး အမြဲပြောပြောနေသော မိဘပြည်သူများဆိုတဲ့ စကားလေးအသက်ဝင်ကျန် ရစ်ခဲ့အောင် မိဘပြည်သူတွေလက်မခံမသော ဒီစီမံကိန်းကို အပြီးတိုင် ရပ်နားပေးခဲ့ပါလို့ မေတ္တာရပ်ခံတောင်းဆိုချင်ပါတယ်...

၁၃.၁.၁၅ နေ့ထွက် Tomorrow ဂျာနယ်

❑




# လူနပ်ချမ်းသာ ပြည်မြန်မာ

ကျော်ကြီး:(MDY)

သာသနာရေးဝန်ကြီး(ဟောင်း) ဆန်းဆင့်ကိုတရားစွဲဆိုထားတဲ့ အမှုအတွက် တရားရုံးရှိန်းတစ်ခုမှာ စစ်ဆေးနေတုန်း ဦးဆန်းဆင့်ဟာ အသက်ရှူကျပ်လာတာကြောင့် စစ်ဆေးမှုလုပ်တာတွေကို ရပ်နားခဲ့ရတယ်လို့ သတင်းဖတ်လိုက်ရတော့ စိတ်ထဲမကောင်းဖြစ်သွားပါတယ်။ အော် သူ့ခမျာ အရင်ကရှင်ဘုရင်လိုနေခဲ့ရတဲ့ဘဝကနေ တရားခံဘဝရောက်၊ အကျဉ်းချခံနေရတော့ ဘယ်လောက်များ ခံစားနေလိုက်ရမလဲ၊ သူ့မိသားစုတွေရော ဘယ်လောက်များခံစားနေရမလဲဆိုပြီး တွေးကြည့်ပြီး ကိုယ်ချင်းစာပြီး စိတ်မကောင်းဖြစ်မိတာပါ။ ဒီလိုပြောလို့လည်း သူနဲ့ ကျွန်တော်နဲ့လည်း ဘာမှပတ်သက်မှုမရှိပါဘူး။ ပတ်သက်မှုရှိဖို့နေနေသာသာ အပြင်မှာတောင် မမြင်ဖူးပါဘူး။ ဦးဆန်းဆင့်ဟာ အရင်က စစ်အာဏာရှင်ဘဝတုန်းကတော့ အနည်းနဲ့အများ မကောင်းခဲ့တာရှိချင်ရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ မြန်မာလူမျိုးဆိုတာက လူတစ်ယောက်က ကိုယ့်အပေါ်ဘယ်လိုပဲ မကောင်းခဲ့မကောင်းခဲ့ အဲ့ဒီလူဒုက္ခရောက်ပြီဆိုရင်တော့ ဝမ်းသာတတ်

တဲ့လူမျိုးတော့ မဟုတ်ဘူးဗျ။

ထားပါတော့၊ ကျွန်တော်ပြောချင်တာက ဦးဆန်းဆင့်အစုလို အရေးယူခံရတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံ စစ်အာဏာရှင်လက်ထက်ကနေ ယနေ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်ထိ အစုလို အကျင့်ပျက်လာဘ်စားလို့ဆိုပြီး ဝန်ကြီးတွေ၊ အစိုးရဝန်ထမ်းတွေ အပြစ်ပေးအရေးယူ ခံရခဲ့ရမှု ဖြစ်စဉ်တွေနဲ့ ချိန်ထိုးပြီး စဉ်းစားမိတာလေးတွေပြောချင်လို့ပါ။ ဦးဆန်းဆင့်ဟာ နိုင်ငံ့ငွေအလွဲသုံးစားလုပ်မှုနဲ့ စွဲချက်တင် ဖမ်းဆီးခဲ့တယ်လို့ ကနဦးဖော်ထုတ်ပြောကြားမှုတွေအရ သိရှိခဲ့ရပါတယ်။ ဒီလိုပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားလုပ်လို့ တရားစွဲခံရတာနဲ့ပတ်သက်ပြီး ဘာမှပြောစရာမရှိပါဘူး။ တကယ်မှန်တယ်ဆိုရင်ပေါ့။ ကောင်းပါတယ်၊ လုပ်သင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တစ်ချက်လောက်စဉ်းစားကြည့်ရအောင်ဗျာ။ အဲဒါက လက်ရှိ ဦးသိန်းစိန်အစိုးရလက်ထက်မှာပဲ ဆက်သွယ်ရေးဝန်ကြီး ဦးသိန်းထွန်းအပါအဝင် ဆက်သွယ်ရေး အရာရှိတစ်ချို့ဟာ နိုင်ငံတော်ငွေ ကျပ်သိန်းထောင်ချီ၊ သောင်းချီပြီး အလွဲသုံးစားမှုပေါ်ပေါက်ခဲ့လို့ အရေးယူဆောင်ရွက်ခံခဲ့ရပါတယ်။ ဒါပေမဲ့ ယနေ့ထိ ဆက်သွယ်ရေးဝန်ကြီးအပါအဝင် အရာရှိတစ်ချို့ကို ဘယ်လိုအပြစ်ပေး အရေးယူဆောင်ရွက်ခဲ့တယ်လို့ ပြည်သူတွေကို အသိပေးဖော်ပြခဲ့ခြင်းလုံးဝမရှိခဲ့ပါဘူး။ ထို့အတူ အခြား ဝန်ကြီးဌာနတွေက အကျင့်ပျက်လာဘ်စားတဲ့ ဝန်ကြီးတွေ၊ အရာရှိတွေကို အရေးယူဆောင်ရွက်မှုတွေမှာလည်း အသိပေးဖော်ပြခဲ့ခြင်း မရှိသလို ထိရောက်စွာအရေးယူဆောင်ရွက်ပြခဲ့မှုလည်းမရှိခဲ့ပါဘူး။

အဲ့ဒီလို နိုင်ငံတော်ငွေ ကျပ်သိန်းထောင်ချီ၊ သောင်းချီပြီးအလွဲသုံးစားလုပ်တဲ့သူတွေကျတော့ ဘယ်လိုအရေးယူလိုက်တယ်ဆိုတာတောင် ပြည်သူကိုအသိမပေးခဲ့ဘဲနဲ့ ခုဝန်ကြီးသိန်းတစ်ရာလောက် အလွဲသုံးစားတဲ့အမှုကျတော့ ကျန်းမာရေးအမှန်တကယ်မကောင်းလို့ အာမခံတောင်းတာတောင် လုံးဝမပေးဘဲ အငြိုးကြီးစွာလုပ်နေပုံပေါက်နေပါတယ်။ ဦးဆန်းဆင့်ဟာ နိုင်ငံတော်ပုန်ကန်ခဲ့သူမဟုတ်ပါဘူး။ နိုင်ငံပုန်ကန်ခဲ့လို့တစ်သက်တစ်ကျွန်း၊ သေဒဏ်ချမှတ်ခံခဲ့ရတဲ့ သွားလေသူ အာဏာရှင်ဟောင်းကြီးရဲ့မြေးတွေတောင်အခု လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ်ပေးလိုက်လို့ ပေါ်လာဘီလုံနဲ့ရှိပြီး

ဘဏ်ရှယ်ယာတွေတောင်ဝယ်ယူနေပြီး နိုင်ငံတော်ရဲ့လုပ်ငန်းတွေတောင် လုပ်ဆောင်ခွင့်ပြုခဲ့သေးတာပဲလေ။

အခု အလွဲသုံးစားလုပ်တဲ့ငွေပမာဏကလည်း သိန်းတစ်ရာကျပ်လို့ ပြောပါတယ်။ ဒီလောက်ငွေပမာဏလေးကို အကြောင်းပြအရေးယူတယ်ဆို တော့ အကြောင်းသိနေတဲ့၊ ပြည်သူတွေအကြားမှာ ရယ်စရာဖြစ်နေတာ ပေါ့။ ဒီလောက်ငွေက သူတို့သားသမီးတစ်ပတ်အသုံးစရိတ်တောင် မရှိဘူး လေ။ ဒီလောက်ငွေပမာဏကိုသာ အလွဲသုံးစားလုပ်လို့သာ အရေးယူကြေး ဆို ဝန်ကြီးအားလုံး တစ်ယောက်မှလွတ်မယ်မထင်ပါ။ ဝန်ကြီးတွေ၊ အစိုးရ အရာရှိတွေရရှိတဲ့ လစာနဲ့ သူတို့ပိုင်ဆိုင်မှုတွေကိုကြည့်ရင် အဂတိလိုက် စားမှုရှိတယ်မရှိဘူး အငြင်းပွားနေစရာလိုမယ်မထင်ပါဘူး။ ဝန်ကြီးတွေဟာ သူတို့ပိုင်ဆိုင်မှုတွေကိုတောင် ခုချိန်ထိ ပြည်သူကိုတောင် ပွင့်ပွင့်လင်းလင်း ချမပြရဲဘူးမို့လား။ ကိုယ့်ဘက်က မှန်ကန်တယ်ဆိုရင် ချမပြရဲစရာဘာမှမရှိ ဘူးလို့ထင်ပါတယ်။

အခုငွေသိန်းတစ်ရာဟာလည်း ဘုရားတည်တဲ့နေရာမှာ အသုံးချခဲ့ လို့ဆိုပြီး စသုံးလုံးက ပြောကြားပါတယ်။ ဒါဟာ ကိုယ်ကျိုးအတွက် အသုံး ချခဲ့တာမဟုတ်လို့ အလွဲသုံးစားမှုလို့တောင်ပြောလို့မရပါဘူး။ မြန်မာနိုင်ငံက တန်ခိုးကြီးဘုရားအားလုံးကြည့်ကြည့်ပါ။ အဲဒီမှာ လှူတန်းထားတဲ့ အလှူ ရှင်တွေရဲ့နာမည်တွေဟာ ခေတ်အဆက်ဆက် အစိုးရလူကြီးမင်းများရဲ့ မိသားစုနာမည်တွေချည်းပါပဲ။ မြန်မာနိုင်ငံမှာ သူတို့နာမည်နဲ့လွတ်တဲ့ ဘုရားမရှိသလောက်ပါပဲ။ မြန်မာနိုင်ငံရဲ့ Land Mark ဖြစ်တဲ့ရွှေတိဂုံ ဘုရားကြီးရဲ့စိန်ဖူးတော်တောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ+ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုကောင်းမှုတဲ့။ အဲ့ဒီလောက်ပမာဏထိလှူဒါန်းနိုင်မှုတွေဟာ သူတို့ ကိုယ်ပိုင်ငွေစစ်စစ်နဲ့လှူဒါန်းထားတာဖြစ်နိုင်ပါသလား။ ပြေးကြည့်စရာလို မယ်မထင်ပါဘူး။ သူကြီးဘုရားရှာသားကောင်းမှုတွေချည်းပါပဲ။

အခုလို ပြောဆိုနေတာတွေဟာ ဝန်ကြီးဦးဆန်းဆင့်ဘက်ကနေ ကာကွယ်ပြောဆိုနေတာမဟုတ်ဘူးဆိုတာ စာဖတ်သူနားလည်မယ်ထင့်ပါ တယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေဟာ လိုတစ်မျိုးမလိုတစ်မျိုးလား၊ မျက်နှာလိုက် မှုရှိသလားဆိုတာမေးခွန်းထုတ်ချင်တာပါ။ လူကြီးမင်းများက တရားဥပဒေ

အထက်ဘယ်သူမှ မရှိဘူးလို့ပြောဆိုနေကြပေမဲ့ ဥပဒေအထက် ရှိနေတဲ့ လူတွေကတော့ ယနေ့ထိရှိနေတုန်းပဲဆိုတာ တစ်နိုင်ငံလုံးသိကြပါတယ်။ ဦးဆန်းဆင့်ကျ အခုလို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပြခဲ့ပေမဲ့ အစိုးရအဆက်ဆက် ဝန်ကြီးဌာနတွေရဲ့အကျင့်ပျက်လာဘ်စားမှုတွေ၊ တရားရေးမဏ္ဍိုင်တွေက တရားရေးဝန်ထမ်းတွေရဲ့အကျင့်ပျက်ခြစားမှုတွေ၊ အာဏာပိုင်အဖွဲ့အစည်းတွေက ပြည်သူတွေအပေါ်မတရားဖိနှိပ်မှုတွေ၊ ခရိုနီလူတန်းစားတွေကအုပ်ချုပ်သူအာဏာပိုင်တွေနဲ့ပေါင်းပြီး နိုင်ငံတော်ရဲ့ ပိုင်ဆိုင်မှုတွေ၊ ပြည်သူလူထုရဲ့ ပိုင်ဆိုင်မှုတွေကို မတရားလုပ်နေတာတွေ၊ ထမ်းဆောင်ရမယ့် အခွန်အခတွေကို မထမ်းဆောင်ဘဲရှောင်တိမ်းနေတာတွေကို မီဒီယာတွေနဲ့ပြည်သူတွေကနေပြီးတော့ ထိထိရောက်ရောက် ဖော်ထုတ်ချပြနေပေမဲ့ အရေးယူဆောင်ရွက်ချင်းလုံးဝမရှိဘဲ လွှတ်ပေးထားတာတွေဟာ ဘာကြောင့်လဲဆိုတာ မေးခွန်းထုတ်ချင်ပါတယ်။

သမ္မတကြီးကို သန်း ၆၀ ကျော်သော ပြည်သူတွေကိုယ်စား တစ်ချက်ပဲထောက်ပြမေးမြန်းချင်ပါတယ်။ သမ္မတကြီးအစိုးရသစ်လက်ထက်မှာ နိုင်ငံရဲ့မဏ္ဍိုင်များထဲမှ အဓိကအရေးပါတဲ့ တရားစီရင်ရေးမဏ္ဍိုင်မှ ဝန်ထမ်းတွေရဲ့ အဂတိတရားလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုတွေနဲ့ ပတ်သက်ပြီး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသို့ ၂နှစ်အတွင်း ပြည်သူတွေများ၏ တိုင်ကြားစာ (၈၀၀၀) ကျော်ရောက်ရှိခဲ့ပြီး မီဒီယာများဘက်မှ လည်းထိရောက်စွာ တိတိကျကျဖော်ပြခဲ့သော်လည်း ယနေ့ထိမည်သည့်တရားသူကြီး တစ်ယောက်ကိုမှ ထိရောက်စွာ အရေးယူဆောင်နိုင်ခဲ့တာ မတွေ့ရသေးပါဘူး။ နှစ်ပေါင်းများစွာ အကျင့်ပျက်ခြစားမှုနဲ့ နာမည်ကြီးနေတဲ့တရားရေးမဏ္ဍိုင်ကြီးဟာ ပြုကျလုမတတ်ဖြစ်နေတာတောင် ထိရောက်စွာ အရေးယူဆောင်ရွက်မှု ယနေ့ထိလုံးဝမရှိသေးပါဘူး။ ဒီတစ်ချက်တည်းကို ကြည့်တာနဲ့ဦးသိန်းစိန်အစိုးရဲ့ အရည်အချင်း ခွမ်းဆောင်ရည်ကို အကဲဖြတ်လို့ရပါတယ်။ ခေတ်အဆက်ဆက် အဂတိတရားလိုက်စားပြီး နာမည်ဆိုးနဲ့နာမည်ကြီးနေတဲ့တရားမဏ္ဍိုင်ဟာ ပြီးခဲ့တဲ့နှစ်ပေါင်းငါးဆယ်အတွင်း အဂတိတရားလိုက်စားလို့ဆိုပြီး ထိရောက်စွာ အရေးယူခံရတဲ့ တရားသူကြီးဟာ ၁၈ ယောက်တောင် မပြည့်ပါဘူး။

တရားဥပဒေစိုးမိုးမှုမရှိခြင်း ဆိုတဲ့အချက်ဟာ မြန်မာနိုင်ငံကို ယနေ့အချိန်အထိ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ အဖြစ်ရပ်တည်စေတဲ့အဓိကအချက်ပါပဲ။ ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာလည်း သမ္မတဟာ သူ့ဘေးမှာရှိတဲ့ အကြံပေးကိုယ်တိုင်က တောင်သူတွေဆီက လယ်မြေတွေသိမ်းထားလို့ တောင်သူတွေက ပြန်ရရေးဆန္ဒပြတောင်းဆိုနေတာတောင် မသိချင်ဟန်ဆောင်နေခဲ့သေးတာဆိုတော့ ပြောစရာကုန်သွားပါပြီ။

ကာတွန်းတစ်ပုဒ်သွားသတိရမိတယ်ဗျ။ ထောင်ကျနေတဲ့သူငယ်ချင်းကိုလာတွေ့တဲ့သူငယ်ချင်းက 'မင်းကိုငါ အတန်တန်ပြောတယ်။ မြန်မာနိုင်ငံမှာနေရင်လောင်းကစားလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းကြိုက်တာလုပ်ကွာ။ ခုတော့မင်းက ဆန္ဒသွားပြရတယ်လို့ကွာ' ဆိုပြီး ပြောနေတဲ့ပုံလေးပါ။ ဟုတ်ပါတယ်။ မြန်မာနိုင်ငံမှာ လူကြီးနဲ့တည့်တယ်၊ ပြောသမျှမှန်မှန်မှားမှား နားထောင်တယ်၊ သူတို့ထိုင်ခိုင်းသွားမလှုပ်ဘူးဆိုလို့ကတော့ ကြိုက်တာလုပ်။ပြည်သူတွေကို ပါးရိုက်မယ်၊ နားရိုက်မယ်လို့ပြောတဲ့ ဝန်ကြီးတောင် ဘာမှမဖြစ်ဘူးမို့လား။ အဲ့ဒါကြောင့် မြန်မာနိုင်ငံမှာ အစိုးရမင်းမှုထမ်းလုပ်မယ်၊ စီးပွားရေးလုပ်မယ်ဆိုရင် အရည်အချင်းရှိဖို့ထက် အထက်လူကြီးနဲ့ တည့်အောင်ပေါင်းတတ် ဖားတတ်ဖို့ရယ် ခွင်နဲ့လမ်းကြောင်းသိဖို့ပဲလိုပါတယ်။ လူနပ်ချမ်းသာဆိုတဲ့စကားလေးသာ လက်ကိုင်ထားပြီးသာနေကြ။ နပ်တဲ့လူချမ်းသာမယ်၊ နေရာရမယ်။ လူကြီးနဲ့ မတည့်တော့ဘူး၊ သူတို့ထိုင် ခိုင်းလာလှုပ်တဲ့လုပ်ရပ်တွေ လုပ်လာပြီဆိုလို့ကတော့ နာပြီသာမှတ်။ ဖွဲနိုးမှု လေးတောင် ထောင်တစ်သက်တစ်ကျွန်းကျဖြစ်အောင်ပုဒ်မတပ် အရေးယူခံရမယ်ဆိုတာ ဦးဆာန်းဆင့်ကိုသာ နမူနာယူကြပေတော့ဗျာ။

၂၆.၈.၁၄ ထုတ် Tomorrow ဂျာနယ်

□



# နဂါးခံတွင်းထဲက မြန်မာ့ယဉ်ကျေးမှုမြို့

ကျော်ကြီး(MDY)

ပြီးခဲ့တဲ့အပတ်က မန္တလေးမြို့ ကြက်ဆီထမင်းဆိုင် တစ်ဆိုင်ရှေ့မှာ ဆိုင်ကထွက်လာတဲ့ တရုတ်နိုင်ငံသားပိုင်ကားနဲ့ မြန်မာလင်မယားစီးလာတဲ့ ဆိုင်ကယ် တိုက်မိမလို့ ဖြစ်ရာကနေ စကားများကြရာ တရုတ်နိုင်ငံသားလေးက မြန်မာ လင်မယား နှစ်ဦးကို လည်ပင်းညှစ်ပြီး လက်သီးနဲ့ ပိုင်းထိုးခဲ့တဲ့ဖြစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒီသတင်းက အင်တာနက် လူမှုကွန်ရက်တွေ၊ မီဒီယာတွေမှာလည်း ဟိုးလေးတကျော် ဖြစ်သွားခဲ့ပါတယ်။

အခုနောက်ပိုင်း မန္တလေးမြို့မှာ မြို့ခံမြန်မာတွေနဲ့ တရုတ်နိုင်ငံသားတွေ ပြဿနာဖြစ်တာ ခပ်စိပ်စိပ် တွေ့မြင်လာရပါတယ်။ အဲဒီလို ပြဿနာဖြစ်တိုင်းမှာလည်း ကျွန်တော်တို့ အုပ်ချုပ်သူ အာဏာပိုင်တွေက ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့မှု လုံးဝမရှိခဲ့ဘဲ တရုတ်တွေဘက်ကပဲ အကာအကွယ်ပေးခဲ့ပါတယ်။ အခုဖြစ်ခဲ့တဲ့ ပြဿနာမှာလည်း သက်ဆိုင်ရာရဲစခန်းက တရုတ်တွေကို လာရောက်ခေါ်ဆောင်သွားပြီး အရေးယူ

ဆောင်ရွက်မှုမရှိဘဲ ချက်ချင်း ပြန်လွှတ်ပေးလိုက်တယ်လို့ သိရပါတယ်။

ဟိုအရင်ကလည်း မန္တလေး ကျောက်ဝိုင်းမှာ မြန်မာလူငယ် တစ်ယောက်ကို တရုတ်နိုင်ငံသားတွေက သူတို့အခန်းထဲခေါ်ပြီး ဝိုင်းထိုးကြိတ်ကြတဲ့အမှု၊ တရုတ်က စခန်းမှူးကို သေနတ်နဲ့ ပစ်သတ်ခဲ့တဲ့ အမှုတွေမှာလည်း တရုတ်နိုင်ငံသားတွေကို ထိရောက်စွာ အရေးယူ ဆောင်ရွက်ခဲ့တာ လုံးဝမရှိခဲ့ပါဘူး။ အဲဒီလို အုပ်ချုပ်သူ အစိုးရက ကိုယ့် နိုင်ငံသားများဘက်ကနေ အကာအကွယ်မပေးခဲ့တဲ့အတွက် ဧည့်တရုတ် တွေဟာ အိမ်ရှင်တွေကိုစော်ကားလာရုံသာမက အိမ်ဦးခန်းတက်ပြီး မစင်စွန့်နေကြပါပြီ။

တရုတ်အစိုးရကတော့ သူ့နိုင်ငံနဲ့သူ့နိုင်ငံသားတွေကို ထိရင် ဘယ်လို လက်တုံ့ပြန်တယ်ဆိုတာ ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်က ကိုယ့် နိုင်ငံသားစိုင်းနော်ခမ်းကို သူတို့နိုင်ငံမှာ အရေးယူဆောင်ရွက်ခဲ့ပုံကို ကြည့်ရင်သိမှာပါ။ စိုင်းနော်ခမ်းရဲ့ တရုတ်ရဲအရာရှိတွေရှေ့မှာ ဒူးထောက် ပြီး ထိုင်နိုင်းတာ ကြိုးနဲ့တုပ်၊ ကားပေါ်တင်တာတွေ နောက်ဆုံးဆေးထိုး အသတ်ခံရခါနီး အချိန်ထိ လူ့သိက္ခာ တစ်ပြားသားမှ ထည့်မတွက်ဘဲ ရုပ်သံတွေကနေ တိုက်ရိုက် တင်ဆက်ပြသခံခဲ့ရပြီး ကြက်လေး၊ ငှက်လေး တစ်ကောင်လို လွယ်လွယ်ကူကူ သတ်သွားတာဟာ သူတို့နိုင်ငံသားကို ထိရင်မရဘူး၊ မြန်မာနိုင်ငံကို သူတို့ဘယ်လိုနိုင်ကြောင်း ကမ္ဘာကို ပြသွား တာပါပဲ။

အပြစ်ရှိလို့ အပြစ်ပေးခံရတာ မဆန်းပေမဲ့ ကိုယ့်နိုင်ငံသားတစ်ဦး သူများနိုင်ငံရဲ့ တရားခွင်မှာ အကာအကွယ်မဲ့ စီရင်ခံရပြီး လူတစ်ယောက်ရဲ့ သိက္ခာကို တန်ဖိုးမထား နင်းခြေပစ်တဲ့ လုပ်ရပ်တွေဟာ အချုပ်အခြာ ပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုကို စော်ကားလိုက်တာပဲလို့ ခံစားမိပါတယ်။

သူတို့တွေနဲ့ စီးပွားရေးလုပ်ငန်းလုပ်တဲ့ နေရာမှာလည်း သူတို့ တွေရဲ့ အနိုင်ကျင့်လွှမ်းမိုးချယ်လှယ်မှု၊ လူလည်ကျမှုကို ကျွန်တော် တို့မြန်မာလူမျိုးတွေ ခံနေရတာပါပဲ။ မန္တလေးကျောက်ဝိုင်းမှာ၊ နယ်စပ် ကုန်သွယ်ရေးတွေမှာ၊ စီးပွားရေး နယ်ပယ်အသီးသီးမှာ သူတို့ရဲ့ လူပါးဝမှု ကိုခံနေရပါတယ်။ ကိုယ့်နိုင်ငံကို လာရောက် ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်း

အားလုံးနီးပါးမှာ သူတို့က မတရား အသာစီး ရယူထားတာချည်းပါပဲ။ မြန်မာနိုင်ငံရဲ့ သဘာဝသယံဇာတ ရာနိုင်နှုန်း ၇၀ ကျော်ကို တရားဝင်၊ တရားမဝင်နည်းနဲ့ တူးဖော်သုံးစွဲ ခွင့်ရနေတာက တရုတ်နိုင်ငံပါ။ တိုင်းပြည်ရဲ့ အရေးကြီးလုပ်ငန်းတွေဖြစ်တဲ့ လေဆိပ်မှန်သမျှ ဆိပ်ကမ်းမှန်သမျှ လမ်းလုပ်ငန်းတွေကို လုပ်ငန်း လုပ်ကိုင်ခွင့်ရနေတာ သူတို့ပါပဲ။ သူတို့ စီမံကိန်းတွေကို ကြည့်ရင် ကိုယ့်တိုင်းပြည်ကို အကျိုးပြုတဲ့ စီမံကိန်းမပါ သလောက်ပါပဲ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့သဘာဝသယံဇာတတွေဟာ နှစ်နိုင်ငံ ခွဲသုံးနေရသလို ဖြစ်နေတာပါ။

ဟိုတစ်လောကပဲ တရုတ်နိုင်ငံက ကော်ဇောတွေတင်သွင်းတာကို အိတ်တွေထဲမှာ ကျောက်ခဲတွေ သဲတွေ ထည့်ပေးလိုက်တာတွေ၊ ကိုယ့်နိုင်ငံက သစ်တွေ တန်သောင်းချီပြီး နိုးထုတ်တယ်။ သစ်ခုတ်ခအတွက် ပိုက်ဆံပေးချေတဲ့အခါမှာလည်း ယွမ်ငွေအတုတွေ ပေးချေနေတာတွေဟာ တရုတ်တွေဟာ မြန်မာပြည်ကို ဘယ်လောက်အထိအနိုင်ကျင့် စော်ကားနေတယ် ဆိုတာတွေ့ရမှာပါ။ ဒီလိုတွေ ပြုလုပ်လို့ တရုတ်အစိုးရကို တိုင်တဲ့အခါမှာလည်း လုံး၀ အရေးယူဆောင်ရွက်ပေးမှု မရှိခဲ့သလို မိမိအစိုးရကလည်း ဝင်ရောက် ဆောင်ရွက်ပေးတာမျိုး မရှိပါဘူး။ တရုတ်တွေဟာ ကျွန်တော်တို့ နိုင်ငံကို ကမ္ဘာကျော် ငတုံးများအဖြစ်သတ်မှတ်ချိုးနှိမ်ပြီး ဆက်ဆံနေတာဟာ အသိဉာဏ်မရှိတဲ့ အုပ်ချုပ်သူ အစိုးရနဲ့ အသားထဲကလောက်ထွက်တဲ့ ခရိုနီလူတန်းစားတွေကြောင့်ပဲ ဖြစ်ပါတယ်။

တရုတ်တွေက ကိုယ့်နိုင်ငံက မြေပေါ်မြေအောက် သဘာဝ သယံဇာတတွေကို မတရားခိုးယူနေတာတွေကို ကိုယ့်နိုင်ငံသားတွေကို စော်ကားချင်တိုင်း စော်ကားနေတာတွေ၊ ကိုယ့်နိုင်ငံက အမျိုးသမီးတွေ အပျော်မယားအဖြစ် ဝယ်ယူပေါင်းသင်းပြီး လိင်ကျွန်အဖြစ်ဆက်ဆံနေတာတွေကို အုပ်ချုပ်သူ အစိုးရက အရေးယူဆောင်ရွက်မှုမရှိဘဲ ပြည်သူတွေဟာ မိဘမဲ့ သားသမီးတွေလို လူမလေးခွေးမခန့် ဘ၀ဖြစ်နေရတာ အင်မတန် စိတ်နာစရာ ကောင်းလှပါတယ်။

မန္တလေးမြို့မှာ တရုတ်တွေ ဘယ်လောက်လွှမ်းမိုးဝါးမျိုသွားသလဲ ဆိုရင် တစ်မြို့လုံး တရုတ်လူမျိုး၊ တရုတ်ဘုံကျောင်း၊ တရုတ်စာသင်

ကျောင်းတွေနဲ့ ပြည့်နေပါပြီ။ မြို့ထဲမှာ မန္တလေးသား စစ်စစ်ဆိုလို့ တောင်ပေါ်က မန္တလေးဘိုးဘိုးကြီးပဲ ကျန်ပါတော့တယ်။ အစိုးရအနေဖြင့် မှတ်ပုံတင် လူမျိုးတွေရဲ့ဗလီဆောက်ခွင့်၊ စာသင်ကျောင်း တည်ဆောက်ခွင့်တွေကို ထိန်းချုပ်ထားပေမဲ့ တရုတ်ဘုံကျောင်း၊ တရုတ်စာသင်ကျောင်းတွေကို အထိန်းအကွပ်မရှိခွင့်ပြုထားတာ နားမလည်အောင် ဖြစ်ရပါတယ်။ မြန်မာကလေးငယ်တွေတောင် တရုတ်ကျောင်းတက်ကြ၊ တရုတ်စာ မဖြစ်မနေ သင်နေရတဲ့ အဖြစ်ဖြစ်နေပါပြီ။ နောက်ဆို ဘာသာစကားပျောက်ကွယ်သွားပြီး လူမျိုးပါ ပျောက်ကွယ်သွားပါလိမ့်မယ်။ မန္တလေးမှာဆိုရင် အလုပ်လုပ်ချင်တဲ့ လူငယ်တွေဟာ တရုတ်စာ၊ စကား မတတ်ရင် အလုပ်ရဖို့ခဲယဉ်းပါတယ်။ တချို့အလုပ်ရတဲ့ မိန်းကလေးကျပြန်တော့လည်း တရုတ်သူဌေးရဲ့ ခြေတော်တင်ခံရ ပြန်ပါတယ်။ မြန်မာမိန်းမပျိုလေးတွေဟာ တရုတ်အမျိုးသား သူဌေးများရဲ့ 'သားမွေးသည်မ' တွေအဖြစ်နဲ့ ရင်နာနာနဲ့ဖြတ်သန်းနေကြရတာ အင်မတန်ဝမ်းနည်း ရင်နာစရာ ဖြစ်ရပ်တွေပါ။

မန္တလေးမြို့ဆိုတာ မြန်မာကို ကိုယ်စားပြုထားတဲ့မြို့၊ မြန်မာ့ယဉ်ကျေးမှုရဲ့ နောက်ဆုံး ခံတပ်ကြီးပါ။ ဘာသာ၊ သာသနာ၊ စာပေ၊ ဂီတ၊ သဘင်အနုပညာ၊ ယဉ်ကျေးမှု အင်မတန်အားကောင်းခဲ့တဲ့ မြို့ဖြစ်ပါတယ်။ မန္တလေးကျဆုံးခြင်းဟာ မြန်မာပြည် ကျဆုံးခြင်းပါပဲ။ ဒါကြောင့် အစိုးရအနေနဲ့ကိုယ့်နိုင်ငံ ကိုယ့်နိုင်ငံသားတွေ တိုင်းတစ်ပါးသား တရုတ်တွေရဲ့အနိုင်ကျင့် ကုပ်သွေးစုပ် ချယ်လှယ်နေမှုတွေ၊ မတရားလုပ်နေတာတွေကိုမျက်နှာလွှဲ ခဲပစ်မနေကြပါနဲ့တော့။ 'အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး'မြေမျိုလို့ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မယ်'ဆိုတဲ့ ဆောင်ပုဒ်တွေကို မစားရဝမန်း လူကြားကောင်းအောင်အော်နေရုံနဲ့ မပြီးပါဘူး။ စနစ်တကျ ထိထိရောက်ရောက် ကိုင်တွယ် ဖြေရှင်းဖို့ လိုအပ်နေပါပြီလို့ ပြောချင်ပါတယ်။ အခုဆိုရင် မန္တလေးမြို့မှာ တရုတ် ဆန့်ကျင်ရေးတွေကြီးထွားလာပါပြီ၊ အစိုးရပိုင်းက ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှု၊ ကိုယ့်နိုင်ငံသားတွေကို အကာအကွယ်ပေးမှု မလုပ်ပေးနိုင်ဘူးဆိုရင် လူမျိုးရေး ပဋိပက္ခတွေ ဖြစ်သွားနိုင်ပါတယ်။ သည်းခံမှုရဲ့ အဆုံး

စွန်ကပေါက်ကွဲမှုဟာ ပိုပြင်းထန်တတ်တယ်လို့ပဲ ပြောချင်ပါတယ်။

ကျွန်တော်တို့ မန္တလေးသားတွေအနေနဲ့လည်း ဘယ်သူကြောင့်၊ ဘာကြောင့်ဆိုပြီး လက်ညှိုးထိုးနေရင်း ပြဿနာဖြစ်တိုင်း ကမ္ဘာမကြေ သီချင်းပဲဆိုနေလို့ မရတော့ပါဘူး။ မီးလောင်နေတာကို ဘယ်သူ့ကြောင့်၊ ဘာကြောင့် အပြစ်ပြောနေလို့ မီးကငြိမ်းသွားမှာ မဟုတ်ပါဘူး။ တစ်ချိန်က ဆို တရုတ်တွေက ကျွန်တော်တို့ကို ဆရာကြီး ဆရာကြီးလို့ခေါ်ခဲ့ရာက အခုဆို ကျွန်တော်တို့က 'သာဓကော' 'လောပန်း'နဲ့ အောက်ကျို့ ဆက်ဆံနေရတဲ့ဘဝ၊ သူတို့ကြည်ဖြူမှ နေခွင့်ရတော့မယ့်ဘဝ၊ သူတို့ သဒ္ဓါမှစားရမယ့်ဘဝ ရောက်သွားရတာ ရင်နာစရာကောင်းလှပါတယ်။ ဒီအတိုင်း ငုံ့ခံနေရင်တော့ ဒီထက်တိုး ဆော်ကားလာတော့မှာပဲ။

ကျွန်တော်တို့ မန္တလေးသားတွေဆိုတာ ကိုယ့်သခင်၊ ကိုယ့်ဘုရင်၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နေခဲ့တဲ့သူတွေပါ။ ကိုယ့်ဘိုးဘွားတွေပိုင်ဆိုင်ခဲ့တဲ့မြို့ ပြန်လည် ကယ်ဆယ်ရေးအတွက် အားလုံးစုပေါင်းတိုင်ပင်ပြီး နည်းမှန်လမ်းမှန်နဲ့ လုပ်ဆောင်ရမယ့် အချိန်အခါရောက်ပါပြီ။ မန္တလေးမြို့ဆိုတာ ပြာပုံဘဝကနေ အကြိမ်ကြိမ် ရုန်းထွက်ခဲ့တဲ့ဖီးနစ်ငှက်မြို့ပါ။ ကျွန်တော်တို့ မန္တလေးသားတွေ မညံ့ဘူးဆိုတာသမိုင်းသက်သေ ရှိပြီးသားပါ။ အားလုံး ရေစုန်မျော မလိုက်နေကြဘဲ အားလုံးနိုးထကြပါတော့လို့ ပြောချင်ပါတယ်။

နောက်ဆုံးအနေနဲ့ ဘဘ ဦးကိုလေး(အင်းဝဂုဏ်ရည်) ကျွန်တော့်ကို ပြောခဲ့တဲ့စကားလေး ပြန်ပြောချင်ပါသေးတယ်။

'တို့မြန်မာတွေ ဖက်ဆစ်ဂျပန်တွေရဲ့ လက်အောက်ခံ သူ့ကျွန်ဘဝကနေရုန်းထွက်ဖို့အတွက် 'ဖဆပလ'ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးဆိုပြီး ငါတို့တွေကို ကျွန်လာပြုနေတဲ့ ဖက်ဆစ်ဂျပန်တွေကို တွန်းလှန်တိုက်ထုတ်ခဲ့သလို အခုအချိန်အခါမှာလည်း ငါတို့နိုင်ငံကို မတရားလာလုပ် ကုပ်သွေးစုပ်နေတဲ့ တရုတ်နိုင်ငံသားတွေကို 'တဆပလ' ဆိုပြီး 'တရုတ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး' လုပ်ဖို့ အချိန်တန်ပါပြီ'

၁၇.၆.၁၄ ထုတ် Tomorrow ဂျာနယ်

❑



# အရင်ကကျား အခုတော့...

ကျော်ကြီး(MDY)

၃၀.၇ ၁၅ နေ့ တစ်နိုင်ငံလုံးနီးပါး ဝမ်းနည်းဒေါသဖြစ်တဲ့နေ့၊ အုပ်ချုပ်သူအစိုးရ အရှက်သိက္ခာကျတဲ့နေ့ဆို မှားမယ်မထင်ပါ။ ပြည်သူအားလုံးနီးပါး တောက်တစ်ခေါက်ခေါက်နဲ့ လုပ်ရက်လေခြင်းဆိုပြီး အစိုးရအပေါ်ဒေါသထွက်ကုန်ကြပါတယ်။ ဇူလိုင် ၂၂ ရက်တွင် သစ်ခိုးထုတ်မှု၊ မူးယစ်ဆေးမှု၊ လဝကပုဒ်မတို့ဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံထားရသော တရုတ်နိုင်ငံသား ၁၅၅ ဦးအား ပြစ်ဒဏ်ချမှတ်လို့ ၈ ရက်မြောက်တဲ့နေ့မှာပဲ အစိုးရမှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး လွှတ်ပေးခဲ့တယ်။ တစ်နိုင်ငံလုံးအံ့အားသင့် ဒေါသထွက် ဆူညံကုန်ကြပါတယ်။

သစ်တန်ပေါင်းများစွာခိုးထုတ်လို့မိတဲ့ တရုတ်နိုင်ငံသားတွေကို ဇူလိုင်လ ၂၂ ရက်နေ့မှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းချလိုက်ခဲ့ပါတယ်။ ထောင်ဒဏ်အများအကြီးရဲရဲဝံ့ဝံ့ချရဲလို့ အံ့အားသင့်တဲ့လူတွေကတော့ အံ့အားသင့်ခဲ့ပါတယ်။ တကယ်လုပ်ပြီးဆိုပြီး ဝမ်းသာနေကြတာပါ။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီချမှတ်မှုအပေါ်မှာ သံသယရှိခဲ့ပါတယ်။ ဘယ်လိုနည်းလမ်းနဲ့ ပြန်လွှတ်ပေးမလဲဆိုတာကိုပဲ စောင့်ကြည့်နေခဲ့ပါတယ်။

နှစ်နိုင်ငံချစ်ကြည်ရေးအကြောင်းပြ ပြန်လွှဲပေးမယ်ပဲထင်ခဲ့တာပါ။ ခုတော့အမိန့်ချလို့ နောက်ရက်မှာပဲ ပေါက်ဖော်ကြီးက သူ့နိုင်ငံသားတွေဘက်ကရပ်တည်ပြီး ဟိန်းဟောက်သံတွေဆူညံသွားပြတယ်။ နဂါးဟိန်းသံကိုကြောက်တဲ့ကျူပ်တို့ ခြသေ့ကြီးကတော့ ကြောက်အားလန့်အားနဲ့ ချက်ချင်းပဲလွှတ်ငြိမ်းချမ်းသာခွင့်နဲ့ ၁၀ ရက်ပြည့်အောင်တောင်မထားနိုင်ဘဲ လွှတ်ပေးလိုက်ရပါတယ်။

ပြည်သူအားလုံး ဝမ်းနည်းဒေါသဖြစ်ကုန်ကြရပါတယ်။ ငါတို့ဟာ တရုတ်ရဲ့လက်အောက်ခံ အနိုင်ကျင့်ခံဘဝရောက်သွားပြီလားဆိုပြီး ဝမ်းနည်းအားငယ်စိတ် ဖြစ်ကုန်ကြရပါတယ်။ နောက်တစ်ချိန်တည်းမှာ အားလုံးပြေးမြင်မိကြတာက ကိုယ့်နိုင်ငံသားတစ်ယောက်ဖြစ်တဲ့စိုင်းနော်ခမ်းပါ။ ဟုတ်ပါတယ် ကိုယ့်နိုင်ငံသားတစ်ယောက်ကို တရုတ်အရာရှိတွေအလယ်မှာ ဒူးထောက်ခိုင်းပြီး လူ့အခွင့်အရေးတစ်ပြားသားမှ မရှိအောင်ဆက်ဆံပြီး ကြက်ကလေးငှက်ကလေးလို လွယ်လွယ်ကူကူသတ်သွားတဲ့မြင်ကွင်းကို အားလုံးပြန်မြင်ယောင်ကုန်တာပါပဲ။'

စိုင်းနော်ခမ်းသေဒဏ်ပေးစီရင်မှုကို ကမ္ဘာသိအောင် ရုပ်သံကနေတိုက်ရိုက်ပြပြီး ငါတို့နိုင်ငံသားထိရင်မရဘူး၊ မြန်မာနိုင်ငံအပေါ်ငါတို့ပဲနိုင်တယ်တယ်ဆိုတာပြသခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ အချုပ်အခြာပိုင်နိုင်ငံတစ်နိုင်ငံရဲ့ဂုဏ်သိက္ခာကို အနိုင်ကျင့်စော်ကားပြတဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။

စိုင်းနော်ခမ်းဟာ မိမိအစိုးရရဲ့အကာအကွယ်ပေးမှုတစ်စုံမှမရရှိဘဲ အမိမဲ့သားပမာ သူများနိုင်ငံမှာသေဆုံးခဲ့ရပါတယ်။ ကျွန်တော်ပြောချင်တာက စိုင်းနော်ခမ်းဘက်က ကာကွယ်ပြောနေတာမဟုတ်ပါဘူး။ စိုင်းနော်ခမ်းဟာ အပြစ်ရှိသူတစ်ယောက်မို့ အပြစ်ပေးခံရတာနားလည်ပေးလို့ရပါတယ်။ ဒါပေမဲ့ လူသားတစ်ဦးအပေါ် ဆက်ဆံသွားပုံ ဆေးထိုးသတ်တာကို ရုပ်သံကတိုက်ရိုက်ထုတ်လွှင့်သွားပုံတွေကတော့ စော်ကားတယ်လို့ မြင်မိပါတယ်။ ရိုးရိုးလေးစဉ်းစားကြည့်ပါ စိုင်းနော်ခမ်းနေရာမှာ အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ခဲ့မယ်ဆိုရင် သူတို့ဒီလိုဆက်ဆံအပြစ်ပေးလို့ရမလား။ အမေရိကန်နိုင်ငံကရော ကိုယ့်နိုင်ငံသားအပေါ်မျက်နှာလွှဲခဲပစ်လုပ်မယ်လို့ ထင်ပါသလား။

ကိုယ့်နိုင်ငံသားတွေကျတော့ ကိုယ့်နိုင်ငံကထွက်တဲ့ ကျွန်းသစ်ကို ဆိုက်ကားလေးနဲ့ တစ်ချောင်းနှစ်ချောင်းတင်လာလို့မိရင်တောင် ကြီးလေးစွာ နှစ်ချီပြီးထောင်ဒဏ်အပြစ်ပေးခံရပေမဲ့ နိုင်ငံပိုင်သစ်တောတွေကို နှစ်ပေါင်းရာချီပြီး မတရားခိုးယူနေတဲ့ တရုတ်တွေကို မိတာကျတော့ ထောင်ဒဏ်ရှစ်ရက်ပဲ အပြစ်ပေးတာဟာ ဦးသိန်းစိန်အစိုးရတွက် အင်မတန်အရှက်ရစရာဖြစ်ပါတယ်။ မကြာသေးခင်က လောက်ကိုင်စစ်ပွဲမှာ သူ့နိုင်ငံဘက်ကိုကျည်ဆံကျရောက်တော့ ပေါက်ဖော်ကြီးက ဘယ်လိုဆတ်ဆတ်ထိမခံဆက်ဆံခဲ့သလဲဆိုတာ တွေ့ရမှာပါ။ ကိုယ့်နိုင်ငံက လူကြီးတွေဟာလည်း သိက္ခာတစ်ပြားသားမှ မရှိအောင် သူ့နိုင်ငံထိသွားပြီး ရှိခိုးမတောင်းပန်ရရုံ တောင်းပန်ရလျော်ကြေးငွေတွေပေးရ လုပ်ခဲ့ရတာအားလုံး အသိပဲဖြစ်မှာပါ။

တရုတ်တွေကျတော့ အောက်ကျို့ အလျှော့ပေးအခွင့်အရေးတွေပေးပြီး ဆက်ဆံကြပေမဲ့ ကိုယ့်နိုင်ငံသားတွေကျတော့ တရုတ်နဲ့ပတ်သက်ရင် နည်းနည်းမှအလျှော့မပေး၊ မျက်နှာသာမပေးခဲ့ပါဘူး။ ပေါက်ဖော်ကြီးအတွက်ဆိုရင် ကိုယ့်နိုင်ငံသားတောင်ပြန်သတ်တဲ့အထိလုပ်ခဲ့တာ လက်ပံတောင်းကိစ္စမှာတွေ့ရမှာဖြစ်ပါတယ်။ ပြည်သူမပြောနဲ့ သံဃာတောင်မီးလောင်ဗုံးနဲ့ပစ်ခဲ့တာပါ။ တရုတ်သံရုံးရှေ့ဆန္ဒပြလို့၊ တရုတ်အလံမီးရှို့လို့ဆိုပြီး မျက်နှာလိုအားရ ကိုယ့်နိုင်ငံသားတွေကို ထောင်ချအပစ်ပေးခဲ့တာတွေစတဲ့လုပ်ရပ်တွေကို ပြည်သူအားလုံးက ယခု တရုတ်နိုင်ငံသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တာနဲ့ချိန်ထိုးပြီး ရင်ထုမနာဖြစ်ကုန်ကြပါတော့တယ်။

အုပ်ချုပ်သူအစိုးရကိုယ်တိုင်က နေရာတကာပေါက်ဖော်တွေဘက်က အကာအကွယ်ပေးမျက်နှာလုပ်နေကြတော့ တရုတ်တွေဟာ ကိုယ့်နိုင်ငံထဲမှာတောင်နိုင်ငံသားတွေအပေါ် သူတို့ရဲ့ကျွန်တွေပမာ ဆက်ဆံနေကြတာတွေ့ရမှာပါ။ ကိုယ့်နိုင်ငံက မြေပေါ်မြေအောက် သဘာဝသယံဇာတတွေမတရားစွာ ပေါ်တင်ရယူနေရုံမက ကိုယ့်နိုင်ငံက အမျိုးသမီးငယ်လေးတွေပါ အပျော်မယားအဖြစ်ဝယ် ယူပေါင်းသင်းပြီး လိင်ကျွန်အဖြစ်ဆက်ဆံနေတာဟာ တွေးလေတွေးလေ အရှိုးထိအောင်နာပြီး ကမ္ဘာတုန်အောင်ကုန်း

အော်ပစ်လိုက်ချင်တယ်။

ကျွန်တော်တို့နိုင်ငံသားတွေဟာ တိုင်းတစ်ပါးရောက်တော့လည်း လူမလေးခွေးမခန့်နဲ့ နားရွက်တံတွေးဆွတ် အနိုင်ကျင့်ခံနေရသလို ကိုယ့်နိုင်ငံမှာနေတော့လည်း တိုင်းတစ်ပါးသားတွေနဲ့ အာဏာရှင်တွေရဲ့အနိုင်ကျင့် မတရားလုပ်သမျှကို ခေါင်းငုံ့ခံနေရပါတယ်။ တစ်ချိန်ကအာရှမှာ ကျားရဲ့တစ်ကောင်လို ဟိန်းနိုင်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ စစ်အာဏာရှင်တွေရဲ့ နှစ်ပေါင်း ၅၀ ကျော် အမိန့်အာဏာနဲ့ အပြစ်ဒဏ်နှစ်ခုတွဲပြီး ထင်ရာစိုင်းဖိနှိပ်အုပ်ချုပ်ခဲ့တာကနေ အရင် ကျားဘဝကနေ ယနေ့တော့ နွားဘဝရောက်ရှိလို့သွားပါပြီ။ တိုင်းပြည်ဟာလည်းချွတ်ခြုံကျအောင် ဆင်းရဲမွဲတေသွားသလို ပြည်သူတွေရဲ့ဘဝဟာလည်း မျှော်လင့်ချက်မဲ့ဘဝရောက်ရှိကုန်ပါတော့တယ်။ ကျွန်တော်တို့နိုင်ငံမှာ အာဏာရှင်တွေသက်ဆိုးရှည်ပြီး တိုင်းပြည်ဒုက္ခဆင်းရဲတွင်းထဲရောက်ခဲ့ရတဲ့ အဓိကတရားခံတွေထဲမှာ အိမ်နီးချင်းတရုတ်နိုင်ငံက ထိပ်ဆုံးကပါဝင်ခဲ့ပါတယ်။

မိမိအာဏာတည်မြဲရေးကလွဲပြီး ကမ္ဘာ့နိုင်ငံတွေက ဘယ်လောက်ပိတ်ဆို့နေပါစေ တရုတ်ကိုအားကိုးရာပြီး တရုတ်လုပ်သမျှလည်စင်းခံပြီး ရုပ်သေးရုပ်အစိုးရဘဝနဲ့နေနေရတာ ပြည်သူတစ်ယောက်အနေနဲ့ အင်မတန်ဝမ်းနည်းကြေကွဲရပါတယ်။ တစ်ခါတစ်ခါ ကိုယ့်နိုင်ငံဟာ လွတ်လပ်ရေးရပြီဆိုတာတောင် သံသယဖြစ်မိပါတယ်။ တိုင်းပြည်ရဲ့ရှိသမျှစီမံကိန်းလုပ်ငန်းအားလုံးဟာ တရုတ်ပိုင်တွေချုပ်ကိုင်လုပ်ကိုင်နေကြပါတယ်။ အထက်မြန်မာပြည် မူဆယ်၊ လားရှိုး၊ မန်းလေးမြို့တွေဟာ တရုတ်တွေသိမ်းပိုက်လိုက်ပါပြီ။


တစ်နိုင်ငံလုံးမှာရှိသော တရုတ်တွေပိုင်ဆိုင်တဲ့ မြေနေရာတွေဟာလည်း နိုင်ငံတစ်ဝက်လောက်တောင်ရှိတော့မယ်ထင်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်ပြီး ဓာတ်ငွေ့ပိုက်လိုင်းတွေဖောက်ခဲ့တယ်။ ရထားလမ်းတွေ၊ ကားလမ်းတွေလည်း ဖောက်ဖို့လုပ်နေကြတယ်။ ဖားကန့်မှာရှိတဲ့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွေ၊ နိုင်ငံအဝန်းက ရွှေတူးဖော်ရေးလုပ်ငန်းတွေဟာ မြန်မာနာမည်ခံ တရုတ်တွေချည်းပါပဲ။ နောက်ဆုံးတိုင်းပြည်တစ်ခုရဲ့ အရေးကြီးဆုံးဖြစ်သော တံခါးပေါက်ဖြစ်တဲ့ အပြည်ပြည်ဆိုင်

ရာလေဆိပ်နဲ့ ဆိပ်ကမ်းတွေကို လုပ်ကိုင်ခွင့်ရနေတာက ဘိန်းဘုရင် မိသားစုက ဆင်းသက်လာတဲ့ တရုတ်တွေဖြစ်တဲ့ အေးရှားဝေါလ်ကုမ္ပဏီဆို တော့ စဉ်းစားသာကြည့်ကြပါတော့ဗျာ။ ကမ္ဘာ့ကုလသမဂ္ဂမှာ တရုတ်ပြည် သူ့သမှုတ မြန်မာနိုင်ငံလို့ တရားဝင်မပြောင်းသေးတာဘဲရှိပါတော့တယ်။

နောက်ဆုံးပြောချင်တာက အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးဆိုပြီး မစားရဝခမန်းအော်နေယုံနဲ့မရဘူးဆိုတာ အုပ်ချုပ်သူအစိုးခေါင်းဆောင် တွေကိုအသိပေးပြောကြားချင်ပါတယ်။ ။

၇.၈.၁၅ ထွက် News Watch (စောင့်ကြည့်သတင်းဂျာနယ်)

❑



# ပြည်သူ့အပေါ်ဝန်ပိနေသည့် ပြန်ကြားရေး

ကျော်ကြီး(MDY)

တိုင်းပြည်ရဲ့ ဘတ်ဂျက်လိုငွေမြင့်တက်နေချိန်၊ ပြည်သူတွေက ဆင်းရဲတွင်းနက်နေချိန်မှာ သတင်းစာထုတ်ဝေတဲ့လုပ်ငန်းအပါအဝင် လုပ်ငန်းအများစုကို ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ အရှုံးခံလုပ်နေတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်မှာ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ပြည်သူ့ဘဏ္ဍာငွေမှ ကျပ် ၃၆ ဘီလျံကျော် တောင်းဆိုခဲ့ပါတယ်တဲ့။

ဒီသတင်းကြားလိုက်ရတော့ ပါးစပ်အဟောင်းသားဖြစ်သွားတယ်။ ဒီထက်ပို အံ့ဩစရာကောင်းသွားတာက ပြီးခဲ့တဲ့ ၂၀၁၃– ၁၄ ဘဏ္ဍာနှစ်မှာ ပြန်ကြားရေးဝန်ကြီးဌာနက ကျပ်ငွေ ၅၂ ဘီလျံကျော် အရှုံးခံပြီး သတင်းစာထုတ်ဝေခွင့်အပါအဝင် လုပ်ငန်းများကိုလုပ်ဆောင်ခဲ့တယ်တဲ့ဗျာ။

ကောင်းပြီ၊ ပြည်သူ့ချေးနဲ့စာ ၅၂ ဘီလျံအရှုံးခံလိုက်တာ တိုင်းပြည်

အတွက် ပြည်သူအတွက် ဘာတွေအကျိုးဖြစ်ထွန်းခဲ့သလဲ။ ပြည်သူတစ်ယောက်အနေနဲ့မေးကြည့်မိတယ်။ အာဏာရှင်လက်ထက်ကတည်းက တိုင်းပြည်ဘဏ္ဍာငွေတွေကို အရှုံးခံပြီးထုတ်ဝေလာတဲ့ အစိုးရသတင်းစာတွေဟာ တိုင်းပြည်နဲ့ ပြည်သူတွေအပေါ် ဘယ်လောက်အကျိုးပြုခဲ့သလဲဆိုတာ အတိတ်ကိုပြန်ကြည့်လိုက်ရင် ရှင်းရှင်းလင်းလင်း၊ သဲသဲကွဲကွဲမြင်ရမှာပါ။ ဘယ်သူ့အတွက်၊ ဘာအတွက်ထုတ်ခဲ့တာလဲဆိုတာလည်းသိကြပါတယ်။ ပြည်သူ့အတွက်လို့တော့ ခေါင်းလာမတပ်ကြဖို့ ကြိုပြောထားချင်ပါတယ်။

အစိုးသစ်လက်ထက်မှာ အစိုးရသတင်းစာများကို အများပြည်သူဝန်ဆောင်မှုသတင်းစာအဖြစ်သို့ ပြောင်းလဲမည်လို့ပြောကြားခဲ့ပေမဲ့ ပြည်သူတွေစိတ်ဝင်စားတဲ့ သတင်းတွေကို ဖော်ပြမှုမရှိဘဲ အစိုးရသတင်းအာဘော်များကိုသာ အဓိကထားဖော်ပြနေတာလည်း အားလုံးအသိပါ။

ဒီနေ့ ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိကသတင်းစာတွေကိုလည်း ထုတ်ဝေခွင့်ပြုထားပြီဖြစ်တဲ့အတွက် အစိုးရအနေနဲ့သတင်းစာကို ပြည်သူ့ငွေကိုအသုံးပြုပြီး ထုတ်ဝေဖို့မလိုတော့ပါဘူး။ အုပ်ချုပ်သူအစိုးရရဲ့ဝါဒဖြန့်ချိရေးအတွက် အတွက်သက်သက်ဆိုရင်တော့ ပြည်သူ့ဘဏ္ဍာငွေတွေကို ဒီလောက်အရှုံးခံပြီး မလုပ်သင့်တော့ဘူးလို့ထင်တယ်ဗျာ။ ဒီငွေတွေကို ပြည်သူတွေအတွက် အမှန်တကယ်အကျိုးရှိမယ့် အစစအရာရာ နိမ့်ကျနေတဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍအတွက်အသုံးပြုလိုက်မယ်ဆိုရင်ပိုမကောင်းဘူးလား။

ယခုလို ပြည်သူ့ငွေတွေကို အရှုံးခံပြီးလုပ်နေတာဟာ အစိုးရအတွက်လား၊ ပြည်သူ့အတွက်လား မေးချင်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဒီမိုကရေစီနိုင်ငံတွေထဲမှာ စစ်တပ်ကစီးပွားရေးလုပ်ပြီး အစိုးရကသတင်းစာထုတ်တာ ကျွန်တော်တို့နိုင်ငံအပါအဝင် နိုင်ငံအနည်းငယ်ပဲ ရှိမယ်ထင်ပါတယ်...

ကမ္ဘာပေါ်က ဒီမိုကရေစီနိုင်ငံကြီးတွေမှာလည်း ပြန်ကြားရေးဝန်ကြီးဌာနဆိုတာမရှိပါဘူး။ ကျွန်တော်တို့နိုင်ငံမှာလည်း ဘာကြောင့်ရှိနေရတာလဲဆိုတာအားလုံးသိပါတယ်။ အစိုးရရဲ့ဝါဒဖြန့်ချိဖို့နဲ့ ပုဂ္ဂလိက မီဒီယာတွေကိုထိန်းချုပ်ဖို့အတွက် ရှိနေတယ်ဆိုတာ ပြေးကြည့်စရာလိုမယ် မထင်

ပါဘူး။ ရှင်းရှင်းပြောရရင် ပြန်ကြားရေးဝန်ကြီးဌာနဆိုတာ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ လိုကိုမလိုအပ်တဲ့ ဝန်ကြီးဌာနတစ်ခုလို့ပဲမြင်မိပါတယ်။

ဒီလောက် ပြည်သူတွေ ဆင်းရဲတွင်းက မတက်နိုင်သေးတဲ့အချိန်၊ ဘဏ္ဍာငွေကိုပဲအားထားရပ်တည်ရတဲ့ ဒီမိုကရေစီအစိုးရလို့ပြောတဲ့ အစိုးရသစ်ကြီးအုပ်ချုပ်နေတဲ့အချိန်မျိုးမှာတောင် ပြည်သူ့ချွေးနဲ့စာ ဘဏ္ဍာငွေတွေကို အလဟသဖြုန်းတီးပစ်နေတာ ကြားရလို့လည်း အံ့ဩမင်တက်ခဲ့ရသလို ဒါဟာဆင်းရဲသားပြည်သူတွေကို တစ်နည်းအားဖြင့် စော်ကားလိုက်ခြင်းလို့သတ်မှတ်မိတယ်။

နောက်တစ်ချက်က ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူ့ဘဏ္ဍာငွေတွေကို သာအရှုံးခံပြီး လုပ်ငန်းတွေလုပ်ဆောင်နေပေမဲ့ တိုင်းပြည်အတွက် အမှန်တကယ်ရရှိရမယ့်ငွေတွေဖြစ်တဲ့စကိုင်းနက် မီဒီယာအပါအဝင် အက်ဗ်အမ်ကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့လုပ်ငန်းတွေက တိုင်းပြည်အတွက် ပြန်ရမယ့်အကျိုးအမြတ်ကြတော့ အမှန်တကယ်အပြည့်အဝရရှိအောင် ဘာလို့မဆောင်ရွက်ခဲ့သလဲမေးစရာပါ။ ဒီနေ့ထိ ရွှေသံလွင် (sky net) မီဒီယာနဲ့ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ကို ကိုဘာကြောင့် ပြည်သူကိုချမပြရဲတာလဲ။ ရိုးသားမှုရှိမယ်ဆိုရင်တော့ ချမပြရဲစရာ ဘာအကြောင်းမှ မရှိဘူးထင်ပါတယ်။

ငွေကြေးအမြတ်အစွန်းကြီးစွာရနေတဲ့ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းကို နိုင်ငံတော်နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာမှာ နိုင်ငံတော်ကအကျိုးအမြတ်ကို ၄ ရာခိုင်နှုန်းသာစရပြီး ပထမသုံးနှစ်ကို အခွန်အခအရပ်ရပ် သုံးနှစ်ကင်းလွတ်ခွင့်ပြုထားတယ်။ ၃၃ နှစ်လုပ်ကိုင်ခွင့်ပြုထားပြီး နှစ်သုံးဆယ်ကြာမှ နိုင်ငံတော်က အကျိုးအမြတ် ၂၅ ရာခိုင်နှုန်းသာရရှိမှာဖြစ်ပါတယ်။ တစ်မိနစ် ရုပ်သံကြော်ငြာစတောင် သိန်းဆယ်ချီပြီးရတဲ့လုပ်ငန်းကနေ နိုင်ငံအတွက်အကြိုးအမြတ်က ၄ ရာခိုင်နှုန်းဆိုတဲ့ ပမာဏဟာ အလွန်တရာနည်းတဲ့ပမာဏပါ။ တိုင်းပြည်နဲ့ပြည်သူတွေအတွက် ဘယ်လောက်နစ်နာနေသလဲဆိုတာ သာမန်ပြည်သူတစ်ယောက်တောင် နားလည်ပါတယ်ဗျာ။ ဒီလောက်မတရားမမှန်ကန်တဲ့လုပ်ရပ်တွေကို မီဒီယာတွေက ဖွင့်ချပြတာတောင် အစိုးရအနေနဲ့ဘာလို့မသိကျိုးကျွံပြုပြီး

မျက်ကွယ်ပြုနေရတာလဲ။

ဒီလောက်တိုင်းပြည်အတွက်ရရှိမယ့် အကျိုးအမြတ်များစွာကို မရယူဘဲ အခွင့်ထူးခံရရှိပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားခဲ့သော်လည်း တိုင်းပြည်အတွက် အရေးပါတဲ့ အခွန်ငွေကျတော့လည်း ပြည့်ဝစွာမပေးဆောင်ပြန်ပါဘူး။ ရွှေသံလွင်ကုမ္ပဏီဟာ ပြီးခဲ့တဲ့နှစ် အခွန်ဆောင်ရာမှာ ထိပ်တန်းအခွန်ထမ်း ၅၀၀ ဦးစာရင်းတောင်မပါရှိခဲ့ပါဘူး။ စကိုင်းနက် ရုပ်သံတစ်ခုတည်းကပင် မှန်မှန်ကန်ကန်အခွန်ကောက်ပါက တစ်နှစ်ကို အခွန်ငွေ ကျပ်ဘီလျံ ၁၀၀ ကျော် ရရှိမှာဖြစ်ပေမဲ့ မထမ်းဆောင်ဘဲ ရှောင်တိမ်းခွင့်ရနေတာတွေဟာ ဘာကြောင့်လဲဆိုတာ တာဝန်ရှိလူကြီးမင်းတို့က အသိဆုံးဖြစ်ပါလိမ့်မယ်။

အစိုးရသစ်စတက်လာကတည်းက ပြည်သူကို ကိုယ်စားပြုတယ်၊ ပြည်သူ့အတွက်၊ တိုင်းပြည်အတွက်လို့ အားလုံးကတော့ တတွတ်တွတ် ပြောခဲ့ကြတယ်လေ။ ဒီတော့ အခုလို တစ်ဖက်ကရမယ့် ဘဏ္ဍာငွေကိုရအောင်မလုပ်ဘဲ ပြည်သူတွေစုပြီးပေးဆောင်ထားတဲ့ ဘဏ္ဍာငွေကျတော့ ဖြုန်းတီးသလိုလုပ်နေတာမျိုးကရော ပြည်သူ့အတွက်ပဲလားလို့ မေးပါရစေတော့။

လမ်းသင့်လို့ တစ်ပါတည်းပြောပါရစေဦး။ အကျိုးမရှိတဲ့ သတင်းစာကိုကျတော့ ပြည်သူ့ချွေးနဲ့စာ အရှုံးခံပြီးထုတ်တယ်။ ပြည်သူတွေ တကယ်ဒုက္ခရောက်မယ့်၊ ရေနစ်ရာကိုဝါးကူထိုးမယ့် လျှပ်စစ်မီတာခကျတော့ နှစ်ဆဉ်ရှုံးလို့ဆိုပြီး တိုးတယ်။ ပြည်သူတွေက မတိုးမြှင့်ရေးအတွက် ဆန္ဒထုတ်ဖော်တွေထုတ်ဖော်ပြီး တောင်းဆိုခဲ့လို့ လွှတ်တော်က မတိုးမြှင့်ဖို့ ရပ်ဆိုင်းခဲ့တာတောင် သမ္မတကြီးက လွှတ်တော်ကိုစာပို့ပြီးလာမယ့် ဘဏ္ဍာနှစ်ကစပြီး တိုးမြှင့်ကောက်ခံမယ်လို့ ဘာကြောင့်ပြောခဲ့ရတာလဲ။ သမ္မတကြီးရဲ့ ဆင်းရဲမွဲတေမှုလျော့ချရေးဆိုတာ၊ အစိုးရတာဝန်ရှိသူတွေ ပြောတဲ့ ပြည်သူ့အတွက်ဆိုတာတွေက ဒါတွေများလားလို့တောင် မေးရမလိုဖြစ်နေပြီ။

တိုင်းပြည်ရဲ့ သဘာဝဓာတ်ငွေ့တစ်မျိုးတည်းရောင်းရငွေတောင် တစ်နှစ်ကို ဒေါ်လာ ၃.၉ ဘီလျံကျော်ရရှိပါတယ်။ ပြည်သူတွေကို အရှုံးခံ

ပေးနေရတဲ့ လျှပ်စစ်မီတာခက တစ်နှစ်ဒေါ်လာသန်း ၂၀၀ ဆိုတာ သဘာဝဓာတ်ငွေ့ရောင်းရငွေနှစ်ပတ်စာတောင်မရှိပါဘူး။ ဒါကို ဘာကြောင့် အရှုံးခံမပေးနိုင်ရတာလဲ။

သဘာဝဓာတ်ငွေ့ရောင်းစားနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်မီတာခ သက်သက်သာသာနဲ့ အသုံးပြုခွင့်ရဖို့ကိစ္စဟာ အစိုးရကတာဝန်ယူပေးရမှာဖြစ်သလို ပြည်သူတွေရဲ့ရပိုင်ခွင့် အခွင့်အရေးတစ်ရပ်မဟုတ်ဘူးလား။ တိုင်းပြည်အတွက်ရရှိမယ့် အကျိုးအမြတ်တွေ၊ အခွန်အခတွေကျတော့ ခရိုနီစီးပွားရေးလုပ်ရှင်တွေဆီက ရရှိအောင်ကျမစွမ်းဆောင်ကြဘဲ မျှော်လင့်ချက်မဲ့နေတဲ့ အကျပ်အတည်းကြားကပြည်သူတွေရဲ့ အိတ်ထောင်ထဲကငွေကျတော့ ဘာကြောင့် ထပ်ပြီးညှစ်ထုတ်ရယူချင်နေကြတာလဲ ဆိုတာသိပါရစေ။

ဒါတောင် ပြန်ကြားရေးဝန်ကြီးဌာန တစ်ခုပဲရှိပါသေးတယ်။ ဒီလိုမလိုအပ်ဘဲ ပြည်သူ့ချွေးနဲ့စာ ဘဏ္ဍာတွေကို ဖြုန်းတီးနေတဲ့ ဝန်ကြီးဌာန ဘယ်နှခုများရှိနေဦးမလဲ။

သမ္မတကြီးအပါအဝင် အစိုးရတာဝန်ရှိလူကြီးမင်းများခင်ဗျား...။ အဘိုးလက်ထက်၊ အဘလက်လက်၊ အမေလက်ထက် အစိုးရအဆက်ဆက်ကနေ ယနေ့အစိုးရလက်ထက်အထိ ဒီလိုဝန်ကြီးဌာနတွေရဲ့ဝန်၊ ခရိုနီအကြီးအသေးတွေရဲ့ ဝန်တွေထမ်းပေးခဲ့ရတာ ပြည်သူတွေလည်း ပန်းလှပါပြီဗျာ။

စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်နေရတဲ့ ဆင်းရဲသားပြည်သူတွေကို ဒီဝန်တွေ ထပ်မထမ်းနိုင်းပါနဲ့တော့၊ ပြည်သူတွေကိုလည်း သနားကြပါဦးလို့ပြောပါရစေတော့...

၇.၂. ၁၄ ထုတ် **News Watch** ဂျာနယ်

❑


ကမ္ဘာကျော် ... ပါညီပေးမှဘဲ...

# အပျိုရည် အဖျက်ခံလိုက်ရတဲ့ တောင်သမန်

ကျော်ကြီး(MDY)

ကျွန်တော်တို့ မန္တလေးမြို့ကြီးက မင်းနေပြည်တော်ဖြစ်ခဲ့တာနဲ့ အညီလည်စရာပတ်စရာ သမိုင်းဝင်နေရာတွေဟာ လွန်စွာမှပေါများပါတယ်။ အဲ့ဒီထဲမှာမှ မြန်မာသိ ကမ္ဘာသိ သမိုင်းဝင်ရှေးဟောင်း ဦးပိန်တံတားကြီးလည်း တစ်ခုအပါအဝင်ပါပဲ။ မန္တလေးကို လာရောက်လည်ပတ်ကြတဲ့ သူတိုင်း မသွားမဖြစ်သွားကြတဲ့ နေရာတစ်ခုလည်းဖြစ်ပါတယ်။ အထူး သဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်တဲ့နေရာ တစ်ခု ဆို မမှားပါဘူး။ မန္တလေးကိုလာရောက်လည်ပတ်တဲ့သူတိုင်း ဦးပိန်တံတား ကိုမရောက်ခဲ့ဘူးဆိုရင် မပြည့်စုံဘူးလို့ ဆိုရလောက်အောင်ပါပဲ။

၁၂၁၁ ခုနှစ် ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်မှာ မြို့စာရေး မောင်ပိန်တည်ခဲ့တဲ့ ဦးပိန်တံတားကြီးဟာ ယနေ့အခါမှာဆိုရင် နှစ်ပေါင်း ၁၆၀ ကျော်တိုင်ခဲ့ပါပြီ။ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်တစ်ခု ဖြစ်သလို ကမ္ဘာကျော် ရှေးဟောင်းသစ်သားတံတားလည်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အရှည်လျားဆုံး ကျွန်းသစ်သားတံတားကြီးဆိုပြီး ကမ္ဘာ အရပ်ရပ်က နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ် မှတ်တမ်းတင်ကြ

တဲ့ ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခုပါ။ မြန်မာ့ဗိသုကာပညာရှင်များက မြန်မာ့ဆောက်လုပ်ရေးအတတ်ဖြင့် မြန်မာမှုစစ်စစ် တံတားကြီးအဖြစ် ဦးပိန်တံတားကြီးဟာ အမရပူရ ရှေးဟောင်းမြို့တော်၏ အမှတ်သင်္ကေတ ဖြစ်သလို မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစရာ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

ဦးပိန်တံတားတည်ရှိတဲ့ တောင်သမန်အင်းကြီးဟာလည်း နွေ၊ မိုး၊ ဆောင်း ဥတုံသုံးရာသီလုံး သဘာဝအလှတရားများနဲ့ ပြည့်စုံတဲ့နေရာ လေးတစ်ခုပါ။ မိုးရာသီဆိုရင် ဧရာဝတီမြစ်ရေတက်ချိန်မှာ ရေများဝင် ရောက်ပြီး အင်းတစ်ခုလုံးရေအပြည့်နဲ့ ဦးပိန်တံတားကြီး ဟာလှပလို့နေ ပါတယ်။ အင်းထဲမှာရေဆင်းရိုးကြ၊ ငါးမျှားကြ၊ ငှက်လေ့စီးကြနဲ့ တကယ့်ကိုပျော်စရာပါ။ အင်းရေပြင်ပေါ်မှ ဖြတ်ပြီးတိုက်ခတ်လာတဲ့ လေနုအေးလေးကို ရှူရှိုက်ပြီး တံတားကြီးပေါ်လမ်းလျှောက်ရတဲ့အရသာ ဘာနဲ့မှကိုလဲလို့မရအောင်ပါပဲ။ ဆောင်းရာသီမှာဆိုရင်လည်း ရေအနည်း ငယ်သာကျန်တော့ပြီး လယ်ယာစိုက်ပျိုးကြတဲ့ စိုက်ခင်းလေးတွေနဲ့ ငွေနှင်း မှုန်အောက်မှာ လှချင်တိုင်းလှနေပါတော့တယ်။

နွေအခါမှာဆိုရင်တော့ တောင်သမန်အင်းဟာ ရေလုံးဝမရှိတော့ဘဲ စိမ်းစိုနေတဲ့ကိုင်းခင်း၊ ယာခင်းတွေကြားမှာ ဦးပိန်တံတားဟာ နပျိုဖွားလှပ နေပါတော့တယ်။ ကျွန်တော်တို့ငယ်ငယ်ကတော့ ပူပြင်းတဲ့နွေရာသီမှာ စနေ၊ တနင်္ဂနွေတိုင်း မိသားစုနဲ့အတူ ထမင်းချိုင့်တွေထုပ်ပြီး တောင်သမန် ကန်စောင်းက မယ်ဇယ်ပင်ရိပ်တွေမှာ ဖျာတွေခင်းပြီး ထမင်းတွေစားကြ၊ တံတားကြီးအပေါ်တက်ပြီးဆော့ကြ၊ မောလာရင် မယ်ဇယ်ပင်တွေအောက် မှာအိပ်ကြနဲ့ တကယ့်ကိုပျော်ရွှင်စရာ မမေ့နိုင်စရာတွေပါပဲ။ ပူပြင်းလှတဲ့ အညာနွေရာသီမှာတော့ တောင်သမန်ဟာ ကျွန်တော်တို့ မန္တလေးသားတွေ အတွက်တော့ အပူရှောင်ရန် အိုအေစစ်နေရာ လေးတစ်ခုပါပဲ။ ဒီလို နွေမိုး ဆောင်း သုံးရာသီလုံး သဘာဝအလှတရားများနဲ့ ပြည့်စုံနေတာကြောင့် တောင်သမန်ကို 'သုံးပန်လှ တောင်သမန်' လို့တင်စားခေါ်ဝေါ်ခဲ့ကြတာပါ။

ဒေသခံပြည်သူတွေအတွက်လည်း မိုးရာသီရေရှိတဲ့ အချိန်ဆို ငှက် မလှလျော်ကြ၊ ငါးဖမ်းလုပ်ငန်းလုပ်ကြ၊ ဆောင်းနဲ့နွေရာသီမှာတော့ သီးနှံ

တွေစိုက်ပျိုးကြ၊ ခရီးသွားဧည့်သည်တွေကို လက်မှုအနုပညာ ပစ္စည်းလေးတွေ ရောင်းကြနဲ့ တောင်သမန်ဟာ ဒေသခံပြည်သူတွေအတွက်တော့ ထမင်းအိုးကြီးပါပဲ။

ဒီလို မွေ့မိုးဆောင်း သဘာဝအလှတရားများနဲ့ နပျိုလှပနေတဲ့ တောင်သမန်သမီးပျိုလေးဟာ ဟာလွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းကစပြီး ဘယ်သူသေသေ ငတောမာရင်ပြီးရောဆိုတဲ့ စီးပွားရေးသမားတွေနဲ့ စဉ်းစားအသိဉာဏ်မရှိတဲ့အုပ်ချုပ်သူအာဏာပိုင်တွေရဲ့ အမွေအကျင့်ခံရပြီး အပျိုရည်ပျက်သွားခဲ့ရပါပြီ။ မိုးရာသီ ဧရာဝတီမြစ်ရေတိုးတဲ့အချိန်မှာသာ ရေရှိတဲ့ တောင်သမန်အင်းကြီးဟာ အခုချိန်မှာတော့ ရေပြန်ကျတဲ့အချိန်မှာ ရေပြန်မကျသွားအောင် ရေထိန်းတံခါးကြီးဆောက်ပြီး ဆယ့်နှစ်လရာသီလုံး ရေတွေရှိအောင်လုပ်ပြီး ငါးမွေးတဲ့ ငါးမွေးကန်ကြီးဖြစ်သွားပါပြီ။ ရေသေကန်ကြီးဖြစ်သွားတဲ့အတွက် အမှိုက်သရိုက်များနဲ့ ညစ်ပတ်နေပါတော့တယ်။ မန္တလေးစက်မှုဇုန်က ရေဆိုးများဝင်ရောက်မှုကြောင့်လည်း ရေများညစ်ညမ်းပြီး အနံ့အသက်များမကောင်းတော့ဘဲ ရေသိုးနံ့၊ ငါးညှီနံ့တွေနဲ့ စိတ်ပျက်စရာကောင်းသွားပါတော့တယ်။ လူသားတွေရဲ့ အသိဉာဏ်အမြော်အမြင်ကင်းမဲ့စွာပြုလုပ်လိုက်ချင်းကြောင့် တောင်သမန်ဟာ ရုပ်ဆိုးအကျည်းတန်သွားခဲ့ရပါပြီ။ အရင်က ခြင်ထောင်ထောင်မအိပ်ရတဲ့ တောင်သမန်ဒေသဟာ အခုဆိုခြင်တွေပေါများလာပါလို့ ခြင်ထောင်နဲ့အိပ်နေရတယ်လို့ ဒေသခံတွေကပြောကြပါတယ်။

တစ်နှစ်ပတ်လုံးရေရှိနေတဲ့အတွက်ကြောင့် နှစ်ပေါင်း တစ်ရာကျော်ဆယ်ကျော်သက်တမ်းရှိတဲ့ သစ်သားတိုင်တွေဟာ အောက်ခြေများဆွေးလာပြီး တံတားကြီးဟာ တစ်စတစ်စနဲ့ယိုယွင်းပျက်စီးလာပါပြီ။ ဒီလိုပုံမျိုးနဲ့ဆိုရင်တော့ ဒီတံတားကြီးရဲ့သက်တမ်းဟာ အလွန်တိုတောင်းသွားပြီး လာမယ့်ဆယ်စုနှစ်အနည်းငယ်အတွင်း ပျောက်ကွယ်ဖို့ပဲရှိပါတော့တယ်။ တစ်နှစ်တစ်နှစ် အင်းလေလံကြေးကရရှိတဲ့ ငွေမျက်နှာတစ်ခုတည်းကြည့်ပြီးအသိဉာဏ်မဲ့စွာလုပ်ဆောင်မှုကြောင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တစ်ခု ပျက်စီးပျောက်ကွယ်တော့မယ့်အခြေအနေကို ရင်ဆိုင်နေရပါပြီ။

ဦးပိန်တံတားဟာ စစ်အစိုးရလက်ထက် မှာ အုပ်ချုပ်သူလူကြီးမင်းများရဲ့ဖျက်စီးခြင်းကို အကြိမ်ကြိမ်ခံခဲ့ရတာပါ။ ဦးပိန်တံတားကြီးကိုတည်ကတည်းက အပေါ်ပိုင်းထွက်နေတဲ့တိုင်တွေဟာ အတိုအရှည်မညီပါဘူး။ ဒါကိုမန္တလေးတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လက်ထက်မှာ အစွန်းထွက်နေတဲ့တိုင်တွေကို အတိုအရှည် ညီအောင်လို့ဆိုပြီးတော့ ရွှေဉာဏ်တော်ရှူးရောက်ကာလွှနဲ့ဖြတ်ပစ်တော်မူခဲ့ပါတယ်။ အံ့သြကုန်နိုင်ဖွယ်မရှိပါဘဲဗျာ။ စစ်အစိုးရလက်ထက် လူကြီးမင်းများရဲ့ ဒီလိုမျိုးအသိဉာဏ်မဲ့စွာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာတွေကို ဖျက်ဆီးပစ်တာဟာ အဆန်းတော့မဟုတ်တော့ပါဘူး။ စစ်ကိုင်းမြို့ရဲ့ ထင်ရှားတဲ့နေရာတစ်ခုဖြစ်သော ထုံးဖြူဖြူနဲ့ အလွန်ကြည်ညိုသပ္ပာယ်စရာကောင်းတဲ့ ကောင်းမှုတော်စေတီကြီးကိုတောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယတြာချေသလို ဘာလိုဘာလိုနဲ့ ရွှေရောင်သုတ်လိုက်ဆိုပြီး သုတ်လိုက်လို့ ဒေသခံတွေရော မြန်မာတစ်နိုင်ငံလုံးကပြည်သူတွေပါ ရင်ထုမနာဖြစ်ခဲ့ရရှာပါတယ်။ သနပ်ခါးပါးကွက်ကြား ဆံရစ်ဝိုင်းလေးနဲ့ တောသူလုံမလေးကို ဗစ်တိုးရီးယားကောညှပ်ပေးပြီး မိတ်ကပ်တွေအတင်းလူးပေးလိုက်သလို မြင်ရသူအပေါင်းနှမြောတသ ဝမ်းနည်းမဆုံး ဖြစ်ရပါတယ်။ ဒီလိုအုပ်ချုပ်သူတွေရဲ့ စဉ်းစားအတွေးအခေါ်မရှိလုပ်ရပ်တွေကြောင့် မြန်မာပြည်ရဲ့ရှေးဟောင်းအမွေအနှစ်တွေ သဘာဝသယံဇာတ တော်တော်များများဟာ ပျက်စီးယိုယွင်းပြီးတိမ်ကောပျောက်ကွယ်ကုန်တာ မရေတွက်နိုင်အောင်ပါဘဲ။

ရှေးဟောင်းအမွေအနှစ် ဦးပိန်တံတားကြီးရဲ့ သဘာဝ အလှတရားကို မိုက်မိုက်မဲမဲဖျက်ဆီးမှုကြီးတစ်ခုကတော့ နှစ်ပေါင်းများစွာကြာလာလို့ပျက်စီးယိုယွင်းနေတဲ့ တံတားကြီးရဲ့ တိုင်တွေနေရာမှာ ကွန်ကရစ်တိုင်တွေနဲ့အစားထိုးလိုက်ပါတယ်တဲ့။ သေရောဗျာ။သဘာဝအတိုင်းနုပျိုလှပနေတဲ့မိန်းမပျိုမျက်နှာလေးကို ဓားနဲ့မွှန်းလိုက်သလိုပဲ ရင်ထဲမှာနာကျင်ခံစားသွားရပါတယ်။ အပြစ်ကင်းစွာ သဘာဝအတိုင်းလှနေတဲ့ဦးပိန်တံတားကြီးဟာသေရာပါ အမာရွတ်ကြီးစွဲထင်သွားခဲ့ပါပြီ။ရှေးဟောင်းယဉ်ကျေးမှုလက်ရာကြီးတို့ ရက်ရက်စက်စက်ဖျက်စီး ပစ်ရက်တယ်ဗျာ။ဘယ်လိုအသိဉာဏ်အတွေးအခေါ်မျိုးနဲ့လုပ်လိုက်သလဲလို့ကို ယနေ့ထိစဉ်းစားလို့မရအောင်

ပါပဲ။

ရှေးအစဉ်အဆက်ကလည်း ဒီတံတားကြီးဟာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းလို့ အကြိမ်ကြိမ်ပြုပြင်ခဲ့ရဖူးပါတယ်။ ဒါပေမဲ့ ခေတ်အဆက်ဆက် တာဝန်ရှိသူတွေဟာ ရှေးမူမပျက်အောင်ထိန်းသိမ်းပြီး ပြုပြင်ခဲ့ကြတာပါပဲ။ စစ်အစိုးရလက်ထက်ကျမှ ဒီလိုမျိုးသဘာဝအလှ ပျက်သွားအောင် လုပ်ပစ်လိုက်ကြတာဟာ ဒီတံတားကြီးကို တည်ဆောက်ခဲ့တဲ့ မြန်မာပညာရှင်တွေတောင် အားနာဖို့ကောင်းလှပါတယ်။

ဒီလိုမျိုး အုပ်ချုပ်သူ လူကြီးမင်းများရဲ့လုပ်ရပ်တွေ မြင်ရကြားရတော့ သီတဂူဆရာတော်ဘုရားကြီးဟောကြားခဲ့တဲ့ တရားတော်ထဲက မျောက်ကို ဥယျာဉ်မှူးခန့်ထားတဲ့ ပုံပြင်လေးသွားသတိရမိတယ်။ ပုံပြင်ထဲမှာ ဥယျာဉ်အလုပ်သမားမျောက်တွေက နေ့စဉ် ဥယျာဉ်ထဲမှာရှိတဲ့ ငှက်ပျောပင်တွေကိုရေလောင်းကြပါတယ်။ ဒါကို ဥယျာဉ်မှူးမျောက်က မြင်တဲ့အခါ အဲ့ဒီလိုရေလောင်းတာထက် အပင်တွေပိုပြီး ရေဝဝလင်လင်သောက်ရအောင်ဆိုပြီး ရေလောင်းတဲ့အခါတိုင်း အပင်တွေရဲ့အမြစ်တွေကို နုတ်ပြီးတိုက်ရိုက်ရေလောင်းစေခဲ့ပါတယ်။ ဥယျာဉ်မှူးမျောက်ရဲ့ ပိုကောင်းအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာ နောက်ဆုံး ဥယျာဉ်ကြီးတစ်ခုလုံးပျက်စီးသွားတော်မူခဲ့ပါတယ်တဲ့။ ဒီလိုမျိုးဥယျာဉ်မှူးတွေကျွန်တော်တို့နိုင်ငံမှာ ဘယ်လောက်များနေပြီလည်းမသိတော့ပါဘူး။

ဦးပိန်တံတားကြီးရဲ့ ပျက်စီးယိုယွင်းသွားတဲ့တံတားတိုင်တွေကို ကွန်ကရစ်တိုင်တွေနဲ့အစားထိုးစေခဲ့တဲ့ လူကြီးမင်းများကို ကျွန်တော် မေးချင်တာက ဒီလောက် တံတားတိုင်အနည်းငယ်လေးကို အစားထိုးလဲလှယ်ဖို့ ကျွန်တော်တို့နိုင်ငံမှာ ကျွန်းသစ်တွေ မရှိလောက်အောင်ရှားနေလို့လား။ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံဟာ ကျွန်းသစ်အများဆုံးထွက်တဲ့ နိုင်ငံတစ်ခုပါ။ ဦးပိန်တံတားဟာ တိုင်ပေါင်း ဧရပ်အခန်းကတိုင်များအပါအဝင်မှ တိုင်ပေါင်း ၁၀၈၆ လုံးပဲရှိတာပါ။ နိုင်ငံခြားတင်ပို့ဖို့ ရန်ကုန်ဆိပ်ကမ်းမှာ ပုံထားတဲ့သစ်တစ်ပုံစာတောင်မရှိပါဘူး။ ဒီလိုတံတားမျိုး နောက်ထပ်အစင်း (၁၀၀၀)ထပ်ဆောက်တောင်ဆောက်နိုင်တဲ့ မြန်မာနိုင်ငံမှာ ဒီလို ရှေးဟောင်းအမွေအနှစ်သစ်သားတံတားကြီးရဲ့ ပျက်စီးသွားတဲ့တိုင်တွေနေရာမှာ

ကွန်ကရစ် တိုင်တွေနဲ့အစားထိုးလိုက်တာဟာ အလွန်တရာမှ အသိဉာဏ်ကင်းမဲ့ပြီး မိုက်မဲတဲ့လုပ်ရပ်လို့ပဲမြင်မိပါတယ်။

ကမ္ဘာလှည့်ခရီးသွားတွေ ဦးပိန်တံတားကို ကိုလာရောက်လည်ပတ်တာက ရေမရှိတဲ့တံတားကြီး၊ ကျွန်းသစ်သားတိုင်တွေနဲ့လုပ်ထားတဲ့ သဘာဝရှေးဟောင်းတံတားကြီးဆိုပြီးလာ ရောက်လည်ပတ်ကြတာပါ။ တောင်သမန်ရဲ့သဘာဝအလှတွေကို လေ့လာခံစားချင်လို့ မှတ်တမ်းတင်ချင်လို့ လာရောက်ကြတာပါ။ ဦးပိန်တံတားကို ကမ္ဘာကိုကြော်ငြာခဲ့တဲ့ ခရီးသွားလမ်းညွှန်စာအုပ်တိုင်းကိုကြည့်ကြည့်ပါ၊ ရေအပြည့်နဲ့ရိုက်ထားတဲ့ပုံမရှိပါဘူး။ ဒီပုံတွေကို ကြည့်ပြီး လာရောက်လေ့လာမှတ်တမ်းတင်ချင်တဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကို လိမ်ညာရာရောက်နေပါတော့တယ်။

ခုလည်း တောင်သမန်တံတားကြီးရဲ့ ပျက်စီးယိုယွင်းမှုတွေကို ယဉ်ကျေးမှုဝန်ကြီးဌာနက ပြင်ဆင်ထိမ်းသိမ်းဖို့ လုပ်နေကြပါတယ်လို့ သတင်းကြားရပါတယ်။ ကျွန်တော်ကတော့ နေ့စဉ်ဘုရားတနေရပါတယ်။ သစ်ပင်တွေရေဝိုသောက်ရအောင် အမြစ်နုတ်ပြီးရေလောင်းနိုင်းတဲ့ ဥယျာဉ်မှူးမျောက်လုပ်သလို ဦးပိန်တံတားကြီး ရေရှည်တည်တံ့နိုင်ခဲ့အောင်ဆိုပြီး စေတနာတွေထားကာ သစ်သားတိုင်တွေအားလုံးကို ကွန်ကရစ်တိုင်တွေနဲ့ အစားထိုးလဲပစ်မှာ စိုးကြောက်နေမိပါတယ်။

ကမ္ဘာကျော် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခုထပ်မံ မပျက်စီးမပျောက်ကွယ်သွားရေးအတွက် တာဝန်ရှိလူကြီးမင်းများက အချိန်မီ အမြန်ဆုံးထိမ်းသိမ်းကာကွယ်ပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ "သုံးပန်လှ တောင်သမန်"တစ်ဖန် အမျိုးရည်သွေးနိုင်စေဖို့ အားလုံးဝိုင်းဝန်းကာယ်တော်မူကြပါလို့ အော်လိုက်ပါရစေတော့...

၄.၃.၁၄ ထုတ် Tomorrow ဂျာနယ်

□




# ဒီလောက်နဲ့တင် ကျေနပ်လှပါပြီ သမ္မတကြီးခင်ဗျား

ကျော်ကြီး(MDY)

စာရေးဆရာ ကိုညီ (သရဝဏ်- ပြည်) အရှုံးဘုံမြှောက်လုပ်လိုက်တာနဲ့ ကိုယ်တွေတောင် ဂျာနယ်တွေမှာဆောင်းပါးရေးလာတာ ဘာလိုလိုနဲ့ တစ်နှစ်ကျော်ရှိလာပြီ။ ဒီကြားထဲစိတ်ရှုပ်စရာလေးတွေကြုံနေတာရော ပျင်းတာရောနဲ့ပါ စာမရေးဖြစ်တာ တစ်လကျော်လောက်ရှိသွားတယ်။ စာမရေးဖြစ်တဲ့အချိန်တွေမှာ ကိုယ်ရေးခဲ့တဲ့ဆောင်းပါးတွေ ပြန်ဖတ်ကြည့်တော့ ဆောင်းပါးအများစုက အုပ်ချုပ်သူအစိုးရမကောင်းကြောင်းဘဲ ရေးထားတာတော်တော်များနေတယ်။ ငါဟာ အကောင်းမမြင်တတ်တဲ့ အဆိုးမြင်ဝါဒီတစ်ယောက်ဖြစ်နေပြီလားတောင် တွေးမိတယ် ။

ဒါနဲ့မဖြစ်ဘူး၊ တိုးတက်တဲ့အပိုင်း တစ်ခုခုတော့ ရှိရမယ်ဆိုပြီး မဖြစ်မနေလိုက်ရှာတာပေါ့။ စက်တာကလည်း ကောင်းကွက်ရှာရတာကလည်း မလွယ်ဘူးဗျို့။ အစိုးရသစ်သက်တမ်းက ငါးနှစ်ပြည့်ဖို့ ကိုးလပဲလိုတော့ တာလေ ဒီအချိန်အတွင်းမှာတော့ တိုးတက်တဲ့အပိုင်းရှိကိုရှိရမယ်လို့ ရဲရဲကြီးယုံပြီး မနားတမ်းထပ်ရှာကြည့်တာပေါ့ဗျာ။

အမှန်တကယ်တော့ ကျွန်တော်တို့က နီးလွန်းနေတော့ မမြင်ဆိုသလို သမ္မတကြီးဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်ရဲ့ကောင်းမွန်သောလုပ်ရပ်တွေကို မမြင်ဘူးဖြစ်နေတာဗျ။ ကိုယ့်နိုင်ငံကထွက်ပြီး အခြားနိုင်ငံသွားကြည့်တော့မှပဲ သမ္မတကြီးနဲ့ အစိုးရသစ်ကြောင့် တိုးတက်တဲ့အပိုင်းတွေ၊ ကျေးဇူးတရားတွေကို ခံစားနားလည်မိ၊ မြင်တွေ့ရမိတော့တာပါပဲ။

ပြီးခဲ့တဲ့လက သူငယ်ချင်း တူးနိုင်ထွန်းနဲ့ ဘန်ကောက်ကို အလည်လိုက်သွားပါတယ်။ ဟိုရောက်တော့ ညပိုင်း ဘီယာသောက်ချင်လို့ စည်ဘီယာရောင်းတဲ့ဆိုင်လိုက်ရှာကြတယ်။ အဲ့မှာ တာသွားတွေ့ရလဲဆိုတော့ မလာခင်တုန်းက အင်မတန်ပေါမယ်ထင်ခဲ့တဲ့ ဘန်ကောက်က ထိုင်သောက်လို့ရတဲ့ အရက်ဘီယာဆိုင် အင်မတန်းရှားသလို အရက်ဘီယာရောင်းတဲ့ စတိုးဆိုင်တွေလည်း အင်မတန်နည်းတာတွေ့ရပါတယ်။ ကမ္ဘာလှည့်ခရီးသည်အလာများတဲ့ ဘန်ကောက်ဆိုတော့ ဒီလိုဆိုင်တွေပေါမယ်ထင်တာ ။ ကိုယ်တည်းတဲ့နေရာကလည်း ဘန်ကောက်မြို့လယ်ခေါင် နိုင်ငံခြားသားတွေအများစု တည်းခိုနေထိုင်တဲ့နေရာပါ။ တော်တော်လေးလမ်းလျှောက်လိုက်မှ နိုင်ငံခြားသားတွေကို အထူးပြုရောင်းတဲ့ ဆိုင်တစ်ဆိုင်ရောက်ပါတယ်။

အဲ့မှာ ကျွန်တော်တို့နိုင်ငံကိုတစ်ချိန်က ထိုင်းကနေ တင်သွင်းရောင်းခဲ့ဖူးတဲ့ ဆင်းဂါးစည်ဘီယာရောင်းပါတယ်။ ဒါနဲ့သောက်မယ်ဆိုပြီးလုပ်တော့ သူငယ်ချင်းက နေဦး ဈေးမေးကြည့်ဦးဆိုပြီး သတိပေးမှ တစ်ဂျားဘယ်လောက်လဲလို့မေးကြည့်တော့ တစ်ဂျားကို မြန်မာငွေ ခြောက်ထောင်နီးပါးလောက်ကျတာတွေ့ရတယ် ။ တော်သေးတာပေါ့ မေးမိလို့၊ ဒါနဲ့ဈေးကြီးတယ်မသောက်ဘူးကွာ၊ ဘီယာရောင်းတဲ့ စတိုးဆိုင်ရှာဆိုပြီး ရှာလိုက်တော့ ဆင်းဗင်း အလဲဗင်းစတိုး ၂၄ နာရီဖွင့်တဲ့ ဆိုင်ကို သူငယ်ချင်းကလိုက်ပို့

တယ်။ ထိုင်းနိုင်ငံမှာ ဆိုင်ခွဲပေါင်းမြောက်မြားစွာဖွင့်ထားတဲ့ ဆိုင်ပါ။ ဈေးလည်းမှန်ပြီးအစုံရတဲ့ဆိုင်တစ်ခုပါ။ ဒါနဲ့ကိုယ်လည်း ဘီယာဘူးလေးတွေ ဝယ်ဦးမယ်ဆိုပြီး ကြည့်လိုက်တော့ သူတို့နိုင်ငံကထွက်တဲ့ ချမ်းဘီယာ တစ်ဘူးကို မြန်မာငွေ ၉၀၀ နီးပါးလောက်ကျနေတယ်။ ဒါမျိုးတော့ လာမလုပ်နဲ့လေ လူလည်ပါဗျ။
မြန်မာပြည်မှာဆိုရင် ဈေးပေါလို့တောင် ကိုယ်တွေက သိပ်သောက်တာ မဟုတ်ဘူး။

တစ်ဘူးမှ ၅၀၀ ပဲရှိတာ။ ခု ပင်ရင်းနိုင်ငံမှာတောင် ၉၀၀ ကျပ်တဲ့။ အခြားနိုင်ငံခြား အရက်ဘီယာတွေဘီကြည့်တော့လည်း မြန်မာပြည်ကဈေးနဲ့ စာရင် နှစ်ဆနီးပါးလောက်ရှိတယ်။ ဒီလိုမှန်းသိရင် ကိုယ့်နိုင်ငံကနေ ဝယ်လာခဲ့ပါတယ်လို့တွေးမိသေးသဗျ။

ဒါနဲ့ဒီဆိုင်ကဈေးများလို့လားဆိုပြီး အခြားစတိုးဆိုင်တွေ သွားကြည့်ရအောင်ဆိုပြီး ပတ်ကြည့်လိုက်တယ်။ ခြေသောင်းတာပဲ အဖတ်တင်တယ် ဈေးက အားလုံးအတူတူလောက်ပါပဲ။ အဲ့ကျမှ ဘေးကသူငယ်ချင်းက သူ့နိုင်ငံကထွက်တဲ့ ဘီယာတောင် မြန်မာပြည်ထက်ဈေးများနေတော့ ငါ့အထင် သူ့နိုင်ငံသားတွေ မသောက်နိုင်အောင်လုပ်ထားတာထင်တယ် လို့ပြောလိုက်မှ စာရေးဆရာပေါက်စ ဉာဏ်ကြီးရှင်ကျွန်တော်လည်း စဉ်းစားမိတော့တယ်။

ဒါနဲ့ ဟိုတယ်ပြန်ရာလမ်းတစ်လျှောက် ကိုယ့်တိုင်းပြည်နဲ့ နှိုင်းယှဉ်ပြီး စဉ်းစားခန်းဝင်မိသလို ကိုယ့်နိုင်ငံက လူကြီးမင်းများရဲ့ ကျေးဇူးတရားတွေကို ခံစားနားလည်မိတော့တယ်။ အော် ထိုင်းကပြည်သူတွေ သနားစရာပါလားလို့။ အရက်ဘီယာကို ပေါပေါများများလည်း မသောက်ရဘူး။ ဈေးနှုန်းလည်းမချိုဘူးဆိုပြီး သူတို့အစိုးရကို အပြစ်တင်နေမိတယ်။

သူတို့လက်ရှိအုပ်ချုပ်နေတာကလည်း စစ်ယူနီဖောင်းချွတ် တပ်က အုပ်ချုပ်နေတာလေ။

ပြောမယ့်သာပြောတာ ကိုယ့်ဆီမှာလည်း ခုမှပြောင်းလိုက်တာဆိုတော့ အစိုးရချင်းတော့ သိပ်မကွာပါဘူး။ ကျွန်တော်တို့ လူကြီးမင်းတွေက အဲ့နေရာကျ သူတို့ထက်တောင်သာသေးလို့ပြောရမယ်ထင်တယ်။ ကျွန်ုပ်တို့

ဆိုမှာဆိုရင် အရက်က ရေထပ်တောင်ဈေးချိုသေးတယ်။ ရေသန့်တစ်ဘူး သုံးလေးရာ ငါးရာ ကျပ်လောက်ရောင်းနေချိန်မှာ အရက်တစ်လုံး သူတို့ အခေါ် အာအိုတစ်လုံးမှ ၃၀၀ ကျပ်ပဲရှိတယ်။ ကဲ ဘယ်လောက်ဈေးချိုလိုက် သလဲ။ တစ်လုံး လူ ၅ယောက်သောက်ရင် တစ်ယောက် ၆၀ ကျပ် လောက်ပဲရှိတယ်။ ပြည်သူတွေသောက်သုံးရတာ ဘယ်လောက်တောင် သက်သာလိုက်သလဲ။ နိုင်ငံတစ်လျှားမှာလည်း ဖွင့်ထားတဲ့ ဘီယာဆိုင် အရက်ဆိုင် တွေစားသောက်ဆိုင်တွေက လမ်းတစ်ပြကို ၅ ဆိုင်လောက် ရှိတယ်။ မြန်မာပြည်မှာ အပေါဆုံးကတော့ အရက်ဘီယာဆိုင်နဲ့ ကွမ်းယာ ဆိုင်ပါ။ ရပ်ကွက်တစ်ခု ရွာတစ်ခုမှာ ဓမ္မာရုံ၊ စာကြည့်တိုက်သာမရှိရင်နေ မယ်။ အရက်ဆိုင် ဘီယာဆိုင် မရှိတာမရှိဘူး။

အရှေ့တောင်အာရှမှာတော့ ကျုပ်တို့နိုင်ငံက အရက်ဘီယာဆိုင် အပေါဆုံး ဈေးအချိုဆုံးဆိုရင် နံပါတ် ၁ ဖြစ်လိမ့်မယ်ထင်တယ်။ ဘန်ကောက် တစ်မြို့လုံး အရက်ဘီယာဆိုင်က ကျွန်တော်တို့ မန္တလေးက မြို့နယ်တစ်ခု မှာ ဖွင့်ထားတဲ့ဆိုင်အရေအတွက်လောက်တောင် ရှိမယ်မထင်ဘူး။

ကျုပ်တို့အစိုးရကတော့ ပန်းခြံတွေကစားကွင်းတွေတောင်ဖျက်ပြီး အရက်ဘီယာဆိုင်တွေ၊ စားသောက်ဆိုင်တွေဖွင့်ခိုင်းလိုက်သေးတယ်လေ။ ရန်ကုန်က ရွှေတိဂုံဘုရားနဲ့မျက်နှာချင်းဆိုင်က သမိုင်းဝင်ပြည်သူ့ရင်ပြင် မြေနေရာရဲ့ ၆၀ ရာခိုင်နှုန်းတောင် စီးပွားရေးလုပ်ငန်းရှင်တွေချပေးလိုက်လို့ ခုဆို အရက်ဆိုင်၊ ဘီယာဆိုင်ကျွေ၊ စားသောက်ဆိုင်တွေတော်တော်များ နေပြီ။ အုပ်ချုပ်သူအစိုးရတင်မဟုတ်၊ လွှတ်တော်ကပါ အရက်ဘီယာတွေ ထုတ်လုပ်မှုအပေါ်အခွန်တိုးကောက်ဖို့ အဆိုတင်သွင်းတာကို ဗိုင်းကန့် ကွက်လိုက်လို့ အဆိုမအောင်မြင်ခဲ့ဘူးမဟုတ်လား။ ကဲ ဘယ်လောက် ပြည်သူတွေအပေါ်စေတနာထားလိုက်ကြသတုန်း။

အစိုးရသက်တမ်း ၄ နှစ်အတွင်းမှာ အရက်ဘီယာစက်ရုံ ၇ ရုံနဲ့ စီးကရက် စက်ရုံ ၂ ရုံထပ်မံ တည်ဆောက်ဖွင့်ပြခဲ့တယ်။ အရက်ဘီယာ ထုတ်လုပ်မှုကလည်း နှစ်စဉ်တိုးတက်လာတာတွေ့ရပါတယ်။၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ ပြည်တွင်းအရက်ဘီယာထုတ်လုပ်မှုဟာ ဂါလန် ၂၇ သန်း ထုတ်ခဲ့ပြီး ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ ၃၅ ကျော်ထိတိုးထုတ်ခဲ့ပါတယ်။

ယခု ၂၀၁၄–၁၅ ဘဏ္ဍာနှစ်မကုန်မီ ၃ လအလို ဒီဇင်ဘာလထိ အရက်ဘီယာထုတ်လုပ်မှုဟာ ၃၃ သန်းကျော်ရှိတဲ့အတွက် ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်တွေထက် ပိုလာနိုင်တာတွေ့ရမှာပါ။ ဒီထုတ်လုပ်မှုတွေက အစိုးရရဲ့ တရားဝင်ထုတ်ပြန်တဲ့ ပြည်တွင်းကထုတ်လုပ်မှု စာရင်းပါ။ ပြည်တွင်းက တရားမဝင်ထုတ်လုပ်မှုတွေ၊ နယ်စပ်ကတရားဝင်၊ တရားမဝင်တင်သွင်းမှုတွေမပါသေးပါဘူး။ အားလုံးပေါင်းကြည့်မယ်ဆိုရင်တော့ စဉ်းစားသာကြည့်ပေတော့။

ဒါကို အဆိုးမြင်သမားများတွေက အစိုးရသစ်လက်ထက်မှာ နိုင်ငံတိုးတက်မှု ဘာမှမရှိဘူးလို့ပြောကြသေးတယ်။ သူတို့လည်း နီးလွန်းတော့မမြင်တာနေမှာပါ။ အခုဆို လူငယ် ၅ ယောက်မှာ ၄ ယောက်လောက်က အရက်ဘီယာ စီးကရက်တစ်ခုမဟုတ်တစ်ခု သောက်သုံးနေတတ်ပြီ။ ၇ တန်း ၈ တန်းကလေးကအစ လက်ကြားမှာ ဆေးလိပ်နဲ့။ မိန်းကလေးတွေကလည်း ဘီယာဆိုင်ထိုင်ပြီး ယောက်ျားလေးများနဲ့ရင်ပေါင်တန်းသောက်နေနိုင်ပါပြီ။

ဘယ်လောက်ဂုဏ်ယူစရာကောင်းလဲ။ ဒါဂုဏ်ယူစရာမဟုတ်ဘူးလို့မပြောနဲ့နော်။ တပ်မတော်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ဘီယာတစ်ခုကနိုင်ငံအနှံ့ကြော်ငြာထားတယ်မလား။ ဂုဏ်ယူစရာ တို့မြန်မာတဲ့။ မြန်မာတို့ရဲ့ အမွေမြန်မာတို့ရဲ့ဘီယာတဲ့လေ။ အမွေအနှစ်ကိုဆက်ခံပြီး ဂုဏ်ယူစွာသောက်သုံးကြရမယ့်သဘော မဟုတ်ဘူးလား။ ကမ္ဘာမှာလည်း ဆုတံဆိပ်ပေါင်းများစွာရရှိခဲ့တာလေ။ မြန်မာဆိုတဲ့နာမည်က အရက်ဘီယာကြောင့်ကမ္ဘာကျော်ခဲ့ပြီလေ။ မြန်မာနိုင်ငံမှာ ထိပ်ဆုံးကအရောင်းရဆုံး ဘီယာနှစ်မျိုးက တပ်မတော်ရဲ့စီးပွားရေးတွေပါ။ ကျေးဇူးကြီးလှပါတယ်...

နောက် ထိုင်းမှာက အသက်နှစ်ဆယ်အောက်အရက်ဘီယာမရောင်းရပါဘူး။ ဒီမှာတော့ ဘယ်သူက နင်အသက်ပြည့်ပြီလားလို့ မေးတာတွေဘူးလို့လား။ ဘယ်လောက် လွတ်လပ်သလဲကြည့် လွတ်လပ်စွာလုပ်ပေးထားတာ။ မှတ်ပုံတင်လည်းမပြနိုင်းပါဘူး။ နောက်ထူးခြားမှုက အရက်ဘီယာရောင်းတဲ့ ရုပ်မားကက်တွေ စတိုးဆိုင်တွေရဲ့အရက်ရောင်းချတဲ့အချိန်မယားပါပဲ။ မြန်မာပြည်မှာလို ကြိုက်တဲ့အချိန်သွားဝယ်လို့မရပါဘူး

နေ့လယ် ၁၁ ကနေ ၂ နာရီအထိ တစ်ချိန် ညနေ ၅ နာရီကနေ ည ၁၂ ထိ တစ်ချိန် (၂၄ ဖွင့်တဲ့ဆိုင်)ပဲ ရောင်းပါတယ်။ ဆိုင်တွေကစည်းကမ်းလိုက်နာလို့လားလို့ မေးစရာရှိပါတယ်။

တကယ်လိုက်နာပါတယ် ကိုယ်တွေ့ပါ။ နောက်အံ့သြစရာတစ်ခုကတော့ ပတ်တယားကမ်းခြေသွားတော့ အမြန်လမ်းမှာ ခဏနားတော့ စုနအရက်ဘီယာတင်ရောင်းတဲ့ ဆဲဗင်းအလဲဗင်းစတိုးဆိုင်မှာ ဘီယာဝယ်တာ ဟိုက်ဝေးလမ်းဆိုင်မို့လို့ မတင်ပါဘူးတဲ့ခင်ဗျာ။ ဩော်… ကျုပ်တို့မြန်မာပြည်နဲ့များကွာပါ့။ မြန်မာနိုင်ငံရဲ့ နာမည်ကြီး ရန်ကုန်–မန္တလေး အမြန်လမ်းဆိုင်တွေကတော့သိတဲ့အတိုင်း လမ်းဘေးကွမ်းယာဆိုင်ကအစအရက်ဘီယာတင်ရောင်းတယ်။ နားနေစခန်းတွေများဆိုရင် စည်ဘီယာအစအရက်မျိုးစုံကို ပျော်ပျော်ပါးပါးရောင်းပေးတဲ့အပြင် တချို့ဆိုင်များဆိုရင် ကား ဆရာတွေတောင် ဘီယာနဲ့ဧည့်ခံလိုက်သေး။ ဘယ်လောက်ပျော်စရာကောင်းတဲ့တိုင်းပြည်လဲ။

လူကြီးတွေပြောသလို တစ်နိုင်ငံလုံး မအိုဆေးတွေသောက်သုံးပျော်ရွှင်နေကြတာပေါ့ဗျာ။ နောက်တစ်ခုထိုင်းနိုင်ငံရဲ့ ဆေးလိပ်ရောင်းတဲ့ပုံစံပါ၊ ဈေးလိပ်ကို တစ်လိပ်ချင်းလုံးဝမရောင်းပါဘူး။ ဆေးလိပ်ဘူးတွေပေါ်မှာ ဆေးလိပ်သောက်ခြင်းကြောင့်ရရှိတဲ့ ရောဂါဝေဒနာပုံအစစ်တွေကို ရိုက်နှိပ်ထားပါတယ်။ ပုံမြင်တာနဲ့တောင် သောက်ချင်စိတ်ပျောက်သွားသလိုပါပဲ။ ကျွန်တော်တို့နိုင်ငံကတော့ မသောက်သောက်ချင်အောင် လူငယ်တွေကို နည်းမျိုးစုံနဲ့ ဆွဲဆောင်တယ်။ အမျိုးသမီးတွေနဲ့ ဆွဲဆောင်သလို ကံစမ်းမဲမက်လုံးတွေပေးပြီး ဆွဲဆောင်နေတာတွေ့ရမှာပါ။ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်ထိုင်နေလို့ကတော့ ဆေးလိပ်ရောင်းတဲ့ ကုမ္ပဏီက ကောင်မလေးတွေက မဝယ်မချင်း ဇွတ်အတင်းရောင်းနေတော့တာ။ ပါးစပ်ပေါက်ထိ လိုက်ထည့်ပေးနေကြတာလေ။ ကံစမ်းမဲတွေကလည်းပေးလိုက်ကြတာအပြိုင်အဆိုင် သိန်းကိုရာချီပြီးပေးကြ ကားတွေဆိုင်ကယ်တွေပေးကြနဲ့ တစ်နိုင်ငံလုံး အရက်ဘီယာသောက်ပြီး ပျော်ပျော်ပါးပါး ကံစမ်းနေကြတာ။ ကဲ… ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲ။

ကင်ဆာဖြစ်မှုစာရင်းမှာဆို ကမ္ဘာမှာထိပ်၊ ဆင်းရဲမွဲတေမှု၊ လူတစ်ဦး

ချင်းဝင်ငွေ ဖယားအောက်ဆုံးနားလေးမှာပေမယ့် ဒီလို အရက်ဘီယာ စီးကရက်ထုတ်လုပ်ရောင်းချပေးမှုပိုင်းမှာတော့ ပြည်သူတွေကို ဈေးနှုန်း ချိုချိုသာသာနဲ့ ပေါပေါများများ လွယ်လွယ်ကူကူသောက်သုံးနိုင်အောင် ဆောင်ရွက်ပေးနေတဲ့ မကြာမီ ၅ နှစ်သက်တမ်းပြည့်တော့မယ့် အစိုးရသစ် ကြီးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်။ ဒီလောက်တိုးတက်မှုနဲ့တင် ကျေနပ်လှပါပြီလို့ ပြည်သူများကိုယ်စား ဒီဆောင်းပါးလေးနဲ့ ဂါရဝပြုအပ် ပါတယ်။

ဒီထက်မက ထပ်တိုးတက်ဦးမယ်ဆိုရင်တော့ဖြင့် အရက်ဘီယာဆိုင် ဖွင့်ဖို့အတွက် စာသင်ကျောင်းနဲ့ သာသနာ့အဆောက်အအုံ ဘေးကပ်လျက် တွေမှာပဲ ကျန်ရှိတော့သဖြင့် ဒီလောက်နဲ့တင် ကျေနပ်လှပါပြီလို့----။ ။

၁၅-၅-၂၀၁၅ ထုတ် **News Watch** ဂျာနယ်ပါဆောင်းပါး

❑



# အသက်မဲ့သွားသော မန္တလေးတန်ဆောင်တိုင်ည

ကျော်ကြီး(MDY)

ကျွန်တော်တို့ မန္တလေးသားတွေက ဒေသစွဲ၊ ဓာတိစွဲ အရမ်းကြီးတာလို့ပြောကြတယ်ဗျ။ ပြောလည်းပြောလောက်စရာပါ။ ကျွန်တော်တို့မန္တလေးသားတွေက ရေချင်းအတူတူတောင် ကိုယ့်မန္တလေးကျုံးရေကမှ ပိုရှိတာလို့ထင်တဲ့လူတွေ။ ဗုဒ္ဓဂါယာဘုရားဖူးသွားဖို့ထက် မဟာမုနိဘုရားကြီးကိုပဲ တစိမ့်စိမ့်ကြည့်ပြီး ဖူးမြော်နေချင်တဲ့လူတွေ။ ကမ္ဘာပတ်ဖို့ထက် ကျုံးမြို့ရိုးကြီးပဲ ပတ်ချင်နေတာ။ ဧကာသီရာဇီတောင်တက်ဖို့ထက် ကိုယ့်မန္တလေးတောင်ပဲတက်ချင်ကြတဲ့လူတွေလေ။ အစားအသောက်ဆိုရင်လည်း ကိုယ့်မြို့က အစားအသောက်မှ အကောင်းဆုံးလို့ထင်တဲ့လူတွေ။ ဟိုအရင်ကဆို အစိုးရဝန်ထမ်း ရာထူးတိုးလို့ နယ်ရွှေ့ရမယ်ဆိုရင်တောင် ရာထူးကိုပဲစွန့်တယ်၊ မြို့ကိုမစွန့်ဘူးလို့ ရှေးလူကြီးတွေက ပြောကြတယ်ဗျ။ ဒွာယ်အရပ်ဒေသတွေမှာ ဘယ်လောက်ပျော်စရာကောင်းကောင်း၊ ပွဲတော်အခါရက်မိုးမှာတော့ ကိုယ့်မွေးရက်မြေ မန္တလေးမြို့ကို မပြန်ဘဲမနေနိုင်ကြပါဘူး။

မြန်မာ့ရိုးရာပွဲတော်တွေမှာ ဘယ်မြို့မှာ ဘယ်လောက်ပျော်စရာကောင်းကောင်း၊ ဘယ်လောက်ကြီးကျယ်ခမ်းနားပါစေ ဘယ်မြို့မှသွားမလည်ဘဲ ကိုယ့်မြို့မှာပဲပျော်ကြ၊ ဆင်နွှဲကြတာ။ ။ အဲ့ဒီလောက်ထိ ဒေသစွဲ၊ ဇာတိစွဲကြီးပြီး ကိုယ့်မြို့ကိုချစ်ကြတဲ့လူတွေ။

မန္တလေးမြို့ဆိုတာကလည်း မြန်မာ့ယဉ်ကျေးမှုမြို့ မြန်မာအင်အားအကောင်းဆုံးမြို့ဖြစ်တာနဲ့အညီ ၁၂ လရာသီလုံး ပွဲလမ်းသဘင်ပြတ်တယ်လို့ကိုမရှိသလောက်ပါပဲ။ မန္တလေးမြို့ရဲ့ ပွဲတော်တွေထဲမှာတော့ သင်္ကြန်နဲ့တန်ဆောင်တိုင်ပွဲတော်ကတော့ ပျော်စရာအကောင်းဆုံးပွဲတော် နှစ်ခုပါပဲ။ အဝေးရောက်နေတဲ့ရွှေမန်းသားတွေ မလွမ်းဘဲ မတမ်းတဘဲမနေနိုင်တဲ့ပွဲတော်နှစ်ခုပေါ့။ ဒီပွဲတော်နှစ်ခုမှာတော့ တတ်နိုင်သလောက် ကိုယ့်မြို့ကိုယ်ပြန်ပြီး ဆင်နွှဲကြတာပါပဲ။

မန္တလေးသင်္ကြန်ပွဲတော်ကတော့ မြန်မာနိုင်ငံသာမက ကမ္ဘာမှာပါ နာမည်ကြီးတဲ့ပွဲတော်တစ်ခုပါ။ အနယ်နယ်အရပ်ရပ်ကနေပြီးတော့ တစ်ခုတ်တရတန်ဖိုးထားပြီး လာရောက်ပျော်ရွှင်ရတဲ့ပွဲတော်ကြီးပေါ့။ မြန်မာ့ရိုးရာအနှစ်သာရတွေ၊ မန်းဆန်တယ်၊ နန်းဆန်တယ်ဆိုတဲ့ ယဉ်ကျေးပျူငှာတဲ့ မန္တလေးသူ မန္တလေးသားတွေရဲ့ အပြောအဆို အနေအထိုင်တွေကို ဒီပွဲကြီးမှာကောင်းကောင်းမြင်တွေ့ခွင့်၊ လေ့လာခွင့်ရကြတာပါ။

တန်ဆောင်တိုင်ပွဲတော်ဆိုရင်လည်း သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ကစပြီးဆိုတာနဲ့ တစ်မြို့လုံးက ရပ်ကွက်အသီးသီး၊ ဈေးအသီးသီးရဲ့ကထိန်ပွဲတွေ၊ မိသားစုကထိန်ပွဲတွေနဲ့ တစ်မြို့လုံးစည်ကားလို့နေတော့တာပါပဲ။ နာမည်ကြီးဈေးချိုကထိန်ကနေစပြီး ဆိုက်ကားဂိတ်အသင်းများကကထိန်အထိ သဒ္ဓါန်တရားရက်ရောစွာခင်းကျင်းကြတာပါ။ ဈေးချိုတော်ဈေးရုံ ၁၂ ရုံလုံးကထိန်ဆိုရင် ဇာတ်ပွဲ၊ အငြိမ့်ပွဲများ၊ တီးဝိုင်းများထည့်ပြီး တစ်ရုံနဲ့တစ်ရုံအပြိုင်အဆိုင်ခင်းကြတာပါ။ ကထိန်ရက်တွေမှာ ဈေးလာဝယ်သူများကိုလည်း ဈေးဆိုင်တိုင်းက မုန့်မျိုးစုံချကျွေးပြီးဧည့်ခံကြပါတယ်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်အဖိတ်နေ့ဆိုရင်တော့ မန္တလေးတစ်မြို့လုံးနီးပါးက စစ်ကိုင်းတောင်ရိုးကိုရောက်ရှိကုန်ကြပါတယ်။

အရင်တုန်းကမန်းလေးမြို့သားတွေဟာ ကထိန်ကို စစ်ကိုင်းတောင်ရိုးကို သွားခင်းကြတာများပါတယ်။ ဒီနေရာမှာ ဘာကြောင့်မန္တလေးကထိန်အား လုံးနီးပါးဟာ စစ်ကိုင်းတောင်ရိုးကို သွားခင်းသလဲဆိုတာ မသိသေးတဲ့လူ တွေသိရအောင်ပြောပြချင်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ဖြစ်တော့ မန္တလေး မြို့ကို ဗုံးလောင်ဗုံးတွေအကြိမ်အကြိမ်အချခံရလို့ မန်းလေးမြို့ဟာ ပြာပုံ ဘဝရောက်ခဲ့ရပါတယ်။ မန္တလေးသူမန္တလေးသားတွေဟာ စစ်အတွင်း စစ်ဘေးရှောင်ဖို့အတွက် စစ်ကိုင်းတောင်ရိုးမှာသွားပြီးပုန်းခိုခဲ့ရပါတယ်။ အဲဒီအချိန်မှာ စစ်ကိုင်းတောင်ရိုးက ချောင်အသီးသီးမှာရှိတဲ့ ဘုန်းကြီး ကျောင်းတွေ၊ မယ်သီလရှင်ကျောင်းတွေက မန်းလေးသားတွေကို ကျွေးမွေး ပြုစုစောင့်ရှောက်ထားခဲ့ကြပါတယ်။ ထိုကျေးဇူးတရားများကို ပြန်လည် တုံ့ပြန်သောအားဖြင့် မန္တလေးသားတွေဟာ ကထိန်ခင်းရင် စစ်ကိုင်းမြို့မှာ သွားပြီး ကထိန်ခင်းကြတာလို့ သိရှိရပါတယ်။

အဖိတ်နေ့ညကတော့ မန္တလေးမြို့က တက္ကသိုလ်ကျောင်းသူကျောင်း သားတွေ၊ ဈေးချိုတော်က ပျိုဖြူချောတွေ အပါအဝင်မန္တလေးတစ်မြို့လုံးနီး ပါး စစ်ကိုင်းတောင်ရိုးရောက်ရှိကြပါတယ်။ အဖိတ်နေ့ညကတော့ မန္တလေး တစ်မြို့လုံးခြောက်ကပ်ကျန်ခဲ့တော့တာပါပဲ။ စစ်ကိုင်းတောင်ရိုးက ရှိရှိသမျှ ချောင်တွေအားလုံး ကထိန်ပွဲလာသူများနဲ့ ကြက်ပျံမကျ စည်ကားနေပါ တော့တယ်။ တစ်ချောင်နဲ့တစ်ချောင် လည်ပတ်ကြပြီး စတုဒိသာတွေ လျှောက်စားရတာ တကယ့်ကိုပျော်စရာကောင်းလှပါတယ်။ အမျိုးလူပျိုတွေ အတွက်ကတော့ စစ်ကိုင်းတောင်ဇာတ်လမ်းလေးတွေ ဖြစ်တည်ခဲ့ကြတာ ပေါ့ဗျာ။

လပြည့်နေ့ရောက်မှ မန္တလေးဘက်ကိုကူးကြတယ်။ လပြည့်နေ့ နေ့ခင်းမှာတော့ကလေးတွေရော လူကြီးတွေပါမကျန် ဆွေမျိုးအသိမိတ် ဆွေအိမ်တွေသွားပြီး ပျော်ပွဲစားဖို့အတွက် မုန့်ဖိုးတောင်းကြပါတယ်။ တစ်ချို့အဖွဲ့တွေကတော့ အတီးအမှုတ် အကအခုန်တွေနဲ့ ပျော်ပွဲစားလိုက်ခဲ့ ကြတာပေါ့။ ညပိုင်းကျွေးကြပါတယ်။ ကာလသားလူငယ်တွေကတော့ တက္ကသိုလ်အဆောင်ရှေ့တွေမှာ ကျောင်းသူပျိုဖြူချောတွေရဲ့ မခေါ်မုန့်လုံး ကို လှည့်ပတ်စားရ၊ လူပျိုလှည့်ရတာ အမောပါပဲ။ မန္တလေးတန်ဆောင်တိုင်

ရဲ့ မခေါ်မုန့်လုံးနဲ့ မယ်စလီဖူးသုပ်ကတော့ နာမည်ကြီးပေါ့ဗျား ပိုက်ဆံရှိတဲ့ အိမ်တွေက ပိုက်ဆံကြဲကြ၊ ပုံသကူတွေပစ်ကြပေါ့။ ရပ်ကွက်ထဲက ပိုက်ဆံရှိတဲ့အိမ်ရှေ့ 'ဦးချမ်းသာ၊ ဒေါ်ချမ်းသာပိုက်ဆံကျဲပါဗျို့' ဆိုပြီး လူငယ်တွေ စုပြီးသွားအော်ကြတယ်။ အိမ်ရှင်တွေကလည်း ငွေဖလားကြီးကိုင်ပြီး တပြုံးပြုံးနဲ့ထွက်လာပြီး ပိုက်ဆံကြဲတော့တာပဲ။ ကလေးရောလူကြီးရော လုပြီးပိုက်ဆံကောက်ကြတာ ဒူးတွေပွန်း၊ တံတောင်ဆစ်တွေပါပွန်းလို့ပါပဲ။

ရပ်ကွက်ထဲပျော်လို့ဝရင်တော့ အဝတ်အစားအသစ်တွေလဲပြီး စက်ဘီးကိုယ်စီစီးပြီး မဟာမုနိဘုရားကြီး၊ အိမ်တော်ရာ၊ အောင်တော်မူဘုရားတွေမှာ ကျင်းပတဲ့ မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်မှုတွေကို သွားရောက်အားပေးကြ၊ ဘုရားဆီမီးပူဇော်ကြပါတယ်။ ဘုရားကအပြန်မှာ အသံချဲ့ စက်ကြားရာ ဘုရားပွဲသွားပြီး ပွဲဈေးတန်းလျှောက်ပြီး ပွဲတော်မုန့်ဈေးတန်းမှာ မြန်မာမုန့်မျိုးစုံဝယ်စားကြတယ်။ ကာလသားလူပျိုတွေကတော့ နေ့ခင်းကရထားတဲ့ မုန့်ဖိုးတွေစုပေါင်းပြီး ကြက်သားကာလသားဟင်း ချက်ပြုတ်စားသောက်ကြ၊ သီချင်းတွေဆိုကြကကြနဲ့ အင်မတန်ပျော်စရာကောင်းလှပါတယ်။ ညည့်နက်သန်းခေါင်ရောက်ပြီဆိုရင်တော့ ပုံသကူဖွက်တာတွေ လိုက်ရှာကြ၊ အပျော်အဖြစ် အိမ်တွေ ဆိုင်တွေမှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်တွေကိုတစ်ခုနဲ့တစ်ခု ပြောင်းတပ်ပေးကြနဲ့ တစ်ညလုံး မအိပ်နိုင်ကြဘဲ မိုးလင်းတဲ့အထိပျော်ရွှင်ခဲ့ကြတာပါ။

ဒါပေမဲ့ ဒီနေ့မန္တလေးသူ မန္တလေးသားအများစုဟာ ကိုယ့်မြို့ရဲ့ပွဲတွေမှာ တန်ဖိုးထား မပျော်တတ်ကြတော့ဘူး၊ ကိုယ့်မြို့ကိုမချစ်ကြတော့ဘူးလို့ ဆင်မိတယ်ဗျ။ အထူးသဖြင့် တန်ဆောင်တိုင်ပွဲမှာ မိမိတို့ရဲ့ အလွန်တရာ ပျော်စရာကောင်းတဲ့ ရွှေမန်းမြို့ရဲ့ တန်ဆောင်ပွဲတော်ကြီးကို ကျောခိုင်းပြီး ဘချို့ကတောင်ကြီးတက်ကြပြီး၊ တစ်မြို့လုံးနီးပါးကတော့ ပြင်ဦးလွင်ဘန်ဆောင်တိုင်ကို တက်ကြပါတယ်။ တန်ဆောင်မုန်းညမှာဆိုရင် မန်းလေးတစ်မြို့လုံးခြောက်ကပ်သွားပြီး တစ္ဆေခြောက်မှာတောင်ကြောက်ရပါတယ်။

တန်ဆောင်တိုင်ည မန္တလေးမြို့ကြီးကတော့ သားသမီးတွေစွန့်ပစ်သွားခဲ့တဲ့ မိအိုဘအိုကြီးလိုအထီးကျန်နေလေရဲ့ဗျာ။

ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကို ကျွန်တော်လည်း ရောက်ဖူးပါတယ်။ ပျော်စရာကောင်းတာလက်ခံပါတယ်။ ဒါပေမဲ့ နှစ်တိုင်းတက်ပျော်ရလောက်အောင်တော့မဟုတ်ဖူးလို့ထင်ပါတယ်။ နာမည်ကြီး အဆိုတော်တွေပါတဲ့ ပျော်ဖြေပွဲကိုမကြည့်ဘူးလို့ တက်ကြည့်ကြတာလား။ မီးပုံးပျံပွဲကြီးကပဲ နှစ်တိုင်းတက်ပျော်ရလောက်အောင် အရမ်းပျော်စရာကောင်းလို့ သွားကြတာလား။ ကျွန်တော်တို့ မန္တလေးမြို့ကပဲ အရင်လိုပျော်စရာမကောင်းတော့လို့လားဆိုတာ စဉ်းစားမတတ်အောင်ပါပဲ။ ဒီလိုပြောနေတာဟာ သူများမြို့ကိုသွားလည်ကြလို့ မနာလိုမရှုဆိတ်နဲ့ပြောနေတာ မဟုတ်ပါဘူး။ မီးပုံးပျံပွဲတော်ကို မမြင်ဖူး၊ မရောက်ဖူးတဲ့သူတွေ သွားလည်တာ လည်ကြပါစေ။ ဒါပေမဲ့ဗျာ၊ အလွန်ပျော်စရာကောင်းခဲ့သော ရွှေမန်းတန်ဆောင်တိုင်ပွဲကြီးကိုထားခဲ့ပြီး နှစ်တိုင်း တစ်မြို့လုံး ပြင်ဦးလွင်တက် ပျော်ကြတာဘာကြောင့်လည်းဆိုတာ နားမလည်နိုင်အောင်ပါပဲ။

အဝေးရောက်ရွှေမန်းသူ ရွှေမန်းသားတွေက အခါကြီးရက်ကြီးပွဲတော်တွေမှာ ကိုယ့်မြို့ကိုယ် ပြန်ကြတယ်ဆိုတာက မိသားစုဆွေမျိုးသားချင်းတွေ၊ အပေါင်းသင်းမိတ်ဆွေတွေကို တွေ့ချင်တာရယ် ရွှေမန်းမြို့ကြီးကို လွမ်းတာရယ်ကြောင့် ပြန်လာကြတာပါ...။

ဒါပေမဲ့ ရွှေမန်းမြို့ကိုရောက်လို့ မိတ်ဆွေသူငယ်ချင်းတွေ တွေ့ချင်လို့ ဖုန်းဆက်လိုက်ရင် ပြင်ဦးလွင်ရောက်နေရတာနဲ့ တောင်ကြီးရောက်နေရတာနဲ့ ဘယ်သူနဲ့မှကို မတွေ့ခဲ့ရပါဘူး။ တန်ဆောင်တိုင်ညမှာအငြိမ့်ပွဲ၊ ဇာတ်ပွဲတွေ တစ်ပွဲမှရှာမတွေ့တော့ပါဘူး။ မုန့်လုံးရေပေါ်စားဖို့တောင် တော်တော်ရှာယူနေရပြီ။ မန္တလေးဝိညာဉ်ပျောက်ဆုံးသွားသလိုတောင် ခံစားရပါတယ်။ အရင်က အလွန်တရာပျော်ရွှင်စရာကောင်းခဲ့တဲ့ ရွှေမန်းတန်ဆောင်တိုင်ပွဲတော်ကြီးကို ကျွန်တော်တို့ မန္တလေးသားတွေ တန်ဖိုးထားမပျော်တတ်တော့တာကတော့ တော်တော်ဝမ်းနည်းစရာကောင်းလှပါတယ်။

ခေတ်စနစ်ရဲ့တိုက်စားမှု၊ တိုင်းတစ်ပါးသား တရုတ်တွေရဲ့ လွှမ်းမိုးဝါးမျိုမှုတွေကြောင့် မြန်မာ့ယဉ်ကျေးမှုခံတပ် မန်းလေးမြို့ကြီးဟာ ယိမ်းယိုင်နေပါပြီ။ ဒီခံတပ်ကြီး ပြန်လည်တည့်မတ်ရေး၊ ပြိုလဲမသွားရေးအတွက် ပခုံးပြောင်းတာဝန်ယူကြမယ့် ယနေ့ မန္တလေးသား မျိုးဆက်သစ်လူငယ်

တွေရဲ့အပေါ်မှာ မူတည်နေပါတယ်လို့ပြောချင်ပါတယ်။ ဘာတွေ ဘယ်လို ပဲပြောင်းလဲသွားပါစေ ကျွန်တော်ကတော့ သကြၤန်ပွဲတော်နဲ့ တန်ဆောင်တိုင် ပွဲတော်အချိန်ရောက်ရင်တော့ ကျွန်တော်ချစ်တဲ့ မြို့ရွှေမန်းကို အရောက်ပြန် နေဦးမှာပါပဲ။ ဟိုရင်တစ်ချိန်က ပျော်ရွှင်ကြည်နူးစရာကောင်းခဲ့သော ရွှေမန်းမြို့ရဲ့တန်ဆောင်တိုင်ညချမ်းတွေကို လွမ်းဆွတ်တမ်းတရင်း...

၄.၁၁.၁၄ ထွက် Tomorrow ဂျာနယ်

❑



# မြို့ကြီးနေမှ နိုင်ငံသားမဟုတ်

ကျော်ကြီး(MDY)

ကျွန်တော်တို့လူသားတွေဟာ လာရာလမ်းကိုရွေးချယ်လို့မရပါဘူး။ ဘယ်နိုင်ငံမှာနေထိုင်ချင်တယ်၊ ဘယ်မိဘရဲ့သားသမီးဖြစ်ချင်တယ် စသည်တို့ကို ရွေးချယ်ခွင့်မရဘဲ ကံကြမ္မာရဲ့ချပေးတဲ့အတိုင်း ကမ္ဘာလောကကြီးထဲရောက်ရှိလာကြရတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်တည်အသက်ရှင်နေထိုင်ရတဲ့ဘဝတွေဟာ အမျိုးမျိုးကွဲပြားနေကြပါတယ်။ ဒါကို ကျွန်တော်တို့အားလုံးဟာလက်ခံချင်ချင်၊ လက်မခံချင်ချင် လက်ခံရမှာပဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဟာ လာရာလမ်းကြောင်းကို ရွေးချယ်လို့မရလို့ဘဲဖြစ်ပါတယ်။

လာရာလမ်းကြောင်းချင်းမတူညီမှုကြောင့် ရရှိတဲ့အခွင့်ရေးမတူညီကြပါဘူး။ ဥပမာ အမေရိကန်နိုင်ငံသားတစ်ယောက်နဲ့ ကျွန်တော်တို့ နိုင်ငံသားတစ်ယောက် နိုင်ငံသားအခွင့်ရေးရရှိမှုချင်း မတူညီပါဘူး။ ဒါကို

လက်ခံလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ နိုင်ငံသားချင်းအတူတူ ရပိုင်ခွင့်ခံစားခွင့်တွေ မတူညီတာကိုတော့ လက်ခံလို့မရဘူးဗျ။ နိုင်ငံသားချင်းအတူတူ၊ အုပ်ချုပ်တဲ့အစိုးရချင်းကလည်းအတူတူမှာ ရရှိတဲ့အခွင့်အရေးက ဘာလို့မတူညီကြတာလဲ။

ကျွန်တော်ရဲ့ သူငယ်ချင်းတစ်ဦး ပြီးခဲ့တဲ့လပိုင်းကပဲ သူနေတဲ့ နယ်မြို့တစ်ခုမှာ ဆိုင်ကယ်ချင်းတိုက်မှုဖြစ်ပွားပြီး အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဖြစ်ဖြစ်ချင်းသူနေတဲ့မြို့နယ်ဆေးရုံကို ပို့ခဲ့ပါတယ်။ မြို့နယ်ဆေးရုံကမနိုင်လို့ဆိုပြီး တစ်နာရီလောက်ကြာအောင်သွားရတဲ့ ခရိုင်ဆေးရုံကိုပို့ပါတယ်။ ခရိုင်ဆေးရုံကလည်းမနိုင်လို့ဆိုပြီး ၂ နာရီခွဲလောက်ကြာအောင်သွားရတဲ့ မန္တလေးပြည်သူ့ဆေးရုံကြီးကို ထပ်မံပို့ဆောင်ပေးရပါတယ်။ မန္တလေးဆေးရုံကြီးရောက်ပြီး သိပ်မကြာခင်မှာပဲ ကျွန်တော့်သူငယ်ချင်းဟာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ သူငယ်ချင်းကို ကုသပေးတဲ့ဆရာဝန်က လူနာဟာ သူတို့ဆီရောက်တာ နာရီဝက်လောက်နောက်ကျသွားပါတယ်တဲ့။ ကဲပြီးရော။ ဒီလိုဖြစ်စဉ်မျိုးက ကျွန်တော်ပတ်ဝန်းကျင်မှာ မကြာခဏ မြင်တွေ့ကြားသိနေရတဲ့အဖြစ်အပျက်တွေပါ။ ခုဆရာဝန်ကပြောတယ် နာရီဝက်လောက်နောက်ကျသွားတယ်တဲ့။ ကျွန်တော့်သူငယ်ချင်း သူ့စဖြစ်တဲ့အချိန်ကနေ ယခုမန္တလေးဆေးရုံကြီးရောက်တဲ့အထိ ကြာမြင့်ချိန်က ၃ နာရီနဲ့ ၄ နာရီကြားရှိပါတယ်။ ဒါတောင် ခုခေတ်လမ်းပန်းဆက်သွယ်ရေးတွေကောင်းမွန်လာမှုကြောင့်ပဲဖြစ်ပါတယ်။ အရင်ခေတ်အခြေအခြေအနေအရဆိုရင် ဒီထက်ကြာနိုင်ပါတယ်။

ကဲ…ကျွန်တော်တို့စဉ်းစားကြည့်ရအောင်ဗျာ၊ ဒီကျွန်တော့်သူငယ်ချင်းဟာ နယ်မြို့တစ်မြို့မှာနေတဲ့သူမဟုတ်ဘဲ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ နေတဲ့သူဆိုရင် သူအသက်ဆုံးရှုံးရမှာ မဟုတ်ဘူးဆိုတာသေချာပါတယ်။ ဒါမှမဟုတ် သူနေထိုင်တဲ့ နယ်ဆေးရုံတွေကသာ မန္တလေးမြို့ဆေးရုံကြီးလို အဆင့်မီတဲ့ဆေးရုံဖြစ်ခဲ့မယ်ဆိုရင် သူအသက်သေဆုံးစရာ မရှိဘူးပေါ့။ ကလေးလသားအရွယ်နဲ့ အိမ်ထောင်ရှင်ဖြစ်တဲ့ သူငယ်ချင်းရဲ့မိသားစုကမ္ဘာလေးဟာလည်း ပြိုကွဲသွားမှာ မဟုတ်ပါဘူး။ ဟုတ်တယ်လေ၊ ခုမန္တလေး ပြည်သူ့ဆေးရုံကြီးက ဆရာဝန်ကြီးကပြောတာက သူ့ဆေးရုံကို

ရောက်တာ နာရီဝက်လောက်နောက်ကျတယ်တဲ့။ ဒါပေမဲ့ သူမက္ကလေး ဆေးရုံကြီးကိုရောက်ဖို့ အချိန်ပေးလိုက်ရတာက ၄ နာရီနီးပါးပါ။ ဒီလိုနယ်တွေမှာနေထိုင်တဲ့ ကျွန်တော်တို့ပြည်သူတွေဟာ အမှန်တကယ်မသေဆုံးသင့်ဘဲ သေခဲ့ရတာတွေဘယ်လောက်တောင်များနေပြီလဲ။ ဒီလောက်ဆို ကျွန်တော်ပြောချင်တဲ့ ရည်ရွယ်ချက်ကို စာဖတ်သူရိပ်မိလောက်ပြီထင်ပါတယ်။

ပြီးခဲ့တဲ့နှစ်လောက်ကပဲ ကျောင်းဆရာမမွေးလူနာတစ်ယောက် နယ်ဆေးရုံတစ်ခုမှာမီးဖွားရာ သွေးလွန်အသက်ဆုံးရှုံးခဲ့ရပါတယ်။ မြို့နယ်ဆေးရုံကမနိုင်လို့ဆိုပြီး ခရိုင်ဆေးရုံပို့တာ လမ်းမှာတင်အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုချုပြပြောစရာ သာဓကတွေအများကြီးရှိပါတယ်။ ဒီလိုနယ်ဆေးရုံတွေမှာ ကုသတဲ့စက်ကရိယာတွေ ခေတ်မမီမှု၊ မပြည့်စုံမှု၊ ကျွမ်းကျင်တဲ့ဝန်ထမ်းများနည်းပါးမှုတို့ကြောင့် နယ်မှာနေတဲ့ပြည်သူတွေရဲ့ အသက်တွေဟာ မလိုအပ်ဘဲဆုံးရှုံးနေရတာ အင်မတန်ဝမ်းနည်းစရာ ကောင်းသလိုတိုင်းပြည်အတွက်လည်း များစွာနစ်နာဆုံးရှုံးရပါတယ်။ မြန်မာနိုင်ငံမှာ ငါးနှစ်အောက်ကလေး သေဆုံးမှုဟာ တစ်နာရီမှာ ၈ ဦးနှုန်းခန့် သေဆုံးနေပြီး တစ်နှစ်ဆိုရင် ကလေးငယ် ၆၅၀၀၀ ခန့် သေဆုံးနေရပါတယ်။ ဒီနှုန်းထားဟာ ဘယ်လောက်ကြောက်စရာကောင်း လိုက်သလဲဆိုတာ စဉ်းစားကြည့်စေချင်ပါတယ်။

ခေတ်မီစက်ပစ္စည်းတွေ အသုံးချနိုင်မှုကွာခြားသလို ကျွမ်းကျင်ဝန်ထမ်းတွေဟာလည်း နယ်မြို့တွေမှာ ရှားပါးပါတယ်။ ပညာရှင်ဝန်ထမ်းအများစုဟာ နယ်မြို့တွေ၊ ကျေးလက်ဒေသတွေမှာထက် မြို့ကြီးတွေမှာပဲ အများစုကနေလိုကြပါတယ်။ ကျွန်တော့်မိတ်ဆွေ အထူးကုဆရာဝန်တစ်ယောက် နယ်ဆေးရုံကိုပြောင်းရွှေ့တာဝန်ကျတော့ ပိုက်ဆံအကုန်ကျခံပြီး ဆေးပင်စင်ယူလိုက်ပါတယ်။ သူကိုယ်တိုင်ကလည်း မြို့ကြီးမှာ အထူးကုဆေးရုံဖွင့်ထားတော့ နယ်ဆေးရုံမှာ မနေချင်ကြပါဘူး။ မြို့ကြီးကနေ နယ်ဆေးရုံတွေ၊ နယ်စပ်တောင်တန်းဒေသတွေမှာ တာဝန်ကျလာတဲ့ ဆရာဝန်အများစုဟာ မြို့ကြီးကိုအမြန်ဆုံးပြောင်းရွှေ့ဖို့ ကြိုးစားနေကြတာများပါတယ်။ အခြားဌာနက ဝန်ထမ်းအများစုကလည်း ဒီအတိုင်းချည်းပါပဲ။

တချို့ဆရာဝန်များဆို ကျေးလက်ဒေသတွေမှာသာ တာဝန်သာကျနေတာ၊ ကိုယ်တာဝန်ကျတဲ့ဆေးရုံကို လက်ထောက်တွေနဲ့လွှဲထားပြီး လူကြီးလာမယ့်အချိန်၊ စစ်ဆေးရေးလာမယ့်အချိန်လောက်သာ ဆေးရုံကို အလာပြတတ်ကြတာ အများကြီးပါ။

ဒီနေရာမှာတစ်ချက်ပြောချင်တာက နိုင်ငံတော်မှရန်ကုန်ဆေးရုံကြီးကို နိုင်ငံတစ်ကာအဆင့်မီဆေးရုံကြီးအဖြစ် လုပ်ဆောင်နေတဲ့အတွက် ဝမ်းသာပါတယ်။ဒါပေမဲ့ နယ်ကဆေးရုံတွေကိုလည်း အဆင့်မီတဲ့ဆေးရုံတွေဖြစ်အောင် မြှင့်တင်ပေးစေချင်ပါတယ်။ ရန်ကုန်ဆေးရုံကြီးအဆင့်မြှင့်မှုဟာ နယ်ဒေသတွေမှာနေတဲ့အရေးပေါ်လူနာတွေအတွက်အသုံးမဝင်ပါဘူး။ ဒါကိုသဘောပေါက်စေချင်ပါတယ်။ အုပ်ချုပ်သူလူကြီးမင်းများကတော့ ခေါင်းလေးကိုက်တာတောင် နိုင်ငံခြားထိသွားပြီးဆေးကုသမှုခံယူနေကြပေမဲ့ နယ်ကပြည်သူတွေမှာတော့ ဆေးရုံတွေမှာဘာမှပြည့်စုံမှုမရှိလို့ ပတ်တီးလိပ်တောင် အပြင်ကဝယ်သုံးနေရပါတယ်။

ဒါက ကျန်းမာရေးဘက်ကို ဥပမာပေးပြောကြားတာပဲဖြစ်ပါတယ်။ ပညာရေးဘက်ကိုကြည့်ပါ။ နယ်မြို့တွေကကောလိပ်တွေ တက္ကသိုလ်တွေကနေရတဲ့ ဘွဲ့အချို့ဟာ မြို့ကြီးကကျောင်းတွေတက်ပြီး ရရှိတဲ့ဘွဲ့အချို့တွေနဲ့ တန်ဖိုးချင်းကွာခြားနေတာ တွေ့ရမှာပဲဖြစ်ပါတယ်။ ဒါဟာ နယ်မြို့ကကျောင်းတွေနဲ့ မြို့ကြီးကကျောင်းတွေနဲ့ ကွာခြားချက်ပဲဖြစ်ပါတယ်။ ကျွန်တော်အိမ်မှာအလုပ်လုပ်တဲ့ကောင်မလေးနေထိုင်တဲ့ ကျေးရွာကကလေးတွေဟာ အများအားဖြင့် မူလတန်းအဆင့် ၄ တန်းအောင်ပြီးရင်ကျောင်းပြီးပါပြီတဲ့။ ဘာလို့လည်းဆိုတော့ သူတို့ရွာမှာ မူလတန်းအဆင့်ထိရှိပြီး ထပ်တက်ချင်ပါက ရွာကနေ ၆ မိုင်လောက်သွားရတဲ့ တခြားရွာကိုသွားတက်ရမှာဆိုတော့ မတက်နိုင်ကြတော့ အများစုက ၄ တန်းအောင်ပြီးရင်ကျောင်းထွက်လိုက်ရပါတယ်တဲ့။ တစ်နိုင်ငံလုံးမှာ ဒီလိုကျေးရွာတွေ ဘယ်လောက်တောင်များနေပြီလဲ။ ဒီလိုအပ်ချက်တွေကို ပြည့်စုံအောင်မဖြည့်ဆည်းပေးဘဲ 'ကျောင်းနေရွယ်ကလေး ကျောင်းနေရေး၊ မိဘပြည်သူ ဝိုင်းကူပေး' ကြွေးကျော်သံတွေ၊ ကလေးအလုပ်သမား ပပျောက်ရေးတွေ အသံကောင်းဟစ်နေလို့ကတော့ အလကားပဲဖြစ်မှာပါ။

တိုင်းပြည်တစ်ခုအတွက် အရေးကြီးဆုံးဖြစ်တဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကိုပဲ အဓိကထားနှိုင်းယှဉ်ပြတာပါ။ ကျန်ကဏ္ဍတွေရဲ့ကွာခြားချက်တွေကတော့ပြောပြရင် ကုန်နိုင်ဖွယ်မရှိပါဘူး။ ယခု ကျွန်တော်တို့နိုင်ငံမှာဆိုရင် တယ်လီဖုန်းဆိုတာ မြို့ကြီးကလူတွေ ၁၅ နှစ်ကျော်လောက်သုံးပြီးမှ နယ်ကလူတွေအသုံးပြုရတာပါ။ ဒါတောင်ခုထိ နယ်ဒေသတွေအားလုံး အသုံးမပြုနိုင်သေးပါဘူး။ ဘာမှမဟုတ်တဲ့ ရုပ်ရှင်ကားကြည့်ခွင့်ကိုပဲကြည့်ဦး။ နယ်မြို့တွေကလူတွေဟာ မြို့ကလူတွေနဲ့ တန်းတူကြည့်ခွင့်မရပါဘူး။ မြို့ကြီးကလူတွေထက် ၆ လ တစ်နှစ်လောက်နောက်ကျပြီးမှ ကြည့်ခွင့်ရပါတယ်။ ဒါတွေကအသေးအမွှားကိစ္စတွေပါ။ ဒီလိုကွာခြားချက်တွေကိုပြောပြမယ်ဆိုရင် ကုန်နိုင်ဖွယ်မရှိပါ။ ယနေ့ထိ တစ်သက်လုံးလျှပ်စစ်မီးမရဘဲနေရတဲ့ ကျေးရွာတွေ၊ ဆက်သွယ်ရေးအတွက် တယ်လီဖုန်းလိုင်းမရှိတဲ့ကျေးရွာတွေအများကြီးပါ။

ဒါကျွန်တော်တို့နိုင်ငံရဲ့ တိုင်းဒေသကြီးတွေက မြို့ပြနေပြည်သူနဲ့ ကျေးလက်နေပြည်သူတွေရဲ့ ကွာခြားချက်ကို နှိုင်းယှဉ်ပြတာပဲဖြစ်ပါတယ်။ တိုင်းရင်းသားတွေနေထိုင်တဲ့ ပြည်နယ်ဒေသတွေ၊ နယ်စပ်တောင်တန်းဒေသတွေမှာဆို ဒီထက်အဆပေါင်းများစွာ ကွာခြားတာတွေ့ရမှာပါ။ ပြည်နယ်ပြည်မ ကွာခြားမှုအရမ်းကြီးလွန်းပါတယ်။ တစ်နိုင်ငံတည်းမှာ၊ အစိုးရတစ်ခုတည်း လက်အောက်မှာ အတူတူနေထိုင်ရပေမယ့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ် စတဲ့ဒေသက တိုင်းရင်းသားပြည်သူတွေဟာ မန္တလေး၊ ရန်ကုန်မှာနေထိုင်တဲ့ နိုင်ငံသားတွေထက် နိုင်ငံသားတစ်ဦးရရှိတဲ့ အခွင့် အရေးဟာ အဆမတန်ကွာခြားလှပါတယ်။

ဒါတွေဟာ ဘာလို့ကွာခြားနေရတာလဲ။ တစ်နိုင်ငံတည်းနေ အုပ်ချုပ်သူအစိုးရတစ်ခုတည်းအောက်မှာ နေထိုင်ရတဲ့ပြည်သူချင်းအတူတူ အခွန်အတုတ်ထမ်းဆောင်ရတာချင်းအတူအတူ နယ်ဒေသကလူတွေနဲ့ မြို့ကြီးတွေမှာနေတဲ့လူတွေ ဘာလို့ရရှိတဲ့အခွင့်အရေးကျတော့မတူညီကြတာလဲ။ ဘာလို့ခွဲခြားဆက်ဆံမှုခံနေရတာလဲ။ ဒီလိုအခွင့်အရေးကွာခြားနေတာဟာ မတရားဘူးလို့ ကျွန်တော်ယူဆတယ်ဗျာ။ မြို့ကြီးနေတဲ့သူတွေမှ နိုင်ငံသားလို့သတ်မှတ်တာလား။ တန်ဖိုးရှိတာလား။

ပြည်နယ်တောင်တန်းဒေသ ကျေးလက်မှာနေတဲ့သူတွေဟာ လူသားတွေပဲ မဟုတ်ဘူးလား။ နိုင်ငံသားတွေပဲမဟုတ်ဘူးလား။ ဘာလို့ခွဲခြားခံနေရတာလဲ။

ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံသားတွေထက်စာရင် နိုင်ငံသားတစ်ယောက်ရပိုင်ခွင့် အခွင့်အရေးဟာ အင်မတန်နည်းပါးတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလိုရရှိတဲ့အခွင့်ရေးနည်းပါးရတဲ့ကြားထဲ နယ်မှာနေတဲ့ပြည်သူတွေဟာ မြို့မှာနေတဲ့ပြည်သူတွေထက် အခွင့်ရေးရရှိမှုဟာ မတရားကွာဟနေတော့သေရောပေါ့ဗျာ။ ကျွန်တော့်အနေနဲ့ကတော့ နယ်မှာနေတဲ့ပြည်သူတွေထက် ကျွန်တော်တို့မြို့မှာနေတဲ့သူတွေက အခွင့်ရေးပိုရနေတာ အားနာနေမိ၊ ရှက်နေမိတယ်ဗျာ။

ဒါကမြို့ပြနဲ့ကျေးလက်နေပြည်သူတွေရဲ့ အခွင့်ရေးရရှိမှုကွာခြားမှုကို နှိုင်းယှဉ်ပြတာပါ။ တစ်နိုင်ငံလုံးက ပြည်သူတွေထက် အခွင့်ရေးပိုယူ အခွင့်ထူးခံနေတဲ့အာဏာရှင်နဲ့အပေါင်းပါ ခရိုနီလူတန်းစားတစ်ရပ်က ရှိနေပါသေးတယ်။ နေရာတိုင်းမှာ အခွင့်ထူးခံပြီး ပြည်သူတွေက ထမင်းတစ်လုတ်အတွက် ပင်ပန်းကြီးစွာ ရှာဖွေစားသောက်နေရတဲ့အချိန်မှာ သူတို့ကတော့ ကမ္ဘာ့အချမ်းသာဆုံးသူဌေးစာရင်းဝင်တွေအဖြစ် အရှက်မရှိဂုဏ်ယူနေကြတာ အံ့ဩလို့မဆုံးပါဘူး။ ဒီလိုအခွင့်ရေးရရှိမှု တန်းတူညီမှုမရှိမှုကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဆင်းရဲချမ်းသာမှု အင်မတန်ကွာခြားလာကြပါတယ်။ ထားစရာမရှိအောင် ချမ်းသာနေတဲ့သူတွေနဲ့ စားစရာမရှိအောင် ဆင်းရဲနေတဲ့သူတွေ ဖြစ်နေကြပါတယ်။ အလယ်အလတ်တန်း လူတန်းစားနည်းပါးလာမှု၊ ဆင်းရဲချမ်းသာကွာခြားမှုတွေဟာ တိုင်းပြည်အနာဂတ်အတွက် စိုးရိမ်စရာပဲဖြစ်ပါတယ်။

ဒီလိုကွာဟချက်ကြီးမားမှုကြောင့် ကျေးလက်နေပြည်သူတွေဟာ ခုဆိုမြို့ပေါ်ပြောင်းရွှေ့အခြေချနေထိုင်လာကြပါတော့တယ်။ ယခုဆိုရင် ရန်ကုန်၊ မန္တလေးမြို့တွေမှာ အိုးမဲ့အိမ်မဲ့တွေ ကျူးကျော်နေထိုင်တဲ့သူတွေ ဒီဘက်နှစ်ပိုင်းမှာ အဆမတန်များပြားလာတာတွေ့ရမှာပါ။ မြို့ပြနဲ့ ကျေးလက်နိုင်ငံကြီးနဲ့ နိုင်ငံငယ်ဖွံ့ဖြိုးတိုးတက်မှု ကွာခြားမှုတွေကြောင့် ယနေ့ ကမ္ဘာပေါ်မှာ ရွှေ့ပြောင်းအလုပ်သမားတွေ၊ ဒုက္ခသည်တွေ ပြဿနာ

ကို ကျွန်တော်တို့နိုင်ငံအပါအဝင် နိုင်ငံအများစု လက်ရှိရင်ဆိုင်နေကြရတာ တွေ့ရမှာပဲဖြစ်ပါတယ်။

နိုင်ငံတစ်ခုတိုးတက်မှုကို မြို့ကြီးတွေမှာနေထိုင်တဲ့ပြည်သူတွေရဲ့ တိုးတက်မှုတစ်ခုတည်းကြည့်ပြီး ဆုံးဖြတ်လို့မရပါဘူး။ နိုင်ငံရဲ့ပြည်သူ အများဆုံးနေထိုင်တဲ့ ကျေးလက်တောရွာနေ ပြည်သူတွေ ဘယ်လောက် တိုးတက်လာသလဲဆိုတာနဲ့ အကဲဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် နိုင်ငံရဲ့လူဦးရေရဲ့ ၇၅ ရာနှုန်းကျော်နေထိုင်တဲ့ ကျေးလက်တောရွာနေပြည်သူတွေ၊ တောင်သူလယ်သမားတွေရဲ့ဘဝကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း အသိပေးပြောကြားလိုက်ရပါတယ်။

၂.၁၀.၁၅ ထုတ် **News Watch** ဂျာနယ်

❑



# မန်းမဆန်၊ နန်းမဆန်တော့တဲ့ မန်းသင်္ကြန်

ကျော်ကြီး(MDY)

မန္တလေးမြို့နဲ့ဝေးကွာနေတဲ့ အဝေးရောက်ရွှေမန်းသားတွေအဖို့ အခုလိုသင်္ကြန်အခါနီး တူးပို့ တူးပို့ သီချင်းသံကြားရင် ကိုယ့်မြို့ကို မလွမ်းဘဲ၊ သတိမရဘဲ မနေနိုင်ကြပါဘူး။ တတ်နိုင်သမျှ ကိုယ့်မြို့ကို ရောက်အောင် ပြန်ပြီး သင်္ကြန်ပွဲကို ဆင်နွဲပျော်ရွှင်ကြတာပါပဲ။ ဘာကြောင့်လဲဆိုတော့ သင်္ကြန်ပွဲဟာ မန္တလေးမြို့ရဲ့ ပျော်စရာအကောင်းဆုံးပွဲတော် တစ်ခုဖြစ်လို့ပါပဲ။ ရှေးယခင်ကတည်းက ဂုဏ်ယူဝင့်ကြွားဖွယ် ယဉ်ကျေးမှုပွဲတော်အဖြစ် ခေတ်အဆက်ဆက်ကျင်းပလာခဲ့ကြတာပါ။ နှစ်ကူးသင်္ကြန်ပွဲတော် ကျင်းပကြတဲ့မြို့တွေထဲမှာ မန်းသင်္ကြန်ကအလွန်တရာ ကြီးကျယ်ခမ်းနားပျော်စရာကောင်းပါတယ်။ ဒါကြောင့်လည်း မန်းသင်္ကြန်ပွဲတော်ဟာ မြန်မာသာမက ကမ္ဘာမှာပါ နာမည်ကျော်ကြားတာပါ။

မန္တလေးသင်္ကြန်ဆိုတာ ဘယ်မြို့ရဲ့သင်္ကြန်ပွဲတော်နဲ့မှမတူပါဘူး။ မြန်မာဘုရင်တွေရဲ့ မင်းနေပြည်တော်ဖြစ်ခဲ့တာကြောင့် ထီးငွေနန်းငွေ

မပျောက်ပြယ်ဘဲ မြန်မာမှုရနံ့တွေ ထုံသင်းနေပြီး မြန်မာ့ယဉ်ကျေးမှုရဲ့ ချစ်စဖွယ်အစဉ်အလာတွေကို တွေ့မြင်နိုင်တာက မန္တလေးသင်္ကြန်ရဲ့ ဂုဏ်အင်တွေပါပဲ ။ သင်္ကြန်အကြောင်း စာပေ၊ ဂီတ၊ ရုပ်ရှင်တွေနဲ့ဖော်ကြူးကြတဲ့နေရာမှာလည်း အများအားဖြင့် မန်းသင်္ကြန်အကြောင်းပဲများပါတယ်။ မန္တလေးသင်္ကြန်ပွဲတော်ဆိုတာ မန္တလေးမြို့ရဲ့သင်္ကြန်အလှ၊ အဆို၊ အကတွေ မန်းလေးသူ၊ သားတွေရဲ့အပြောအဆို၊ အနေအထိုင် ယဉ်ကျေးမှုအနုသုခုမကိုထုတ်ဖော်ပြသတဲ့ပွဲတော်ကြီး တစ်ခုဆိုမမှားပါဘူး။ ဒါကြောင့် မန်းသင်္ကြန်ဟာ မန်းဆန်တယ်၊ နန်းဆန်တယ်လို့ ဆိုစမှတ်ပြုကြတာပါ။ ခေါ်တာတောင် မြန်မာ့ရိုးရာယဉ်ကျေးမှု မန္တလေးမဟာသင်္ကြန်ပွဲတော်လို့ခေါ်ကြတဲ့အပြင် မြန်မာတစ်နိုင်ငံလုံးရဲ့ သင်္ကြန်ပွဲတော်တွေရဲ့ ပြယုဂ်အဖြစ်တည်ရှိနေခဲ့တာပါ။ ဒါကြောင့်လည်း ပြည်တွင်းပြည်ပ ဧည့်သည်တွေဟာ မန္တလေးသင်္ကြန်ပွဲတော်ကို တခုတ်တရ လာရောက်ဆင်နွှဲကြတာပါ။

မန္တလေးသူ၊ သားတွေဟာ သင်္ကြန်ပွဲတော်ကို အင်တိုက်အားတိုက် ဂုဏ်ယူပျော်ရွှင်စွာဆင်နွှဲကြတာပါ။ သင်္ကြန်ပွဲတော် မတိုင်မီ တစ်လနစ်လအလိုလောက်ကစပြီးပြင်ကြဆင်ကြနဲ့ ကလေးရော လူကြီးပါမကျန် တစ်မြို့လုံးအလုပ်ရှုပ်နေကြတော့တာပါပဲ။ ဘယ်ရပ်ကွက်သွားသွား ယိမ်းအဖွဲ့တွေရဲ့ အဆိုအကတိုက်နေကြတာ၊ တစ်မြို့လုံး သင်္ကြန်ဒိုးသံလွှမ်းနေတာပါပဲ။ မန်းမြို့ကျက်သရေဆောင် မြို့မငွေနှင်းကြီးကလည်း သင်္ကြန်မတိုင်မီကပင် တစ်မြို့လုံးအနှံ့လိုက်လံဖျော်ဖြေပေးနေတာပါ။ ဌာနဆိုင်ရာတွေကလည်း မိမိမြို့နယ်အလိုက် ဗဟိုမဏ္ဍပ်များဆောက်ကြ၊ ရပ်ကွက်အလိုက် မိသားစုအလိုက် ရေကစားမဏ္ဍပ်များဆောက်ကြ၊ တတ်နိုင်သူများကလည်း စတုဒိသာတွေကြွေးကြ တစ်မြို့လည်းအုန်းအုန်းကျွက်ကျွက်ပါပဲ။ မန်းသင်္ကြန်ကညပိုင်းရေမပက်ပါဘူး။ ရေပက်မဏ္ဍပ်အသီးသီးက လှမျိုးမြူများက ညပိုင်းမှာ ယိမ်းအက အလှများနဲ့ဖျော်ဖြေပါတယ်။'မန္တလေးရှိုင်းအသီးသီးက ပါဝင်ဆင်နွှဲတဲ့ အလှပြယာဉ်တွေကလည်း မီးရောင်စုံအလှများထွန်းပြီး မဏ္ဍပ်အသီးသီးကို လှည့်လည်ဖျော်ဖြေကြနဲ့ တကယ့်ကို တစ်မြို့လုံး စည်းကားသိုက်မြိုက်ပျော်ရွှင်စရာကောင်းလှပါတယ်။

ဒီလိုသမိုင်းအစဉ်အလာကြီးတဲ့ ယဉ်ကျေးမှု မန္တလေးမဟာသင်္ကြန်

ပွဲတော်ကြီးဟာတဖြည်းဖြည်းနဲ့ အကျည်းတန်ပျက်စီးသွားခဲ့တာ နှစ်အတော်ကြာခဲ့ပါပြီ။ မန်းလေးသားတွေကိုယ်တိုင်မန္တလေးသင်္ကြန်ကို မပျော်ရွှင်ရင်မခုန်ကြတော့ပါဘူး။ သင်္ကြန်မှာ ဘာလုပ်ကြမှာလဲလို့ မေးလိုက်တဲ့ သူငယ်ချင်းတော်တော်များများက ဒုလ္လဘဝတ်မယ့်လူနဲ့ တရားစခန်းဝင်မယ့်လူနဲ့ ခရီးထွက်မယ့်လူနဲ့ချည်းပါဘဲ။

တစ်မြို့လုံးစည်ကားသိုက်မြိုက်စွာ နွေးထွေးပျော်ရွှင်စရာကောင်းတဲ့ မန်းသင်္ကြန်ဟာ ခုတော့ကျုံးဘေးလေးမှာပဲ အကျည်းတန်အထီးကျန်တဲ့ပွဲလေးဖြစ်သွားပါပြီ။ ဆင်းရဲချမ်းသာမရွေး ပါဝင်ဆင်နွှဲလို့မရတဲ့ ငွေရှင်ကြေးရှင် ဧရိုနီ ဧရိုပြာတွေရဲ့ စီးပွားရေးအမြတ်ထုတ်တဲ့ ဈေးကွက်စီးပွားရေးသင်္ကြန်၊ လူကုံထံတွေ အာဏာရှင်တွေရဲ့ ခိမ်ခံပွဲတော်ဖြစ်သွားပါပြီ။ မိန်းမပျိုလေးတွေက မလုံ့တလုံ့ ကာမစိတ်နှိုးဆွတဲ့ သရုပ်ပျက် အဝတ်အစားတွေဝတ်၊ အရက်ဘီယာ မူးယစ်ဆေးဝါးတွေသောက်သုံးကြ၊ ဟစ်ဟော့သီချင်းတွေဖွင့် ခုန်ပေါက်ကကြ၊ လူမြင်ကွင်းမရှောင်ကာမတဏှာတွေပေါက်ကွဲပြီး ယုတ်မာရိုင်းစိုင်းတဲ့သင်္ကြန်ပွဲတော်ကြီးဖြစ်သွားပါပြီ။ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ ကျုံးမြို့ရိုးကြီးပတ်လည်ကို မဏ္ဍပ်တွေကာရံပြီး အရက်ဘီယာဆေးလိပ်ကြော်ငြာတွေနဲ့ သရုပ်ပျက်အဝတ်အစားတွေဝတ်၊ မူးယစ်သောက်စားပျော်ပါး သီဆိုကခုန်နေတာဟာ အင်မတန် ရွံရှာစက်ဆုပ်ဖွယ်မြင်ကွင်းတွေပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်က သတင်းတစ်ပုဒ်ဖတ်လိုက်ရတာဆိုရင် စိတ်ထဲမှာတော်တော်နာကျင်ခံစားသွားရတယ်။ သတင်းက ပြီးခဲ့တဲ့နှစ်က သင်္ကြန်မဏ္ဍပ်များ ကျုံးအတွင်း မိလ္လာ၊ အမှိုက်စွန့်ပစ်မှုရှိခဲ့တဲ့အတွက် ဒီနှစ်ကစပြီးမလုပ်ဖို့နေ့စဉ်စစ်ဆေးအရေးယူသွားမယ် ဆိုတဲ့အကြောင်းပါ။ ပါးစပ်အဟောင်းသားဖြစ်သွားတယ်ဗျာ။ တစ်မြို့လုံးအသုံးပြုနေတဲ့ ဒီကျုံးရေထဲကို ဒီလိုစွန့်ပစ်ကြတယ်တဲ့။ တကယ့်ကို အောက်တန်းကျတဲ့ လုပ်ရပ်တွေပါပဲဗျာ။ ယဉ်ကျေးမှုတွေကိုလည်းပျက်စီး၊ ကျုံးရေတွေလည်းညစ်နွမ်းသွားခဲ့ပါပြီ။

နောက်တစ်ခုက အရက်ကုမ္ပဏီတစ်ခုက မန်းလေးကျုံးဘေးမှာမဏ္ဍပ်ဆောက်ပြီး မဏ္ဍပ်မှာရေပက်ဖို့ မိန်းမပျိုအလှအယောက်တစ်ရာကို ဖိတ်ခေါ်ထားတာတွေ့ရပါတယ်။ ထိုအရွေးခံရတဲ့အယောက် ၁၀၀ ကို

အခမဲ့ရေကစားခွင့်၊ အပိုအကြို၊ အစားအသောက်စီစဉ်ပေးပါမယ်တဲ့။ အထူးခြားဆုံး ပံ့ပိုးမှုကတော့ ထိုအယောက် ၁၀၀ အတွက် အဝတ်အစားကို ခေတ်ပေါ်အဝတ်အစားဆင်ပေးမှာပါတဲ့။ စဉ်းစားကြည့်ပါ။ ဒီအရက် ကုမ္ပဏီဟာ မန္တလေးသူတွေအတွက် စေတနာထားပြီး ရေကစားခွင့်ပြုမှာ လုံးဝမဖြစ်နိုင်ဘူး။ သူ့မဏ္ဍပ်လူစည်ကားရေး၊ သူ့အရက်လူသိများရေး အတွက် ဒီမိန်းခလေးတွေကို သရုပ်ပျက်အဝတ်အစားတွေဝတ်နိုင်းပြီး အသုံးချမယ်ဆိုတာပြောကြည့်နေဖို့ လိုမယ်မထင်ပါဘူး...။ ဒီလို မန္တလေးမြို့ ရဲ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီး အကျည်းတန်ပျက်စီးသွားရတာ ဘယ်သူတွေကြောင့်လဲဆိုတော့ စစ်အာဏာရှင်လက်ထက်ကနေစပြီး ခေတ် အဆက်ဆက် မန္တလေးမြို့ကိုအုပ်ချုပ်ခဲ့တဲ့ အာဏာပိုင်လူကြီးမင်းများ ကြောင့်ဆိုတာ အားလုံးသိကြမှာပါ။ အရှေ့မြောက်အရပ် ချေးတိုးပေါက် ကနေ တရားမဝင်ဝင်ရောက်လာတဲ့ စီနတိုင်းသားတို့ကို အတားအဆီးမရှိ လက်ခံခဲ့လို့ မန္တလေးမြို့ကျဆုံးသွားတာကနေ မန္တလေးရဲ့နိုင်ငံရေး၊ လူမှုရေး၊ ဘာသာသာသနာ၊ စာပေယဉ်ကျေးမှုနှင့် သဘာဝအနုပညာဘက် ပေါင်းစုံဟာ တဖြည်းဖြည်းလိုက်စားဝါးမျိုခံလိုက်ရတာပါပဲ။

တစ်ချိန်တည်းမှာပဲ ယဉ်ကျေးမှု ကိုယ်ခံအားမကောင်းတဲ့ လူငယ်တွေ ဟာ ထိုစီနတိုင်းသားတွေရဲ့ ခပ်ရိုင်းရိုင်းဝတ်စားနေထိုင် ပြောဆိုမှုတွေကို အတုခိုးမှားကုန်ကြပါတော့တယ်။ အရင်က ခြေမျက်စိပေါ် အောင်မဝတ် တက်တဲ့ မန်းသူတွေဟာ ဘောင်းဘီတိုဖင်ကျပ်၊ စကပ်အတို တွေနဲ့ ပေါင်အရင်ထိဖော်ပြီး ဝတ်လာကြပါတယ်။

ဒီလိုတစ်စတစ်စ ပျက်စီးယိုယွင်းလာတဲ့ မန္တလေးသင်္ကြန်ပွဲတော်ကို မြို့တော်ဝန်အဆက်ဆက်က ပြုပြင်ထိန်းသိမ်းလာနိုင်တာမတွေ့ရဘဲ ပိုပိုဆိုး သွားတာပဲ တွေ့မြင်နေရပါတယ်။ မန်းသင်္ကြန်မဏ္ဍပ်တွေရဲ့စံပြဖြစ်တဲ့ မြို့တော်ဝန် ဗဟိုမဏ္ဍပ်ကစပြီး သိန်းပေါင်းရာချီ၊ ထောင်ချီအကုန်ခံပြီး ရန်ကုန်က နာမည်ကြီးတီးဝိုင်းတွေ အဆိုတော်တွေငှားပြီး သရုပ်ပျက်ရွာ သီဆိုကခုန်နေကြတာကို လူကြီးမင်းများကအရသာခံ ခိမ်ခံကြည့်နေကြမှ တော့ ပြီးပြီပေါ့ဗျာ။

ဒီလို သရုပ်ပျက်အကျည်းတန်နေတဲ့ မန္တလေးသင်္ကြန်ပွဲတော်ကြီးကို

လူကြီးမင်းတို့အနေနဲ့ ဘာကြောင့်မထိမ်းသိမ်းမစောင့်ရှောက်ကြတာလဲလို့ မေးချင်ပါတယ်။ ပါးစပ်က 'အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး' ဆိုပြီးမစားရဝမန်း အသံကောင်းဟစ်ပြီး ဖျက်ဆီးပစ်နေတာ ဘယ်သူတွေလဲဆိုတာသိကြမှာပါ။ နိုင်ငံခေါင်းဆောင်များကရော ဒီအတိုင်းလက်ပိုက်ကြည့်နေကြတော့မှာလား။ ဒီလိုပဲ ရေစုံမျောပစ်လိုက်တော့မှာလား။

မန္တလေးသားတစ်ယောက်အနေနဲ့ ဟိုအရင်ချိန်ကို ပြန်စဉ်းစားမိတိုင်း ရင်ထဲမှာ နာမြေဘာသ ဝမ်းနည်းခံစားမိတယ်ဗျာ။

ကျွန်တော်ကတော့ ဟိုရင်အချိန်တုန်းက ဆင်းရဲချမ်းသာမရွေး လူတိုင်းပါဝင်ဆင်နွှဲနိုင်တဲ့ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲကိုလွမ်းတယ်။ စက်ဘီး၊ မြင်းလှည်းလေးနဲ့ လျှောက်လည်ခဲ့ရတဲ့ သင်္ကြန်ပွဲကိုလွမ်းတယ်။ မြို့မသင်္ကြန်ကား ငွေနန်းကြီးနောက် လမ်းလျှောက်လိုက်ပြီး သီချင်းတွေ နားထောင်ခဲ့ရတဲ့ သင်္ကြန်ကိုလည်းလွမ်းတယ်။ နဂါးဒေါင်း၊ ဆေးကျောင်း၊ ပွဲထိုင်မိသားစုမဏ္ဍပ်၊ ဒေါ်သီသနပ်ခါးမိသားစု၊ ဈေးချိုမိသားစု၊ မီးရထား မဏ္ဍပ်တွေကိုလည်းလွမ်းတယ်...

ငွေဖလားလေး နဲ့ရေပက်ခဲ့ရတဲ့ သင်္ကြန်ပွဲကိုလွမ်းတယ်။ အယုတ်အလတ်အမြတ်မရွေးဝင်စားနိုင်တဲ့ သင်္ကြန်ထမင်း စတုဒီသာကျွေးတဲ့ သင်္ကြန်ပွဲကိုလည်းလွမ်းတယ်။ သံချပ်တွေနဲ့ မိုးလင်းအောင်ပျော်ပြေတဲ့ သင်္ကြန်ပွဲကိုလွမ်းတယ်။ သင်္ကြန်မိုးဇာတ်ကားကို အဖြူမဲ TV လေးနဲ့ ကြည့်ခဲ့ရတဲ့ ကလေးဘဝလေးကိုလည်းလွမ်းတယ်။ ယဉ်ကျေးပျော်ရွှင်စွာ ပျော်ရွှင်ခဲ့ရတဲ့ ဟိုးတုန်းက မန္တလေးမဟာသင်္ကြန်ကိုလွမ်းတယ်ဗျာ...။ လွမ်းတယ်...လွမ်းတယ်...

ဘာတွေဘယ်လိုပဲ ပြောင်းလဲသွားပါစေ မန္တလေးသားတွေကတော့ 'တူးပို့ တူးပို့' သီချင်းသံ မပျောက်ကွယ်သ၍ မန္တလေးသင်္ကြန်ကို သတိရ လွမ်းဆွတ်တသနေအုံးမှာပါပဲ...

တစ်ချိန်မှာ မန္တလေးသင်္ကြန်အစစ် ပြန်ဖြစ်လာရမယ်လို့ယုံကြည်ပါတယ်။

၈.၄.၁၄ ထုတ် Tomorrow ဂျာနယ်




# ခွင့်သာခိုက်မှာလိုက်ကြပါစို့

ကျော်ကြီး(MDY)

စင်ကာပူမှာနိုင်ငံမှာ အလုပ်လုပ်နေတဲ့ ကျောင်းတုန်းသူငယ်ချင်း ကဖုန်းဆက်လာတယ်။ သူတာဝန်ကျေဖို့ မဲပေးပြီးပြီဆိုတဲ့အကြောင်း၊ မဲပေးဖို့လမ်းဘေးမှာ ညအိပ်စောင့် ထမင်းအငတ်ခံပေးခဲ့ရကြောင်း ပြန်လည် ပြောပြတာပါ။

ဒီလောက်အပင်ပန်းခံ ဒုက္ခခံမဲပေးခဲ့ရပေမဲ့ သူငယ်ချင်းအသံကြား ရတာ စိတ်ညစ်နေတဲ့ပုံမပါဘဲ အားရဝမ်းသာနေတဲ့ပုံ၊ နိုင်ငံသားတစ် ယောက်ရဲ့တာဝန်ကျေပွန်စွာထမ်းဆောင်လိုက်ရတဲ့အတွက် ဂုဏ်ယူ နေတယ်ဆိုတာ သူစကားသံတွေကပြောပြနေပါတယ်။ သူတင်မဟုတ် စလုံးမှာရောက်နေတဲ့ မြန်မာနိုင်ငံသားတွေ တာဝန်ကျေပွန်ပုံတွေ ပြောင်း လဲမှုအရမ်းကို တောင့်တနေကြောင်းကို အားရဝမ်းသာပြောပြနေတယ်။

ဒါနဲ့ကျွန်တော်က ဒီလောက်တောင် ဒုက္ခဆင်းရဲခံ ထမင်းငတ်ခံမဲ ပေးကဲ့ မင်းတို့အတွက် ဂုဏ်ယူပါတယ်ကွာလို့ပြောတော့ ထမင်းတစ်နပ်

ဝေတ်သွား တာဘာမှမဖြစ်ပါဘူး။ တစ်သက်လုံးထမင်းကို နိုးရိမ်ကြောင့်ကြမှုမရှိဘဲ စိတ်ချမ်းသာစွာစားရဖို့အရေး၊ မိဝေးဘဝေး သားကွဲမယားကွဲနဲ့ သူများ နိုင်ငံမှာ ကျွန်သွားခံနေရတဲ့ဘဝကနေ လွတ်မြောက်ဖို့အတွက် ငါတို့ ဒီလောက် ဒုက္ခခံလိုက်ရတာဘာမှ မပြောပလောက်ပါဘူးတဲ့။

သူငယ်ချင်းစကားသံအဆုံးမှာ ကျွန်တော်ရင်ထဲမှာဆို့တက်သွားပြီး မျက်ရည်မကျအောင် မနည်းထိမ်းထားလိုက်ရတယ်။ နိုင်ငံအသီးသီးမှာ ရောက်နေတဲ့ ကျွန်တော်တို့နိုင်ငံသားတွေရဲ့ အားကြိုးမာန်တက်မဲပေးနေကြတာတွေဟာ ရွေးကောက်ပွဲနဲ့ပတ်သတ်ပြီးသွေးအေးနေတဲ့ ပြည်တွင်းက ပြည်သူတွေကို ဗိုမိုနိုးကြားတက်ကြွစေခဲ့ပါတယ်။ ဒါကြောင့်လည်း သူတို့အားလုံးကို ပြည်သူအားလုံးကိုယ်စား ကျေးဇူးတင်ကြောင်း လေးစားမိတဲ့အကြောင်းပြောချင်ပါတယ်။

နောက်ဆုံးသူငယ်ချင်း ပြောသွားတာက ငါတို့တွေဒီလိုဒုက္ခခံ ထမင်းဝေတ်ခံပြီးပေးလိုက်ရတဲ့ အသည်းကြားကမဲတစ်ပြားက တကယ် အရာထင်ပါ့မလားတဲ့။

၁၉၉၀ တုန်းကလိုလုပ်လိုက်ရင်ဘယ်လိုလုပ်မလဲတဲ့။

ကျွန်တော်ဘာပြန်ပြောရမလဲမသိတော့ပါ။ စိတ်ချပါသူငယ်ချင်း၊ မင်းလိုပဲ ငါတို့ပြည်သူပြည်သားအားလုံးက ပြောင်းလဲမှုကို ပြင်းထန်စွာလိုလားနေတဲ့အတွက် မင်းတို့ငါတို့မဲအလကားမဖြစ်စေရပါဘူး။ အရာထင်မှာပါကွာလို့ပြောလိုက်ရပါတယ်။

ဖုန်းချပြီးတော့ တစ်ညလုံးနီးပါး တောင်တွေးမြောက်တွေးနဲ့အိပ်မပျော်ခဲ့ပါဘူး။

ဒီအချိန်မှာ ရွေးကောက်ပွဲကို နိုင်အဖြစ်လုပ်မယ့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက မဲစာရင်းမှန်ဖို့ဟာ ၃၀ ရာနိုင်နှုန်းပဲ အာမခံမယ်ဆိုတဲ့အကြောင်းရယ် ပြီးခဲ့တဲ့အပတ်က သမ္မတကြီးက မိန့်ခွန်းပြောရာမှာ နောက်ငါးနှစ်အတွက် တိုင်းပြည်ကို ဘယ်လိုလုပ်ဆောင်ပါမယ်ဆိုတဲ့စကားတွေ၊ လက်ရှိပြည်ပမှာ ကြိုတင်မဲပေးရာတွင် မဲလက်မှတ်အကုန်မရတာတွေ၊ မဲစာရင်းမှားတဲ့ကိစ္စ တွေကိုမြင်ရကြားနေရတော့ သူငယ်ချင်းပြောသွားတဲ့ ငါတို့မဲတွေဟာ အရာထင်ပါ့မလားဆိုတာကို နားထဲမှာသံ့တင်

ထပ်နေမိပါတယ်။ လူ ထောင်ဂဏန်းလေး ကြိုတင်မဲပေးခွင့်ရဖို့ကိစ္စတောင် ဒီလောက်အမှားအယွင်းတွေများနေရင် လာမယ့် နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပမယ့် ရွေးကောက်ပွဲဆိုရင်ဘယ်လိုလုပ်ကြမလဲ။

ဒီအတွက်တာဝန်အရှိဆုံးက သမ္မတကြီးနဲ့ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးပဲ ဖြစ်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲကတည်းက အလိမ်ခံရခဲ့တဲ့ပြည်သူတွေဟာ ယနေ့ရွေးကောက်ပွဲကော်မရှင်ရဲ့ဆောင်ရွက်ပုံတွေကြည့်ပြီး ပြည်သူ အားလုံးရော နိုင်ငံတကာကပါ ရွေးကောက်ပွဲအပေါ် သံသယရှိမှု၊ စိုးရိမ်မှု ရှိနေတယ်ဆိုတာပြောပြဖို့လိုမယ်မထင်ပါဘူး။

ဒီနေ့ရွေးကောက်ပွဲအတွက် တာဝန်အရှိဆုံးဖြစ်တဲ့ သမ္မတကြီးနဲ့ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး သိဖို့ပြောချင်ပါတယ်။ ဒီနေ့စလုံးမှာ ရောက် နေတဲ့ ကျွန်တော်တို့ပြည်သူတွေရဲ့ ဒုက္ခဆင်းရဲခံပြီးမဲပေးနေတဲ့မြင်ကွင်း တွေ၊ တစ်ချို့ဆို မဲပေးခွင့်မရလို့ ငိုကြတဲ့သူတွေ၊ ပြည်တွင်းက ပြည်သူ တွေရဲ့ပြောင်းလဲဖို့ အချိန်တန်ပြီဆိုပြီး ကမ္ဘာတုန်အောင်အော်နေကြတဲ့အသံ တွေဟာ ကျွန်တော်တို့ပြည်သူတွေဟာ ပြောင်းလဲမှုကို ဘယ်လောက် ပြင်းပြင်း ထန်ထန်လိုလားနေတယ်ဆိုတာ တွေ့မြင်ရမှာပါ။ ဒါတွေကို မသိ မရှိညီကြမှာပါ။ အသံတွေလည်းကြားမှာပါ အမြင်တွေကလည်းမြင်ကြမှာပါ။

ဒီနေ့ပြည်သူတွေဟာ ပြောင်းလဲမှုကို ဘာကြောင့် ပြင်းထန်စွာ တောင်းဆိုနေရတဲ့အကြောင်းကတော့ ပြောပြဖို့တောင်လိုတော့မယ် မထင်ပါ။ နှစ်ပေါင်း ၅၀ ကျော် အမိန့်အာဏာနဲ့လက်နက်ကိုင်ပြီး ပြည်သူ တွေကို ဖိနှိပ်အုပ်ချုပ်ခဲ့လို့၊ အုပ်ချုပ်သူအာဏာရှင်တွေမိုက်ခဲ့လို့ ဒီနေ့ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် နိုင်ငံဖြစ်ခဲ့ပြီး တိုင်းပြည်ဟာလဲ ပြိုကျတဲ့အဆင့်ထိဖြစ်ခဲ့ရပါပြီ။

တိုင်းပြည်ရဲ့ မြေပေါ်မြေအောက်သဘာဝ သံယံဇာတအားလုံးလည်း ကုန်သလောက်ဖြစ်နေပါပြီ။ အရင်ကဝေ်လို့မသေဘူးဆိုတဲ့ တိုင်းပြည်ဟာ ယနေ့တော့အဟာရပြတ်သေတဲ့လူ၊ ဆေးကုသစရိတ်မတတ်နိုင်လို့ ကိုယ့် ဘာသာသတ်သေတဲ့ သူတွေရှိနေတာ အင်မတန် ရင်နာစရာကောင်းလှပါ တယ်။ တရားဥပဒေစိုးမိုးမှုမရှိ၊ အကျင့်ပျက်ခြစားမှုကပိုဆိုးရွားလာပြီး

ပြည်သူတွေဟာ ဆင်းရဲမှု၊ မတရားဖိနှိပ်အနိုင်ကျင့်ခံရမှုကို ခါးစည်းခံနေကြရတယ်။

လူငယ်တွေက မျှော်လင့်ချက်မဲ့အနာဂတ်ပျောက်နေကြတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေးတွေဟာ နိမ့်ကျပျက်စီးနေတယ်။ ဒီနေ့တိုင်းပြည်ရဲ့လူငယ်တွေဟာ မိမိနိုင်ငံက သဘာဝသယံဇာတတွေ၊ ဓာတ်ငွေ့တွေနဲ့ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ကျွန်သွားခံနေရတယ်။ သူများနိုင်ငံမှာ တိုင်းတစ်ပါးသားတွေရဲ့ ကုပ်သွေးစုပ်အနိုင်ကျင့်သမှုလည်းခံနေရရှာတယ်။ အမျိုးသမီးငယ်လေးတွေက လိင်ကျွန်အဖြစ် အိမ်နီးချင်းနိုင်ငံတွေမှာ ရောင်းစားခံနေရတယ်။

အရင်ကအာရှမှာကျားရဲတစ်ကောင်လိုနေခဲ့တဲ့ ကျုပ်တို့နိုင်ငံသားတွေခုတော့ နွားဘဝရောက်နေကြရပြီ။ နိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသားတွေဟာလည်း သဘာဝဘေးဒုက္ခတွေ၊ စစ်ဘေးဒုက္ခ၊ ပြည်တွင်းပဋိပက္ခအကြမ်းဖက်မှုတွေ၊ မြေသိမ်းလယ်သိမ်းမှုတွေ၊ မတရားမှုတွေကို ခါးစည်းခံနေရတယ်...

မိမိရပိုင်ခွင့်အတွက်၊ မတရားမှုအတွက်၊ အမှန်တရားအတွက် တောင်းဆိုခဲ့တဲ့ ကျောင်းသား၊ လယ်သမား၊ အလုပ်သမားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ မီဒီယာသမားတွေဟာလည်း ယနေ့အချိန်အခါမှာ အများစုဟာ တရားရင်ဆိုင်နေရပြီး တချို့တွေက ထောင်နန်းစံနေရရှာပါတယ်။ ဆင်းရဲသားပြည်သူအချို့မှာ ထမင်းစားဖို့အရေး ပေါင်စရာမရှိ၊ ရောင်းချစရာမရှိတော့လို့ ကိုယ့်ခေါင်းပေါ်ကဆံပင် ဖြတ်ရောင်းပြီးစားနေရတဲ့ဘဝတွေ ဖြစ်နေရှာရပါပြီ။ ဒီဒဏ်တွေကို ပြည်သူတွေမခံစားနိုင်တော့ပါဘူး။ ဒါကြောင့် စစ်မှန်တဲ့ပြောင်းလဲမှုကိုတောင်းဆိုနေကြတာပါ။

နှစ်ပေါင်း ၅၀ ကျော်မျှသိပ်ခံစားခဲ့ရတာတွေ၊ သည်းခံလာခဲ့ရတာတွေ ဒီနေ့အချိန်မှာတော့ ခံစားချက်တွေပေါက်ထွက်နေကြတာ အားလုံးအမြင်ပါ။

အမှန်တိုင်းပြောရရင် ကျွန်တော်တို့နိုင်ငံမှာ ပြောင်းလဲဖို့က အချိန်ကျွံနေဘင်မဟုတ် နောက်ကိုနောက်ကျနေပါပြီ။ ဒါကြောင့် ဒီနှစ် ၂၀၁၅ မှာ ကျွန်တော်တို့ပြောင်းလဲကို ပြောင်းလဲရပါတော့မယ်။ အုပ်ချုပ်သူ အာဏာပိုင်လူကြီးမင်းများက ပြောင်းလဲခွင့်ပြုပေးဖို့ပဲလိုပါတော့တယ်။

မပေးလို့လည်းမရတော့ဘူးဆိုတာ သိထားဖို့လိုအပ်ပါတယ်။

ပြည်သူတွေဖြစ်ချင်တဲ့ဆန္ဒ၊ လိုချင်တဲ့အရာကိုအေးချမ်းစွာ လိုက်လျော ပေးသင့်ပါပြီ။ မပေးခဲ့ဘူးဆိုရင်တော့ တိုင်းပြည်ဒီထက်ပိုနာသွားပါလိမ့်မယ်။

ပြည်သူအားလုံးဟာ ဒီ ၂၀၁၅ ကိုလုံးဝမျှော်လင့်ချက်ထား သည်းခံစောင့်စားခဲ့တာပါ။ ဒီတစ်ခါပြည်သူတွေရဲ့ အလိုဆန္ဒကိုမလိုက်လျောခဲ့ဘူးဆိုရင်တော့ အဆိုးဘက်ကိုဦးတည်သွားပါလိမ့်မယ်။

သည်းခံမှုရဲ့ အဆုံးစွန်က ပေါက်ကွဲမှုဟာ ပိုပြင်းထန်တယ်ဆိုတာ သတိပေးပြောကြပါရစေ။ အာရှနိုင်ငံတွေရဲ့ ရှေ့ဦးတော်လှန်ရေးကို သင်ခန်းစာယူသင့်ပါတယ်။ ကမ္ဘာ့အညွန့်ကိန်းတိုင်းမှာ အောက်ခြေမှာပြားပြားဝပ်နေတဲ့ ကျွန်တော်တို့နိုင်ငံ ဒီထက်ဆိုးဝါးတဲ့အခြေအနေကိုရောက်ရှိလို့ လုံးဝမဖြစ်တော့ပါဘူး။

၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခဲ့တဲ့အတွက်လည်း ဒီနေ့တိုင်းပြည်ဟာ အဘက်ဘက်မှာ ချွတ်ခြုံကျခဲ့ရပြီးပါပြီ။ ၂၀၁၅ ကိုတော့ ငြိမ်းချမ်းစွာ၊ တရားမျှတစွာနဲ့ ပြောင်းလဲခွင့်ပြုသင့်ပါပြီ။ ဒီ ၂၀၁၅ ဟာ တိုင်းပြည်ကိုနှစ်ပေါင်းများစွာအုပ်ချုပ်ခဲ့တဲ့ အာဏာရှင်အစိုးရအတွက်ရော ပြည်သူတွေအတွက်ပါ အခွင့်ရေးကောင်းတစ်ခုဖြစ်ပါတယ်။ ဒီအခွင့်ရေးကို လက်မလွှတ်စေချင်ပါ။ လက်ရှိအစိုးရအနေနဲ့ ဒီအခွင့်ရေးကို လက်လွှတ်ခံလိုက်မယ်။

၂၀၁၅ ရွေးကောက်ပွဲကို တရားမျှတစွာ မလုပ်ခဲ့ဘူး၊ တရားတဲ့ရလဒ်မထွက်ခဲ့ဘူးဆိုရင်တော့ တိုင်းပြည်ဟာ ဒီထက်ဆိုးဝါးသွားပါလိမ့်မယ်။ ဆီရီးယားနိုင်ငံလို ပြည်တွင်းစစ်တွေဖြစ်ပြီး တိုင်းပြည်မွမွကြေသွားတဲ့ အဖြစ်မျိုးရောက်ခဲ့ရင် အားလုံးနစ်နာရမယ်ဆိုတာ အုပ်ချုပ်သူ အစိုးရနဲ့ အပေါင်းပါများ အားလုံးသတိပြုသင့်ပါတယ်။

သမ္မတကြီးအပါဝင် တိုင်းပြည်ကို ရှေ့ကွယ်ကရောနောက်ကွယ်ကပါ ကြိုးကိုင်အုပ်ချုပ်နေတဲ့ လူကြီးမင်းများနဲ့ အပေါင်းပါရှိနီများကို ၅၁ သန်း ၆၀ သောပြည်သူတွေကိုယ်စား တောင်းပန်စကားဆိုပါရစေ။ လူကြီးမင်းတို့ဟာ တိုင်းပြည်ကို ရာစုဝက်ကျော် ထင်သလိုလုပ်ခဲ့ပြီးပါပြီ၊ လူကြီးမင်း

တို့ရဲ့ပိုင်ဆိုင်မှုစည်းစိမ်တွေဟာလည်း ဆွေခုနစ်ဆက်မျိုးခုနစ်ဆက် ဆယ်သက်ထိုင်စားတောင် မကုန်နိုင်တဲ့အခြေအနေပါ။ အားရသင့်ပါပြီ။ ကျေနပ်သင့်ပါပြီ။ ဒီတစ်ခါတော့ ပြည်သူတွေကိုအလှည့်ပေးလိုက်ပါတော့၊ ပြည်သူတွေကို ပေးပျော်လိုက်ပါတော့။ တိုင်းပြည်နာအောင်ထပ်မလုပ်ကြပါနဲ့တော့လို့ တောင်းပန်ပါရစေ။ ပြီးခဲ့တဲ့အတိတ်ကအမှားတွေ မိုက်ခဲ့တာတွေထားခဲ့လိုက်ပါတော့။ ကျွန်တော်တို့ အတိတ်ကိုပြင်လို့မရတော့ပါဘူး။ ဒါပေမဲ့ အနာဂတ် အတွက် လက်ရှိအချိန်မှာ ပြင်ဆင်ခွင့်ရှိပါသေးတယ်။ ပြောင်းလဲချိန်တန်ပါပြီ။ ဒီ၂၀၁၅ မှာပြည်သူတွေရဲ့ ဆန္ဒ အစစ်မှန်ကိုလိုက်လျောပြီး ပြောင်းလဲမှု အစစ်အမှန်ကိုဖော်ဆောင်ပေးလိုက် နိုင်ပါက လက်ရှိအစိုးရအတွက် သမိုင်းကောင်းကျန်ခဲ့မှာဖြစ်ပြီး နတ်လူ သာခုခေါ်ကြမှာပါ။

ဒီအခွင့်ရေးကိုတော့ လက်မလွှတ်စေချင်ပါဘူး။ ဆင်းရဲဒုက္ခတွင်းထဲ နှစ်ပေါင်း ၅၀ ကျော်နစ်နေတဲ့ တိုင်းပြည်ကို ရယာန်းရှင်လူပြည်သူများနဲ့တပ်မတော်အပါဝင် အားလုံးလက်တွဲညီညီ ရွှေပြည်သစ်ဆီလှမ်းချီကြရအောင်ပါ။

၂၀၁၅ ရွေးကောက်ပွဲဟာ ကျွန်တော်တို့အားလုံးအတွက် နောက်ဆုံးအခွင့်ရေးလို့ပြောလို့ရပါတယ်။ ဒီအခွင့်ရေးကိုရအောင်ယူရပါမယ်။ ခွင့်သာခိုက်မှာ ကျွန်တော်တို့အားလုံး လိုက်ကြရအောင်ပါ။

အုပ်ချုပ်သူအစိုးရအပါအဝင် မြန်မာနိုင်ငံပြည်သူအပေါင်းခင်ဗျား

လယ်တီဆရာတော်ဘုရားကြီးက...

'ခွင့်သာခိုက်မှ မလိုက်ချင်လျှင်

အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။

ခွင့်သာဆဲမှ မခဲချင်လျှင်

အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။

ခွင့်သာတုန်းမှ မရုန်းချင်လျှင်

အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား' ...လို့ဆုံးမခဲ့ပါတယ်။

ကျွန်တော်တို့ အားလုံးခွင့်သာခိုက်မှာ လိုက်ကြပါစို့ ...

ခွင့်သာခိုက်မှာ လက်တွဲညီညီ ရုန်းထွက်ကြပါစို့ ...

၂၃.၁၀.၁၅ ထုတ် **News Watch** ဂျာနယ်

❑




# တပ်ပိုင်မြေမဟုတ်ပါ

**ကျော်ကြီး(MDY)**

စစ်အစိုးရ လက်ထက် တပ်မတော်က သိမ်းယူထားသော မြေယာတွေပြန်လည်ပေးအပ်ဖို့ လွှတ်တော်မှာ တရားဝင် ပြောကြားလိုက်ပြီတဲ့...

ဒီသတင်းကြားရတော့ မန္တလေးသားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့တစ်ယောက်တည်းကြိတ်ပြီး ဝမ်းသာနေမိတယ်ဗျ။ တကယ်ပြန်ပေး၊ မပေးတော့ မသိဘူးပေါ့ဗျာ။ ကျွန်တော့်မှာ အသိမ်းခံထားရတဲ့ လယ်မြေရှိလို့လားဆိုတော့လည်း တစ်ကွက်မှတော့မရှိပါဘူး။ ဆင်းရဲသားတောင်သူလယ်သမားတွေအတွက် အားကနေ ဝမ်းသာနေမိတာပါ။ နောက်ထပ် မျှော်လင့်ဝမ်းသာမိတာတစ်ခုကတော့ စစ်တပ်ကသိမ်းထားတဲ့

ကျွန်တော်တို့ မန္တလေးသားတွေနဲ့ဆိုင်သလို မြန်မာတစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ ရတနာပုံ မန္တလေးမြို့ကြီးကို • စတင်တည်ထောင်ခဲ့တဲ့ ဘဝရှင်မင်းတရားကြီး မင်းတုန်းဘုရင် တည်ထောင်စံမြန်းတော်မူခဲ့တဲ့ မန္တလေးနန်းတွင်းကြီးကို ပြည်သူတွေလက်ထဲ၊ မြို့သူမြို့သားတွေရဲ့ လက်ထဲပြန်ပေးတော့မှာလားလို့ မျှော်လင့်ဝမ်းသာနေမိတာပါ။

ဘာဖြစ်လို့တုံးဆိုတော့ ဒီကျုံးမြို့ရိုးကြီးနဲ့ နန်းတော်ကြီးဟာ ကျွန်တော်တို့ မန္တလေးသားတွေရဲ့ ဂုဏ်ယူဝင့်ကြွားစရာ အသည်းနှလုံးတစ်ခုဖြစ်သလို မြန်မာတစ်မျိုးသားလုံးအတွက်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားဖွယ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် တစ်ခုဖြစ်နေလို့ပါပဲ။ မြန်မာနိုင်ငံရဲ့တစ်ခုတည်းသော ထီးနန်းကြီးဖြစ်လည်းဖြစ်ပါတယ်။ မြန်မာဘုရင်ပဒေသရာဇ်စနစ် အဆုံးသတ်ခဲ့ရာနေရာ ကုန်းဘောင်မင်းဆက်နောက်ဆုံးမင်း စံမြန်းသွားတဲ့ နန်းတော်ကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးသားတွေအတွက်တော့ ကိုယ့်ဘုရင်ကိုယ့်သခင်နဲ့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ကြကြောင်း၊ ရတနာပုံ မန္တလေးမြို့ကြီးဟာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ၊ မြန်မာ့အဆောင်အယောင်တွေ မည်မျှကြီးကျယ်ခမ်းနားကြောင်း ပြောပြဂုဏ်ယူဝင့်ကြွားစရာနေရာကြီးပေါ့ဗျာ။

ပဥ္စမသံဃာယနာတင်ခဲ့တဲ့ သာသနာပြုမင်းတစ်ပါးဖြစ်တဲ့ မင်းတုန်းမင်းဘုရင်ဟာ ၁၂၂၁ ခုနှစ်မှာ သူနှင့် သူရဲ့တိုင်းသူပြည်သားတွေ နေထိုင်ဖို့အတွက် ရတနာပုံမြို့သစ်ကို တည်တော်မူပြီး မြနန်းစံကျော် ရွှေနန်းတော်ဆိုပြီး နန်းတော်ကြီးကို တည်ဆောက်ပြီး စံမြန်းတော်မူခဲ့တာပါ။ မင်းတုန်းဘုရင် နောက်ဆုံးနတ်ရွာစံတဲ့အထိ နေထိုင်စံမြန်းတော်မူသွားခဲ့ပါတယ်။ ဒီနန်းတော်ထဲမှာ မင်းတုန်းမင်းနှင့်မိဖုရားသုံးပါးတို့၏ အုတ်ဂူများ၊ သီပေါမင်း၏မယ်တော်ဖြစ်သူ လောင်းရှည် မိဖုရား၏အုတ်ဂူလည်း ယနေ့တိုင်တည်ရှိနေပါသေးတယ်။ သီဟာသနပလ္လင်၊ မှန်နန်းတော်ကြီး၊ ဗဟိုရ်စင်၊ ခန်းမြင့်မျှော်စင်နဲ့ ဓေတဝန်ဆောင်၊ စွယ်တော်စင်ဘုရားတွေ စသဖြင့် ဘာန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းအမွေအနှစ်တွေ အများကြီးရှိနေပါသေးတယ်။

နန်းတော်ကြီးဟာ ကျွန်တော်တို့ မြို့သူမြို့သားတွေအတွက် လည်

စရာပတ်စရာနေရာတစ်ခု၊ အပန်းဖြေစရာနေရာ တစ်ခုဆိုလည်းမမှားပါဘူး။ကျွန်တော်တို့ငယ်ငယ်ကတော့ အားလက်ရက်မှာ ထမင်းချိုင့်တွေထုပ်ပြီး ကျုံးဘေးမှာရှိတဲ့ မန်းသီတာဥယျာဉ်၊ နန်းတွင်းထဲမှာရှိတဲ့ မြင်ပေါဝန်ဥယျာဉ်ကြီးထဲမှာ လှေတွေစီးကြ၊ ဆော့ကြနဲ့ တကယ့်ကို ပျော်ရွှင်စရာကောင်းလှပါတယ်။ မြနန်းစံကျော် ရွှေနန်းတော်ထဲကို လှည့်ပတ်ကြည့်ကြ၊ နန်းမြင့်မျော်စင်ကြီးပေါ်တက်ကြနဲ့ ကျွန်တော်တို့အတွက်တော့ နန်းတော်ကြီးက မိမိအိမ်လိုကိုဖြစ်နေကြတာပါ။ နန်းတွင်းထဲကိုဝင်ချင်တဲ့ အပေါက်ကဝင်၊ တံခါးမရှိ ဓားမရှိပါဘဲ။ အစစ်အဆေး အမေးအမြန်းလုံးဝမရှိပါဘူး။ မန္တလေးကို လာရောက်လည်ပတ်တဲ့ ပြည်တွင်းက ဧည့်သည်ရော၊ နိုင်ငံခြားခရီးသွားဧည့်သည်တွေပါမသွားမဖြစ် သွားရောက်လေ့လာ မှတ်တမ်းတင်ရာ ကမ္ဘာကျော် ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခုလည်း ဖြစ်ပါတယ်။

အခုတော့ နန်းတော်ကြီးဟာ ကျွန်တော်တို့ မန္တလေးသားတွေနဲ့လုံးဝမဆိုင်တော့၊ မပိုင်တော့သလိုဖြစ်သွားပါပြီ။ ကိုယ့်ဘုရင်ကိုယ့်သခင် စံမြန်းတော်မူသွားတဲ့ နန်းတော်ထဲကို သွားရောက်လည်ပတ်တာတောင် သူတို့သတ်မှတ်ထားတဲ့ အရှေ့ပေါက်တစ်ခုတည်းကဝင်ရပြီး ဝင်ခွင့်ရဖို့ မှတ်ပုံတင်ပြရ၊ လိုင်စင်ပြရနဲ့ တရားခံစစ်သလို စစ်ဆေးမေးမြန်းခံရပါတယ်။ နန်းတော်ထဲရောက်သွားတော့လည်း ဟိုနေရာမသွားရ၊ ဒီနေရာမသွားရနဲ့ ကန့်သတ်ခံရပြီး မယုံသင်္ကာမျက်လုံးတွေနဲ့ အကြမ်းဖက်မယ့်လူလို အမြင်ခံနေရတော့ အလိုလိုမှာ ကာကီရောင် မြင်ရင်တောင်ကြောက်နေတဲ့ မြို့သူမြို့သားတွေဟာ နန်းတွင်းထဲကို လုံးဝမသွားတော့ပါဘူး။ အခုနောက်ပိုင်းလူငယ်တွေဆိုရင် နန်းတွင်းထဲလုံးဝမရောက်ဖူးကြဘဲ အထဲမှာဘာတွေရှိမှန်းတောင် မသိကြပါဘူး။

နန်းတော်ကြီးဟာ သီပေါမင်းပါတော်မူသည့် ၁၂၄၇ ခုနှစ် နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပြီးနောက် နန်းတော်ကြီးမှာ အင်္ဂလိပ်နယ်ချဲ့တို့ထင်သလို ပြုမူခဲ့ခြင်းကြောင့် စစ်တန်းလျားများ ဖြစ်သွားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးလို့ တိုင်းပြည်လွတ်လပ်ရေးရပြန်တော့လည်း ကျွန်တော်တို့မြန်မာစစ်တပ်တွေက အင်္ဂလိပ်အစိုးရရဲ့ အမွေဆိုးကိုဆက်ခံပြီး နန်းတွင်းကြီး ထပ်မံသိမ်းပိုက်ထားပြန်တာ ယနေ့ထိပါပဲ။

ကျွန်တော့်အနေနဲ့ကတော့ ဒီနန်းတော်ကြီးကို သူ့ကျွန်ဘဝမှာ အင်္ဂလိပ်စစ်တပ်တွေသိမ်းထားခဲ့ပြီး တိုင်းပြည်လွတ်လပ်ရေးရပြီး စစ်အာဏာရှင်တွေလက်ထက်မှာ မြန်မာစစ်တပ်တွေ နေထိုင်တပ်စွဲ သိမ်းပိုက်ထားတာကို ဘာမှမပြောလိုပါဘူး။ ပြောလို့မရခဲ့သလို ပြောလည်း မပြောရဲခဲ့ပါဘူး။ ဒါပေမဲ့ ဒီကနေ့ ပြည်သူကရွေးချယ်တင်မြှောက်ပြီး အုပ်ချုပ်တဲ့ အရပ်သား အစိုးရလက်ထက် ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ နိုင်ငံမှာတော့ မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်နေရာ တစ်ခုဖြစ်တဲ့ နန်းတော်ထဲမှာ စစ်တပ်တွေ တပ်စွဲပြီးသိမ်းပိုက်ထားတာဟာ မလုပ်သင့်ထိုက်တဲ့အရာတစ်ခုလို့ ပြောချင်ပါတယ်။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ နန်းတော်ထဲမှာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ဆိုပြီး ဖွင့်လှစ်ထားတာဟာ လုံးဝမသင့်တော်ဘူးလို့ ထင်မြင်မိပါတယ်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာတစ်ခုဖြစ်တဲ့ နန်းတော်ထဲကို စစ်တပ်တွေတပ်စွဲထားတာဟာ သူ့ကျွန်ဘဝတုန်းက အင်္ဂလိပ်စစ်တပ်က ရွှေတိဂုံဘုရားပေါ်တပ်စွဲထားသလို ရင်ထဲမှာခံစားရတယ်ဗျာ။ တပ်မတော်ဟာ မိမိနေရာမိမိပြန်သွားသင့်ပါပြီ။ အရင်အချိန်တုန်းကတော့ တိုင်းပြည်ရဲ့မငြိမ်သက်မှုအခြေအနေတွေကြောင့် စစ်တပ်က နန်းတွင်းထဲမှာ တပ်စွဲထားတာ လက်ခံလို့ရပေမဲ့ ဒီနေ့အချိန်အခါမှာတော့ တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရသွားပြီဖြစ်တဲ့အတွက် မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ဒီနန်းတော်ကြီးကို ပြည်သူတွေလက်ထဲ ပြန်အပ်သင့်ပါပြီလို့ပြောချင်ပါတယ်။

စစ်တပ်ဆိုတာ ပြည်သူပြည်သား၊ ကိုယ့်မြို့သူမြို့သားတွေကို ကာကွယ်ဖို့အတွက်ပါ။ အခုတော့ စစ်တပ်က သမိုင်းဝင်ယဉ်ကျေးမှု အထွတ်အမြတ်နေရာတစ်ခုဖြစ်တဲ့ မြို့လယ်ကောင်က နန်းတော်ထဲကို ဝင်နေပြီး ပြည်သူတွေက စစ်တပ်ကို ပြန်ပြီးကာကွယ်စောင့်ရှောက်နေရသလိုဖြစ်နေတာဟာ အမြင်မတင့်တယ်ပါဘူး။ နန်းတွင်းကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသားတွေက စစ်တပ်တွေ ဒီထဲဘာလို့ ရှိနေတာလဲလို့ မေးလာခဲ့ရင်တောင် ဘယ်လိုဖြေရမှန်းမသိတော့ပါဘူး။ တစ်ခါတလေ

ကျွန်တော်စဉ်းစားမိတယ်ဗျ။ စစ်တပ်ကသူသိမ်းယူထားတဲ့နေရာတွေမှာ 'သတိ' တပ်ပိုင်မြေမကျူးကျော်ရလို့ ဆိုင်းဘုတ်တွေတပ်ထားသလို ဒီနန်းတွင်းကြီးကိုလည်း 'သတိ'ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မကျူးကျော်ရ ဆိုပြီး သွားချိတ်ထားရကောင်းမလားလို့ပါ။

မင်းတုန်းမင်းကြီးဟာ သူနဲ့သူ့ရဲ့တိုင်းသူပြည်သားတွေ နေထိုင်ဖို့အတွက် ရတနာပုံရွှေမြို့တော်ကြီးကို တည်ဆောက်ခဲ့တာပါ။ အခုလို သူစံမြန်းတော်မူခဲ့တဲ့ ရွှေနန်းတော်ကြီးကို စစ်တပ်ကသိမ်းပြီး သူ့တိုင်းသူပြည်သားတွေ နေထိုင်ရာနေရာတွေကို တိုင်းတစ်ပါးသားတရုတ်တွေက သိမ်းယူလိုက်တာကိုမြင်ရရင် ဘယ်လောက်များ ရင်ထုမနာဖြစ်လိုက်မယ် မသိဘူးဗျာ။ မင်းတုန်းဘုရင် အသေစောသွားတာပဲကောင်းပါတယ်။ မဟုတ်ရင် သူ့နန်းတော်ပြန်လည်ရရှိရေးအတွက် ဆန္ဒတွေထုတ်ဖော်ချင် ထုတ်ဖော်နေရဦးမှာ။ ကံမကောင်းရင် ပုဒ်မ(၁၈)နဲ့ အဖမ်းခံရလို့ ထောင်နန်းစံမြန်းတော်မူနေရပါဦးမယ်ဗျာ။

ယခုလည်း နန်းတော်ကြီးကို သမိုင်းဝင်ယဉ်ကျေးမှု နယ်မြေ (Historical Park) အဖြစ်ပြောင်းလဲဖို့ ယဉ်ကျေးမှုဝန်ကြီးဌာနကို လွှဲပြောင်းပေးလိုက်တယ်လို့တော့ သတင်းကြားတယ်ဗျ။ ဒါပေမဲ့ မြနန်းစံကျော် ရွှေနန်းတော်၊ နန်းတည် မင်းတုန်းမင်းနဲ့ ဆွေတော်မျိုးတော်တွေရဲ့ အုတ်ဂူတွေ၊ တောင်–မြောက်ဥယျာဉ်တော်၊ မင်းညီမင်းသားတွေ ပျော်ပါးရာ ဗုတ်တလုတ်ကန်၊ ကျုံးမြို့ရိုးနဲ့ ဒင်္ဂါးစက်ရုံတွေကိုသာ အပန်းဖြေလေ့လာနိုင်တဲ့နေရာတွေအဖြစ် ပြောင်းလဲမှာဖြစ်ပြီး စစ်တပ်တွေကတော့ အရင်အတိုင်း တည်ရှိနေမှာပါတဲ့။

ပြည်သူပြည်သား၊ မြို့သူမြို့သားတွေ ကိုယ်စားကျွန်တော်ပြောချင်တာကတော့ နန်းတော်ထဲမှာ စစ်တပ်တွေ ထပ်မနေပါတော့နဲ့လို့ ပြောချင်ပါတယ်။ စစ်တပ်တွေအတွက် တပ်မတော်ကသိမ်းထားတဲ့ မြေနေရာတွေ အများကြီးရှိပါတယ်။

အဲ့ဒီနေရာတွေမှာ သွားနေကြပါ။ ပြည်သူအားလုံးပိုင်ဆိုင်တဲ့ ဒီနန်းတွင်းနယ်မြေကြီးကို အများပြည်သူ ဝင်ရောက်လေ့လာအနားယူနိုင်အောင် လုပ်သင့်ပါပြီ။ ဒီအချိန်မှာ စစ်တပ်က ကိုယ့်နေရာ ကိုယ်ပြန်သွားနေပြီး

နန်းတွင်းထဲကနေ ဂုဏ်သိက္ခာရှိရှိ ဖယ်ပေးလိုက်မယ်ဆိုရင် နတ်လူသာခု ခေါ်ဆိုကြမှာပါ။

ဒီနေရာမှာ တစ်ခုသတိပေးချင်တာက စပ်တပ်ကနန်းတော်ကြီး တစ်ခုလုံးကို ယဉ်ကျေးမှုဝန်ကြီးဌာနကို ထိမ်းသိမ်းစောင့်ရှောက်ဖို့ လွှဲပြောင်းပေးမယ်ဆိုရင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနက ခရိုနီစီးပွားရေး လုပ်ငန်းရှင်တွေလက်ထဲ လုပ်ပိုင်ခွင့် ဝကွက်အပ်လိုက်ပြီး ဟိုတယ်တွေ ဆောက်၊ စားသောက်ဆိုင်တွေ၊ ကလပ်တွေ၊ အဖြစ်ပြောင်းလိုက်မှဖြင့် ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဖြစ်နေပါလိမ့်မယ်။

ဒါကြောင့် ယဉ်ကျေးမှုဝန်ကြီး ဌာနက လူကြီးမင်းများက ဦးဆောင် ပါဝင်ပြီး မြို့မိမြို့ဘများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ သက်ရှိထင် ရှားကျန်ရှိနေသေးတဲ့ မင်းတုန်းမင်း၊ သီပေါမင်းတို့ရဲ့ ဆွေတော်မျိုးတော် မြေးမြစ်တွေအပါအဝင် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းပြီး အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်တစ်ခု မပျက်စီးမပျောက်ကွယ်သွားဖို့ ပြုပြင်ထိန်း သိမ်းကြစေလိုပါတယ်။ မြို့သူမြို့သားတွေအတွက် အနားယူအပန်းဖြေစရာ နေရာတစ်ခုအဖြစ်လည်းကောင်း၊ မြန်မာ့သမိုင်းယဉ်ကျေးမှုအမွေအနှစ် ပြယုဂ်တစ်ခုအဖြစ်လည်းကောင်း နန်းတော်ကြီးကို ကမ္ဘာတည်သရွေ့ တည်တံ့စေဖို့ အားလုံးပါဝင်ဆောင်ရွက်ကြပါလို့ အကြံပြုလိုပါတယ်။

နောက်ဆုံးအနေနဲ့ တပ်မတော်ရဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကို ကျွန်တော်မေတ္တာရပ်ခံချင်တာကတော့ စစ် တပ်ကသိမ်းထားသော တောင်သူတွေပိုင်ဆိုင်တဲ့လယ်မြေ၊ ယာမြေတွေ ကိုပြန်ပေးသလိုပဲ ယဉ်ကျေးမှုအမွေအနှစ်များ ကြီးဖိုးရာ မြန်မာ့ယဉ်ကျေးမှု နောက်ဆုံးခံတပ်ကြီးဖြစ်တဲ့ ရတနာပုံရွှေမြို့တော် မန္တလေးမြို့က မြနန်းစံ ကျော် ရွှေနန်းတော်ကြီးအပါအဝင် နန်းတော်ကြီးတစ်ခုလုံးကို ပြည်သူတွေ လက်ထဲ ပြန်လည်အပ်နှံပြီး တိုင်းသူပြည်သားတွေရဲ့ မေတ္တာခံယူလိုက်ပါ။ ဒီနန်းတွင်းဟာ တပ်ပိုင်မြေမဟုတ်ပါဘူးလို့ သတိပေးပြောကြားလိုက်ရပါ တယ်။

၁၉.၃.၁၄ နေ့ထုတ် Tomorrow ဂျာနယ်

❑



ဒီလောက် ပြည်သူတွေ စားရေးကျပ်တည်းနေတဲ့အချိန် ထမင်းတလုတ်အတွက်
ပင်ပန်းကြီးစွာ ရှာဖွေစားသောက်နေရတဲ့အချိန်မှာ အစိုးရအနေနဲ့
ကုန်ဈေးနှုန်း ပြန်လည်ကျဆင်းအောင် မလုပ်တတ်တော့ဘူးလား။

# ဗဟိုဘဏ်မကာယ်နိုင်တော့တဲ့ ဒေါ်လာဈေးတက်မှု ဂယက်ပြည်သူတွေအသက်ထွက်တော့မည်

**ကျော်ကြီး(MDY)**

ယနေ့တိုင်းပြည်မှာ ပြည်သူအများစုဟာ ဘဝအတွက်အရေးကြီးဆုံးဖြစ်တဲ့ စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ လှုပ်ရှားရုန်းကန်နေကြရပါတယ်။ နိုင်ငံလူဦးရေရဲ့အများစုဖြစ်တဲ့ တောင်သူလယ်သမားတွေဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးအတွက် များစွာဒုက္ခရောက်နေကြသလို ပြည်သူအများစုဟာလည်း အလုပ်ကိုင်အခွင့်လမ်းမကောင်းမွန်မှုကြောင့် ဝင်ငွေနည်းပါးပြီး စားဝတ်နေရေးအတွက် အင်မတန် အခက်အခဲရောက်နေကြပါတယ်။ နေ့စဉ်ထမင်းနပ်မှန်ရေးအတွက်ကိုပင် ပင်ပန်းကြီးစွာ လှုပ်ရှားရုန်းကန်နေကြရပါတယ်။

ဒီလိုအခြေအနေတွေမှာ မြေပြုရာကင်းမှောက်၊ လဲရာသူနိုးထောင်းဆိုသလို တစ်နေ့ထက်တစ်နေ့ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းဒဏ်က ပြည်သူလူထုကို ဝိုမိုဒုက္ခတွေ့စေပါတယ်။ ဘယ်နေရာသွားသွား ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ငြီးနေတဲ့ပြည်သူတွေရဲ့အသံကိုကြားနေရပါတယ်။

ဒါကြောင့်လည်း ဒီနေ့တိုင်းပြည်တစ်ခုအတွက် အရေးကြီးဆုံးဖြစ်တဲ့

ရွေးကောက်ပွဲကျင်းပတော့မှာဖြစ်ပေမယ့် လူထုဟာထိုက်သင့်သလောက် ရွေးကောက်ပွဲအပေါ်မှာ စိတ်ဝင်စားမှုမရှိတာတွေ့ရမှာဖြစ်ပါတယ်။ ထမင်းနပ်မှန်ရေးအတွက် မနည်းရုန်းကန်နေရတဲ့အချိန်မှာ ရွေးကောက်ပွဲကို စိတ်ဝင်စားမှုနည်းတာဟာ ပြည်သူတွေကို အပြစ်မဆိုသာပါဘူး။ ဘာလို့လဲဆိုတော့ အသက်ရှင်နေထိုင်ရေးအတွက် အရေးကြီးဆုံးက စားဝတ်နေရေးက အဓိကဖြစ်နေတာကိုး။

တစ်ခါတလေစဉ်းစားမိတယ် ဒီလိုရွေးကောက်ပွဲဘက်ကိုပြည်သူတွေ စိတ်ဝင်စားမှုမရှိအောင်များ သေချာလုပ်ထားသလို့တောင် အောက်မေ့မိပါတယ်။ ပြည်သူတွေဟာ စားဝတ်နေရေးအတွက် နပန်းလုံးနေရတော့ နိုင်ငံရေးဘက်စိတ်ဝင်စားမှုမရှိတော့ဘူးလေ။ လူနာမျက်ဖြူစိုက်လေ ဆရာကြိုက်ဖြစ်နေကြတာဗျ။

ထားပါတော့ဗျာ။ ဒီနေ့ကုန်ဈေးနှုန်းဟာ တစ်ရက်ထက်တစ်ရက် ဘာလို့တက်နေရတာလဲဆိုတာစဉ်စားကြည့်တော့ ကုန်ဈေးနှုန်းကြီးနေရတဲ့အဓိကအကြောင်းအရင်းက တစ်နေ့ထက်တစ်နေ့ ထိန်းမနိုင် သိမ်းမနိုင်တက်နေတဲ့ ဒေါ်လာဈေးကြောင့်ပါပဲ။ နိုင်ငံတကာငွေဈေးတွေတက် မြန်မာကျပ်ငွေဈေးနှုန်းတွေကျဆင်းနေတော့ ကုန်ဈေးနှုန်းကကြီးမြင့်လာတာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် သွင်းကုန်အပေါ်မှာ အဓိကမှီခိုအားထားနေရတာကိုး။

ထို့ကြောင့် အဓိကသွင်းကုန်ဖြစ်တဲ့ စက်သုံးဆီ၊ စားဆီ၊ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းတွေဟာ ဒေါ်လာဈေးနဲ့အတူမြင့်တက်ကုန်ပါတော့တယ်။ သူတို့မြင့်တက်မှုနဲ့အတူ အခြားကုန်ပစ္စည်းတွေဟာလည်း ကျိုကူးရေပါတက်ကုန်ကြပါတော့လေသတည်း။

ဒီလိုသွင်းကုန်ဈေးနှုန်းတွေမြင့်တက်လာတာဟာ နိုင်ငံတကာကုန်စည်ဈေးနှုန်းတွေမြင့်တက်လာလို့လားဆိုတော့ လုံးဝမဟုတ်ပါဘူး။ တချို့ကုန်စည်များဆို ဈေးနှုန်းတောင်ကျနေတာတွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာတော့ မိမိကျပ်ငွေဈေးက တစ်နေ့ထက်တစ်နေ့ကျဆင်းနေပြီး ဒေါ်လာဈေးတက်နေမှုကြောင့် ဈေးနှုန်းမကျတဲ့အပြင် တက်တောင်တက်နေပါသေးတယ်။ မြန်မာကျပ်ငွေဈေးကျဆင်းမှု၊ ဒေါ်လာ

ဈေးတက်မှုကြောင့် ကုန်ဈေးနှုန်းအပေါ်မှာ ဘယ်လောက်ရိုက်ခတ်မှုရှိလဲဆိုတာ ရွှေဈေးနှုန်းနဲ့ နှိုင်းယှဉ်ပြပါမယ်။ ဒီနှစ်မှာ မြန်မာနိုင်ငံရဲ့ ရွှေဈေးဟာ တစ်ကျပ်သား ၈ သိန်းအထိ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ ဟုတ်ပြီ ဘာလို့ ဒီလောက်ထိတက်ခဲ့သလဲ။ ကမ္ဘာ့ရွှေဈေးကတက်လို့လားဆိုတော့ ကမ္ဘာ့ရွှေဈေးလည်း ထူးထူးခြားခြားမတက်ခဲ့ပါဘူး။ ရွှေတို့ရေနံတို့ဆိုတာ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ ဈေးကွက်ပါ။ အကုန်လုံးချိတ်ဆက်နေတာပါ။ ကိုယ့်တစ်နိုင်ငံတည်း ဈေးတက်ချင်သလိုတက် ကျချင်သလိုကျလုပ်လို့မရပါဘူး။ ကမ္ဘာ့ဈေးနှုန်းသတ်မှတ်ချက်နဲ့အတူ ပြောင်းလဲနေတာပါ။ ခုမြန်မာ ရွှေဈေးစံချိန်တင် တက်နေတဲ့အချိန်မှာ ကမ္ဘာ့ရွှေဈေးဟာမတက်ခဲ့ပါဘူး။ မတက်တဲ့အပြင် ပြီးခဲ့တဲ့နှစ်ထက်တောင် ကျလာပါသေးတယ်။

ယခု စာရေးနေတဲ့အချိန်မှာဆိုရင် ကမ္ဘာ့ရွှေဈေးဟာတစ်ရက်ထက်တစ်ရက် ကျတောင်ကျနေပါတယ်။ ဒါပေမဲ့ မြန်မာရွှေဈေးကမကျတဲ့အပြင် တက် တောင်သွားပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်လာဈေးဟာ တစ်ဒေါ်လာ ၁၃၀၀ နီးပါးအထိမြင့်တက်လာလို့ပဲဖြစ်ပါတယ်။ အကယ်၍ ဒီအချိန်မှာ ဒေါ်လာဈေးနှုန်းဟာ တစ်ဒေါ်လာ ၁၀၀၀ ကျပ်လောက်သာရှိပါက ယနေ့ကမ္ဘာ့ရွှေဈေး ၁၁၃၄ မှာရှိသင့်တဲ့ မြန်မာ့ရွှေဈေးဟာ ၆ သိန်းကျော်ကျော်လေးပဲ ရှိရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒေါ်လာဈေးတက်မှုကြောင့် မြန်မာ့ရွှေဈေးဟာ ယခုစာရေးနေတဲ့အချိန်မှာ ၇၇၇၀၀၀ ထိမြင့်တက်နေပါတယ်။ ဒါ ဒေါ်လာဈေးတက်မှုကြောင့် နိုင်ငံတစ်ကာဈေးနှုန်းမတက်ဘဲ ပြည်တွင်းဈေးကွက်မှာ ဈေးတက်သွားတာကို ရွှေဈေးနဲ့ နှိုင်းယှဉ်ပြတာပါ။ ဒါကိုကြည့်ခြင်းအားဖြင့် ဒေါ်လာဈေးမြင့်တက်မှုကြောင့် ကုန်ဈေးနှုန်းအပေါ်မှာ ရိုက်ခတ်မှုကိုမြင်တွေ့ရမှာပါ။

ဒေါ်လာဈေးတက်လို့ ကုန်ဈေးနှုန်းတက်တာပဲ သမားရိုးကျမဟုတ်ဘူးလားလို့မေးစရာရှိပါတယ်။ မဟုတ်ဘူးလို့ပြောရမှာပါပဲ။ ယနေ့ကျပ်ငွေဈေးတွေကျ ဒေါ်လာဈေးတွေတက်နေတာဟာ ဈေးကွက်ကို လူတစ်စုရဲ့ ခြယ်လှယ်ချုပ်ကိုင်ထားမှု ဗဟိုဘဏ်ရဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့်လို့ပြောမယ်ဆိုရင် ငြင်းလို့ရမယ်မထင်ပါဘူး။ ပြီးခဲ့တဲ့နှစ်ပိုင်းက ဒေါ်လာဈေးဟာ တစ်ထောင်အောက်လောက်ပဲရှိခဲ့တာပါ။ အဲ့ဒီအချိန်မှာ အသိဉာဏ်အမြော်

မြင့်မရှိတဲ့ အုပ်ချုပ်သူတွေက တိုင်းပြည်ရဲ့လက်တစ်ဆုပ်စာ ပို့ကုန်လုပ်ငန်းရှင် ခရိုနီတွေကောင်းစားရေးအတွက်ရှေးရှုပြီး ပြည်သူမျက်နှာကိုမထောက်ပဲ ဒေါ်လာဈေးကို ဆွဲတင်လိုက်ရာကနေ ယခုလိုဖြစ်သွားတာပါပဲ။ ပို့ကုန်လုပ်ငန်းရှင်များ အမြတ်အစွန်းများများရရှိ အဆင်ပြေရေးအတွက် ဒေါ်လာဈေးတွေမြင့်တက်အောင်လုပ်ပါမယ်ဆိုပြီး သံနိဋ္ဌာန်ချလုပ်ဆောင်ခဲ့ရာကနေ ဒေါ်လာဈေးဟာ တောက်လျှောက်တက်လာတာတွေ့ရမှာပါ။

ဒီအချိန်မှာ တစ်သောင်းတန်ငွေစက္ကူကိုထပ်ထုတ်ခဲ့တော့ ဒေါ်လာဈေးဟာပိုတက်သွားခဲ့ပါတယ်။ ဒါကိုပင်အားမရဘဲ ယနေ့အချိန်အခါမှာတော့ လုံခြုံရေးကိုအကြောင်းပြ ငါးထောင်တန်နဲ့ တစ်သောင်းတန်ကို အသစ်ထပ်မံရိုက်ထုတ်လုပ်ခဲ့တော့ ဒေါ်လာဈေးဟာ ထိန်းမနိုင်သိမ်းမနိုင်မြင့်တက်ကုန်ပါတော့တယ်။ ဒါဟာ ဗဟိုဘဏ်ရဲ့ စီမံခန့်ခွဲမှုအမှားလို့ပြောရမှာပါပဲ။ ဒီလို ဒေါ်လာဈေးတွေတက်လို့ ပို့ကုန်လုပ်ငန်းရှင်တွေက အမြတ်အစွန်းတွေပိုရသွားပေမယ့်လည်း ထုတ်ကုန်ထုတ်လုပ်ပေးတဲ့ ဆင်းရဲသားပြည်သူတွေကတော့ ခံရင်းခံရင်းပါပဲ။

ကဲ ခုလိုဒေါ်လာဈေးမြင့်တက်မှုကြောင့် ဘယ်သူတွေအကျိုးအမြတ်ရပြီး ဘယ်သူတွေခံနေရသလဲ။ ရှင်းရှင်းလေးပါ။ လောကမှာ ကိစ္စတစ်ခုဖြစ်လို့ ဆိုးကျိုးခံစားရမယ်ဆိုရင် အရင်ဆုံးခံရတာက အောက်ခြေဆင်းရဲသားကျေးလက်နေလူတန်းစားပါပဲ။ ကောင်းကျိုးဆိုရင်တော့နောက်ဆုံးမှ ခံရတာပါ။ အဲ့လိုပဲခု ဒေါ်လာဈေးတွေတက်လို့ ကုန်ဈေးနှုန်းတက်တယ်၊ အဲ့ဒီဒဏ်ကို အရင်ဆုံးခံရတာက အောက်ခြေလူတန်းစားပါပဲ။ ခုလိုဒေါ်လာဈေးမြင့်တက်အောင်လုပ်ခဲ့မှုကြောင့် အကျိုးခံစားရလိုက်တာက လက်တစ်ဆုပ်စာလူနည်းစုပါ။ ကောင်းမွန်တဲ့ အစိုးရကောင်းတစ်ရပ်ဆိုတာ လူအများစုဖြစ်တဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကိုပဲကြည့်ပါတယ်။ အာဏာရှင်အစိုးရကသာ သူတို့နဲ့အပေါင်းပါ အကျိုးစီးပွားကိုကြည့်ပါတယ်။

လူနည်းစုအကျိုးစီးပွားအတွက် ဒေါ်လာဈေးတွေကိုတက်အောင်တော့လုပ်တက်ခဲ့ပြီး ခုကျအောင်တော့ မလုပ်တက်ကြတော့ဘူးလား။ ခုဆိုကိုယ်မွေးတဲ့မျောက်က ကိုယ်ပြန်ချောက်နေပါပြီ။ ဗဟိုဘဏ်ကလည်းထိန်းပေးလို့ မနိုင်တော့ဘဲမရှုနိုင်မကယ်နိုင်ဖြစ်နေကြပါပြီ။ ဗဟိုဘဏ်

ဟာ ဒေါ်လာမှောင်ခိုဈေးကစားသူတွေရဲ့ ကြိုးဆွဲရာကနေရတဲ့ဘဝ ဖြစ်နေရှာပါပြီ။ ဒီလိုအချိန်မှာ တစ်ဖို့တည်းကြည့်တဲ့ ပုဂ္ဂလိကဘဏ်အချို့က ဒေါ်လာဝယ်ရောင်းလုပ်တဲ့နေရာကနေ သိက္ခာမရှိစွာ ဝင်ရောက်အမြတ် ဝင်ရှာနေတာအံ့ဩစွာတွေ့ရပါတယ်။ ဒီနေ့ကုန်ဈေးနှုန်းတွေကြီးမြင့် နေတာတွေရဲ့ အဓိကတရားခံဟာ စီမံခန့်ခွဲမှုညံ့ဖျင်းတဲ့ အုပ်ချုပ်သူလူကြီး မင်းများနဲ့အပေါင်းပါခရိုနီတွေကြောင့်ပဲဖြစ်ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် တစ်ချိန်က ကမ္ဘာ့အဆင်းရဲဆုံးဆိုတဲ့ အီသီယိုးပီးယားနိုင်ငံထက်တောင်ဆင်းရဲနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ နေထိုင်စားသောက်စရိတ်ကျတော့ ဖွံ့ဖြိုးပြီး နိုင်ငံတွေထက်တောင် ကြီးမြင့်နေပါတယ်။ ဒီအချက်ဟာ ဆင်းရဲသား ပြည်သူတွေကို ပိုမိုဒုက္ခတွေပေးပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံတောင် ကျွန်တော် တို့နိုင်ငံထက် နေထိုင်စားသောက်စရိတ်ဟာ သက်သာတာတွေ့ရပါတယ်။ ဒါတွေဟာဘာကြောင့်လည်းဆိုတော့ တိုင်းပြည်ရဲ့ ကုန်ဈေးနှုန်းဟာ အသိ ဉာဏ်မရှိ ကိုယ့်အတွက်ပဲကြည့်တဲ့ လူတစ်စုရဲ့ ခြယ်လှယ်မှုအောက်မှာ ရောက်ရှိနေလို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နေ့စဉ်စားသောက်နေတဲ့ အသားငါးဈေးတွေ ရှိသင့်တဲ့ဈေးထက် ကြီးမြင့်နေရတာဟာလည်း အသိ ဉာဏ်မရှိတဲ့ အုပ်ချုပ်သူများနဲ့ ဘယ်သူသေသေငတေမာရင်ပြီးရောဆိုတဲ့ စီးပွားရေးဝိသမလောဘသားများကြောင့်ပဲ ဖြစ်ပါတယ်။

အသားထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင်များလေလံချပေးတဲ့အခါမှာ စည်ပင်ကနေပြီးတော့ တစ်ဦးတစ်ယောက်ထဲကိုပဲ ပြိုင်ဘက်မရှိ လုပ်ပိုင်ခွင့် ချပေးတဲ့အတွက် ဈေးကွက်ခြယ်လှယ်ခွင့်၊ ပြည်သူတွေအပေါ်အနိုင်ကျင့်ခွင့် ပေးလိုက်သလိုဖြစ်သွားပါတော့တယ်။ ထိုကြောင့်လုပ်ငန်းရှင်တွေဟာ လိုင်စင်ရရှိရေးအတွက် ဈေးပြိုင်ပေးကြ အာဏာရှင်နဲ့ပေါင်းပြီး မရရအောင် လုပ်ကြပြီး ထင်တိုင်းကျဲခွင့်ရ နေကြတဲ့အတွက် ယနေ့အသားငါးဈေးတွေ ဟာ ရှိသင့်သည့်ဈေးနှုန်းထက် ကြီးမြင့်ကုန်ပြီး ဝက်သား၊ ကြက်သား၊ ဆိတ်သားဈေးဟာ တစ်ပိဿာ တစ်သောင်းကျော် ဖြစ်ကုန်ပါပြီ။ ဒီဒဏ် တွေကို ကျောကော့အောင်ခံနေရ တာကတော့ ပြည်သူတွေပါပဲ။

ကိုင်းပြည်အုပ်ချုပ်ရာမှာ စစ်ရေးအမြင်သာရှိပြီး စီးပွားရေးအမြင်နိုင်ငံ

ရေးအမြင်မရှိတဲ့အုပ်ချုပ်သူအာဏာရှင်များရဲ့ အသိဉာဏ်မဲ့တဲ့လုပ်ရပ်ကြောင့် ခုဆိုကုန်ဈေးနှုန်း မြင့်တက်မှုဟာ ပြည်သူတွေရဲ့ လည်ပင်းကိုရောက်နေပါပြီ။ ဒီလောက်ပြည်သူတွေ ဘေးဒုက္ခတွေနေရတဲ့အချိန် ထမင်းတစ်လုပ်အတွက် ပင်ပန်းကြီးစွာရှာဖွေစားသောက်နေရတဲ့အချိန်မှာ အစိုးရအနေနဲ့ ကုန်ဈေးနှုန်းပြန်လည်ကျဆင်းအောင်မလုပ်တတ်တော့ဘူးလား။ လူနည်းစု အကျိုးစီးပွားအတွက် ဒေါ်လာဈေးကိုတက်အောင်တော့လုပ်တတ်ခဲ့ပြီး ပြည်သူအများစု ဒုက္ခရောက်နေပါတယ်ဆိုတဲ့အချိန်ကြတော့ ကျအောင်မလုပ်ပေးနိုင်တာဟာ လူမဆန်တဲ့လုပ်ရပ်လို့ပဲ ပြောချင်ပါတယ်။ ယနေ့ တိုင်းပြည်မှာ ဆင်းရဲသားပြည်သူတွေဟာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဆိုးဝါးစွာ ခံနေရပါတယ်။

စီးပွားရေးလုပ်ငန်းအများစုဟာလည်း ဒေါ်လာဈေးမြင့်တက်မှုကြောင့် ဈေးကွက်ပျက်နေပါတယ်။ ကွန်ဒိုအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွေဟာလည်း လဲပြိုမတတ်ဖြစ်နေတဲ့အချိန်မှာ ဒီလို ငွေကြေးဖောင်းပွမှုနှုန်းတစ်နေ့တခြားဆိုးဝါးနေမှုကို အချိန်မီ မထိန်းနိုင်ဘဲ ဒီအခြေအနေတိုင်းသာ ဆက်သွားမယ်ဆိုရင်တော့ မကြာသေးမီအချိန်မှာ မြန်မာ့စီးပွားရေးလဲပြိုမှုဖြစ်သွားနိုင်ပါတယ်ဆိုတဲ့အကြောင်း သတိပေးရေးသားလိုက်ရပါတယ်။

၉.၁၀.၁၅ ထုတ် **News Watch** ဂျာနယ်ဆောင်းပါး

□



# မန်းပုံရိပ်ကို အကျည်းတန်စေသောမှုခင်းများ

ကျော်ကြီး(MDY)

'မန္တလေးမှာ နေရတာ တစ်နေ့ထက်တစ်နေ့ ပိုကြောက်နေမိပြီ။ အပြင်ထွက်ရင်လည်း ရင်တထိတ်ထိတ်နဲ့ လန့်နေရတယ်၊ ကိုယ့်အိမ်ကိုယ် ပြန်ရောက်မှသက်ပြင်းချနိုင်တယ်'

'နေခင်းကြီးတောင် အုပ်စုဖွဲ့ ရိုက်နှက်လုယက်ရဲနေတော့ အပြင်ကို မထွက်ရဲတော့ဘူး'

'နေ့ခင်းမြို့လယ်ကောင်မှာတောင် သေနတ်နဲ့ပစ်ရဲတယ်ဆိုတော့ တရားဥပဒေစိုးမိုးမှုမရှိတော့သလို ခံစားနေရတယ်' ဒီအသံတွေကတော့ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့မှာနေထိုင်ကြတဲ့ မြို့ခံတွေရဲ့ ခုတလောပြောဆိုနေကြတဲ့ စကားသံတွေပဲဖြစ်ပါတယ်။ အပြောအဆို အနေအထိုင်၊ ယဉ်ကျေးမှုသိမ်မွေ့မှု၊ ညွှဲ့ဝတ်ကျေပျူငှာမှုမှာ မြန်မာမှာသာမက ကမ္ဘာမှာတောင် နာမည်ကြီးတဲ့ ရွှေမန်းမြို့ရေ ဘယ်လိုဖြစ်ကုန်တာလဲလို့ မေးရမလိုဖြစ်နေပါတယ်။

ပြီးခဲ့တဲ့လေး၊ ငါး နှစ်လောက်ကစပြီး မန္တလေးမြို့မှာ အကြမ်းဖက်

လုယက်မှုတွေ၊ ခိုးမှု၊ အနုကြမ်းစီးမှု ၊ ဓားပြတိုက်မှုတွေ သိသိသာသာ များပြားလာပါတယ်။ ဘာရန်ညှိုးရန်စမှ မရှိဘဲ လမ်းသွားလမ်းလာတွေကို အုပ်စုဖွဲ့ရန်ပြုမှုတွေ၊ ဓားဖြင့်ခုတ်မှုတွေ၊ ညပိုင်းရပ်ထားတဲ့ကားများကို အကြောင်းမဲ့ ဖျက်စီးမှုစတဲ့ မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လုပ်ရပ်တွေ များပြားလာမှုတွေကြောင့် ခုဆိုရင်မြို့ခံတွေဟာ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ နေထိုင်နေရပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ စက်မှုမြို့သစ်ဘက်မှာ ဆိုင်ကယ်စီးအမျိုးသမီး ဆီကနေ ဆိုင်ကယ်ချင်းယှဉ်ပြီး ပိုက်ဆံအိတ်လုယူထွက်ပြေးမှုဖြစ်ပွားခဲ့ပါ တယ်။ ပိုက်ဆံအိတ်လုယက်မှုအရှိန်ကြောင့် အလုခံရတဲ့အမျိုးသမီးဟာ ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာများရရှိကာ နေရာမှာတင်သေဆုံးသွားတဲ့အထိ ထိတ်လန့်ကြောက်မက်ဖွယ်ရာဖြစ်ခဲ့ပါတယ်။ ဒီလိုဆိုင်ကယ်ချင်းယှဉ်ပြီး လုယက်မှုတွေဟာ အလွန်တရာအန္တရာယ်များပြီး ခုလိုဆိုင်ကယ်စီးလုယက် မှုတွေကြောင့် မကြာခဏ ထိခိုက်ဒဏ်ရာများရရှိနေကြပြီး အသက်သေ ဆုံးမှုအထိပါဖြစ်နေပါတယ်။

ဒီထက်ဆိုးတာက နေ့ခင်းကြောင်တောင်မှာကို အတင့်ရဲစွာ ဆိုင်ကယ်အုပ်စုလိုက်ဖြင့် ရိုက်နှက်ထိုးကြိတ်ပြီး ဆိုင်ကယ်လုယက်မှုတွေကို မင်းမဲ့စရိုက်ဆန်ဆန် ပြုလုပ်နေကြတဲ့အတွက် မြို့ခံပြည်သူတွေဟာ အပြင်ထွက်ရမှာကို ကြောက်နေကြပါတယ်။

ပြီးခဲ့တဲ့ရက်ကပဲ ဆိုင်ကယ်နဲ့ကားနဲ့တိုက်မှုဖြစ်ပွားတာမှာ ကားပိုင် ရှင်နဲ့ဆိုင်ကယ်သမားစကားများရာ ကားပိုင်ရှင်မှဆိုင်ကယ်သမားကို သေနတ်နဲ့ဖြစ်ပွားတဲ့အထိ အတင့်ရဲစွာလုပ်ဆောင်နေကြပါတယ်။ ဖြစ်ပွား တာက နေ့ခင်းကြီးမြို့လယ်ခေါင်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပိုင်းကလည်း ဟိုတယ်တစ်ခုမှာ တည်းခိုသူချည်သည်ချင်းစကားများရာကနေ သေနတ်နဲ့ ပစ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ဒီလိုနေ့ခင်းကြောင်တောင် မြို့လယ်ကောင်မှာ သေနတ်နဲ့ပစ်ရဲတဲ့အထိ ဖြစ်ပွားနေတာဟာ မန္တလေးတိုင်းရဲတပ်ဖွဲ့ရဲ့ မြို့နေလူထုအပေါ်လုံခြုံရေးပေးနိုင်မှုကို မေးခွန်းထုတ်စရာဖြစ်နေပြီး မြို့ရဲ့ဥပဒေစိုးမိုးမှုဟာ လွန်စွာဆိုးရွားနေပါတယ်။ ဒီသေနတ်တွေက မြို့ထဲကို ဘယ်လိုရောက်ရှိလာတာလဲ။ ဒီလိုကိုင်ဆောင်နေသူတွေရော

ဘယ်လောက်များရှိနေပြီလဲဆိုတာ စိုးရိမ်ဖွယ်ရာအခြေအနေတွေပဲဖြစ်ပါတယ်။

ခုလည်း လက်နက်တွေ အစုလိုက်အပြုံလိုက်ဖမ်းဆီးရမှုတွေ ကြားသိနေရတော့မြို့ခံတွေဟာ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်နေကြပါတယ်။ မြို့ရဲ့ ဥပဒေစိုးမိုးမှု၊ လုံခြုံမှုကို ခြိမ်းခြောက်နေပါတယ်။ အရင်က အိမ်ရှေ့မှာ စက်ဘီးသော့မခတ်ဘဲထားတောင် မပျောက်တဲ့မြို့ဟာ ခုတော့လုယက်မှု၊ နိုးမှု၊ အနုကြမ်းစီးမှုတွေဖြစ်ပေါ်နေတာ ယဉ်ကျေးမှုမြို့တော်ပုံရိပ်ကို အင်မတန်အကြီးတန်အရုပ်ဆိုးစေပါတယ်။

ဒီလိုမှုခင်းတွေဖြစ်လာရတဲ့ မူလဇာစ်မြစ်ကတော့ ၁၉၈၈ စစ်အာဏာရှင်တွေ အုပ်ချုပ်ခဲ့တဲ့နောက်ပိုင်း ငြိမ်းချမ်းရေးအကြောင်းပြ ဝင်ရောက်ကျူးကျော်နေထိုင်လာတဲ့ ဝ၊ ကိုးကန့်၊ တရုတ်တွေရဲ့နောက်ဆက်တွဲအကျိုးဆက်တွေပဲဖြစ်ပါတယ်။ သူတို့ဝင်ရောက်လာမှုနဲ့အတူ ပူးတွဲပါလာတာကတော့ မူးယစ်ဆေးများပါပဲ။ မန္တလေးမြို့ဟာ နယ်စပ်အသီးသီးကနေ ဝင်ရောက်လာတဲ့ မူးယစ်ဆေးတွေရဲ့ပင်မ ဆုံစည်းရာမြို့ဖြစ်နေပါတယ်။ ဒီနေ့ မန္တလေးမြို့မှာ မူးယစ်ဆေးဝါး၊ လောင်းကစားနဲ့၊ အရက်ဆိုင်တွေဟာ လွယ်လွယ်ရတဲ့အရာတွေလို့တောင် ပြောရမလိုဖြစ်နေပါပြီ။

အဲဒီအကျိုးဆက်ကတော့ လူငယ်တွေဟာ မူးယစ်ဆေးဝါးတွေသုံးစွဲ၊ လောင်းကစားတွေလုပ်၊ ပိုက်ဆံပြတ်တော့ ခုလို လူမိုက်ဆန်ဆန် လုယက်မှုတွေလုပ်လာကြပါတာပဲ။ လူငယ်တွေဟာ မူးယစ်ဆေးများသုံးစွဲပြီး အသိဉာဏ်များပျောက်ဆုံးကာ အကြောင်းမဲ့အကြမ်းဖက်မှုတွေ လုပ်လာကြပါတယ်။ ခုဆိုမန္တလေးမြို့မှာ ကောတီဗွီဆိုင်တွေမှိုလိုပေါက်ပေါ်များလာတော့ လူငယ်တွေအတွက် စိတ်လွတ်ကိုယ်လွတ် သောက်စားမူးယစ်ပျော်ပါးစရာနေရာတွေဖြစ်လာပါတယ်။

ဒီလို မင်းမဲ့စရိုက်ဆန်ဆန် မှုခင်းတွေဖြစ်ပေါ်လာတဲ့အကြောင်းအရင်းများရဲ့အဓိကတရားခံကတော့ ခေတ်အဆက်ဆက် မန္တလေးမြို့ကို အုပ်ချုပ်ခဲ့တဲ့ အုပ်ချုပ်သူအာဏာပိုင်များဖြစ်ပြီး သူတို့ရဲ့အားနည်းချက်ကြောင့်ပဲဖြစ်ပါတယ်။ မူးယစ်ဆေးဝါး၊ လောင်းကစားများလုပ်ငန်းများကို ထိရောက်စွာဖမ်းဆီးနှိမ်နင်းနိုင်မှုမရှိခြင်း၊ အရက်ဘီယာဆိုင်များ ကောတီဗွီ

များ အလွန်ပေါများလာခြင်းတို့ကြောင့် အခုလို ဒုစရိုက်မှုများပေါများလာတာပဲဖြစ်ပါတယ်။

ယနေ့ထိ လုယက်မှုတွေ၊ အကြမ်းဖက်မှုတွေ လျော့နည်းသွားခြင်း မရှိသေးတာ၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ ဖမ်းစီးအရေးယူအပြစ်ပေးနိုင်မှု နည်းပါးနေသေးတာ၊ မူးယစ်ဆေးဝါး လောင်းကစားလုပ်ငန်းများ ပပျောက်အောင်ကိုမနှိမ်နင်းနိုင်သေးတာဟာ မန္တလေးမြို့ရဲတပ်ဖွဲ့ရဲ့ အရည်အချင်း၊ စွမ်းဆောင်မှုအားနည်းချက်များကြောင့်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ထဲမှာ စာရေးသူရဲ့အစ်မအပါအဝင် မိတ်ဆွေနှစ်ဦး ဆိုင်းကယ်စီး လုယက်မှုခံခဲ့သူများထဲမှာပါဝင်ခဲ့သော်လည်း ယနေ့ထိ တရားခံဖမ်းမိခြင်း လုံးဝမရှိသေးပါဘူး။

စာရေးသူရဲ့အစ်မအလုခံရတာဆိုရင် ပြည်ကြီးတံခွန်အဆင့်မြင့်ရဲစခန်းရှေ့မှာပါ။ နောက်မိတ်ဆွေတစ်ဦးကလည်း ၁၁ ရဲစခန်းအကွေ့မှာဖြစ်တာပါ။ ဒီလိုရဲစခန်းရှေ့မှာတောင် အတင့်ရဲစွာ လုယက်နေရဲတာ တရားဥပဒေစိုးမိုးမှုအတွက် လုံခြုံရေးပေးနေတဲ့ မန္တလေးရဲတပ်ဖွဲ့ကို မထီမဲ့မြင်စိမ်ခေါ်နေသလိုဖြစ်နေပါတယ်။ ပြီးတော့ မန္တလေးမြို့ခံတွေကလည်း ၎င်းတပ်ဖွဲ့ရဲ့ စွမ်းရည်ကို အခုလိုမေးခွန်းထုတ်လာကြပါတယ်။

လယ်သိမ်းခံရလို့ ဆန္ဒပြတဲ့တောင်သူတွေ၊ ပညာရေးအတွက် ဆန္ဒပြတဲ့ ကျောင်းသူကျောင်းသားတွေ၊ လုပ်ခလစာအတွက် ဆန္ဒပြတဲ့ အလုပ်သမားတွေ၊ မတရားမှုအတွက်ဆန္ဒပြတဲ့ပြည်သူတွေအတွက်ဆိုရင် ရဲတပ်ဖွဲ့ဟာ ကြီးမားတဲ့အင်အားနဲ့ တားဆီးကြတယ်။ ဝိုင်းဝန်းပိတ်ဆို့ထားကြတယ်။ ဖမ်းဆီးနိုင်ကြတယ်။ တရားရုံး၊ ထောင်ထဲထိမရောက်ရောက်အောင် ပို့နိုင်ကြတဲ့အထိစွမ်းကြတယ်။ လက်ပံတောင်းတောင်အရေးအခင်း၊ ကျောင်းသားအရေးအခင်းမှာဆိုရင် ကမ္ဘာကတောင် အံ့ဩရလောက် အောင်လက်စွမ်းပြနိုင်ခဲ့ကြပါတယ်။

(၁) အဲ့ဒီလောက်အစွမ်းထက်တဲ့ ရဲတပ်ဖွဲ့ဟာ ဘာကြောင့်အတင့်ရဲစွာနေ့စဉ်နီးပါးဖြစ်ပေါ်နေတဲ့ ခိုးဆိုးလုယက်မှုတွေ၊ အကြမ်းဖက်မှုတွေကို ဆန္ဒပြတောင်သူတွေ၊ ကျောင်းသားတွေကိုဖြိုခွဲသလို ဖမ်းဆီးပြီး တရားရုံးအရောက်မပို့နိုင်တာလဲ။

(၂)မြို့သူမြို့သားတွေအတွက် အန္တရာယ်ပေးနေတာတွေကို ဘာကြောင့် အင်အားသုံးပြီး မဖြေရှင်းနိုင်တာလဲ။ ဒုစရိုက်သမားတွေကို နှိမ်နင်းတဲ့အခါမှာ ပြည်သူတွေ၊ တောင်သူတွေ၊ ကျောင်းသားတွေတုန်းက ဖမ်းဆီးလက်စွမ်းပြခဲ့တဲ့ အင်အားကြီးမားတဲ့ရဲတပ်ဖွဲ့ကြီး ဘယ်ရောက်သွားသလဲ။

ရဲတပ်ဖွဲ့ဟာ အထက်ကအာဏာပိုင်များက နိုင်းတာကိုလိုက်လုပ်နေမယ့်အစား ရဲကျင့်ဝတ်တာဝန်ဝတ္တရားနဲ့အညီ တာဝန်ကိုထမ်းဆောင်ကြဖို့ လိုပါတယ်။ ပြည်သူတွေပေးအပ်ထားတဲ့လစာရိက္ခာ ကိုရယူခံစားထားတဲ့အတွက် တာပန်ကျေပွန်စွာ ပြည်သူကိုအကာအကွယ်ပေးစောင့်ရှောက်ဖို့တာဝန်ရှိပါတယ်။ ယနေ့မန္တလေးမြို့အပါဝင် တစ်နိုင်ငံလုံး မင်းမဲ့စရိုက်ဆန်ဆန်ပြုလုပ်နေသော ဒုစရိုက်မှုတွေပပျောက်ဖို့အတွက် ထိရောက်စွာနှိမ်နင်းဖို့ အရေးပေါ်လိုအပ်နေပါပြီ။

ဒီဒုစရိုက်မှုတွေဖြစ်ပေါ်လာအောင် တွန်းအားပေးနေတဲ့ မူးယစ်ဆေးဝါး၊ လောင်းကစားလုပ်ငန်းများကို ထိရောက်စွာဖမ်းဆီးနှိမ်နင်းပြဖို့လိုနေပါပြီ။ မူးယစ်ဆေးဝါးဆိုရင် ဘယ်မြို့နယ် ဘယ်ရပ်ကွက်မှာ ပေါတယ်၊ လောင်းကစားဆိုရင် ဘယ်နေရာမှာရှိတယ်ဆိုတာ မြို့ခံတော်တော် များများ တောင်သိနေကြတော့ တာဝန်ရှိရဲများက ပိုပြီးသိလိမ့်မယ်လို့ယူဆပါတယ်။ အဓိကတာဝန်ရှိတဲ့မန္တလေးရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါး၊ လောင်းကစားလုပ်ငန်းများကို ဟန်ပြမဟုတ်ဘဲ ဗိုဗိုစီးစီးနဲ့ နှိမ်နင်းစေချင်ပါတယ်။ ဖမ်းဆီးတဲ့နေရာမှာလည်း မူးယစ်ဆေးဝါးသုံးစွဲသူ၊ လောင်ကစားလုပ်သူများ၊ လက်ခွဲဒိုင်တွေလောက်ပဲအဖမ်းပြမနေဘဲ၊ အသီးတစ်ရာအညှာတစ်ခုဆိုသလို တကယ့်မူးယစ်ဆေးဝါးရောင်းချ ဖြန့်ဖြူးနေတဲ့နေရာများ၊ နောက်ကွယ်ကကြိုးကိုင်နေသောခေါင်းဆောင်များ၊ လောင်းကစားနိုင်ကြီးများကိုပါ ဖမ်းဆီးနှိမ်နင်းစေချင်ပါတယ်။

မြန်မာဘုရင်မင်းဆက် နောက်ဆုံးနန်းစံသွားတဲ့နန်းမြို့။ စာပေဂီတ သဘင် အနုပညာ ဘာသာ၊ သာသနာ နေလို့လလို့ထွန်းကားခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး မြန်မာသာမက ကမ္ဘာကပါ လေးစားတွန်းဖိုးထားခံရတဲ့မြို့ဖြစ်ပါတယ်။ ခုတော့ ဒုစရိုက်ပေါများတဲ့မြို့၊ လုံခြုံမှုကင်းမဲ့တဲ့မြို့၊ မူးယစ်ဆေးဝါး လောင်းကစားပေါများတဲ့မြို့အဖြစ် အကျည်းတန်

ရုပ်ဆိုးနေပါပြီ။ ဒါကြောင့် မန္တလေးကိုအုပ်ချုပ်သူအာဏာပိုင်များနဲ့ ရဲတပ်ဖွဲ့ဝင်များက မြို့ကိုအကျည်းတန် အရုပ်ဆိုးစေသော၊ မြို့သူမြို့သား တွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော ဒုစရိုက်အမှုများ ကို အမြန်ဆုံးပပျောက်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။

၁၇.၇.၁၅ ထွက် News Watch ဂျာနယ်

❑



# လူသားဆန်တဲ့စိတ်ဓာတ်တွေ မပျက်စီးစေဖို့

ကျော်ကြီး(MDY)

ပြီးခဲ့တဲ့ အပတ်က ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသွယ်ရှိ နေအိမ်ခြံဝန်းတစ်ခုမှာ အသက် (၈)နှစ်အရွယ် မိန်းကလေးငယ်အား နှိပ်စက်ညှဉ်းပန်းခံနေရမှုဓာတ်ပုံများ ဖေ့ဘုတ်လူမှုကွန်ရက်မှာ တက်လာပြီး ကယ်ထုတ်ပေးဖို့တောင်းဆိုထားတဲ့ သတင်းဟာ ဖေ့ဘုတ်မှာ ပွက်လောရိုက်ကုန်ပါတော့တယ်။

အရွယ်မရောက်သေးတဲ့ ကလေးငယ်တစ်ယောက်ကို လူမဆန်စွာ နှိပ်စက်နေတာတဲ့ပုံတွေဟာ မြင်ရသူအပေါင်းကို အော့နလုံးနာစေခဲ့ပါ

တယ်။ ဒီလောက်စာနာတရားကင်မဲ့စွာ လုပ်ဆောင်မှုကို ဘယ်လူ့မှုအဖွဲ့အစည်းကမှ လက်သင့်မခံပါဘူး။ ယခုနောက်ပိုင်း ဒီလိုကလေးသူငယ်တွေ နှိပ်စက်ညှဉ်းပန်းခံရမှုတွေ မကြာခဏဖြစ်ပွားနေတော့ လူတွေရဲ့ လူသားဆန်တဲ့စိတ်ဓာတ်တွေ တဖြည်းဖြည်းလျော့နည်းလာပြီလားလို့တောင် တွေးနေမိပါတယ်။ ခုဖြစ်ပွားတဲ့ကလေးငယ်ကတော့ သူတော်ကောင်းနဲ့ တွေ့သွားတယ်လို့ပြောရမှာပါပဲ။ တာဝန်သိပြည်သူတစ်ယောက်ရဲ့ သတင်းပေးတိုင်ကြားမှုကနေ ဖေ့ဘုတ်ပေါ်သတင်းများတက်လာပြီး ခဏလေးအတွင်းမှာ အုတ်အော်သောင်းတင်းဖြစ်ကုန်ကြပြီး အဖွဲ့အစည်းအသီးသီးက သွားရောက်စုံးစမ်းမေးမြန်း ကယ်ဆယ်ဖို့ပြုလုပ်ကြပါတော့တယ်။

ယခုကိစ္စကိုတွေ့ရှိပြီး သက်ဆိုင်ရာကိုသတင်းပေးတိုင်ကြားတဲ့ ကိုစည်သူဆိုတဲ့သူကို စိတ်ထဲက ချီးကျူးဂုဏ်ပြုနေမိပါတယ်။ ငါ့ကိစ္စမှ မဟုတ်တာဆိုပြီးမျက်နှာလွှဲမသွားဘဲ မတရားတာလုပ်တာကို လက်မခံချင်တဲ့စိတ်၊ ကြီးနိုင်ငယ်ညှင်းအနိုင်ကျင့်တာကို လက်မခံတဲ့စိတ်၊ လူသားဆန်တဲ့စိတ်ဓာတ်အပြည့်အဝရှိတဲ့ ကိုစည်သူဟာ ကျွန်တော်တို့အားလုံးအတွက် အတုယူဖွယ်ရာဖြစ်ပေသည်။

ဘာလို့လဲဆိုတော့ ဒီနေ့ကျွန်တော်တို့ပတ်ဝန်းကျင်မှာ "သွားမပါနဲ့ အမှုပတ်လိမ့်မယ်" "မားခုတ်ရာလက်ဝင်မလျှိုနဲ့"ဆိုတဲ့ လူသားမဆန်တဲ့စိတ်ဓာတ်တွေ အတော်လေးကြီးထွားနေတာ စိတ်မကောင်းစွာနေ့စဉ်ကြားသိမြင်တွေ့နေရပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေရဲ့ ဂုဏ်ယူဖွယ်တစ်ခုဖြစ်တဲ့ သူတစ်ပါးကို ရိုင်းပင်းကူညီတတ်ချင်း၊ စာနာသနားတတ်ခြင်းဆိုတဲ့စိတ်တွေဟာ တစ်စတစ်စနဲ့ နည်းပါးလာတာတွေမြင်နေရပါတယ်။ ယနေ့ကမ္ဘာမှာလည်း လူ့ကျင့်ဝတ်တွေ၊ လူသားဆန်တဲ့ စိတ်ထားတွေ၊ တာဝန်ယူတတ်မှုတွေ ကြင်နာသနားတတ်မှုတွေ တဖြည်းဖြည်းလျော့ကျလာတာဟာ လူမှုအဖွဲ့အစည်းအတွက် များစွာခြိမ်းခြောက်နေပါတယ်။

ပြီးခဲ့ရက်ပိုင်းကပဲ မန္တလေးမှာ မနက်ပိုင်း အပြင်ထွက်တော့ သိမ်ဖြူလမ်းမှာ အမျိုးသမီးငယ်တစ်ဦး ပက်လက်အနေအထားနဲ့ လဲကျနေတာကို တွေ့ကြုံခဲ့ရပါတယ်။ မိန်းကလေးရဲ့မျက်နှာနဲ့ ဦးခေါင်းများမှ

သွေးများထွက်နေတာတွေ့ရမှာတယ်။ ဘေးမှာ ထမင်းဘူးမှ ထမင်းများပြန့်ကျဲနေပြီး စီးလာတဲ့စက်ဘီးက ရှေ့ဘီးများကွေးကောက်နေပါတယ်။ ကြည့်ရတဲ့အနေအထားအရ မိန်းကလေးဟာ အသက်ရှိသေးတယ်လို့ယူဆရပါတယ်။ ဒဏ်ရာက မများဘူးဟုယူဆရပါတယ်။သူ့ဘေးပတ်လည်မှာတော့ လူအများက ကောက်ချက်အမျိုးမျိုးပေး ဝိုင်းကြည့်နေကြပါတယ်။ ကားတွေကလည်း ထိုလူအုပ်ကို မနည်းရှောင်မောင်းနေကြပါတယ်။ ကားတစ်စီးနဲ့ ချိတ်မိတာဖြစ်ပြီး ကားကတော့ထွက်ပြေးသွားပြီလို့သိရပါတယ်။ လူအုပ်ထဲမှ ကြည့်နေသူ တစ်ယောက်က 'ကားတစ်စီးနဲ့ဆေးရုံအမြန်ပို့လိုက်ရင်ကောင်းမယ်ထင်တယ် မသေသေးဘူးဗျ' ပြောဆိုလိုက်ပါတယ်။ ထိုအချိန်မှာ လူအုပ်ထဲက တစ်ယောက်က သွားမထိနဲ့။ ရဲမလာသေးဘူး အမှုပတ်လိမ့်မယ်၊ လူနာတင် ကားစောင့်ဦးဆိုပြီးပြောဆိုလိုက်တော့ ဘယ်သူမှမကိုင်ကြတော့။ သိပ် မကြာခင်မှာပဲ ယာဉ်ထိန်းရဲနဲ့ လူမှုကူညီရေးကားရောက်လာပြီး ဆေးရုံသယ်သွားကြပါတယ်။

နောက်ဖြစ်စဉ်တစ်ခုကတော့ လွန်ခဲ့တဲ့ ၂ နှစ်လောက်က သူငယ်ချင်းအဖေဖြစ်ခဲ့တာပါ။ သူငယ်ချင်းအဖေဟာ ညနေပိုင်းဆိုင်ကယ်စီးသွားရင် ရုတ်တရက်သွေးတိုးလာကာ လမ်းဘေးကသစ်ပင်ဝင်တိုက်မိပြီး အသက်ဆုံးရှုံးခဲ့ရပါတယ်။ သူငယ်ချင်းအဖေဟာဖြစ်တဲ့နေရာမှာပဲ ပတ်ဝန်းကျင်ရဲ့ကူညီကယ်ဆယ်မှု ချက်ချင်းမရရှိခဲ့ဘဲ နာရီဝက်ကျော်ကြာ အခင်းဖြစ်ပွားရာနေရာမှာအချိန်ကုန်ခဲ့ပါတယ်တဲ့။

ဆေးရုံရောက်တော့ အသက်ရှိသေးပြီး ရောက်တာ နောက်ကျသွားတဲ့အတွက် အသက်ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ သူငယ်ချင်းအဖေဖြစ်သူကိုဖြစ်ဖြစ်ချင်း ဝိုင်းအုံကြည့်မနေဘဲဆေးရုံကို အချိန်မီပို့နိုင်ခဲ့ပါက အသက်မဆုံးရှုံးနိုင်ဘူးလို့ ပြောလို့ရပါတယ်။

လူတစ်ယောက်ရဲ့အသက်ဟာ မိနစ်စက္ကန့်နဲ့အမျှအရေးကြီးပါတယ်။ ဒီနေ့အချိန်အခါမှာ မော်တော်ယာဉ်များပေါများလာပြီး ယာဉ်မတော်တဆဖြစ်မှုတွေများလာတဲ့အချိန်မှာ ခုလိုမျိုးဖြစ်နေတာတွေဟာလူမှုအသိုင်းအဝိုင်းအတွက် အင်မတန်စိုးရိမ်စရာပဲဖြစ်ပါတယ်။

ဒီလိုမတော်တဆဖြစ်မှုတွေကို ချက်ခြင်းကူညီကယ်ဆယ်မှု မရရှိလို့

ဆေးရုံရောက်နောက်ကျပြီး သေဆုံးရတဲ့ ဖြစ်စဉ်တွေနေ့စဉ်နီးပါးလိုရှိနေပါတယ်။ ဒုက္ခရောက်နေတဲ့သူကို လူထုကချက်ခြင်းပါဝင် ကူညီကယ်ဆယ်မှုမရှိဘဲ လက်ရှောင်လာရတဲ့ အဓိကအကြောင်းအရာတစ်ခုကတော့ လွဲမှားချတ်ချော်ခဲ့တဲ့တရားဥပဒေတွေနဲ့ သက်ဆိုင်ရာဝန်ထမ်းတွေရဲ့ ပြည်သူအပေါ်ဆက်ဆံတဲ့ ဆက်ဆံရေးတွေကတွေကြောင့်လို့ပြောရမှာပဲ ဖြစ်ပါတယ်။

ကိုယ်ရှေ့မှာ ယာဉ်တိုက်မှုဖြစ်တာတွေ၊ မတော်တဆမှုဖြစ်တာတွေ၊ ကျန်းမာရေးကြောင့်မူးမေ့လဲနေတာတွေစတဲ့ ဒုက္ခရောက်နေသူတွေကိုတွေ့ရှိပါက ကူညီချင်ပေမယ့် ရဲစခန်း၊ ဆေးရုံများရဲ့ ကူညီလာတဲ့သူအပေါ်ကူညီပေးလာသူအဖြစ် နွေးထွေးတဲ့ဆက်ဆံမှုမရှိဘဲ တရားခံလို တပည့်လိုဆက်ဆံတဲ့ဆက်ဆံရေးကြောင့် ကူညီသူတွေစိတ်ပျက်စေရပါတယ်။ ဒါ့အပြင် တရားရုံးမှာ ကိုယ့်စရိတ်ကိုယ်စား အလုပ်ပျက်အကိုင်ပျက်ရုံးချိန်းအကြိမ်ကြိမ်လိုက်ရတာတွေ၊ ရဲသက်သေလုပ်ပေးရတာတွေ၊ ဆေးရုံမှာ လူနာသွားပို့ရင် ပိုင်ရှင်မဲ့လူနာဆိုရင် ကုသပေးမှုမရှိတော့ မိမိငွေထုတ်ကုသပေးခဲ့ရမှုတွေ၊ လာပို့တဲ့သူ မယုံသင်္ကာနဲ့ တရားခံစစ်သလို စစ်ဆေးနေမှုများကြောင့် ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ချစ်စရာကောင်းတဲ့ စိတ်ထားကောင်းလေးတွေ ပျက်စီးကုန်ကြရပါတယ်။

အုပ်ချုပ်ရေးပိုင်းနဲ့ ဌာနဆိုင်ရာအသီးသီးက လူကြီးတွေ အဂတိလိုက်စားမှုတွေ၊ မတော်မတရားလုပ်မှုတွေကို သက်ဆိုင်ရာကိုတိုင်ကြားပါကလည်း အာဏာရှင်စနစ်ကြောင့် အတိုင်ခံရသူက ဘာမှမဖြစ်ဘဲ တိုင်တဲ့သူပင် ပြန်အညစ်ခံရပြီး ဒုက္ခရောက်ရကြတာအများကြီးပါ။

ဒီထက်ပိုးဆိုးတာက တိုင်တဲ့သူတင်မဟုတ် တိုင်သူရဲ့မိသားစုဆွေမျိုးလိုက်ပါ ဒုက္ခပေးခံရတဲ့ သာဓကတွေကအများကြီးရှိခဲ့ပါတယ်။ ခုခါမှာဆိုရင် မိမိပတ်ဝန်းကျင်မှာ ဒုစရိုက်လုပ်ငန်းတွေလုပ်နေတာတွေကိုသက်ဆိုင်ရာကို အသိပေးမတိုင်ကြားရဲဘူး။ ကိုယ့်မျက်စိရှေ့မှာတင်ခါးပိုက်နှိုက်လုယက်မှုဖြစ်နေတောင် မပြောရဲ မဆိုရဲတဲ့အထိဖြစ်နေကြရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားခံများက မိမိအပေါ်ရန်ငြိုးဖွဲ့ ပြန်လည်လုပ်ကြံခံရမှာကို ကြောက်ကြလို့ပဲဖြစ်ပါတယ်။ ဒီအဖြစ်တွေက တရားဥပဒေဟာ ပြည်သူတွေကို လုံခြုံကာကွယ်မှုမပေးနိုင်ဘူးဆိုတာ ပြနေပါတယ်။

ဒီလို ဒုက္ခရောက်တဲ့သူများကို ကူညီပေးတဲ့သူတွေ၊ အာဏာပိုင်များရဲ့အဂတိလိုက်စားမှု မတော်မတရားလုပ်မှုတွေကို ဖော်ထုတ်တိုင်ကြားတဲ့သူတွေကို ဥပဒေရဲ့ကာကွယ်စောင့်ရှောက်မှုမရရှိခြင်း၊ မိမိအလုပ်အကိုင်ပျက် ငွေကုန်ကြေးကျများပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့အတွက် အားလုံးဟာ ကိုယ်နဲ့မဆိုင်မပါဝင်ကြတော့ဘဲ မသိချင်ယောင်ဆောင် ရှောင်ဖယ်သွားကြတော့တာပဲဖြစ်ပါတယ်။ ဒီနေ့ပြည်သူတွေဟာ ရဲစခန်းတို့၊ဆေးရုံတို့ကို အားကိုးစရာအဖြစ် မမြင်ကြတော့ဘဲ ရဲဆိုရင်ရွံမုန်းစရာအဖြစ် မြင်နေကြတာဟာ တိုင်းပြည်အတွက်ကောင်းမွန်တဲ့ လက္ခဏာမဟုတ်ပါဘူး။ ရဲစခန်း၊ ဆေးရုံများကို ပြည်သူတွေက သွားလာရာမှာကြောက်တဲ့နေရာတွေ အဖြစ်မရှိသင့်တော့ဘဲ အားကိုးစရာနေရာအဖြစ် ပြုပြင်ပြောင်းလဲသင့်ပါပြီ။

ဒီနေ့ထိနားမလည်တဲ့အကြောင်းရာတစ်ခုက ကျွန်တော်တို့နိုင်ငံမှာ တစ်စုံတစ်ခုကြောင့် ထိခိုက်ဒဏ်ရာရပါက အခင်းဖြစ်ပွားတဲ့နေရာနဲ့ အနီးအနားမှာ ဆေးရုံဆေးခန်းများရှိသော်လည်း အစိုးရဆေးရုံများမှလွဲ ဘယ်ပုဂ္ဂလိကဆေးရုံမှ လက်ခံကုသပေးချင်းမရှိတာပဲ ဖြစ်ပါတယ်။ အကြောင်းပြချက်ကတော့ အမှုပတ်မှာစိုးလို့ပါတဲ့။ ဒီလိုလွဲမှားတဲ့ ဥပဒေတွေကြောင့် အသက်ဆုံးရှုံးရမှုတွေ ဘယ်လောက်တောင်ရှိခဲ့ပြီလဲဆိုတာ မခန့်မှန်းနိုင်ပါဘူး။ ပုဂ္ဂလိကဆေးရုံအားလုံးကို တရားဝင်အမိန့်ထုတ်ပြန်ပြီး လက်ခံ ကုသပေးဖို့ညွှန်ကြားသင့်ပါတယ်။

ခုဖြစ်ပွားခဲ့တဲ့ တက္ကသိုလ်ရိပ်သာလမ်းထဲက ကလေးငယ်ကို ညှဉ်းပန်းနှိပ်စက်မှုဆိုရင်လည်း ဒီလုပ်ကိုမြင်တွေ့ပြီး လူမှုစိတ်ဓာတ်အပြည့်အဝနဲ့ သက်ဆိုင်ရာရဲစခန်းကို ခုလိုလူမှုကွန်ရက်ပေါ် မရောက်ခင် တစ်ပတ်လောက်ကတည်းက သွားတိုင်ခဲ့ပေမယ့် ချက်ချင်းအရေးယူဆောင်ရွက်မှုမရှိခဲ့တာတွေ့ရပါတယ်။ ကလေးငယ်ဟာ ခုလိုနှိပ်စက်ခံနေရတာ ရက် ၂၀ ကျော်ပြီလို့ပြောပါတယ်။

ခုလူမှုကွန်ရက်ပေါ်ဓာတ်ပုံများ ပျံ့နှံ့သွားမှသာ အရေးယူဆောင်ရွက်မှုပြုလုပ်တာဖြစ်ပါတယ်။ နေအိမ်သို့သွားရောက်စစ်ဆေးတော့လည်း ခံရတဲ့ကလေးငယ်ရော နှိပ်စက်တဲ့ ကလေးအဒေါ်လို့ပြောသူရော နေရပ်ပြန်

သွားပြီလို့ပြောခဲ့ပါတယ်။ လိပ်စာမေးတော့လည်း မသိဘူးလို့ပြောပါတယ်။ အိမ်အကူအဖြစ်လုပ်နေတာ သုံးနှစ်တောင်ကြာပြီဖြစ်တဲ့ အလုပ်သမားတစ်ယောက်ရဲ့လိပ်စာကို အိမ်ရှင်ကမသိဘူးဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ နောက်ပြီး ကလေးငယ်ဟာ ခုလိုနှိပ်စက်ခံရတာ ရက် ၂၀ ကျော်ကြာတဲ့အထိ အိမ်ရှင်က လုံးဝမသိရှိဘူးလို့ပြောဆိုတာလည်း ယုံနိုင်ဖွယ်ရာကိစ္စမဟုတ်။ ခုချိန်ထိလည်း ဒီကလေးဟာ အိမ်ပြန်မရောက်သေးလို့ အမြန်ဆုံးရှာဖွေပေးဖို့ ကလေးငယ်ရဲ့ ဖခင်မှမေတ္တာခံထားတာ ဖေ့ဘုတ်ပေါ်မှာသတင်းပျံ့နေတော့ လူထုက ဒီအမှုကို ပိုမိုစိတ်ဝင်စားနေပါတယ်။

အိမ်ပိုင်ရှင်ဟာ အရာရှိတပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်ရဲ့အိမ်ဖြစ်နေပါတယ်။ ဒါကြောင့် ဒီအမှုကို ဘယ်လိုထိရောက်စွာအရေးယူဆောင်ရွက်မလဲဆိုတာ လူအများကသိချင်နေကြပါတယ်။

အိမ်ရှင်ရဲ့ ယုတ္တိမရှိပြောဆိုနေတာတွေကို ရဲတပ်ဖွဲ့က ယုံနေတာနဲ့ပတ်သက်ပြီးလည်းကောင်း၊ အိမ်ရှင်ကို စစ်ဆေးမေးမြန်းအရေးယူဆောင်ရွက်မှုနဲ့ပတ်သက်ပြီးလည်းကောင်း လူထုက အားမလိုအားမရဖြစ်နေကြရပါတယ်။ ဒီနေ့ထိလည်း ကလေးငယ်ကိုပြန်လည်မတွေ့ရှိသေးဘဲ ရဲတပ်ဖွဲ့ရဲ့သတင်းထုတ်ပြန်မှုတွေဟာ အမျိုးမျိုးကွဲလွဲနေတာဟာ တပ်မတော် အရာရှိအိမ်မို့လို့ ခုလိုဖြစ်နေတာလားဆိုပြီး အမျိုးမျိုးမေးခွန်းထုတ်နေကြပါတယ်။

နောက်ဆုံးပြောချင်တာက ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ သူတစ်ပါးအပေါ်ကူညီရိုင်းပင်ချင်တဲ့ ကောင်းမွန်တဲ့စိတ်ရင်းစိတ်ဓာတ်တွေဟာ လျော့နည်း ပျက်စီးသွားခြင်းမရှိသေးဘူးဆိုတာ ယခုကလေးငယ်အမှုကို ဖော်ထုတ်လိုက်တဲ့ ဦးစည်သူရဲ့စိတ်ဓာတ်ကဖော်ပြနေပါတယ်။

တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ နောက်ဆက်တွဲ မိမိအပေါ်ကျရောက်လာမယ့် အရှုပ်အထွေးများကြောင့်သာ ကူညီရိုင်းပင်းမှုမရှိဘဲ လက်ရှောင်ကုန်တာဖြစ်ပါတယ်။ ဒီလို ကူညီရိုင်းပင်းမှုမရှိတော့ဘဲ လက်ရှောင်ကုန်မှုတွေကြောင့် ကျွန်တော်တို့လူမှုအသိုင်းအဝိုင်းကို ဘယ်လောက်ထိနိုက်ဆုံးရှုံးနစ်နာရှိသလဲဆိုတာ အပေါ်မှာဖော်ပြခဲ့တဲ့အကြောင်းအရာများကို ကြည့်တာနဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ ချစ်စရာကောင်းတဲ့

ဂုဏ်ယူစရာကောင်းတဲ့ မွန်မြတ်တဲ့စိတ်ထားကောင်းလေးတွေ မပျက်စီးသွားစေဖို့ ခေတ်နဲ့မလျော်ညီတော့တဲ့ လွဲမှားနေတဲ့ တရားဥပဒေများ အခြေအနေများကို အမြန်ပြုပြင်ဖို့လိုနေပြီဆိုတဲ့အကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်...

၂၇.၁၁.၁၅ ထုတ် News Watch ဂျာနယ်တွင်ပါရှိသည့်ဆောင်းပါး

❑





# သင့်မဲတစ်ပြားကြောင့် တိုင်းပြည် ဒုက္ခမရောက်ပါစေနဲ့

ကျော်ကြီး(MDY)

ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးကြီးဆုံးဖြစ်တဲ့ ရွေးကောက်ပွဲကျင်းပဖို့ဟာ ခုဆိုရင် ရက်ပဲလိုပါတော့တယ်။ ဒီ ၂၀၁၅ ရွေးကောက်ပွဲဟာ ကျွန်တော်တို့ပြည်သူတွေအတွက် နောက်ဆုံးအခွင့်အရေးလို့ပြောမယ်ဆို ရင်မမှားပါဘူး။ အခြားသူများအတွက် အရေးကြီးချင်မှကြီးပေမဲ့ ကျွန်တော်တို့ပြည်သူတွေအတွက်ကတော့ သေရေးရှင်ရေးပါ။ နောက်ထပ်မှားခွင့်၊ လွဲချော်ခွင့်မပေးတော့ပါဘူး။ ဒီအခွင့်အရေးကို အမိအရဖမ်းဆုပ်နိုင်ဖို့လိုပါတယ်။

ဒီအခွင့်အရေးကို လက်လွှတ်လိုက်ရင်ခံရမှာက နောက်ထပ် ၅ နှစ်တည်းမဟုတ်ပါဘူး။

နှစ်ပေါင်းများစွာကြာသွားနိုင်တယ်ဆိုတာ အားလုံးသတိမူစေချင်ပါတယ်။

ခုဆိုရင်ပြည်သူအများစုဟာ ဘယ်ပါတီကိုမဲပေးမယ်ဆိုပြီး ဆုံးဖြတ်ထားပြီးဖြစ်ပေမဲ့ တချို့ကတော့ ဘယ်ပါတီကိုမဲပေးရမလဲ မသိသေးသူ

များရှိသလို ငါတို့ထည့်လည်း ဘာမှမထူးပါဘူးလို့ ယူဆနေတဲ့သူတွေလည်း အများကြီးရှိပါသေးတယ်။ ဒါကြောင့် ဘယ်ပါတီကိုမဲပေးရမလဲ မသိသေးတဲ့သူတွေ၊ ငါတို့ထည့်လည်း ဘာမှမထူးပါဘူးလို့ ယူဆနေတဲ့သူတွေကို ကျွန်တော်ပေးမယ့် မဲအပေါ်ခံယူချက်လေးပြောပြချင်ပါတယ်။

ကျွန်တော်ပေးလိုက်တဲ့မဲတစ်ပြားဟာ ကျွန်တော့်အတွက်၊ ကျွန်တော့်မိသားစုအတွက်၊ ကျွန်တော့်မိတ်ဆွေဆရာသမားများအတွက် မဖြစ်စေရဘူးလို့ ခံယူထားပါတယ်။ ကျွန်တော့်ရဲ့မဲတစ်ပြားဟာ သန်း ၅၀ ကျော်သောပြည်သူတွေအတွက်ပဲဖြစ်ရမယ်။ ပြည်သူတွေဘာဖြစ်ချင်လဲ၊ ဘယ်ပါတီကိုမဲပေးစေချင်လဲ ပြည်သူအများစုပေးစေချင်တဲ့ ပါတီကိုမဲပေးပါမယ်။ ပြည်သူ့ဆန္ဒကိုဖြည့်ဆည်းပေးပါမယ်။

ခုဝင်ရောက်ယှဉ်ပြိုင်ကြမယ့်ပါတီတွေထဲမှာ ကျွန်တော့်အသိမိတ်ဆွေတွေပါပါတယ်။ ဒါပေမဲ့ မတက်နိုင်ပါဘူး ။ ကျွန်တော်ပေးချင်ရာပေးမှာမဟုတ်ဘူး။ ပြည်သူတွေအတွက်၊ တိုင်းပြည်အတွက် ရည်ရွယ်ပြီးပေးပါမယ်။ ဒါမှတာဝန်ကျေတဲ့နိုင်ငံသားတစ်ယောက်လို့ ခံယူထားတယ်။

ဘာလို့အဲ့လိုသဘောထားလဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေကြောင့်ပဲလို့ အတိုချုပ်ပြောရမှာပဲ။ မဲပေးတာပဲ ကိုယ်ကြိုက်တဲ့ပါတီပေးမှာပေါ့၊ ဒါလူ့အခွင့်ရေးပဲလို့ ပြောကြပါလိမ့်မယ်။ တခြားနိုင်ငံအတွက်တော့မှန်ပါလိမ့်မယ်။ နိုင်ငံရဲ့လက်ရှိအနေအထားအရ ကျွန်တော်တို့မှာ အဲ့လိုအခွင့်ရေးမရှိသေးဘူးလို့ မြင်ပါတယ်။

ဘာကြောင့်တုံးဆိုတော့ နှစ်ပေါင်း ၅၀ ကျော်အုပ်ချုပ်ခဲ့တဲ့ အာဏာရှင်စနစ်ဆိုးအောက်ကနေ ရုန်းထွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကိုယ့်ကြိုက်ရာ ကိုယ်ပေးလို့မရသေးပါဘူး။ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ပြည်သူတွေဟာ မိမိတို့ကိုအုပ်ချုပ်မယ့် မိမိခေါင်းဆောင် သမ္မတတောင်ကိုယ်တိုင်ရွေးချယ်လို့မရသေးတဲ့အခြေအနေမှာ ကျွန်တော်တို့အရင်ဆုံးလုပ်ရမှာက အာဏာရှင်စနစ်ကို အပြစ်ပြတ်အောင်အရင်ရှင်းရမှာပါ။ အဲ့တော့မိမိစိတ်ခံစားချက်တွေ၊ အခွင့်အရေးတွေကိုလောလောဆယ် ဘေးဖိုတ်ထားပြီး တိုင်းပြည်အနာဂတ်အတွက်၊ ပြည်သူအတွက်၊ နောက်မျိုးဆက်သစ်တွေအတွက် မိမိမဲတစ်ပြားကို ရင်းနှီးပေးဆပ်ရမှာပဲဖြစ်ပါတယ်။

ဒီအချိန်ဟာ ပြည်သူအားလုံးစုစည်းမှုနဲ့ စနစ်ဆိုးအောက်ကနေ လက်တွဲညီညီရုန်းထွက်ရမယ့်အချိန်ဖြစ်ပါတယ်။ မိမိမဲတစ်ပြားဟာ ပြည်သူ့လည်ပင်းစွပ်မယ့်ကြိုးကို ကူကျစ်ပေးတဲ့မဲ မဖြစ်ဖို့လိုပါတယ်။ နှစ်ပေါင်းများစွာ ဒုက္ခဆင်းရဲတွင်းထဲနစ်နေတဲ့ပြည်သူတွေ၊ ခေတ်အဆက်ဆက် အာဏာရှင်လက်အောက်မှာ အသက်ပေးခဲ့ရတဲ့ ရဟန်းရှင်လူပြည်သူတွေ၊ ဘဝပျက်ကုန်တဲ့သူတွေ၊ ထောင်နန်းစံခဲ့ရသူတွေအတွက်၊ အနာဂတ်ပျောက်နေတဲ့လူငယ်တွေအတွက် တာဝန်ကျေတဲ့ မဲတစ်ပြားဖြစ်ဖို့လိုပါတယ်။

ဒါဆိုကျွန်တော်တို့ ဘယ်ပါတီကိုမဲပေးမလဲ။ အားလုံးသိတော်မူတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲကိုဝင်ပြိုင်မယ့်ပါတီတွေ အများကြီးရှိပေမဲ့ အဓိကအစိုးရဖွဲ့နိုင်တဲ့ပါတီက ၂ ခုတည်းရှိတာပါ။ ကျွန်တော်တို့ပြည်သူတွေရဲ့ ရွေးချယ်မှုဟာ ၄ ခုထဲက တစ်ခုလည်းမဟုတ်သလို ၃ ခုထဲကတစ်ခုလည်းမဟုတ်ပါဘူး။ ၂ ခုထဲက တစ်ခုပဲရွေးချယ်ခွင့်ရှိသူတွေပါ။ အဲ့နှစ်ခုထဲမှာမှ ကျွန်တော်တို့စဉ်းစားကြည့်ရအောင်၊ တစ်ခုက နှစ်ပေါင်း ၅၀ ကျော်တိုင်းပြည်ကို ယနေ့အထိ ပုံစံအသွင်အမျိုးမျိုးနဲ့ အုပ်ချုပ်လာတဲ့တစ်ပါတီ တစ်ဖွဲ့စည်းပါ။ သူတို့ နှစ်ပေါင်း ၅၀ ကျော် အုပ်ချုပ်ခဲ့တဲ့တိုင်းပြည်ရဲ့ အခြေအနေဟာ လက်ရှိအချိန်မှာ ဘယ်လိုအခြေအနေဖြစ်နေသလဲဆိုတာ ပြည်သူအားလုံးဟာ ကိုယ်တိုင်သိရှိခံစားနေရသူတွေဖြစ်တဲ့အတွက် အထူးပြောပြစရာတောင်လိုမယ်မထင်ပါဘူး။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းမှာ အဆင့်၈၊ ကမ္ဘာ့ဘိန်းထုတ်လုပ်မှုမှာအဆင့် ၂၊ အဂတိလိုက်စားမှု တရားဥပဒေစိုးမိုးမှုမှာ အဆင့် ၁၄ ကျန်းမာရေးအဆင့်အတန်းက နောက်ဆုံးပိတ် အဆင့် ၁၉၀၊ ပညာရေးအဆင့်အတန်းအနိမ့်ကျဆုံး၊ သဘာဝသယံဇာတ ပျက်ဆီးဆုံးရှုံးမှုအများဆုံးစတဲ့ ကမ္ဘာ့ညွှန်းကိန်းအဆင့်တိုင်းမှာ အောက်ဆုံးအဆင့်ရောက်နေတဲ့ တိုင်းပြည်တစ်ခုပါ။ တိုင်းပြည်က သဘာဝသယံဇာတတွေ ပေါကြွယ်ဝနေပေမယ့် လူငယ်အများစုက သူများနိုင်ငံမှာ ကျွန်သွားခံနေရတယ် မိန်းမပျိုလေးတွေက လိင်ကျွန်အဖြစ်ရောင်းစားခံနေရတယ်။

လက်တစ်ဆုပ်စာလူတန်းစားက ထားစရာမရှိဖြစ်နေချိန်မှာ ပြည်သူ

တွေက စားစရာမရှိအောင်ဖြစ်နေရတယ်။ ဒီလိုအခြေအနေမှာ ပြည်သူလူထုဟာ ပြောင်းလဲမှုကိုတောင်းဆိုတာ မဆန်းဘူးလို့ထင်ပါတယ်။ ပြောင်းလဲမှုကို မလိုလားတဲ့သူတွေကပဲ ဆန်းနေကြတာပါ။

ပြောင်းလဲမှုကို မလိုလားတဲ့သူတွေကိုကြည့်ရင်လည်း အာဏာရှင်အဖွဲ့အစည်းနဲ့ သူတို့ပေါင်းအပါတွေပဲများပါတယ်။ ခေတ်ပျက်လေကြိုက်လေဆိုတဲ့အကျင့်ပျက်ဝန်ထမ်းတွေရယ်၊ အာဏာရှင်နဲ့ပေါင်းစားနေတဲ့ ခရိုနီလူတန်းစားတွေပဲများတာ တွေ့ရမှာပါ။ သူတို့ကတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့သူတွေပါပဲ။ ဒီလူတွေဟာလည်း ပြည်သူတွေရဲ့ဒဏ်ခတ်ခြင်းကို မကြာမီမှာ ခံကြရတော့မှာပါ။

ဒါကြောင့် ဒီစနစ်ဆိုးအောက်ကနေလွတ်မြောက်ဖို့အတွက် ဘယ်သူကို မဲပေးရမယ်ဆိုတာပြောပြနေဖို့ လိုမယ်မထင်တော့ပါ။ ပြောင်းလဲမှုအစစ်အမှန်ကို ရချင်တယ်။ အရပ်သားအစိုးရစစ်စစ် လိုချင်တယ်ဆိုရင်တော့ လက်ရှိအခြေအနေအရ NLD ပါတီမှလွဲ အခြားရွေးချယ်စရာမရှိပါဘူး။ ဒါကြောင့် NLD ပါတီကိုပဲ ရဲရဲဝံ့ဝံ့မဲပေးပြီးတော့ ပြောင်းလဲမှုကိုရယူပါမယ်။ အဲ့လိုပြောတဲ့အတွက် ကျွန်တော်ကို NLD ဘက်တော်သားဖြစ်တယ်၊ လော်ဘီလုပ်ပေးနေတယ်လို့မြင်ချင်မြင်ပါလိမ့်မယ်။ ကျွန်တော်ဟာ ဒီနေ့ဒီအချိန်ထိ ဘယ်ပါတီမှ မဝင်ခဲ့ဖူးပါဘူး။ ရှင်းရှင်းပြောရရင် NLD ပါတီကိုတောင် ရာနှုန်းပြည့်မထောက်ခံသေးပါဘူး။ ဒါပေမဲ့ ခုနပြောသလို ကျွန်တော်တို့ဟာ အများကြီးထဲကရွေးရတာမဟုတ်ဘူး။ ၂ ခုထဲက တစ်ခုကိုရွေးရတာပါ။ ဒါကိုနားလည်ဖို့လိုပါတယ်။ တိုင်းပြည်ရဲ့လက်ရှိအနေအထားအရ NLD ပါတီမှလွဲ အခြားရွေးချယ်စရာမရှိသေးလို့ပါ။ အရပ်သားအစိုးရစစ်စစ်ဖြစ်ပြီးတဲ့နောက်ပိုင်းနောက်ထပ်ရွေးကောက်ပွဲတွေမှာတော့ မိမိကြိုက်ရာပေးလို့ရပါပြီ။ ဒီတစ်ခါတော့ ပြည်သူ့အတွက် NLD ကိုပဲမဲပေးလိုက်ပါ။

ဒီနေရာမှာ NLD ကိုမကြိုက်ဘူးဆိုတဲ့ သူများကိုပြောချင်ပါတယ် NLD ကိုမကြိုက်ချင်မကြိုက်ပါနဲ့။ NLD ကိုမကြိုက်တာနဲ့အာဏာရှင်ကိုထောက်ခံမယ်ဆိုတာကတော့ လုံးဝမဖြစ်သင့်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကို သင်မကြိုက်တာအပြစ်မဟုတ်ပေမဲ့ ဗိုလ်ချုပ်အောင်ဆန်း

ကိုမကြိုက်တာနဲ့ ဂျွန်ဦးစောကိုထောက်ခံမယ်ဆိုရင်တော့ သင်ဟာ လူမိုက်အားပေးတစ်ယောက်၊ လူယုတ်မာတစ်ယောက် ဖြစ်သွားပါပြီ။ ဒါကို ခွဲခြားသိဖို့လိုပါတယ်။

နောက် ဆုံးအနေနဲ့ NLD ပါတီတက်တော့ရော တိုင်းပြည်ကောင်း သွားမှာလားလို့မေးတဲ့သူများကိုပြောချင်ပါတယ်။ ကောင်းမကောင်းဆိုတာ အုပ်ချုပ်နိုင်းကြည့်မှ သိပါလိမ့်မယ်လို့ပြောရမှာပဲ။ တကယ်လို့ NLD အစိုးရဖြစ်လာပြီး ပြည်သူအပေါ်မကောင်းခဲ့ဘူးထားဦး၊ ကိစ္စမရှိပါဘူး။ ကျွန်တော်တို့အားလုံး NLD ကိုအချိန်မရွေးဖြုတ်ချလို့ရတယ်ဆိုတာ သိထားပါ။ ဘာလို့လဲဆိုတော့ NLD ပါတီနောက်မှာ စစ်တပ်မရှိလို့ပါပဲ။ ဒီနေ့မကြိုက် ဒီနေ့ဖြုတ်ချလို့ရပါတယ်။

ဒါကြောင့် နှစ်ပေါင်း ၅၀ ကျော် ဆင်းရဲဒုက္ခနဲ့ထဲနစ်နေတဲ့ ဘဝက နေရုန်းထွက်နိုင်ဖို့အတွက်၊ အာဏာရှင်လက်အောက်ခံဘဝကနေ လွတ်မြောက်ဖို့အတွက်၊ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော် သစ်ဖော်ဆောင်နိုင်ဖို့ အတွက် ပြောင်းလဲမှုအစစ်အမှန်ရရှိဖို့အတွက် NLD ပါတီကိုရဲရဲဝံ့ဝံ့ ဆုံးဖြတ်မဲပေးလိုက်ပါ။ မိမိမဲတစ်ပြားဟာ တိုင်းပြည်ကို ဒုက္ခရောက်စေမယ့် မဲတစ်ပြားမဖြစ်ပါစေနဲ့။ သမိုင်းတရားခံအဖြစ်မခံပါနဲ့။ အနာဂတ်မြန်မာ့ သမိုင်းမှာ မိမိမဲတစ်ပြားအတွက် သမိုင်းပေးတာဝန်ကျေပွန်သူအဖြစ် ဂုဏ်ယူလိုက်လိုက်ကြရအောင်ပါ . . .

၆.၁၁.၁၅ ထုတ် **News Watch** ဂျာနယ်ပါဆောင်းပါး

❑